

www.burmeseclassic.com
PUBLISHED BY VIEW
ချူး
လုံးချင်းဝတ္ထုသစ်
BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း
စာမူခွင့်ပြုချက်အမှတ် - ၅၀၀၄၅၁၀၃၀၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၄၉၈၀၄၀၈
ထုတ်ဝေသူ
ဦးကျော်ဆန်း (မြ-၀၉၃၂)
(ရဲအောင်စာအုပ်တိုက်)
အမှတ်(၂)၊ ချွန်း(၁)လမ်း မင်္ဂလာတောင်ညွန့်မြို့နယ်။
အတွင်းမျက်နှာဖုံးပုံနှိပ်
ဦးဇော်မင်းအေး (မြ-၀၇၁၂၅)
(ဇော်ပုံနှိပ်တိုက်)
(၃၈၆)၊ အင်ကြင်းမြိုင်လမ်း၊
(၂၃)ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်။
ကွန်ပျူတာစာစီ
UKN
၃၂လမ်း(အထက်)၊ ရန်ကုန်။
မျက်နှာဖုံးပန်းချီ
သိန်းရွှေကြည်
ပုံနှိပ်ခြင်း
ပထမအကြိမ်
၂၀၀၈ ခုနှစ်၊ ဇွန်လ။
အုပ်ရေ - ၅၀၀ အုပ်
တန်ဖိုး - ၁၀၀ ကျပ်
ဖြန့်ချိရေး
စိုးမိုးစာပေ

## အခန်း (၁)

" ဂျပ်. . . ဂျပ် ဂျပ် "

သော့တံက သော့ပေါက်နှင့် အံမဝင်။ တစ်ဝက်တပျက်နှင့် ဖြည့်ကျပ်ရပ်တန့်သွား၏။ ခပ်ဆတ်ဆတ် ပြန်ဆွဲနှုတ်လိုက်သည်တွင် တချွင်ချွင်မြည်လေသည်။

လက်ထဲ သည်သော့တွဲက ဘယ်လိုရောက်နေသည်မသိ။ သည်သော့အိမ်၊ သည်တံခါးချပ်များကရော ဘယ်ကဘယ့်လိုရောက်လာသည်လဲ။ သော့ချောင်းမြောက်မြားစွာထဲမှ တစ်ချောင်းပြီး တစ်ချောင်း ရွေးထုတ်ထိုးသွင်းနေမိ၏။

သော့တံကို ရွေးချယ်နေသည့် လက်ချောင်းများက တဆတ်ဆတ်တုန်ယင်လျက်ရှိသည်။

သည်တံခါးကို သူမ ဘာကြောင့် ချောက်ချားတုန်ယင်စွာ ဖွင့်ချင်နေရသည်လဲ။



www.burmeseclassic.com

www.burmeseclassic.com



ဟိုဘက်မှာတွင် အလင်းရောင်ကိုပြည့်ဝစွာ မြင်တွေ့နိုင်မည်ဟု ယုံကြည်မိ၍လား။ သည်ထက်မကနိုင်။ သူမရောက်ရှိနေသော ညို့မှိုင်းမှိုင်း ဝန်းကျင်ထဲ၌ အန္တရာယ်တစ်စုံတစ်ရာရှိနေသလိုမျိုး။ လွတ်လမ်းကို သွေးရူးသွေးတမ်းရှာနေခြင်းမျိုး။

ကဖင်းဓါတ်များစွာ မြို့ချထားမိသူလို ရင်ဝ၌ တလှပ်လှပ်။

နောက်ဆုံးသော့တံကို ဆုပ်ကိုင်လိုက်ရင်း နောက်သို့ မဝံ့မရဲ လှည့်ကြည့်မိသည်။ အခိုးအငွေ့လို ညို့မှိုင်းမှိုင်းမြင်ကွင်းအား ကိုယ့်ပခုံးကို ကျော်၍ တွေ့လိုက်ရ၏။ သူမ မျက်နှာကို သူမ ပခုံးနှင့်ကွယ်၍ ငုံ့ကြည့်မိခြင်းသာ။

ဘာအန္တရာယ်ဟု သူမ မသိ။ သော့တံကို သော့ပေါက်ထဲ ခက်ခက်ခဲခဲထိုးသွင်းလိုက်သည်။ တုန်လှုပ်နေမှုကြောင့် အံချော်သွား၏။ လက်တစ်ဘက်နှင့် သော့တံအများကို ထိန်းမတ်၍သော့အိမ်ဆီ တေ့သွင်းလိုက်ရ၏။ စွပ်ခနဲ။

သော့ပေါက်ထဲတွင် သားရေသားတစ်ခုခံနေခြင်းလား။ သော့တံသည်လည်း ချွန်မြထက်ရှသော အသွားတစ်ခုနှယ် စိုက်ဝင်သွားခဲ့သည်။ အသားစိုင်တစ်ခုကို ဦးချွန်နှင့် ထိုးသွင်းလိုက်ရသည်လို ခံစားရ၏။

သော့ကို မလှည့်မိမှာပင် သော့အိမ်ထဲမှ အရည်တချို့ စီးကျလာသည်ကို သူမ မြင်မိသည်။လှည့်ဖွင့်လိုက်သော သူမလက်ချောင်းပါ ထိုအရည်များပေကျံသွားရ၏။ ပူနွေးပျစ်ချွဲသော အရည်များ။

" အိုး "





အမှတ်တမဲ့ လက်ကိုပြန်ရုတ်၍ နောက်သို့ တစ်လှမ်းဆုတ်လိုက်မိ၏။ သွေး. . . သွေးများစီးကျနေသော တံခါးသော့ပေါက်။ နှာကျိုင်စွာဖြင့် ကြိတ်၍ ညည်းညူလိုက်သည်နှယ် လေတိုးသံသဲ့သဲ့ကိုပင် သူမကြားလိုက်ရသည်။

" သက်. . . သက်ရှိတံခါး "

သူမနှုတ်ဖျားမှ သည်ဝေါဟာရ ဘယ်လိုထွက်သွားသည်မသိ။

ကလစ်ခနဲ သော့ချက်ပြုတ်သွားသည့် အသံကို ကြားလိုက်ရသည်။ သူမတုံ့ဆိုင်း ငေးကြောင်ကာ ရပ်နေမိ၏။ နောက်ကျောဘက်ဆီမှ အန္တရာယ်တစ်စုံတစ်ခု နီးကပ်လာသလိုလည်း ခံစားလိုက်ရသည်။

" ကျွီ "

တံခါးရွက်က ခပ်ဟဟ ပွင့်စပြုနေလေပြီ။

သူမ ရှေ့တိုးရမည်လား။ နောက်ကျောဘက်မှာ ခြေသံလုံစွာ တရွေ့ရွေ့ချဉ်းကပ်လာသော တစ်စုံတစ်ရာ။ သူမရှေ့တွင်မူ တစ်လက်မ ခန့်သာ ဟ သေးသော တံခါးရွက်။

ဟိုဘက်မှာတွင် ဘာရှိမည်ကို သူမ မသိ။သူမ နောက်ဆုတ်ရမည်လား။

" ငါ. . . ငါ ဘာလုပ်ရမလဲ . . . ငါဘာလုပ်ရမလဲ "

ခြေထောက်ကြွက်သားစိုင်တို့က ရှေ့တိုးနောက်ငင် ရှိနေကြနေသည့်တိုင် သူမ မရွေ့လျားမိသေး။ ရှေ့သို့လည်း မတိုးမိ။ နောက်ကိုလည်း မဆုတ်မိ။

www.burmeseclassic.com



သော့အိမ်ထဲမှ သွေးများစီးကျနေဆဲ၊ ညည်းညူသံသဲ့သဲ့ကို ကြားနေရသလိုထင်ယောင်နေဆဲပင်။ မသိမသာ ခြေတစ်လှမ်း ဆုတ်မိသည်။ နောက်. . . ချာခနဲ။

" အမယ်လေး "

" ဝုန်း "

တံခါးပေါက်ထဲ နောက်ပြန်ခုန်ဝင်လိုက်မိသလား။ ခပ်ဟဟသာ ပွင့်သေးသည့် တံခါးရွက်မှာ သူမ တွန်းလိုက်သဖြင့် ဝုန်းခနဲ ပွင့်ထွက်သွားရသည်။ တံခါးကို ပြန်ပိတ်ရန် ပြင်လိုက်စဉ် ပြင်ပမြင်ကွင်းကြောင့် သူမ ကြောင်အ သွားရ၏။

ညိုမွဲမွဲအခိုးအငွေ့များမှလွဲ၍ ဘာမျှမရှိသည့် မြင်ကွင်း။ သူမ နောက်ဆုတ်ရန် ကိုယ့်ကို လှည့်လိုက်စဉ်က တစ်စုံတစ်ခု သို့မဟုတ် တစ်စုံတစ်ယောက်ရှိနေသလို ထင်လိုက်မိခြင်းအတွက် မြင်ကွင်းက သူမကို မှင်တက်မိသွားစေသည်။

" ငါ. . . ငါဘာကိုမြင်လိုက်တာလဲ "

သူမ မမှတ်မိ။ အန္တရာယ်ပေးမည့်အရာဟုသာ မှတ်ဉာဏ်ထဲ၌ ရေးရေးထင်သည်။ ဘာရယ်ဟု မသိတော့၊ တံခါးကိုဆောင့်ပိတ်ပစ်လိုက်၏။ အဆောက်အဦးတစ်ခုထဲရောက်ရှိသွားခဲ့ပြီဟု လုံခြုံမှုကို ခံစားရမည့်အစား သူမပို၍ ချောက်ချားလာသည်။

သည်ဘက်မှာရှိ အန္တရာယ်သည် ပို၍ကြောက်မက်ဖွယ်ကောင်းသည်ဟု ကြိုသိနေသလိုမျိုး။





" အိုး. . . ငါဘာဖြစ်နေတာလဲ၊ ငါ. . . ဘယ်. . . ဘယ်လိုနေရာတွေ ရောက်နေတာလဲ "

အကောင်အထည်မပီပြင်သော အန္တရာယ်ထဲမှ ထွက်ပြေးနေရသည်။ ပို၍ဆိုးရွားသောနေရာသို့ ရောက်ရှိခဲ့ရသည်။

" ဒါ. . . ဒါ အိပ်မက်ဆိုးတစ်ခုလား "

သည်အဖြစ်အပျက်များ၏ အစကို သူမ မသိ။ မည်သို့အဆုံးသတ်ရမည်ကို ပို၍ပင်မသိနိုင်တော့ပြီ၊ တံခါးရွက်တွင် ကျောကပ်၍ နေရာသစ်ကို မျက်နှာချင်းဆိုင်လိုက်သည်၊ အန္တရာယ်အသစ်ကို ရင်ဆိုင်ရန် ပြင်လိုက်ခြင်းလား။ သူမကိုယ်တိုင် မသေချာ။

တူရူတွင် ရှေးဆန်စွာ ခန့်ညားနေသော ဧည့်ခန်းဆောင်တစ်ခုကို မြင်လိုက်ရပြန်၏။ သူမ မျက်လုံးအစုံကမူ ကျိုးကန်းတောင်းမှောက်လှုပ်ရှားလျက်။

သူမ ဝတ်မွတ်ခဲ့သော အလင်းရောင်က သူမကို ခြောက်လှန့်နေသေးပြီ။ အုံ့မှိုင်းနေမှုထက်ပို၍ ချောက်ချားစေသော လင်းချင်းမှု။

သူမ ခန္ဓာကိုယ်က တံခါးရွက်ထဲနစ်ဝင်လုမတတ် ဖိကပ်မှီဝင်နေ၏။ အံကြိတ်ထားလျက်ကပင် သူမ နှုတ်ခမ်းတို့ တဆတ်ဆတ်တုန်နေသည်။

အသံသဲ့သဲ့ကြားလိုက်ရ၏။ ပတ္တာဟောင်းတစ်ခု၏ ကြိတ်ခြိုးသံ [illegible] တံခါး တံခါးဖွင့်သံ။ သူမ ရှေ့တည့်တည့်ရှိ လှေကားကြီး၏ ဆီသို့ မော့ကြည့်လိုက်မိသည်။ နောက်လှေကားရင်းရှိ ဧည့်ခန်းမှ အခြား



www.burmeseclassic.com

www.burmeseclassic.com



အခန်းသို့ ကူးသည့်တံခါး။

နှစ်ချပ်လုံးက ပိတ်လျက်သား ငြိမ်သက်စွာ။ ညှော်ခန်းဆောင် တလွှမ်းမှ ပြတင်းပေါက်များကိုပါ စေ့ကြည့်မိသည်။

ဖွင့်ဟလာသော တံခါးဟူ၍ လုံးဝမတွေ့ရ။ ပတ္တာကြိုတ်သံကမူ ပျောက်ကွယ်မသွားသေးပေ။ အသံလာရာကိုလည်း မမှန်းတတ်အောင် ဖြစ်နေသည်။

သူမ လက်တစ်ဘက်က တံခါးလက်ကိုင်ကွင်းဆီ အလိုလို ရောက်သွား၏။

အားကိုးတကြီး ခိုလှုံမိသော သည်နေရာမှ သူမ ထွက်ပြေးရဦး မည်လား။ ပတ္တာသံမှာ သူမ ကျောကပ်ထားသော တံခါးရွက်မှ မဟုတ်မှန်းတော့ သေချာသည်။

လက်ကိုင်ကွင်းကို မိမိရရ ဆုပ်ကိုင်လိုက်မိလေပြီ။ အေးစက်စက် အထိအတွေ့က လက်ဖဝါးမှာတဆင့် ရင်ဝအထိ စိမ့်ခနဲဖြစ်သွားရ၏။

တံခါးဖွင့်သံ ရပ်သွား၏။

သို့သော် ပတ္တာကြိုတ်သံအစား တရှပ်ရှပ်မြည်သံက သူမနားထဲ တိုးဝင်လာပြန်သည်။ ခြေသံရှင်ကိုမူ မတွေ့ရ။ မတွေ့ရသေး။

" တင့်အင်း. . . မဟုတ်သေးဘူး။ ဒါ. . . ဒါ ငါ့လက်ထဲက သော့တွေနဲ့ ငါကိုယ်တိုင်ဖွင့်ဝင်ခဲ့တဲ့ အခန်းလေး၊ အထဲမှာ ဘယ်သူမှ ရှိမှာ မဟုတ်ဘူး။ ဘယ်သူမှမရှိဘူး။ ငါသွေးကြောင်နေတာ၊ ငါထင်ယောင် ထင်မှားဖြစ်နေတာ၊ ဘာသံမှ မကြားရဘူး။ ဘယ်သူမှ မရှိဘူး "





ခြေသံတို့ ရုတ်တရက်ရပ်တန့်ပျောက်ကွယ်သွားသည်။ သူမ အတွေးကြောင့်ဟု ထင်လိုက်မိ၏။ အာရုံကို စုစည်းလိုက်နိုင်မှ ထင်လိုက် မိ၏။

ခန္ဓာကိုယ်အား တံခါးရွက်ပေါ်မှ တဖြည်းဖြည်းခွာ၍ မတ်လိုက် သည်။ ထို့နောက် ခြေဖျားကိုကုတ်၍ တစ်လှမ်းရွှေ့ကြည့်၏။

" ရှပ် "

နောက်တစ်လှမ်း။ အသံလုံးဝမထွက်အောင် သတိကြီးစွာနှင့် လှမ်းလိုက်သည်။

" ရှပ် "

ဆက်လှမ်းမည့် ခြေထောက်ပင် တွန့်သွား၏။ အသံက သူမ ဆီမှ မဟုတ်။ ခြေသံ၊ သူမ ကြားရသော ခြေသံသည် သူမခြေသံမဟုတ်။ လှမ်းမိလျက်သား ခြေထောက်ကို ကြမ်းပြင်ပေါ်သို့ ဖွဖွချလိုက်သည်။

" ရှပ် "

" ချွင် "

ထွက်ပေါ်လာသည့် အခြားခြေသံကြောင့် သူမခန္ဓာကိုယ် တစ်ခုလုံး တောင့်ခနဲအမတ်တွင် လက်ထဲဆုပ်ကိုင်ထားခဲ့သော သော့တွဲလေးမှာ သူမနောက်သို့ လွတ်ကျသွားခဲ့သည်။

ချာခနဲ ပြန်လှည့်၍ သော့တွဲကို ငုံ့ကောက်လိုက်ချိန်တွင် သူမ ဆံပင်ရှည်ရာကြမ်းပြင်မှာ သိမ့်သိမ့်လှုပ်ခါသွား၏။

သော့တွဲလေးမှာ သူမနှင့်ဝေးရာသို့ လျှောထွက်ကာ လှုင့်စင်သွား



www.burmeseclassic.com

www.burmeseclassic.com



သသို့ သူမ ဘိုသ်တိုင်လည်း ဟန်ချက်ပျက်ကာ လဲကျလိမ့်ဆင်းသွားရ၏။

" အမေ့ "

" ချွင်. . . ချွင်. . . ချွင် "

ခြေဝလျှင်နှယ် သိမ့်သိမ့်ခါနေသော ကြမ်းပြင်ထက် သော့တွဲ

တခြား လွှတခြားဖြ

ရ၏။ လေယာဉ်ထိပ်မှ လဲပြိုသံတစ်ခုကိုလည်း ကြားလိုက်ရသည်။

အလူးအလဲ ထရင်းမှ သူမမော့ကြည့်လိုက်မိ၏။

ဦးခေါင်းထဲ ရိပ်ခနဲ မူးဝေသွားသည်။ သူမကိုယ်တိုင်တွင်မှ

ဆန့်တက်လာသော လေတို့ကြောင့် နားစည်နှစ်ဘက် အူခနဲ။

မျက်လုံးထဲတွင် လေယာဉ်တစ်စင်းလုံး ယိမ်းယိုင်စောင်းကျသွားသည်ကို

မြင်လိုက်ရသည်။

ပြီး လေယာဉ်တစ်လျှောက် ပြုတ်ကျလာသော သဏ္ဍာန်တစ်ခု။

ဘာရယ်ဟု ပီပြင်စွာ မမြင်လိုက်ရခင်မှာပင် သူမဦးခေါင်းမှာ

ကြမ်းပြင်နှင့် အရှိန်ပြင်းစွာ ဝင်ဆောင့်သည်။ တကယ်က လေယာဉ်ထစ်တို့

ယိမ်းယိုင်တိမ်းစောင်းသွားခြင်းမဟုတ်။ သူမကိုယ်တိုင်ပြန်လည် လဲကျ

သွားခြင်းသာ။

" ဒုန်း "

" အာ့ "

အမြင်အာရုံမှောင်ခနဲဖြစ်သွား၏။ အမှောင်ထဲတွင် အလင်းပွင့်

အချို့ကို တဖျပ်ဖျပ် မြင်လိုက်ရသေးသည်။ မျက်လုံးအစုံကို အားယူ၍





ဖြိုးဖွင့်ကြည့်မိသေးသည်လား။

လေယာဉ်ပေါ်မှ ပြုတ်ကျလာသောအရာက သူမရှိရာသို့ ထိမ့်ဝင်လာသလိုလို။

ထိုအရာမှာ

သူမ မျက်လုံးများကို တစ်ကြိမ်ထပ်ဖွင့်ရန် မစွမ်းနိုင်တော့။

" ဒီလိုပါပဲဟာ ဘဝဆိုတာ ဘာမှန်းမသိတဲ့ဟာတွေကို ကြောက်ရ၊ ဘယ်မှန်းမသိတဲ့နေရာတွေဆီ ထွက်ပြေးရနဲ့၊ နောက်ဆုံး ဘာမှ ရေရေ ရာရာမသိလိုက်ဘဲ ပြီးသွားရော၊ နင့်အိပ်မက်က ဘဝဆန်တယ် နာတာလီ နောက်ကျရင် အဲ့ဒီ အိပ်မက်ထဲက အန္တရာယ်တွေကို ထွက်မပြေးဘဲ ရင်ဆိုင်ကြည့်ပါလား။ အဖဟင်း ဘဝရဲ့ လျှို့ဝှက်ချက်ကို သဲလွန်စ ရလိုက်တာမျိုး ဖြစ်ချင်ဖြစ်လာမှာ ဟ "

ဆမန်သာ၏ မှတ်ချက်က လေးနက်သလိုရှိသော်လည်း သူမ အတွက်တော့ မလွယ်ပါ။ အိပ်မက်ထဲမှာဆိုသည့်တိုင်အောင်

" မဖြစ်ပါဘူးဟာ. . . အဲ့ဒီလိုသာ ခဏခဏမက်နေရင် အပြင်မှာပါ ငါတကယ်ရူးသွားလိမ့်မယ် ဆမန်သာ့ "

❀ ❀ ❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

(ခေတ်လွန်မြို့ပြရဲ့ အငွေ့အသက်တွေကို ငြိမ်းအရမ်းငြီးငွေ့နေပြီလို့ 'ကို'ကို ငြိမ်း ပြောဖူးတယ်နော်၊ ထပ်တောင်ထပ်နေပါပြီလေ၊ ငြိမ်း 'ကို'ဆီရေးတဲ့ စာတိုင်းမှာ ဒီအကြောင်းက မပါမဖြစ်လိုတောင် ဖြစ်နေပြီ ဒါပေမဲ့ 'ကို'ရယ်. . . ကြည့်ပါဦး ငြိမ်း ရှေ့မှာ မြင်နေရတာ ညှမှတ်ရဲလား။

ငြိမ်းတို့အခန်းကိုက ဒီရှုခင်းတွေကို ကြည့်မို့သက်သက်လို ဖြစ်နေရပြီ သူများတွေအတွက်တော့ ငွေကြေးပမာဏအများကြီးတန်တဲ့ ရှုခင်းကို မုန်းလို့တောင်နေပါပြီ။

'ကို' တကယ်ဆို ည ဆိုတာ နေ့ခင်းဘက်မှာ အရောင်တွေ ကွဲလွဲခဲ့ကြတဲ့ အရာအားလုံးကို တစ်ရောင်တည်း ခြယ်လိုက်တဲ့ အနက်ခင်းလေးဖြစ်နေရမှာ မဟုတ်လား။'ကို'ရော အဲ့ဒီလို တွေးမိလားဟင်) ရေးပြီးမှ နောက်ဆုံးစာကြောင်းကို ဘဝင်မကျသလို ဖြစ်မိသည်။





" မအိပ်သေးဘူးလား. . . ညဉ့်နက်လှပြီ "

" အင်း "

ခပ်တိုတို ပြန်ဖြေရင်းမှ နောက်ဆုံးတစ်ကြောင်းကို ခြစ်ချပစ်လိုက်သည်။

" ဘယ်သူ့ဆီစာရေးနေတာလဲ၊ ကိုကို့ဆီပဲလား ပြန်ပဲပြန်ရတော့မယ်ဟာ အလွမ်းသယ်လို့ မပြီးသေးဘူးလား မင်းသမီးရဲ့ "

" ကိုယ့်ဘာသာကိုယ် အိပ်မှာဖြင့် အိပ်ဟာ သူများကို လာနှိုးနေနဲ့ "

" မရိပါဘူး။ ငါက ဘယ်တော့မှ မရိဘူး၊ မင်းသာ ဆွေးမြည့်ပြီး နိုးနေတာဟာ သူကသာ အလွမ်းမင်းသမီးဖြစ်နေတာ၊ ဟိုက အခြားတစ်ယောက်နဲ့ နှစ်ပါးသွားကနေမှဖြင့် "

" ကတော့ ဘာဖြစ်လဲ သူ့စွဲလို့ သူ ကတာ၊ယောကျ်ားလေးပဲ ဒီလောက်တော့ ရှိမှာပေါ့ "

(ဒီမိန်းမက အဲ့ဒီလိုပဲ 'ကို' ငြိမ်းကိုများ နှလုံးသား သေးသေးလေးနဲ့ ကောင်မလေး မှတ်နေလား မသိဘူး)

စာက အဆက်အစပ်မဲ့သွားသည်။ ပြန်ဖတ်ကြည့်ရင်း ပြုံးမိရ၏။

" အံမယ်၊ စိတ်ကူးယဉ်ပြီးတောင်နေလိုက်သေး အရူးမ. . . အရူး "

" တော်တော့ဟာ ဒီမှာ ဗီလင်တွေ အောက်ကျပြီ "

နှုတ်ခမ်းကိုတမင်စူ၍ ထဲရုပ်လိုက်သည်။ ငြိမ်း အပေါ်ဝတ်အနွေး



www.burmeseclassic.com

www.burmeseclassic.com



အကျီကို လက်မလျှိုဘဲ ပခုံးပေါ်လွှားလိုက်ရင်း ဝရန်တာဘက်သို့ ထွက်ခဲ့မိ၏။ အေးမြသည့် ညဥ့်လေတို့က အကာအကွယ်မဲ့နေသော မျက်နှာဆီ တိုးဝေ့ဝင်လာသည်။

မျက်လုံးအစုံကို ဖွဖွမှိတ်ကာ တရှိုက်မက်မက်ရှူသွင်းပစ်လိုက်သည်။

မြေပြင်ပေါ်တွင် ညဥ့်မဆန်စွာ ဖောက်ပြန်နေသော်လည်း ကောင်းကင်ကမူ ရှင်းနက်ကြည်စင်နေ၏။ လူတို့ ဘယ်လောက်စွမ်းစွမ်း သဘာဝတစ်ခြမ်းကိုသာ အနိုင်ရမည်ဆိုသည့် သဘောကိုပြနေသည်လား မသိ။

ထွက်သက်နှင့်အတူ မော့ထားသည့် ခေါင်းက အလိုလို ငြိုက်လည်မတ်ကျလာသည်။

မျက်နှာချင်းဆိုင်ဆီမှ ဝရန်တာပေါ်တွင်လည်း သူမလို ညဥ့်ချစ်သူတစ်ဦးကို လှမ်းမြင်မိသည်။

လင်းချင်းနေသည်ဆိုသော်လည်း အဆောက်အဦချင်းက ခြောက်လမ်းသွားလမ်းမကျယ်တစ်ခု၏ တစ်ဘက်တစ်ချက်စီတွင် ရှိနေသဖြင့် သဏ္ဌာန်မျှသာ မြင်ရသည်။

ထိုလူကလည်း သူမကိုလှမ်းကြည့်နေပုံရသည်၊ ကြည့်ရုံသာမက လက်ပင်လှမ်းပြနေသလို ထင်မိ၏။

ဘာရယ်တော့မဟုတ်။

သူမလည်း ပြန်၍ လက်ပြရန် ပြင်လိုက်မိ၏။





“ အို...ဘုရား ဘုရား ”

သူမ လက်က လေထဲတွင် ရပ်တန့်သွားရ၏။ တစ်ဘက်မှ လူသည် ဝရန်တာလက်ရန်းပေါ်တက်ရပ်ရန် ကြိုးစားနေသည်ကို မြင်လိုက်ရခြင်းကြောင့်ဖြစ်သည်။

“ ဒီလူ ဘာလုပ်နေတာလဲ၊ မကြောက်မလန့်နဲ့ ”

တွေးရင်း အောက်သို့ ငုံ့ကြည့်မိ၏။

“ အမလေး ”

လှစ်ခနဲပင် ဖြစ်သွားရသည်။ သူမ နေရာမှကြည့်လျှင် ခြောက်လမ်းသွားလမ်းမကြီးမှာ ကားနှစ်စီးစာပင် မရှိချင်။

ထိုလူရှိနေသည်မှာလည်း သူမလို ခုနစ်ထပ်မြောက် အခန်းမှာပင်။ သည်လောက် အမြင့်ကို မကြောက်မရွံ့နှင့်။

ဝရန်တာလက်ရန်းပေါ် ဒယီးဒယိုင်ရပ်ကာအပေါ်မှ တန်းကို မမီတမီထိန်းကိုင်ထားသည်။ ထိုလူ၏ ရည်ရွယ်ချက်ကို ရိပ်မိလိုက်သည့်ခဏ၌ သူမ ကြောင်အသွားရ၏။

တစ်စုံတရာ အော်ပြောချင်လျက်နှင့် လည်ချောင်းဝမှ အသံထွက်မလာသလိုမျိုး နှုတ်ဆွံ့သွားရခြင်း။

“ ... ”

“ အား ”

“ အမယ်လေး ”

“ ဝေး...ဝေး...ဝေး ဗုပ်စ် ဟပ်ပန်း ဗုပ်စ် ”



www.burmeseclassic.com

www.burmeseclassic.com



“ သ. . .သ. . .သဲ ”

တရွှရှိ လက်ညှိုးညွှန်ကာ အကြောင်သားစိုက်ကြည့်ယင်း သူမ အသက်ရှူရပ်သွားရ၏။ ပြုတ်ကျသွားခြင်းမဟုတ်။ တမင်တကာ ခုန်ချသွားခြင်း။ သူမကို လက်ပြနှုတ်ဆက်၍ ခုန်ချသွားခြင်း။

ထိုလူ၏ ဦးခေါင်းခွံနှင့် ကဏ္ဍရာလမ်းတို့ ရိုက်မိသံကိုပင် သူမ ကြားလိုက်ရသည်လို။ ‘ခွပ်’ခနဲ။

“ ဘာဖြစ်တာလဲ ”

“ ဟို. . .ဘက် ဟိုဘက်တိုက်ခန်းက လူ သူ. . .သူ ”

ကော က သူမကို အတင်းပွေ့ဖက်၍ အခန်းထဲပြန်ဆွဲသွင်းသည်။ ခြင်ကွင်းထဲမှ တစ်ဘက်အဆောက်အဦပုံရိပ်ပျောက်ကွယ်သွားသည့်တိုင် ထိုလူ၏ သဏ္ဍာန်အား တွေ့နေရဆဲပင်။ သူမကို လက်လှမ်းပြပုံ ဝရန်တာ လက်ရန်းပေါ် တက်ရပ်နေပုံ ထို့နောက်

အာခေါင်ခြစ်၍ ကြုံးဝါးလိုက်သံကြီးနှင့်အတူ

“ သူ. . .သူ ခုန်ချသွားကာ အမြင့်ကြီးကနေ သူခုန်ချ ”

“ ဟုတ်ပြီ ဟုတ်ပြီ ကိုယ်သိပြီ ကိုယ်သိပြီ မပြောနဲ့တော့နော်၊ ဘာမှမဖြစ်ဘူး၊ ဘာမှမဖြစ်ဘူး။ အိုခေ ဟုတ်ပြီ ဒီမှာ ထိုင်လိုက် ”

သူမ ထိုင်လိုက်မိသလား၊ သူမ ခန္ဓာကိုယ်က ဘာနှင့်မျှ မထိမိသလိုဖြစ်နေသည်။ အသံနက်ကြီးကို သူမ ကြားနေရသည်။

ခွပ်ခနဲ ဦးခေါင်းခွံ အစိပ်စိပ်အမွှာမွှာ ကွဲကြေသွားပုံက အာရုံ၌ အလိုလိုထင်လာ၏။





“ မင်းနဲ့ ဘာမှမဆိုင်ဘူးလေ၊ ဘာမှမဆိုင်ဘူး ဟုတ်တယ် မဟုတ်လား. . .မင်းလည်း ဘာမှ သဲသဲကွဲကွဲမြင်လိုက်ရမှာ မဟုတ်ဘူး၊ သူဘယ်သူလဲ၊ သူ့မျက်နှာက ဘယ်လိုလဲ၊ နောက်ဆုံးသူ ဘယ်လိုဖြစ်သွားသလဲဆိုတာထိ မင်းတစ်ခုမှ ကောင်းကောင်းမြင်လိုက်ရတာမဟုတ်ဘူး၊ ကိုယ်ပြောတာ ”

“ မဟုတ်ဘူး ငါ. . .ငါမြင်လိုက်ရတယ် သူငါ့ကို လက်ပြသွားတာ ပြီးတော့ သူ့ဦးခေါင်းကြီး တစ်စစီ သွေးတွေ. . .အို ”

“ မင်းမမြင်ရပါဘူး၊ မင်းကိုမင်း ချောက်ချားအောင် ချောက်တွေးမနေနဲ့ သူ့ကိစ္စသူလုပ်သွားတာလေ၊ ဆိုင်တဲ့သူတွေက ဆက်လုပ်သင့်တာလုပ်ကြလိမ့်မယ်၊ မင်းက ဘာမှမှ မဆိုင်တာ ”

“ မဟုတ်ဘူး ငါ့ရှေ့မှာ. . .ငါ့ရှေ့မှာ ”

“ တော်တော့ ”

ကော က အသံစူးစူးနှင့် ကြုံးအော်လိုက်၏။ သည်တော့မှ သူမ သတိပြန်ဝင်လာသလိုမျိုး သူမကို ငုံ့ကြည့်နေသော ကော့ မျက်နှာကို မြင်လိုက်ရသည်။

ကော့နောက်မှ နံရံကပ်ပိုစတာ၏ ဆေးရောင်စုံများ၊ စာကြည့်စားပွဲပေါ်မှ ရေးလက်စ စာရွက် တစ်စတစ်စ အာရုံထဲသို့ ပြန်ရောက်လာသည်။

“ အင့် ”

“ ဟဲ့ ”



www.burmeseclassic.com

www.burmeseclassic.com



" ဟင့်ဟင့် . . . ဟီး "

ကော့ ခါးကို ကြိုးဖက်ကာ ငိုချလိုက်မိသည်။ ကေက သူမ ခေါင်းကို ဖွဖွပွတ်သပ်ပေးရင်း ခပ်တိုးတိုးရယ်နေ၏။

" အရူးမလေး၊ ဟိုလူသာ သူ့ကိုကို ဆိုရင် ဘယ့်နှယ် "

" ဘာ "

သိုင်းဖက်ထားရာမှ ရုတ်တရက် ခွာရုန်းလိုက်သဖြင့် ကေ့ကို တွန်းလွှတ်လိုက်သလိုဖြစ်သွားသည်။ အငိုလည်းရပ်သွားသည်။ တုန်လှုပ်ချောက်ချားမှုတို့လည်း ရုတ်ခြည်းပျောက်ကွယ်သွားသည်။

ဒေါသကြောင့် ကေ့ကို တစ်ခုခုပြန်အော်မိတော့မတတ် ဖြစ်သွားပြီးမှ သူမ၏ ကြောင်စီစီနိုင်မှုကို သူမနားလည်သွား၏။

သက်ပြင်းမော တစ်ခုနှင့်အတူ သူမ လိုက်ရယ်ရန်ကြိုးစားလိုက်သော်လည်း ရှိုက်သံအချို့သာ နှုတ်မှ ထွက်သွား၏။

" ဟင်း . . . ဟင့် ဟင့် "

ကေလည်း ခုမှ သက်မချနိုင်ပုံရသည်။

" နင်လည်း မြင်လိုက်ရတယ်ပေါ့ "

" ဟင့်အင်း . . . မဟုတ်ပါဘူး၊ အော်သံကိုပဲကြားလိုက်ရတာ၊ မင်းဟိုတစ်လုံး ဒီတစ်လုံး ရှင်းပြတာနဲ့ပဲ ကိုယ့်ဘာသာကိုယ် ဆက်စပ်နားလည်လိုက်ရတာ ဘာလဲ၊ ဆူဆိုက်ပဲ မဟုတ်လား၊ ဒီလိုနေရာမျိုးမှာလာနေပြီး မင်းဒါကို တအံ့တသြနဲ့ အမြဲတမ်း အသစ်လုပ်နေဦးမှာလား၊ ဒီက အရူးတွေအတွက်နဲ့ စိတ်အပင်ပန်းခံ



နေဦးမှာလား "

" ငါ . . . ငါ ဒီလို အဖြစ်အပျက်မျိုးကို အရမ်းကြောက်တတ်တာ နင်လည်းသိရဲ့သားနဲ့ "

" ကြောက်မနေနဲ့၊ ဒါမျိုးက ကိုယ်လုပ်မှ ကိုယ်ဖြစ်တာ၊ လုပ်သွားတဲ့ လူမှာလည်း သူ့ဟာနဲ့ သူတော့ ခိုင်ခိုင်လုံလုံအကြောင်းပြချက် ရှိမှာပဲ ဘယ်သူမှတော့ အပျင်းပြေမလုပ်ဘူး၊ နင့်ကို ခြောက်လှန့်ချင်ရုံ သက်သက်နဲ့တော့ မဟုတ်ဘူး "

'ကို' ငြိမ်းတော့ ဘယ်လိုလောကဓံမျိုးနဲ့တွေ့ပါစေ၊ ဒီလိုမျိုး ဘယ်တော့မှ လုပ်မှာမဟုတ်ဘူး . . . သိလား

အဆက်အစပ်မဲ့ စာတစ်ကြောင်းကို ချရေးမိပြန်၏။သည်လို နှင့်ပင် အချောရေးနေသည့် စာရွက်မှာ အကြမ်းဖြစ်သွားရတော့မည်။ စိတ်ပေါက်ပေါက်နှင့် စိတ်ဦးတည့်ရာ အားလုံးချရေးပစ်လိုက်၏။

ညိုညိုဟု 'ကို'နာမည်ပေးထားသော သာလိကာလေး အကြောင်းလည်းပါသည်။ ရောက်စကတည်းက ပြင်မည်ပြင်မည်နှင့် ခုတိုင်မပြင်ဖြစ်ခဲ့သော သူမတို့အခန်းမှ ပြတင်းပေါက်တစ်ခုအကြောင်း လည်း ပါသည်။

ထိုနေရာအရောက်တွင် စာကြည့်စားပွဲပေါ် ငုံ့ကိုင်ထားသည့် သူမမျက်နှာမှာ အလိုလိုမော့လျက်သား ဖြစ်သွား၏။

သို့သော် သူမ အပြင်ဘက်ကို မမြင်ရတော့ပေ။ ကေက သူမရှေ့မှ ပြတင်းတံခါးကို ပိတ်ပေးခဲ့ပြီဖြစ်သည်။ ထိုက်ကာပါ



www.burmeseclassic.com

www.burmeseclassic.com



ချထားပေးလိုက်သေးသည်။

ရိုက်ကားစက သူမမြင်နေကျ အရောင်မဟုတ်။ ကေ [illegible] လဲလှယ်ထားသည်လား။ မဖြစ်နိုင်၊ အရောင်နုနုလေးများကိုသာ နှစ်သက်တတ်သော ကေက သည်လိုအနက်ရောင် ပိန်းပိန်းအစမျိုးလဲ [illegible]ထားသည်မဟုတ်။

သူမသည်း လဲမထားမိ။ ကေနှင့်သူမ နှစ်ယောက်တည်းသာ ရှိသော သည်အခန်းထဲ နှစ်ယောက်လုံးက လဲမထားဘူးဆိုလျှင်

" ကေ လိုက်ကာတွေ နင်လဲထား. . . ဟင် ကေ "

နောက်လှည့်မေးလိုက်သော သူမ မေးခွန်းက မဆုံးဘဲနှင့် ရပ်သွားသည်။ ကေမရှိ၊ ကေတွင်မဟုတ် အိပ်ရာကြီးလည်း မရှိတော့။

ကြမ်းပေါ်နှစ်ယောက်စာ ခင်းကျင်းထားသော အိပ်ရာကို ကေ ရွှေ့သွားသည်လား။

" အို သူ ဘယ်လိုလုပ် တစ်ယောက်တည်း ရွှေ့နိုင်မှာလဲ၊ ပြီးတော့ အိပ်ရာတစ်ခုလုံး မဲ ရွှေ့နေမှတော့ ငါအသံဗလံတွေ ကြားရမှာပေါ့ "

နေရာမှ ဆတ်ခနဲ ထ ရပ်လိုက်မိသည်။ အခန်းတံခါးမှာ အပေါင်းသားပွင့်ဖြူနေလေသည်။ သူမနှစ်ချို၍ နေထိုင်ခဲ့သည့် အခန်းကိုလည်း ခပ်စိမ်းစိမ်းဖြစ်နေသလို ခံစားရ၏။ တစ်စုံတစ်ရာတော့ မှားယွင်းနေလေပြီ။

" ကေ. . . ကေရေ ကက်သရင်း. . . "





မျက်မှောင်ကျုံ့ရလွန်းသဖြင့် မျက်လုံးအိမ်ပင်အောင့်သက်သက် ဖြစ်လာရ၏။ ကေ့ နာမည်ကို တကြော်ကြော်ခေါ်ရင်း တံခါးရှိရာသို့ လျှောက်လာမိသည်။

" ကေ. . . ကေ ငါခေါ်နေတာကြားလား. . . ဟေ့ "

အခန်းထဲမှ သူမထွက်လာသည့်တိုင် ပြန်ထူးသံကိုမကြားရ။ အိပ်ခန်းအထွက်တွင်ရှိသော အဝတ်လှန်းစင်များအလွန်တွင် ညေ့ခန်း ထဲသို့ သူမရောက်လာသည်။ အခန်းဆို၍ သည်ညေ့ခန်းနှင့် အိပ်ခန်းသာ ရှိသည်။

သို့သော် ကေ့ကို ညေ့ခန်းထဲတွင်လည်း မတွေ့ရ၊ သန့်စင်ခန်း ထဲမှာလား။ မဖြစ်နိုင် နှစ်ယောက်စာ အိပ်ရာခင်းကြီးနှင့် ဘယ်သူက သန့်စင်ခန်းထဲဝင်အိပ်မှာလဲ။

ဝရန်တာဘက်။ တကယ်ဆို ကေက အအေးဒဏ်လုံးဝမခံနိုင်။ ဖြစ်နိုင်မှန်း အသေအချာသိနေသော်လည်း သည်တစ်နေရာသာ ကျန်တော့သည်။

ရှင်းလင်းနေသည့် ညေ့ခန်းကို တစ်ချက်ဝေ့ကြည့်ပြီး နောက်ကြောင်းပြန်လှည့်လိုက်သည်။

" ကေ. . . နင်ဘယ်မှာလဲ၊ ကေ. . . ငါခေါ်နေ "

" ချပ် "

" ဟင် "

" ကလစ် "



www.burmeseclassic.com

www.burmeseclassic.com



သူမ ဝင်မည့်အပြုမှာပင် အိပ်ခန်းတံခါးက ညင်သာစွာ ပိတ်သွားခဲ့၏။ သေတို့၍ ပိတ်သွားခြင်းမဖြစ်နိုင်။ တစ်ယောက်ယောက် အသာအယာ ထိန်းပိတ်လိုက်ခြင်းမျိုး။ လော့ခ်ပါချလိုက်သေးသည်။

" ကေ နှင်မနောက်နဲ့နော်၊ ငါညည့်ခန်းထဲမှာ တကယ် အိပ်ပစ်မှာ သိလား "

" ဒုန်း ဒုန်း "

တစ်ဘက်မှ တုံ့ပြန်မှုလုံးဝမရှိ။ တံခါးရွက်ကို ပခုံးစောင်းနှင့် ဆောင့်တိုက်ပစ်လိုက်မိသည်။ တံခါးက လှုပ်ပင်မလှုပ်။ သူမကိုယ်တိုင်လည်း နာကျင်မှုမရှိသည်ကိုတော့ အံ့သြမိ၏။

" ကေ. . ငါ ဒေါသထွက်လာရင် တံခါးကို တိုက်ဖွင့်ပစ်မှာနော်"

" ဒုန်း "

" အင့် "

မနာကျင်သော်လည်း သူမယိမ်းယိုင်သွားရ၏။ အဝတ်လှန်းစင်ကို လှမ်းကိုင်ထိန်းမတ်လိုက်သည်တွင် သူမခေါင်းက အပေါ်ကို မော့ကြည့်လိုက်သလိုဖြစ်သွားသည်။

" အိုး. . . ဟုတ်ပြီ "

သူမ တီးတိုး ရေရွတ်လိုက်မိ၏။ အဝတ်လှန်းစင်နှစ်ခုကို တံခါးရွက်ရှေ့သို့ ရွှေ့ကာယှဉ်လျက် ထောင်လိုက်သည်။

ပြီးသည်နှင့် အောက်ဆုံးအဆင့်တန်းနှစ်ဘက်ပေါ် ခြေတစ်ဘက်စီတင်၍ ရပ်ကြည့်သည်။





တံခါးရွက်အပေါ်မှ မှန်ကူကွက်နှင့် သူမနဖူးက တည့်တည့် ခတ်မတ်ဖြစ်သွားသည်။ နောက်တစ်ဆင့် ဟိုတစ်ဘက်ကို မြင်နိုင်ပြီဖြစ်သည်။

တံခါးရွက်ပေါ် လက်ထောက်အားပြု၍ နောက်တစ်ဆင့် ဒုတိယ ခြောက်တန်းပေါ်တက်ရပ်လိုက်သည်။ မှန်ကူကွက်မှ တဆင့်မြင်ရသော အခန်းတွင်းမြင်ကွင်းက ရိုးရိုးရိပ်ရိပ်ပေါ်လာသည်။

ရိုးရိုးမှန်သားပြင် အညီအညာမဟုတ်၍ နေရာရွှေ့ကာ ကြည့်ရသည်။ မြင်ကွင်းက အကြည် တစ်ကွက် အဝါးတစ်ကွက်။

" အရင်က အရင်တွာ ဒီမှန်ကူကွက်မျိုး ငါတို့အခန်းမှာ ရှိလို့လား "

မှန်အကြည်သားနေရာမှ မြင်ရသော မြင်ကွင်းကပင် မှုန်ဝါးလို့နေ၏။ မှုန်ဝါးခြင်းလည်း မဟုတ်ပြန်။ ခပ်အုံ့အုံ့ ညိုပျပျ. . . အား။ အိပ်မက်ထဲမှ ညိုမွဲမွဲအဆင်းသဏ္ဌာန်၊ ဟုတ်သည်။ ညိုမွဲမွဲ။

" ဟင်. . . ဒါ ဒါ. . . ဒါဆို ဒီနေရာက ငါ့အခန်းထဲမှာ မဟုတ်ဘူးပေါ့ "

အံ့သြတုန်လှုပ်မှုကြောင့် ခြေချော်၍ ပြုတ်မကျမိ တန်းများပေါ်မှ သူမ ခုန်ချလိုက်သည်။

သူမ မျက်နှာမူလျက်သား ဖြစ်သွားသည့် တံခါးရွက်မှာလည်း ရှုလာအရောင်အသွေးမရှိတော့။ ရှေးဟောင်းအထပ်ထပ် ညစ်ပတ်နေရနေသော တံခါးဟောင်းကြီးဖြစ်နေခဲ့လေပြီ။



www.burmeseclassic.com

www.burmeseclassic.com



" ဒ. . . ဒ. . . ဒ. . . "

ညှို့ခန်းဆောင်ဘက်သို့ သူမလုံးဝမျက်နှာမမူရဲဘဲ ဖြစ်နေသည်။ တံခါးသက်ကိုင်ကွင်းကိုသာ လက်နှစ်ဘက်နှင့်ဆုပ်ကိုင်ဆွဲခါနေမိ၏။ တံခါးရွက်မှာ နံရံနှင့် တစ်သားတည်းလိုပင် ခိုင်မြဲနေခဲ့လေပြီ။

တံခါးမဟုတ်တော့ဘဲ နံရံတစ်ချပ်လိုပင် မလှုပ်မယှက်။ အကြောအချဉ်အားလုံး အေးစက်တောင့်တင်းသွားရ၏။

သို့သော် အေးစက်မှုနှင့် ဆန့်ကျင်စွာပင် သူမတစ်ကိုယ်လုံး ချွေးစေးများ စို့နစ်လာရ၏။

" က. . က. . ကေ. . ကေရေ. . . ကေ နင်ဘယ်. . ဘယ် "

" ကျောင်း. . . ကျောင်း ကျောင်း "

တံခါးရွက်က မလှုပ်သော်လည်း လက်ကိုင်ကွင်းမှာမူ သူမလက်ထဲကျွတ်ပါလာ၏။ ကိုယ့်အရှိန်ကိုယ် မထိန်းနိုင်ဘဲ သူမနောက်ပြန်ပစ်လဲကျသွားရသည်။

ချောက်ချားစိတ်က နာကျင်မှုကိုပင် ကွယ်ဖျောက်ထားနိုင်လောက်အောင်

" ကေ. . . ကေရေ ငါ့ကို ကယ်. . . ကယ်ပါဦး "

ညှို့ခန်းဘက်လုံးဝ အကြည့်မရောက်စေရအောင် သတိထား၍လဲကျနေရာမှ အလူးအလဲထကာ တံခါးကို တဝုန်းဝုန်း ထုရိုက်မိသည်။ ထုရိုက်သံကမူ သဲ့သဲ့ပင်ထွက်ပေါ်မလာ။

တံခါးရွက်မှာ နံရံသားနှယ် ကျောက်ဖြစ်သွားလေပြီလား။





" ကေ. . . ကေ ငါ. . . ကြောက်တယ်. . . ထား "

" ဂျုန်း "

" အမေ့. . . အား "

နောက်သို့ ခုန်ဆုတ်လိုက်မိသော်လည်း တုန်ယင်ညွတ်ခွေချင်နေသည့် သူမခြေထောက်အစုံက သူမကို ကြမ်းပြင်ပေါ် ပစ်ချလိုက်သလိုဖြစ်သွားသည်။

လက်ထောက်လျက်သား လဲကျနေရာမှ မထမိသေးဘဲ တံခါးရွက်ကြီးအား ငေးကြောင်ကြည့်နေမိ၏။

သည်တံခါးကို တစ်ဘက်မှ ကမူးရှူးထိုး ဆောင့်တိုက်လိုက်သည့်အသံ။ သေချာပါသည်။

ပခုံးစောင်းနှင့် တွန်းထိုးလိုက်ခြင်းမျိုးမဟုတ်။ အရှိန်နှင့် ခြေဆောင့်လိုက်သည့်အသံ။

" ကေ. . . ကေလား "

" ဂျုန်း "

ဖြေသံအစား ပစ်တိုက်လိုက်သံကြီးကိုသာ သူမကြားလိုက်ရသည်။ တစ်စုံတစ်ယောက်ဆိုသည်ကတော့ သေချာနေခဲ့ပြီ။

" ဘယ်သူ. . . ဘယ်သူလဲ ကေလား။ ကေ. . . ကေ "

" ဂျုန်း "

သော့ချက်ပြုတ်သွားဖို့ မသေချာသော်လည်း သည်အတိုင်းအားနှင့်ဆိုလျှင် တံခါးရွက်ပင်ကွဲအက်သွားနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်သို့လှန်ထောက်ထားသည့် လက်အစုံကို အားပြု၍ တရွတ်တိုက်လိုက်မိ၏။ မတ်မတ်ရပ်ဖို့ထက် သည်တံခါးနှင့် ဝေးနိုင်သမျှ ဝေးရန်က ပို၍အရေးကြီးသည်။

" ဂျွန်း "

" ကေ. . .ကေ မဟုတ်ဘူး။ ဒါ ကေ မဟုတ်ဘူး။ ကေ ဘယ်ရောက်သွားပြီလဲ "

" ဂျွန်း "

" မလာနဲ့၊ တံခါးကို တံခါးကို မဖွင့်ပါနဲ့ ငါ့ဆီကို မလာ. . . မလာပါနဲ့ "

" ဂျွန်း "

အသံကပို၍ စိပ်လာ၏။ အင်အားကလည်း ပို၍ ပြင်းထန်လာသည်။ တံခါးရွက် အလယ်တည့်တည့်မှာပင် အက်ရာကြီး ထင်လာပြီ ဖြစ်၏။

သူမ ကိုယ်ကိုလှည့်၍ ကြမ်းပြင်ထက်မှ လူးလဲထ လိုက်မိသည်။ ခြေထောက်ကိုသာ အားကိုးရတော့မည်။ လေးဘက်ထောက် အနေအထားမှ ဝုန်းခနဲခုန်ထလိုက်၏။

" ဟင်. . . ဒါ "

သူမ ရှေ့တွင် လှေကားအိမ်ကြီးတစ်ခုရောက်နေသည်။ သူမတို့ ညဲ့ခန်းတွင် သည်လှေကား လုံးဝမရှိ။ လှေကားနှင့်တူသော အရာပင် မရှိ။





ပန်းပုရုပ်ကြွများနှင့်လက်ရန်းပွတ်လုံးတိုင်၊ ပျဉ်ချပ်အပေါက် အပြဲတို့နှင့် လှေတားဆံများ။ ဟိုထိပ်ဆုံးတွင် စေ့ပိတ်ထားသည့် တံခါး တစ်ချပ်၊ သူမလက်ထဲ သော့တွဲတစ်ခုရောက်ရှိနေပြန်ပြီဖြစ်သည်။

" ဒါ. . .ဒါ အိပ်မက်ထဲက အဆောက်အဦကြီး ဟိုဒါ အိပ်မက်လား။ ဒါ. . .ဒါဟာလည်း အိပ်မက်ဆိုးတစ်ခုပဲလား "

သော့တွဲကို ကျစ်ခနဲဆုပ်ကိုင်ကာ မာန်တင်းလိုက်သည်။ အိပ်မက်ဆိုလျှင် သူမ အမှန်တကယ် ထိခိုက်နာကျင်ဖွယ်ရာမရှိ။ ထိတ်လန့်ကြောက်ရွံ့နေစရာမလိုဟု ဆုံးဖြတ်လိုက်မိ၏။

လှေကားရင်းမှ ချာခနဲ နောက်လှည့်၍ ရင်ဆိုင်လိုက်သည်။

ပျက်စီးစပြုနေပြီဖြစ်သော ထိုတံခါးပေါက်မှ ဝင်ရောက်လာမည့် အန္တရာယ်။

" အို. . .ဘယ်လိုပဲဖြစ်ဖြစ် ငါ မကြောက်ဘူး။ ငါမကြောက်"

" ဂျွန်း "

" အမယ်လေး "

အံကြိတ်တင်းခံထားသော မာန်တို့ အသံတစ်စနှင့်ပင် လွင့်ပြယ် ပျောက်ဆုံးသွားရ၏။ သည်ခနေ်ခနဲ့ လှေကားထစ်များကို ဘယ်လို ဖြတ်ကျော်ခဲ့မိသည်မသိ။

သူမ သတိနှင့်ကိုယ်မြဲချိန်တွင် လှေကားကို သုံးပုံနှစ်ပုံနီးပင် ခြေတက်ပြီးနေပြီဖြစ်သည်။

" ဂျွန်း "



www.burmeseclassic.com

www.burmeseclassic.com



နောက်သို့ လုံးဝလှည့်မကြည့်တော့။ တံခါးကို ခေါ်သတကြီး တိုက်ခွင့်နေသော ထိုမကောင်းဆိုးဝါးသည် သာမာန်အင်အားမျိုးနှင့် ဝင်ရောက်လာမည်မဟုတ်မှန်း သူမ သိလိုက်ရလေပြီ။

လှေကားထစ်များကို ခုန်ပေါက်ပြေးလိုက်မိ၏။

အပေါ်ဆုံးသို့အရောက်တွင် သူမ အလွန်တရာ မောဟိုက်နေသည်။ ချောက်ချောက်ချားချား ပြေးလွှားရခြင်းက ပကတိအကွာအဝေးကို အဆတစ်ရာဆွဲဆန့်ထားသလို ခွမ်းချည့်သွားစေ၏။

" ဂျုန်း "

" ဂျွတ်. . . ဒွိ "

လှေကားထိပ်ပွတ်လုံးတိုင်သို့ လက်မလှမ်းနိုင်ခင်မှာပင် သူမ ထိပြီသွားတော့မတတ် တုန်ယင်ညွှတ်ခွေနေရသည်။

လှေကားဦးတိုင်ကို အားကိုးတကြီး ဖမ်းအဆုပ်တွင် သူမ လက်ထဲမှ သော့တွဲမှာ သတိလက်လွတ် ပြုတ်ကျသွား၏။

အပေါ်ထပ် အဝင်တံခါးကို တွန်းဖွင့်ကြည့်သည်။ မရ။

ကြမ်းပြင်ပေါ်မှ သော့တွဲကို ကောက်ယူ၍ တစ်ချောင်းပြီး တစ်ချောင်း ရွေးထုတ်ကာ တံခါးသော့ အိမ်ပေါက်ထဲ ထိုးသွင်းကြည့်သည်။ အဆုံးထိ မဝင်သည်က များနေ၏။

" လာစမ်း. . . လာ. . ဒီတစ်ခါပွင့်တော့. . . ပွင့်တော့ ဟား"

သော့တံများက အကုန်နီးပါးလောက် စမ်းကြည့်ပြီးနေလေပြီ။ နောက်ဆုံးနှစ်ချောင်းသာ ကျန်တော့သည်။





" ဂျုန်း "

" ဖြောင်း "

" ဟင် "

အောက်ဘက်မှ တံခါးရွက်မှာ အမှန်တကယ်ကျိုးပဲ့ပျက်စီးသွားလေပြီ။

" ဖြောင်း "

" ဂျုန်း "

" ဖောင်း. . . ဖြောင်း. . . ဖြောင်း "

အသံနက်ကြီးနှင့် ကြုံးဝါးလိုက်သံ၊ တံခါးပျဉ်ချပ်တို့ အပြီးသတ် ပျက်စီးကျိုးကြေသွားသံ၊ ကံကောင်းထောက်မစွာ သူမ ရွေးထုတ်လိုက်သော သော့တံက သော့ပေါက်ထဲ အံဝင်ခွင်ကျဝင်သွားသည်။

" ချပ် "

" ဟင် ".

သော့ကိုင်ထားသော သူမလက်ချောင်းများပေါ် ပူနွေးသော အရည်တချို့ စီးကျပြန်သည်။ အလင်းရောင်အောက်တွင်မှ နီစွေးစွေး အရောင်ကို အသေအချာ မြင်လိုက်ရ၏။

" ဖောင်း. . . ဂျွတ်. . . ဂျွတ် "

" ဝုန်း "

ကျိုးပဲ့ပျက်စီးသွားသော တံခါးပေါက်ထဲ တစ်စုံတစ်ယောက် ဝင်ရောက်ရှိလာပြီလား။ သူမလှည့်မကြည့်ရဲ။



www.burmeseclassic.com

www.burmeseclassic.com



လက်တွင်ပေကျံနေသည့် သွေးစေးများကိုသာ ချောက်ချားစွာ ကြည့်နေမိသည်။ အောက်ဘက်မှ လှေကားဆီပြေးလာသော ခြေသံ တစ်စုံကို ကြားရ၏။

အသက်အောင့်ထားရလွန်းသဖြင့် ရင်ဝ၌ ဆို့နင့်မွန်းကျပ်လာ သည်။

သူမကိုယ်တိုင်က အားမဲ့ချည့်နဲ့စွာ ယိမ်းယိုင်နေသည်လား။ ရပ်တည်ရာ ကြမ်းပြင်သည်ပင် သိမ့်သိမ့်ခါနေသည်လား။ ခေါင်းထဲ တရိပ်ရိပ်မူးဝေလာရ၏။

သူမနောက်မှ ခြေသံက လှေကားပေါ်အထိ ရောက်ရှိနေလေပြီ။

သူမ ခြေလက်တို့ အကြောဆိုင်းသွားသည့်နှယ် လှုပ်ရှားရ ခက်လာ၏။ ခေါင်းငုံ့၊ မျက်စိမှိတ်၊ အံကြိတ်လျက် အသက်ရှူရန် ကြိုးစားလိုက်သည်။

သူမ လက်အစုံက တံခါးရွက်ဆီ ခက်ခက်ခဲခဲ ချဉ်းကပ်သွား သည်။

ခြေသံ။ သွေးရည်များ စီးကျနေသော တံခါးသော့အိမ်။

" အား "

" ဒုန်း "

သူမ နှုတ်မှ မပီမသ အော်သံတစ်ခုထွက်သွား၏။ တံခါးကို တွန်းထိုးလိုက်မိသည်လား၊ ပွင့်ဟသွားသည့် အသံကို မကြားရ။

ခေါင်းငုံ့ထားလျက်မှ မျက်လုံးအစုံကို မဝံ့မရဲဖွင့်၍ ပင့်လှန်





ကြည့်မိသည်။ တံခါးက မပွင့်သေး။ မျက်လုံးဖွင့်ထားသည့် အချိန်အတန် လေးတွင် တံခါးလက်ကိုင်ကို ဖြတ်ခနဲ ဆုပ်ကိုင်လိုက်သည်။

ခြေသံက လှေကား၏ အပေါ်ဆုံးအထပ်ဆီမှ ထွက်ပေါ်လာသည်။

တံခါးကို အားကုန်ဆောင့်ဆွဲပစ်လိုက်၏။

ကြမ်းပြင်တစ်ခုလုံး သိမ့်သိမ့်ခါသွားသည်။ အလွယ်တကူ ပွင့်သွားသော တံခါးရွက်ဆီမှ သူမအားလွန်ပစ်လဲကျသွားသည်။

" ချွင် "

သော့အိမ်ထဲ တန်းလန်းကျန်ခဲ့သော သော့တွဲပါ ပြုတ်ထွက် လွင့်စင်သွားသည်။ သူမ အလူးအလဲနှင့် ပြန်ထရန် ကြိုးစားလိုက်မိ၏။ ကြမ်းပြင်တစ်ခုလုံး စောင်းသွားသည့်နှယ် သူမပြန်၍ လဲကျသွားရသည်။

လှေကားဘက်သို့ပင် လိမ့်ဝဲသွားရ၏။ လျောင်။

အလျင် အိပ်မက်များထဲမှ အဖြစ်အပျက်က ခေါင်းထဲ ရောက်လာသည်။ လျှောင်လှုပ်ပြီဆိုလျှင် အိပ်မက်ပြီးဆုံးတော့မည်။ သွေးပျက်နေသည့်ကြားမှပင် မျှော်လင့်ချက် ယှဲ့ယှဲ့နှင့် အားတက်သွားမိ၏။ သိမ့်သိမ့်ခါနေသော ကြမ်းပြင်ထက် သူမ ထရပ်နိုင်ရန် ထပ်ကြိုးစားလိုက် သည်။

" အို့ "

ပြန်လည်ပစ်လဲကျသွားရုံသာမက လှေကားအစွန်းထိ လိမ့်ပါ သွားပြန်၏။ ကြမ်းခင်းပျဉ်ချပ်များကို ကုတ်ခြစ် အားယူကာ တွန်းရုန်း၍ ထလိုက်သည်။ ငြိမ့်ခနဲ။



www.burmeseclassic.com

www.burmeseclassic.com



“ ဒုန်း ”

“ အား. . . အား ”

“ ဒုန်း. . . ဒုန်း. . . ဒုန်း ”

သူမ ခန္ဓာကိုယ်မှာ လှေကားထစ်များအတိုင်း အတားအဆီးမဲ့ ဆိမ့်ဆင်းသွားသည်။ လှေကားဦးတွင် မားမားရပ်နေသော တစ်စုံတစ်ယောက်။ ချာရပတ်လည်၍ မြုတ်ကျသွားရသည်မို့ ထိုသဏ္ဌာန်အား ဓိပြင်စွာ မြင်နိုင်ခွင့်မရတော့။

“ ဒုန်း . . . ဒုန်း ”

အောက်ဆုံးအထစ်ကိုလွန်၍ ကြမ်းပြင်ပေါ် သူမရောက်ရှိသွားသည်။ နာကျင်ရန် သတိမရအား။ အလူးအလဲ ကြုံးထရန်သာ စိတ်စောနေသည်။

လျှင်ကမှု မရပ်တန့်သေး။ အဆောက်အဦး တစ်ခုလုံး ယိမ်းခါနေဆဲပင်။ လှေကားထိပ်တွင် သူမ မြင်ခဲ့ရသော သဏ္ဌာန်ကမူ ပျောက်ချင်းမလှ ပျောက်ကွယ်သွားလေပြီ။

လေးဘက်တွားရုံထက်ပို၍ သူမကိုသူမ မထူမတ်နိုင်တော့။ တစ်ခေါင်းလုံးရှုးနောက်လာသောကြောင့် မျက်လုံးအစုံကို ဖိမှိတ်ထားရင်း တဖြည်းဖြည်းပြန်လည်ငြိမ်သက်သွားသည်။

မျက်လုံးများကို ပြန်မဖွင့်ရဲသေး

ခြေသံကို နားစွင့်ကြည့်မိ၏။ ခပ်ဖွဖွနင်းလျှောက်လာသံတစ်ချက် ကြားလိုက်ရသည်လို။





အသံက သူမထံ ဦးတည်လာသည်။ သူမထံ တရွေ့ရွေ့ ပို၍ ပီသစွာကြားလာရ၏။ သူမထံ။

“ နာတာလီ ”

“ ဟင်. . . ကေ ”

ငုံ့ဝပ်ထားမိသည့် ခေါင်းကိုဆတ်ခနဲ မော့၍ မျက်လုံးဖွင့်ကြည့်လိုက်သည်။ ကေ။ လှေကားထစ်များမရှိ။ ဧည့်ခန်းဆောင်ကို မမြင်ရတော့။ လျှင်လည်း ငြိမ်သက်သွားခဲ့လေပြီ။

“ ကေ ”

“ အိပ်မှာဖြင့်လည်း အိပ်ရာထဲ ဝင်အိပ်ကွာ၊ စားပွဲပေါ် မှောက်အိပ်မနေနဲ့ ”

“ အို. . . ငါ. . . ငါ အိပ်မက်က နိုးလာပြီပေါ့ ”

အခန်းထဲဝေ့ဝဲကြည့်လိုက်မိသည်။ သူမ အခန်းမှ သူမအခန်း အစစ်။ နံရံကပ်ပိုစတာအရောင်နုနုလိုက်ကာစများ၊ စာကြည့်စားပွဲ. . . နောက်။

သူမ ရေးလက်စ စာကြောင်းများ။ နောက်ဆုံးစာကြောင်းကို ပြန်ဖတ်ကြည့်ရင်း သူမ ဘယ်အချိန်အိပ်ပျော်သွားသလဲဟု သူမကိုသူမ ပြန်မေးနေမိ၏။

(ကို. . . ငြိမ်းတော့ ဘယ်လိုလောကခံမျိုးနဲ့ တွေ့ပါစေ ဒီလိုမျိုး ဘယ်တော့မှ လုပ်မှာမဟုတ်ဘူး သိလား)



www.burmeseclassic.com

www.burmeseclassic.com



" အိပ်တော့ နာတာလီ. . . အိပ်တော့၊ တစ်နာရီတောင် ကျော်နေပြီ "

" အင်း. . . အင်းပါ "

❀ ❀ ❀ ❀ ❀



## အခန်း (၃)

" ငါ မပြောဘူးလား "

ဖျိုးလိုက်သည့်စကားနှင့် အမူအရာက သူမကိုနိမ့်ကွပ်တော့မည်ကို ကြိုတင်၍ စစ်ကြေငြာနေသလိုပင်။

သူမလက်ထဲ အထပ်လိုက် ပွေ့ပိုက်ထားသည့် စာအုပ်များကို မျက်လွှာများနှင့် ဖိထိန်းရင်း ဆမန်သာ ဆက်ပြောလာမည့် စကားကို နားစွင့်ထားလိုက်သည်။

" ဒီလောက်ပျင်းစရာကောင်းတဲ့ ဓာတ်လမ်းကို နင့်ဘက်က ဘယ်လောက်စိတ်ပါပါ၊ နင့်ကိုကိုက ညည်းငွေ့နေလောက်ပါပြီလို့. . . ဒီသယ် နာတာလီ နင် ဒီမှာ ကျောင်းတက်နေတဲ့ နှစ်တွေကိုလည်း တွက်ကလေးဘာလေး ချိုးကြည့်ဦး။ ဒီလောက်အကြာကြီးကိုဘာ ဘယ်ယောကျ်ားလေးက စိတ်ရှည်မှာလဲ၊ စာထဲမှာပဲတွေ့ နိုးထဲမှာပဲ



www.burmeseclassic.com

www.burmeseclassic.com



စကားပြောနဲ့ တစ်ယောက်မျက်နှာတစ်ယောက်မြင်ဖို့တောင် ချက်တင်ထိုင်ဖြစ်ကြတာမဟုတ်ဘဲနဲ့၊ ယောကျ်ားခေါ်တဲ့ သတ္တဝါက အဲဒီလောက်နဲ့ နှစ်သိမ့်ကျေနပ်နေမယ်လို့ နင်က ထင်နေတာလား"

အကြောင်းသိချင်းမို့ သူမ ပြန်လည်ချေပမနေတော့၊ ပြုံး၍သာ နားထောင်နေလိုက်သည်။

" သူတို့လိုချင်တာ အိပ်မက်ဆန်တဲ့ အချစ်တွေ၊ ရိုမန်းတစ်ခ်ဆန်ဆန်အချက်တွေ မဟုတ်ဘူး သိရဲ့လား။ ခုချိန်ဆို "

သူမ ခပ်တိုးတိုးပင် ရယ်လိုက်မိသည်ထင်၏။ ဆမန်သာ တစ်ယောက် စကားကို တစ်ဝက်တစ်ပျက်နှင့်ရပ်ကာ သူမကို မျက်စောင်းထိုးလာသည်။

" ခုချိန်ဆို ဘာဖြစ်လဲ၊ ငါပြန်အလာကို မြကွဒိန်ပေါ်က ရက်စွဲတွေ တစ်ကွက်ချင်းခြစ်ပြီး ပြန်ဆုံရမည့်ရက် နီးလေလေ၊ မျှော်လင့်ချက်တွေ ပိုကြီးလာလေလေ. . . အချိန်တွေကို ပိုကြာနေသလို ထင်ရလေလေ "

" ငါတော့ နင့်ကိုသနားတယ် နာတာလီ "

မြက်ခင်းပြင်၏ တစ်ဘက်မှ စာကြည့်တိုက်ကို လှမ်းမြင်နေရလေပြီ။ လမ်းအတိုင်းလျှောက်လာရာမှ မြက်ခင်းထဲမှ ဖြတ်လျှောက်ရန် ပလက်ဖောင်းပေါ် တက်လိုက်သည်။

ဆမန်သာလည်း သူမနှင့်အတူ ပလက်ဖောင်းပေါ်လိုက်တက်ပြီး မြက်ခင်းထဲ ဆင်းလျှောက်ရင်း စကားဆက်ပြန်၏။





" ကိုယ့်ဆီ စာလည်းမရ ဖုန်းလည်း မဆက်တဲ့ သူကို များဟာ "

မြက်ခင်းအလယ်ရှိ ကျောက်ဖြူထိုင်ခုံတစ်ခုပေါ်တွင် စာထိုင်ဖတ်နေသူတစ်ဦးက ဆမန်သာကို လှမ်းနှုတ်ဆက်သည်။ သူမတို့အတန်းထဲက မဟုတ်သဖြင့် သည်လူကို သိပ်မသိ။ ဘာသိဘာသာနေတတ်သည့် သူမအကျင့်ကြောင့် အတန်းဖော်ချင်းပင် လူစုံလူစေ့ သိပေ။

ဆမန်သာနှင့် ကေတီ့ကိုတောင် ကိုယ့်အချင်းချင်းမို့ တွဲဖြစ်နေခြင်းဖြစ်သည်။ အထူးသဖြင့် သည်က လူတွေနှင့် အပေါင်းအသင်း သိပ်မဖြစ်ချင်။

ကိုယ်က သူတို့ဆီမှ ပညာကိုသာ လိုချင်မက်မောစိတ်ရှိသည်။ အကျင့်စရိုက်များကိုမူ တစ်စွန်းတစ်စမျှ အကူးစက်မခံချင်။

ဆမန်သာကတော့ သည်မှာ သူမ ထက်လည်း ပိုကြာနေပြီ ဖြစ်သလို သူမလောက်လည်း ဆိုရှယ်စိတ်မခေါင်းပါးသဖြင့် အသိမိတ်ဆွေ အတော်များသည်။

ကျောင်းစာကြည့်တိုက်မှူးလို ဆက်ဆံရခက်သည့် လူကိုတောင် ဆမန်သာက ဆရာတပည့်လိုပေါင်းပြီးသား။

သူမ ငှားထားသည့် စာအုပ်များမှာလည်း ဆမန်သာ၏ အစွမ်းအစအချို့ ပါဝင်သည်ကို ဝန်ခံရမည်။

ဆမန်သာက ထိုသူကို ရယ်မောနှုတ်ဆက်ကာ သူမထံ



www.burmeseclassic.com

www.burmeseclassic.com



လျှောက်လာသည်။

အသဲခြစ်ခြစ် ထိုသူကို ကျေးဇူးတင်ရမည်။ စကားမပြတ်နိုင်သွန်းသည့် ခိုနီးမ သူမနှင့် ပတ်သက်၍ ဆက်ပြောဖြစ်တော့မည် မတော်သောကြောင့်ဖြစ်သည်။

" ဒီမယ် နာတာလီ "

တစ်ခုမဟုတ်တစ်ခု အမြဲပြောချင်နေသည့် ဆမန်သာက စကား စ သောပြန်သည်။

" အချစ်ဆိုတာ စိတ်ရောဂါတစ်ခုပဲ ဟ "

" အာ "

သည့်စကားပဲ။ အကြောင်းအရာလွဲသွားလိမ့်မည်ဟု သူမ ထင်ခဲ့မိသည်မှာ မှားသွား၏။ ဆမန်သာက ပြောလက်စ စကား တောလက်စ တရားကိုသာ ဆက်ပြန်သည်။

အချစ်နှင့်အိမ်ထောင်ရေးကို ဆန့်ကျင်သော ဆမန်သာ့ ကိုယ်ပိုင် ဝါဒများက သူမ အမြဲနားထောင်ပေးနေရသည့်တိုင် တစ်ကြိမ်နှင့်တစ်ကြိမ် မထပ်။ ထောင့်ပေါင်းစုံမှ သည့်ဝါဒကို ဖွင့်ဆိုပြမည်။ သူမ နားယောင် သွားလောက်အောင် အခိုင်အမာ ဒဿနထုတ်မည်။

နောက်ဆုံး အချစ်၊ ယောကျ်ား သည့်အရာများကို မယုံကြည်နိုင်။ တစ်ခါတလေများ 'ကို' ကိုတောင် တိုက်ရိုက်ရည်ညွှန်းတတ်သေး၏။

" လူဆိုတာ ကိုယ့်ကိုကိုယ်ပဲ ချစ်တဲ့ သတ္တဝါပါဟာ ဒါကိုမှ ကိုယ်မဟုတ်တဲ့ အခြားတစ်ယောက်ယောက်ကို ကိုယ်နဲ့ ထပ်တူထပ်မျှလို





သဘောထားပြီး ချစ်မိတယ်ဆိုတာ၊ ကိုယ့်ကိုကိုယ် မပြည့်စုံဘူးလို့ အင်း ခံစားမှု ဖျော့ညံ့တာသက်သက်ပါဟာ၊ ကိုယ့်ဟာကိုယ် သိမ်ငယ်နေသလို ထင်မိတဲ့ အချိန်မျိုးမှာသာ အဲဒီအချစ်စိတ်က ဝင်လာနိုင်တာပါ။ အဲဒါကြောင့် ပြောတာပေါ့ စိတ်ရောဂါတစ်မျိုးပါလို့ စိတ်ဓါတ်ခုခံအား ကျဆင်းတဲ့ ရောဂါလေ "

" တော်ပါတော့ ဆမန်သာရယ်၊ 'ကို'ငါ့ဆီ ဖုန်းမဆက်တာ တစ်လကျော်ကျော်ပဲရှိပါသေးတယ်၊ နင်ပြောနေတဲ့ ဒဿနတွေက ကိုပစ်သွားလို့ပဲ ငါ့ကိုနှစ်သိမ့်တရားချနေတာကျနေတာပဲ တော်ပါတော့၊ သူလည်း အရေးကြီးမအားလပ်လို့ဖြစ်မှာပေါ့၊ ဒါမှမဟုတ်လည်း "

" နင်ကတော့ ဘယ်လိုမှ ချွတ်လို့မရနိုင်တဲ့ ဒီဒွိပဲ နာတာလီ"

" အမ် "

ခံလိုက်ရပြန်ပြီ။

မြက်ခင်းကိုလွန်၍ စာကြည့်တိုက်အဝင်ဝသို့ပင် ရောက်ရှိနေပြီမို့ သူမ နှုတ်တုံ့မပြန်လိုက်ရတော့။ စာကြည့်တိုက်၏ ပထမအဆောက်အဦကို ဖြတ်သန်းပြီးသည့်နောက် စာဖတ်ရန် သက်သက် သတ်မှတ်ထားသည့် အခန်းငယ်လေးထဲသို့ ရောက်ရှိလာသည်။

စကားပြောခြင်းကို ကန့်သတ် တားမြစ်ထားသည့် နေရာများ ဖြစ်သော။

အကယ်၍ ပြောခွင့်ရှိမည်ဆိုလျှင်တောင် ဆမန်သာကို သူမ နှုတ်တုံ့ပြန်ဖြစ်မည်။ စကားမလွှဲ လွှဲအောင် အခြားအကြောင်းအရာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုခုကိုသာ ပြောဖြစ်လိမ့်မည်။

ပန်းခြံ၏ မင်းလမ်းအတိုင်း ဝဲဘက်အဆောက်အဦဆီ လျှောက်သွားလိုက်သည်။

စာကြည့်တိုက်များကို စတုရန်းပုံဆက်စပ်၍ အလယ်တွင် စာဖတ်ပန်းခြံလေးတစ်ခု ဖန်တီးပေးထားသော သည်ပုံစံ ဒီဇိုင်းကို သူမ နှစ်သက်မိသည်။ ရောက်တိုင်းလည်း စိတ်ထဲမှ ဗိသုကာ ပညာရှင်အား ချီးကျူးမိရ၏။

စာတမ်းပြုစုသူများအတွက် မှီငြမ်းကိုးကားရမည့် စာအုပ် စာတမ်းများချည်း စုစည်းထားရှိရာ စာကြည့်တိုက်အမှတ်နှစ်။ အာရှအယ်လ်ဟု သူမတို့ အလွယ်ခေါ်နေကြသည့် နေရာ။

" ဟဲ့ မျိုးမိုးဇိမ်က ဒီဘက်မှာလေ "

သူမက ဘူမိဗေဒ အခန်းများဘက် ကွေ့ဝင်လိုက်သဖြင့် ဆမန်သာက တိုးတိုးကပ်ပြောလာသည်။

" သိပါတယ်ဟ ဒါတွေအပ်မလို့ "

သူမ မေးထိုးညွှန်ပြတော့ ဆမန်သာက စာအုပ်အထပ်ထဲမှ အပေါ်သုံးအုပ်ကို သေချာငုံ့ကြည့်သည်။ ပြီး မျက်မှောင်ကျုံ့ကာ

" ဒါက ဘာတွေလဲ "

" ကက်သရင်းရဲ့ စာအုပ်တွေ လူကြုံပေးလိုက်လို့ "

" သူက ဘာအကြောင်းရေးမှာလဲ "

" အပြင်ရောက်မှ စကားပြောရအောင် "





ဆမန်သာက စာကြည့်တိုက်အပြင်ဘက်ထိရောက်အောင်ပင် စောင့်။ စာအုပ်များအားလုံးတစ်ခန်းချင်းလိုက်အပ်ပြီး အာရှအယ်လ် ထဲမှအထွက် ပန်းခြံအဝရောက်လာသည်နှင့် ထပ်မေးသည်။

" အစောက နင်အပ်ပေးတဲ့ ကေ့ရဲ့ စာအုပ်တွေက "

" လျှပ်လှုပ်တာနဲ့ ပတ်သက်ပြီး ရေးထားတာတွေ ဖြစ်မှာပေါ့"

" လျှင်. . သူက အဲ့ဒီအကြောင်းကို စာတမ်းတင်မှာတဲ့လား"

" အင်း "

" အဲဒါက ဘူမိဗေဒထဲ ပါတာပေါ့ "

" ဒါတော့ မသိဘူးရှလ "

" ငါစိတ်ဝင်စားတယ်ဟ "

" သိသားပဲ နင်စပ်စုတော့မယ်ဆိုတာ နင်ကလေ ဥပဒေ ဆောင်းသူဖြစ်ဖို့ မကောင်းဘူး။ ဆိုက်ကို. . . လောဂျစ်. . . ဟစ်စတြီ အခုလည်း ရော့ ဘက်လှည့်လာပြန်ပြီ၊ နင်စိတ်မဝင်စားတဲ့ အပ်ဘ်ဂျက်ကော ရှိသေးရဲ့လား "

" ရှိတယ် ရှိတာပေါ့. . . နင်သိပါတယ် "

" အိုခေ အိုခေ တော်ပြီ ဆက်မပြောနဲ့တော့ "

" နင်အခန်းပြန်ရောက်ရင် ပြောလိုက် ကေ့ကို မနက်ဖြန် ကျတ် ငါလာခဲ့မယ်လို့ သူ့အတွက် လျှင်နဲ့ ပတ်သက်တဲ့ စာအုပ် အင်အုပ်ပါ ယူလာခဲ့မယ်လို့ "

" အင်း. . . ပြောလိုက်မယ် "



www.burmeseclassic.com

www.burmeseclassic.com



စကားတပြောပြောနှင့်လျှောက်လာသော သူမတို့နှစ်ယောက်ကို ဝင်း စာကြည့်တိုက် အဝင်ဝမှ ဆရာတစ်ဦးက မျက်မှောင်ကျုံ့၍ ငေးကြည့်နေသည်။

သူမက ပြုံး၍ အသံတိတ်တောင်းပန်မိသော်လည်း ဆမန်သာကမူ ပခုံးတွန့်၍ ဆက်လျှောက်သွားသည်။

တစ်ခါတစ်ခါကျ ဆမန်သာကို သူမ မနှစ်မြို့ချင်။ ယဉ်ကျေးမှု ဖောက်ပြန်နေသည့် မိန်းမဟု မြင်သည်။ ထုတ်တော့မပြောမိ။ သူတစ်ပါးကို [illegible]နှင့်ချီ၍ တခုတ်တရ ဝေဖန်လေ့ရှိသူသည် ကိုယ်တိုင်ကျ တစ်စွန်းတစ်စမျှပင် အဝေဖန်ခံနိုင်သည်မဟုတ်။

" နင့်ကိုစွတွေပြီးပြီမဟုတ်လား။ ပြန်ချင်ပြန်နှင့်တော့လေ ငါတော့ ဂါဒီယန်နဲ့ တွေ့ရဦးမှာ "

" နင် ဘယ်သူတိုင်တာခံရပြန်ပြီလဲ ဆမန်သာ "

သူမ အမေးကိုမဖြေဘဲ မထီတရီပြုံးနေသည်။ ဆမန်သာ့အတွက် အုပ်ထိန်းသူဆရာမနှင့် သွားတွေ့ရခြင်းက အထူးအဆန်း မဟုတ်တော့။ သည်လိုပဲ တစ်ပတ်တစ်ခါလောက်တော့ မှန်မှန်သွား၍ အဆူအပူခံရနေကျဖြစ်သည်။

" နင်ဘယ်သူ့လက်ချာစာအုပ်ထဲ မှင်နီနဲ့ သွားတားလိုက်ပြန်ပြီလဲ နင်ပြောပြောနေတဲ့ မိန်းမ ရှာတွမ်ကို နိုက်ကလပ်သွားမယ်ဆိုပြီး စလိုက်ပြန်ပြီလား။ ဒါမှမဟုတ် ဘယ်အတွဲကို ပျက်အောင် သွေးဆောင် ကုန်းချောလိုက်ပြန်ပြီလဲ. . . ဟမ် "





ဆမန်သာက ကျောင်းဝအထိ သူမကို လိုက်ပို့ပေးခဲ့သော်လည်း ထိုမေးခွန်းများကိုမူ တိတိကျကျမဖြေခဲ့။ နှစ်ယောက်သားလမ်းခွဲခါနီးတွင် ဆမန်သာအသံပြန်ထွက်လာသည်။

" နာတာလီ "

" ဟင် "

" မနက်ဖြန် မနက်ရှစ်နာရီနော်၊ ငါ နင်တို့ဆီရောက်မှ ဘရိတ်ဖတ်စ်စားရမလား။ ငါပဲ အပြင်ကနေ တစ်ခုခုဝယ်ခဲ့ရမလား "

" ထုံးစံအတိုင်းပေါ့ဟာ "

" ရှစ်နာရီနော် "

" အေးပါ "

" ကော့ကိုပြောလိုက် သူ့အတွက် စာအုပ်တစ်အုပ် ရှာယူလာခဲ့မယ်လို့ "

" သွားပါ၊ ငါမှတ်မိပါတယ် ဆရာမက နင့်ကိုပြန်စောင့်နေရဦးမယ် သွားတော့ "

" ငါ တစ်ခုခုဝယ်လာခဲ့မယ်နော်. . . ဘိုင် "

" ဘိုင် "

❀ ❀ ❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

" အမလေး ကျားသားမိုးကြိုး သူဝယ်လာမယ်ဟုတ်လား "

ကေက သူမကိုပင် မယုံသက်ာနှင့် ပြန်မေးနေသည်။ ယုံချင်စရာလည်းမရှိပေ။ သို့သော် ရှစ်နာရီတိတိတွင် ဆမန်သာ တစ်ယောက် တကယ်ပင် စားစရာများနှင့်အတူ ရောက်ချလာသည်။

" ငါ့အတွက်က နို့. . . ဒါက ကေ့ အတွက် နို့လုံးဝ မပါတဲ့ ကော်ဖီ ပြီးတော့ နို့ပါတဲ့ ကော်ဖီ နာတာလို့ အကြိုက်လေ "

" စားရခဲမှုတွေ နာတာလီရေ "

ကေက ခပ်မြူးမြူးရေရွတ်ရင်း စားပွဲတွင် နေရာဝင်ယူသည်။ ဆမန်သာ့သက်ထဲတွင် နို့ဗူးကော်ဖီဗူးများသာမက လေးထောင့်ဖော့ဘူး တစ်ခုလည်းပါသေးသည်။

" အဲဒါကရော "





" ချိုင်းနားတောင်းဘက် လှည့်ဝင်ပြီး ဝယ်လာတာလေ၊ မြေအိုးမြီးရှည် "

" ဟင် တစ်ပွဲတည်း "

" ဘရိတ်ဖက်စ်လေဟာ သုံးယောက်မျှစားမှာပေါ့ "

ကေက သူမဘက်လှည့်၍ မဲ့ပြသည်။

" တစ်ခါတလေ လေး ငါတို့ကို ဝယ်ကျွေးတာတောင် စေတနာက အပြည့်ပါပုံမရဘူး၊ ငါတို့ဆီကျ အပတ်တိုင်းလာပြီး သွားဖြဲနာဖြဲ စားသောက်နေပြီးတော့ "

" အပြစ်တင်မစောနဲ့လေ၊ နင့်အတွက် ဘာပါသေးလဲဆိုတာ သိရဲ့လား "

ဆမန်သာနှင့် ကေတို့ အပြန်အလှန်ပြောနေပုံကိုကြည့်ကာ သူမပြုံးမိရသည်။ ပြီး၊ သူမအတွက် ဝယ်လာပေးသော ကော်ဖီဘူးကို သွမ်းယူ၍ ပိုက်မထိုးဘဲ ဖန်ခွက်ထဲလောင်းထည့်လိုက်၏။

" ဒီမှာ "

ဆမန်သာက ကျောလွယ်အိတ်ထဲမှ စာအုပ်တစ်အုပ်ထုတ်၍ ကေ့ကိုပြလိုက်ရ၏။ ကေ့မျက်နှာက သည်တော့မှ ပြန်ပြုံးလာသည်။

" အာရုံမား. . . အော့ဖ်ဘာန်းတ် အာ့သ် အိုး ဒါ နယူးမန်းရဲ့ ဒွေ့တိုတွေပဲ "

" မြေလျှောင်အကြောင်းတွေကိုချည်း သုတေသနလုပ်ပြီး ဒွေ့ပုံစံပြင်ရေးထားတာတွေ "



www.burmeseclassic.com

www.burmeseclassic.com



ကော်ဖီခွက်ကို နွေးစက်ပေါ်တင်၍ ဇွန်းတစ်ချောင်းနှင့် မွှေနှောက်လိုက်သည်။ ပြီးနောက် မီးဖိုစင်အပေါ်မှ အံဆွဲတစ်ခုကို ဆွဲဖွင့်ကာ ပလတ်စတစ်တူသုံးစုံကိုယူသည်။ သူတို့ပြောနေသည့်အထဲ သုမဝင်မပြောမိ။ ပလတ်စတစ်တူများကို ရေနွေးနှင့်ဆေးကြောသုတ်သင်၍ ခြောက်ခုလုံးကိုဘူးထဲထည့်ပေးထားလိုက်၏။ ပြီး၊ စားပွဲမှာ ပြန်ဝင်ထိုင်လိုက်သည်။

" မင်းတကယ်ပဲ ငါ့စာတမ်းနဲ့ ပတ်သက်ပြီး စိတ်ဝင်စားနေတယ်ပေါ့ "

ကောက မယုံကြည်ဟန်နှင့်မေးပြီး ကော်ဖီကို တစ်ငုံစုပ်သည်။ ဆမန်သာက စာအုပ်ကို စားပွဲပေါ်အသာချ၍ ခေါင်းညိတ်ပြ၏။

" တကယ်ပါဟ "

" ဒါဆို ဒီဝတ္ထုစာအုပ်ကို ခဏထားလိုက်၊ ငါရေးလက်စ စာတမ်းမင်းကို ပြမယ်၊ ဖတ်ကြည့်ပေး "

ကောကသည်လိုလူမျိုးကို စောင့်နေခြင်းဖြစ်သည်။ သုမတောင် စိတ်မဝင်စားပါဘဲ ကော့စာတမ်းကို ဖတ်ပေးလိုက်ရသေးသည်။ ကိုယ့်ဘာသာရပ်မဟုတ်သဖြင့် ကော ရေးထားသမျှ သုမ နားမလည်။ ဝေလည်းမဝေဖန်တတ်။ အကြံပေးဖို့ဆို ဝေးရော။

ဆမန်သာကတော့ စိတ်ပါဝင်စားစွာဖတ်၍ ဝေဖန်ပေးနိုင်မည့် ပုံပေါ်သည်။ ပြောပြောဆိုဆိုကောက အိပ်ခန်းတွင် ဝင်သွားသည်။ သူ့လက်ဆွဲ ကွန်ပျူတာလေးသွားယူခြင်းဖြစ်သည်။





" သုတေသနဝတ္ထု "

မြေအိုးမြီးရှည်ကို မြည်းစမ်းကြည့်ရင်း စားပွဲပေါ်ချထားသည့် စာအုပ်လေးဆီ အကြည့်ရောက်မိသည်။

မျက်နှာဖုံးက စာအုပ်အမည်နှင့် သိပ်မသက်ဆိုင်သလိုရှိသည်။

အနက်ရောင်အောက်ခံသားပေါ် အခေါင်းတစ်ခု၏ပုံကို ရေးဆွဲထားသည့် ပန်းချီပုံ။ နွေးစက်ပေါ်မှ ကော်ဖီခွက်ကို လှမ်းယူ၍ ထို မျက်နှာဖုံးကို သေချာကြည့်မိသည်။

အခေါင်းမှာ မြေတွင်းနှင့် ကန့်လန့်ဖြတ်ကြီးဖြစ်နေသလိုမျိုး။ မြေလွှာအက်ကြောင်းနှင့် ဖွာရရာကြဲနေသော မြေစာများကိုလည်း တွေ့ရသည်။ စာအုပ်ကို သုမ ရှေ့ဆွဲယူ၍ အနီးကပ်ကြည့်လိုက်မိ၏။

အက်ကြောင်းထဲတွင် တစ်ခြမ်းစောင်း၍ ညှပ်မိနေသည့် ခေါင်းတလားတစ်ခု၏ ပုံဖြစ်နေသည်။

" အာရုံးမားအော့ဖ်. . . ဘန်းတ် အာ့သ်. . . မြေသင်းနံ့ပေါ့၊ ဘွန်း ဘာမှလည်း မဆိုင်ဘူး "

ကော်ဖီလေးငုံလိုက် , မြီးရှည်လေးတို့လိုက်နှင့် သုမ တစ်ယောက်တည်း သည်စားပွဲ၌ ကျန်ခဲ့သည်။ အိပ်ခန်းဆီမှ ဆမန်သာနှင့် ကောတို့စကားပြောနေသံများကို တစ်ချက်တစ်ချက်ကြားရ၏။

နာရီကို ကြည့်မိတော့ ရှစ်နာရီနှင့် မိနစ်နှစ်ဆယ်။ သုမ နှင်နာရီကျော် သုံးနာရီ နီးပါး အချိန်ဖြုန်းရဦးမည်။

မရည်ရွယ်ဘဲ စာအုပ်ကို ကောက်ကိုင်ဖြစ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



" နှယူးခန်းတဲ့ တစ်ခါမှလည်း မကြားဖူးဘူး "

သူတောလည်း သုတေသနဝတ္ထုမျိုးထက် သာမာန်လူငယ် အတ်ထင်များကိုသာ ဖတ်လေ့ရှိသည်လေ။ နေရာမှ ထရပ်ရင်း မြန်မာစာအုပ်လေးကိုပါ ကောက်ယူခဲ့လိုက်၏။

" နှင်ဘာဖြစ်လို့ ဒီအချက်ကိုပဲ အကျယ်တဝင့် ရေးချင်ရတာလဲ"

" ဘယ်အချက်လဲ "

" လျှင်တွေဟာ ဘယ်လောက်ကြောက်စရာကောင်းတယ်ဆိုတဲ့ အချက်လေ "

သူမထင်သည့်အတိုင်း ဆမန်သာက ကေနှင့်ကောင်းကောင်း ကျွမ်းကျင်နေလေပြီ။ အခန်းထဲသူမဝင်လာသည်ကိုပင် လှည့်မကြည့်ကြ။ နှစ်ယောက်သား ကွန်ပျူတာရှေ့တွင် ခေါင်းချင်းဆိုင်နေကြသည်။

" ဟေး ကလေးမတွေ ဒီမှာ မြီးရှည်တွေ အများကြီး ကျန်သေးတယ် စားလိုက်ကြဦး "

ဘူးကို သူတို့အနားရှိ ထိုင်ခုံပုလေးပေါ်တင်ထားပေးလိုက်သည်။ ဆမန်သာတ နံရံကို မှီ၍ အိပ်ရာပေါ် ခြေဆန့်ထိုင်နေရင်းမှ သူမကို မော့ကြည့်သည်။

" နှင်. . . ဖတ်မလို့လား "

" အင်း "

ဆမန်သာကို လှည့်မေးရင်း အခန်းထောင့် အိပ်ရာခြေရင်းတွင် ခေါက်၍ထောင်ထားသည့် ပက်လက်ထိုင်ခုံလေးကို သယ်ယူလိုက်သည်။





သူမ ဝရန်တာဘက်ရောက်တော့မှ ဆမန်သာက လှမ်းပြော ပြန်၏။

" နံပါတ် ခြောက်ကို မဖတ်နဲ့နော် "

အကြောင်းပြချက်ကို သူမ မမေးမိ။ ဝရန်တာကြမ်းပြင်ထက် ပက်လက်ထိုင်ခုံလေးကို ချခင်း၍ ထိုင်ချလိုက်သည်။

မြေသင်းနံ့ ဆိုသော အမည်။

ပြတ်ရွေ့ကြောင်းထဲမှ ခေါင်းတလားပုံ မျက်နှာဖုံး။

သည်အဆက်အစပ်မဲ့နေခြင်းက သူမစိတ်ကို ဆွဲဆောင်ထား ချိန်တွင် ဆမန်သာ၏ ထူးထူးခြားခြား တားမြစ်စကားကြောင့် အောက်အပေါ်ပို၍ စိတ်ဝင်စားသွားရသည်။

နံပါတ် (၆)။

မဖတ်နှင့်ဆိုသည့် ဇာတ်လမ်းကိုမှ ကျော်လွှားလှန်လှောလိုက် ချိန်၌ မာတိကာ အမှာစကားနှင့် ရှေ့ပိုင်းဝတ္ထုငါးပုဒ်ကို တစ်လုံး၊ တစ်လုံးစပင် ဖတ်မကြည့်မိ။

" ခြောက်. . . မှမေးဘဲယ်လ် ကော့ဖင်းနိစ် ရွှေလျှားနေသော ခေါင်းတလားများ အိုးဒါ မျက်နှာဖုံးပေါ်က အကြောင်းအရာပဲဖြစ်မယ်"

ခေါင်းစဉ်ကိုကြည့်ရင်း သူမလက်က အလိုလိုပင် မျက်လုံးဖုံးဆီ လှန်မိလျက်သား ဖြစ်သွားသည်။ အမှောင်အက်ကြောင်းထဲ ကျုံ့ဝင် နေသည့် အညိုရင့်ရောင် ခေါင်းတလား။

နောက်တစ်ခုကို သူမထပ်၍ သတိပြုမိသွားသည့် အနက်ရောင်



www.burmeseclassic.com

www.burmeseclassic.com



နောက်ခံသားဟု သူမသာမန်တွေးခဲ့မိသော နေရာတွင် ခပ်ရေးရေး သဏ္ဌာန်တစ်ခုရှိနေသည်။

အောက်ခံရောင်နှင့် ရောထွေးနေသော အစိမ်းရင့်ရောင် အထော်အပြောက်တစ်စုံ။

အမှောင်အကျကြောင်း၊ အညိုရင့်ရောင်ခေါင်းတလား။ အစိမ်းရောင်မျက်လုံးများနှင့် မားမားရပ်နေသည့် သဏ္ဌာန်တစ်ခု။

❀ ❀ ❀ ❀ ❀



# အခန်း (၅)

" ဒီအခေါင်းကြီးက ဒီနေရာကို ဘယ်လိုရောက်လာရတာလဲ"

" ဘယ်လိုရောက်ရှလာရမှာလဲ၊ တစ်ယောက်ယောက် သာမြှုပ်သွားလို့ပေါ့ "

ပထမလူ၏ မေးခွန်းမဟုတ်သော အမေးစကားကို အခြား တစ်ယောက်က ထင်မြင်ချက်တစ်ခုပေးသည်။ ထိုအချက်ကို တတိယ လူက ချေဖျက်ပြန်၏။

" မဖြစ်နိုင်ပါဘူး. . . ဒီနေရာကို ငါတို့အားလုံးတူးခဲ့ကြတာ၊ ဒီအခေါင်းပေါ်က မြေသားတွေဟာ မကြာသေးခင်ကမှ တူးထားသလို နေထက်မနေဘူးဆိုတာ အားလုံးအမြင်ပဲ "

" ဒီလိုကိစ္စမျိုးမှာ ကျွမ်းကျင်နေတဲ့သူဆိုရင် အခုလိုမျိုးပဲ ဖြစ်မှာပေါ့၊ သက်သေယန်မကောင်းစရာမရှိအောင်လေ၊ မြှုပ်သွားတဲ့သူက မြေစာတွေကို နဂိုအတိုင်းကျစ်ခဲနေအောင် သိပ်ပြီး အပေါ်ဆုံး မြေလွှာမှာ မြက်ပင်တွေ အမှိုက်တွေ ဗရပွနဲ့ သဲလွန်စ ဖျောက်ခဲ့တာပဲဖြစ်ရမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒုတိယလူကလည်း သူ့အယူအဆအတွက် အခိုင်အမာ ဆင်ခြေဟိုရှာသည်။ ကျန်နှစ်ဦးကမူ ခေါင်းတခါခါနှင့်သာရှိ၏။ သူတို့ အားလုံးတွင် တူညီသော အချက်တစ်ခုသာရှိသည်။

လုပ်ငန်းကို ရပ်နားထားပြီး အခေါင်းကြီးကိုတွေ့ရသော တူးလက်စကျင်းအနားတွင် ဝိုင်းရပ်နေကြခြင်းသာဖြစ်၏။

ဒုတိယလူနှင့် တတိယလူတို့အချေအတင်ဖြစ်နေသလောက် သည်ငြင်းခုန်ပွဲကို စနက်မီးရှို့ခဲ့သူကမူ နှုတ်ဆိတ်နေဆဲ။ နဖူးကြောများ ရှုံ့၍ ဦးနှောက် အပူခံကာ စဉ်းစားနေဟန်မျိုးရှိသည်။

" တစ်ယောက်ယောက်က တူးပြီးမြှုပ်ခဲ့မယ်.. မြေသားက လည်း လတ်တလော တူးထားပုံမပေါ်ဘူး။ အဲဒီ့နှစ်ချက်လုံး မှန်မယ် ဆိုရင်ရော "

" ဘာ "

မပြောမပြောနှင့်။ ပြောမည့်ပြောတော့ အငြင်းပွားနေသည့် ဆန့်ကျင်ဘက် အချက်နှစ်ခုလုံးကို ဆက်စပ်ပစ်လိုက်သည့်စကားမျိုး ဆိုလာသည်။

" ဒီလိုလေ၊ မြှုပ်ခဲ့တာ အရမ်းကြာသွားပြီ နှစ်ချို့နေပြီ ဒီမြေသားတွေ မူလအတိုင်းပြန်အသားသေသွားလောက်အောင်အထိ ကြာခဲ့ပြီမို့ "

" ဟုတ်တယ် ငါတို့ငြင်းခုန်နေမယ့်အစား ရက်စွဲတွေ နာမည်တွေသိတဲ့အထိ ဆက်ဖော်ရမယ်။ အခုပေါ်နေတာက အခေါင်းရဲ့





ခြေရင်းဘက် အစွန်းဖြစ်လိမ့်မယ်၊ ဟိုဘက်ကို ဆက်ဖော်ကြည့်ရင် ကမ္ပည်းထိုးထားတဲ့ ကြေးပြားကိုတွေ့ရမှာပဲ "

ပထမလူ၏စကားကိုဖြတ်၍ တတိယလူက ထောက်ခံလိုက်သည်။ ပြောပြောဆိုဆိုပင် ထိုလူက ကျင်းထဲပြန်ဆင်းရန်ပြင်သည်။ ထိုအခါ ပထမလူက ပခုံးကို လှမ်းဆွဲတားလိုက်၏။

" ဆက်တူးမယ်ဆိုရင် ဒီတစ်လှည့်က မင်းအလှည့်မဟုတ်ဘူး။ ဒါလေဒ်စ်. . . မက်စ်ကို ဆင်းပါ၊ စေ. . . ကဲ မက်စ်ရေ လေးမိနစ်လောက် အပင်ပန်းခံချေကွာ "

သည်လိုနှင့် ဆယ်မိနစ်ခန့်ဆက်တူးပြီးသည့်အချိန်တွင် ခြံရှင် အဘိုးကြီးရောက်လာသည်။ အလှည့်အားဖြင့် ပထမလူ ဆင်းတူးနေသည့် အချိန်ဖြစ်သည်။

အဘိုးကြီးက ကားကိုသူတို့လုပ်ငန်းလုပ်ရာအနီးထိ မောင်းဝင်လာ၏။ ကားစက်ရပ်သံနှင့် တံခါးဖွင့်ဆင်းလိုက်သည့်အသံက တစ်ထပ်တည်းနီးပါးပင်။

တစ်ဆက်တည်းတွင် အဘိုးကြီး၏ ကျိန်ဆဲသံလည်း ပေါ်ထွက် လာသည်၊

" အို ငရဲကောင်တွေ၊ မင်းတို့ ငရဲအထိ တူးကြမလို့လား ခြံကြီးကို ဖျက်ဆီးနေကြတာလား။ အသုံးမကျတဲ့××× "

အဘိုးကြီးက သူနိုင်းထားသည့်ထက် ကျင်းက အဆများစွာ ကြီးကျယ်နေသဖြင့် ကြိမ်းမောင်းနေသည်မှန်း မြေတူးသမား



www.burmeseclassic.com

www.burmeseclassic.com



သုံးလောက်လုံး သိသည်။

" အက်ဒ်ဒီး . . . ခွေးကောင် မင်းဘာလုပ်နေတယ်ဆိုတာ ခင်းသိခဲ့ဘူး "

အက်ဒ်ဒီးမှာ သည်အငှားလိုက် မြေတူးသမားအဖွဲ့၏ ခေါင်းဆောင်ဖြစ်ဟန်ရှိသော ပထမလူ၏ နာမည်ဖြစ်သည်။

သို့သော် အက်ဒ်ဒီးကမူ ခေါင်းပင်မော်မကြည့်။ သူ့အလုပ်သူ ဆက်လုပ်နေ၏။ အဘိုးကြီးသည် ကြိမ်မောင်းဆဲဆိုရင်း ကျင်းနှုတ်ခမ်း သို့ ချောက်လာသည်။

" အို . . . ဒါဘာကြီးလဲ "

ထိတ်လန့်တကြား ရေရွတ်သံနှင့်အတူ အဘိုးကြီး ပါးစပ် ပိတ်သွား၏။အက်ဒ်ဒီးဆိုသူက သည်လိုဖြစ်မည်မှန်း ကြိုတွက်ပြီးသား ဖြစ်ပုံရသည်။

ကျင်းပေါ်တွင် အနားယူလှည့်ကျနေသည့် သူ့အဖွဲ့သား နှစ်ယောက်က အဘိုးကြီးကို ရှင်းပြကြလိမ့်မည်။

သိပ်မကြာ။ အဘိုးကြီး၏ လေသံပြောင်းသွားသည်။

" အက်ဒ်ဒီး မြန်မြန်ကလေးတူးစမ်း အဲ့ဒီမသာ ဘယ်သူလဲ၊ ကမ္ဘည်းကျောက်ပြားကို အမြန်ဖော်စမ်းဟေ့ "

သည်တော့မှ ကျင်းထဲရှိလူက အဘိုးကြီးကို မော့ကြည့်သည်။

" ဒီမယ် ဂျွန်၊ လူတစ်ဘက်သားကို အလောတကြီး ဆဲဆို အပြစ်တင်တဲ့ ဝါသနာကို ခင်ဗျားတတ်နိုင်သလောက် ဖျောက်မှဖြစ်မယ်





ဆင်တယ် ဒါအကြံပေးတာနော် "

" အေးပါ ကဲ၊ မြန်မြန်ကလေးဖော်စမ်းပါ။ မင်း အကြံပေး ဘာကို ငါလက်ခံပါတယ် "

အက်ဒ်ဒီးက ကိုယ်ကိုပြန်လှည့်ပြီး သူ့ခြေထောက်ရှေ့မှ မြေစာ များကို ဝေါ်ပြားနှင့် ယက်ဖယ်လိုက်သည်။ သူရပ်နေသည်မှာ ခေါင်းတလား၏ အဖုံးပေါ်တွင်ဖြစ်၏။

" ကျုပ်အခေါင်းကိုတော့ ခင်ဗျားဘက်လှည့်ပြဖို့ မတတ်နိုင်ဘူး ခင်ဗျားကတော့ နေရာရွှေ့ပြီး ကြည့်နိုင်လိမ့်မယ်ထင်တယ် . . . ကျောက်ပြားက ဒီမှာ "

အဘိုးကြီးမှာ သူဝေါ့ပြောမှန်းသိလျက်ပြန်မအော်အား။ ကျင်းကို ပတ်လျှောက်၍ သူ့ရှေ့သို့ရောက်လာသည်။

ဒါးလပ်စ်လည်း အဘိုးကြီးနှင့် မျက်နှာချင်းဆိုင်မှ ကျင်းနှုတ်ခမ်းပေါ်ရောက်လာသည်။ မက်ခ်ကမူ သူ့အနီးသို့ခုန်ဆင်းလာပြီး ကျောက်ပြားကိုပွတ်လိုက်၏။

" နှစ်ဆယ့်ငါးမေ . . . ဟား ဒီ . . . ဒီနှစ်ထဲမှာပဲ မြှုပ်ထားတာ"

" ဘာ . . . သက္ကရာဇ်ကလေ ဒီနှစ်သက္ကရာဇ်ကြီး ဟုတ်ရဲ့လား ကြည့်စမ်း "

ဒါးလပ်စ်လည်း ခုန်ဆင်းလာ၏။ သည်ကျောက်ပြားပေါ်မှ စာလုံး သေးသေးများကို ကျင်းပေါ်မှ လှမ်းဖတ်၍ ရမည်မဟုတ်။ ကျင်းထဲလည်း ခုန်မဆင်းနိုင်သည့် အဘိုးကြီးမှာ အက်ဒ်ဒီးကို



www.burmeseclassic.com

www.burmeseclassic.com



ဝေါ်ကြွရိုင်းခဲ့သည်း ဝန်လေးနေရှာ၏။

" ရွှန်. . . ခင်ဗျား မမြင်ရဘူး မဟုတ်လား "

" အေး. . . နာမည်လေး တဆိတ်လောက် "

အက်ဒ်ဒီးက အဘိုးကြီးလေသံ သိပ်မမာနိုင်တော့သည်ကို သဘောကျသွားဟန်နှင့် ပြုံးလိုက်သည်။ ကြေးပြားပေါ်မှ နာမည်ကို ရွတ်ပြလိုက်၏။

" နော်မန် မက်ကောလေး ရိတ်ကက် "

အဘိုးကြီး ဘာရေရွတ်လိုက်မှန်းပင် မသဲကွဲ။ ထိုနာမည်ကို ကြားလိုက်သည်နှင့် မျက်နှာတွင် သွေးမရှိတော့သလို ဖြူဆုတ်သွားသော အဘိုးကြီးမှာ ကျင်းထဲသို့ ပြုတ်ကျမတတ် ညွတ်ကျလာသည်။

မတ်ခ်က လျှပ်မြန်စွာကျင်းထဲမှတက်၍ ထိန်းမတ်ပေးနိုင်လိုက်၍ သာ အဘိုးကြီး သက်သာသွား၏။

" ဒီ. . . ဒီ ရိတ်ကက် ငနဲကြီး အလောင်းက ငါ့ခြံထဲ ဘယ် ရောက်နေတာလဲ၊ ဘယ်သူလာမြှုပ်သွားတာလဲ၊ သေပြီးတဲ့အ ငါ့မြေတွေကို လိုချင်နေတုန်းပဲလား။ ဒီငနဲကြီး. . . ဒီငနဲကြီး "

" ရွှန်. . . ဘယ်လိုဖြစ်သွားရတာလဲ၊ သတိထားစမ်းရွှန် "

" ငါသိတယ်၊ ငါသိတယ် အက်ဒ်ဒီး ဒါ ဒါ မကောင်းဆိုး နေတဲ့ သေတ္တာကြီးပဲ၊ ငါသိတယ် သင်း(ဒင်း)ငါ့ခြံကို အပိုင်စီး သေပြီးမှ မကောင်းဆိုးဝါးအဖြစ်နဲ့ ငါ့ခြံထဲကျူးကျော်လာတာ ငါသိတ အဲဒီသေတ္တာကြီးကို ဖျက်ဆီးပစ်ရမယ်။ အလောင်းကိုပါ မီးရှို့ပစ်ရမ





ဒါမှ သင်း(ဒင်း)အသက်ပြန်မဝင်နိုင်မှာ ငါသိတယ် "

အက်ဒ်ဒီးလည်း ကျင်းပေါ်တက်လာပြီး မက်ခ်ကို ကူညီသည်။ သွေးရူးသွေးတမ်းရန်းကုန်နေသည့် အဖိုးကြီးကို မက်ခ်တစ်ယောက်တည်း မနိုင်တော့ပေ။ ကျင်းထဲမှ နောက်ဆုံးတက်လာသူမှာ ဒါးလပ်စ်။

သူ ကျင်းနှုတ်ခမ်းကို ကုပ်တွယ်၍ တက်လိုက်သည့်အချိန်၊ တိတိကျကျပြောရလျှင် ခေါင်းဖုံးနှင့် သူ့ခြေထောက်နှစ်ဘက် လွတ်သွားချိန်တွင် ခေါင်းတလားကြီးမှာ ရိုပ်ခနဲတစ်ချက် လှုပ်ရှားသွား သလိုရှိသည်။

သူ့စိတ်အထင်ပဲလား၊ သူ့အမြင်မှားခြင်းလား၊ သူ့အတွက်တော့ တစ်ချက်လှုပ်သွားသည်ကို မြင်လိုက်ရခြင်းမှာ သေချာ လျက်ရှိ၏။

" နော်မန်. . . ခင်ဗျား ခင်ဗျားကိုယ့်နေရာကိုယ်ပြန်ပါ။ ကျွပ်နေရာကို မလု. . . မလုချင်ပါနဲ့ ပြန်ပါ၊ ခင်. . . ဗျား ပြန် ပါ "

အဘိုးကြီး အသံတိမ်ဝင်သွားချိန်တွင် ကျင်းထဲမှ ခေါင်းတလား ကြီး ဆတ်ခနဲလှုပ်သွားသည်ကို အက်ဒ်ဒီးမြင်လိုက်ရသလိုရှိသည်။ မြင်လိုက်ရသလို မဟုတ်။ သူမြင်ကို မြင်လိုက်ရသည်။

ကျင်းအောက်ခံမြေသားထဲ တိုးဝင်သွားတော့မည်လို မူလ နေရာမှ နိမ့်ဆင်းသွားခြင်းကို သူမြင်လိုက်ရသည်။

နော်မန် မက်ကောလေးရိတ်ကက်ကို အက်ဒ်ဒီးသိသည်။ သူ့နင်းသိသည်မဟုတ်သော်လည်း သည်ခြံ၏ ဝဲတက်ကပ်လျှော်မှ ခြံဝင်း ကျယ်ကြီးထဲတွင် နေလိုင်သူမှန်းသူသိနေသည်။

www.burmeseclassic.com



လွန်ခဲ့သည့် မေလက ကွယ်လွန်ခဲ့သူ။ ယခုမှ တစ်လပင် မပြည့်သေး။ ဖို့မြေအသားသေရန် သည်လောက်အချိန်လေးနှင့် ခဲ့သောက်မှန်းလည်း သူသိနေသည်။

အတိုက်ကြီးတွေးနေသည့် အတွေးများ သူ့ခေါင်းထဲရောက်လာ၏။ ခေါင်းဆိုးဝါးတစ်ကောင်အဖြစ် ရှင်ပြန်ထမြောက်လာသည့် အလောင်းကောင်။

တစ်ဘက်ခြံမှဆိုလျှင် သည်နေရာသို့ အဖြောင့်တိုင်းလျှင်တောင် မီတာတစ်ရာမက ဝေးလိမ့်မည်။သည်အခေါင်းကြီး ဘယ်လိုရွှေ့လျားလာသည်လဲ။

❀ ❀ ❀ ❀ ❀



## အခန်း (၆)

“ ဟင်း ”

သက်တောင့်သက်သာအနေအထားမှာပင် သူမ ရင်မောနေမိသည်။ စာအုပ်ကို ခေါက်ပိတ်၍ သက်မချမိ၏။ မျက်စိမှိတ်၍ ခေတ္တအနားယူနေလိုက်သည်။ အိပ်ခန်းဘက်ဆီမှ ရယ်သံအချို့ကြားရ၏။ ဆမန္တာနှင့် ဆာတို့ ဘယ်အကြောင်းအရာကို ရယ်ပွဲဖွဲ့နေကြသည်မသိ။

ထို့နောက် အချိန်ကို သတိရကာ လက်မှနာရီကိုကြည့်မိသည်။ နာရီခန့်အချိန်ပိုနေသေး၏။

“ ဟေး နာတာလီ အထဲကိုလာလေကွာ ဒီမှာ မင်းအကြောင်း ပြောနေကြတာ ”

ရယ်သံတစ်ဝက်နှင့် ကောက သူမကို လှမ်းခေါ်နေသည်။ ညီမိန်းမတွေ သူမအကြောင်းပြော၍ ရယ်နေကြသည်ပဲ။ စာအုပ်ကို ချ၍ ခြေသံခပ်ပြင်းပြင်းနှင့် ဝင်သွားလိုက်၏။ ”



www.burmeseclassic.com

www.burmeseclassic.com



" နှင်တို့ ငါ့အကြောင်းပြောပြီး ရယ်နေကြတာပေါ့လေ "

" ဟာတာ. . . ဟုတ်ပ ဟုတ်ပ နေပါဦး ငါမေးပါဦးမယ်၊ နှင့်အိပ်မက်တာ အခန်းဆက်တွေ ဘာတွေနဲ့ပါလား "

တိုတစ်ညက သူမ မက်ခဲ့သည့်အိပ်မက်ကို ကေက ဆမ်နီသာအား ပြောပြလိုက်ပြီထင်သည်။

" အိပ်မက်မဟုတ်ဘူးဟ၊ ဒရင်းမ်ဂိမ်း လေ တစ်ဆင့်အောင်မှ နောက်တစ်ဆင့်ကူးလို့ရတာ၊ ဒီအဆင့်အောင်ရင် နောက်ဘယ်လို ဆက်ဦးမလဲ မသိဘူး "

" ကေနော်၊ ငါစိတ်တိုအောင် မစနဲ့ "

" နင်က စိတ်အစွဲအလမ်းကြီးတာကိုးဟ စမှာပေါ့၊ ဟဲ့ ဒါနဲ့ တောအမစပ် ဟိုဘက်တိုက်ခန်းလူ. . . သူဘာသာသူ ခုန်ချပြီး သတ်သေတာကို နင်ကဘာဖြစ်လို့ သွေးပျက်ရတာလဲ "

ဆမ်နီသာကတစ်မျိုး။ ကေတို့များ သည်လိုကိစ္စမျိုးကျ ခြောင်းချောင်းကို ဖောက်သည်ချထားလေသည်။ သူမလည်း သူမပင်။ ဘာလို့များ ထိခံနဲ့ရှိ တုန်လှုပ်ချင်နေရသည်လည်းမသိ။

" ငါ တစ်ခုစဉ်းစားမိတယ် "

ဆမ်နီသာက ရွှတ်နောက်နောက်မျက်နှာပေးကို ချက်ချင်း ပြန်တည်၍ အလေးအနက်ပြောတော့မည့်လိုစကားစသည်။

" နှင့်ရဲ့ စာတွေသူ့ကိုလည်း ပေးဖတ်ဖူးတယ် မဟုတ်လား ကေ "





ကေက ကွန်ပျူတာဖန်သားပြင်ပေါ်မှ ဖိုင်လ်များကို ပြန်ပိတ်ရင်း ခေါင်းညိတ်ပြသည်။ ဆမ်နီသာက စကားကို တမင်ဆက်မပြောဘဲ နေ၏။ ချင့်ချိန်နေသလိုပုံစံမျိုးဖြစ်သည်။

" အေး ငါဖတ်ရသလောက်လဲ လျှောင်ဆိုတာ ကြောက်စရာ ကောင်းတဲ့ သဘာဝအန္တရာယ်ဆိုးဖြစ်တဲ့ အကြောင်းကိုပဲ အဘက်ဘက် က လှည့်ပတ်ဖွင့်ဆိုထားသလိုဖြစ်နေတယ်။ နင့်စာတမ်းကလေ "

" အင်း. . . အဲဒါဘာဖြစ်လဲ "

" သူအစွဲအလမ်းကြီးတတ်မှန်းလည်း နင်သိလျက်နဲ့ စာတွေဖတ်ပြီး ညညအိပ်တဲ့အခါ အိပ်မက်ထဲမှာ အဲဒီကြောက်စရာနဲ့ တွေ့တာပေါ့ ဟုတ်တယ် မဟုတ်လား နာတာလီ နင့်အိပ်မက်တိုင်းမှာ လှုပ်တာ အမြဲပါတယ်မဟုတ်လား "

" ဟုတ်မယ်ထင်တယ်၊ မင်းပြောတာဖြစ်နိုင်တယ် ဆမ်နီသာ"

သူမကတော့ လက်မခံနိုင်ပါ။ ထောက်ခံနေသည့် ကေ့ကို တည့်စိုက်ကြည့်ပြီး သူမမေးလိုက်သည်။

" ငါတစ်ခါမှ မရောက်ဘူးတဲ့ အိမ်ကြီးကိုကျ ဘယ်လို ကြောင်းပြမလဲ၊ ကေရေးတဲ့အထဲမှာ အဲ့ဒီအကြောင်းလုံးဝ မပါဘူးလေ၊ တို ထိုးထည့်လိုက်တိုင်း သွေးထွက်တဲ့တံခါးတွေ ငါ့နောက်ကို လိုက်နေတဲ့ အရိပ်တွေ လျှောင်လှုပ်တာနဲ့ ဘာဆိုင်လို့လဲပြောပါဦး "

" ဒါကတော့ နင့်အကျင့်ကိုက ကြောက်စရာရှိရင် ဒီဘက်ကူး ကြောက်နေတတ်တာကို မသိစိတ်က ဖတ်လမ်းဆင်လိုက်တာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မှာပေါ့ ''

ဆမန်သာက သူ့အယူအဆအတွက် အကြောင်းပြချက်ဘုလှ္ရှာသည့်နေရာတွင် သည်လိုဉာဏ်ပြေးသည့် မိန်းမ။ ဆက်ငြင်းနေတော့ဘဲ နေရာမှထ၍ ဝရန်တာဘက် ပြန်ထွက်လာခဲ့လိုက်သည်။

'' ငါဘယ်လောက်ပဲ စိတ်အစွဲအလမ်းကြီးကြီး အိပ်မက်တစ်ခုဆဲကို အကြိမ်ကြိမ်ပြန်မမက်ဘူး။ ဇာတ်လမ်းစဉ်လိုလည်း အပိုင်းလိုက်ဖြတ်မမက်ဘူး။ ထူးဆန်းတယ်ဆိုတာကို နင်တို့က ဘာလို့ လက်မခံချင်ရတာလဲ ငါမစဉ်းစားတတ်တော့ဘူး ''

အထဲသို့ လှမ်းအော်ပြောလိုက်သေးသည်။ တုံ့ပြန်လာမည့်စကားကိုတော့ သူမကြိုး၍မကြားယောင်ဆောင်ထားနှင့်၏။ ခုံပေါ်ထဲလျှောင်းမိသည်နှင့် စာအုပ်ကိုဖွင့်လိုက်သည်။

ဆမန်သာ၏ ဝေဖန်မှုကို သူမ လက်ခံရတော့မည်။ ကြည့်လေ

သည်မနက်ခင်းက အချိန်ဖြုန်းရင်း ဖတ်ခဲ့မိသော ဝတ္ထုတိုကလေးကို ခုချိန်ထိ အာရုံထဲမှ ထုတ်ပစ်၍မရသေး။

နေ့ခင်းပိုင်း ဆရာမကြီးနှင့် တွေ့ဆုံစဉ်ကလည်း သူမစာတမ်းအား စိစစ်ရေးအဖွဲ့က သဘောကျနှစ်သက်ကြောင်း သတင်းကိုသိလိုက်ရသည့်တိုင်အောင် အပြည့်အဝမပျော်နိုင်ခဲ့။

အာရုံထဲတွင် ရွေ့လျားနေသည့် ခေါင်းတလား၊ သက်ဝင်နိုးထလာသော အလောင်းကောင်များနှင့် ရှုပ်ထွေးအုံ့မှိုင်းနေရသည်။

သူမ၏ အထူးပြုဘာသာရပ်မှ ဒုတိယပါမောက္ခအား နှုတ်ဆက်





ဂါရဝပြုစဉ်ကလည်း တွေးငေးအေးစက်နေသည့် သူမအမူအရာကို ဆရာကြီးကပင် သတိပြုမိသွားသည်။

ပညာစုံ၍ ခွဲခွာရခြင်းအတွက် ဝမ်းနည်းမနေရန် ဆရာကြီးက နှစ်သိမ့်လိုက်သေးသည်။

'' နင်. . . ငါမဖတ်ဖို့ပြောထားတဲ့ အပုဒ်ကို ဖတ်ခဲ့တာမဟုတ်လား ''

တစ်နေကုန် သူမနှင့် အဖော်လိုက်ပေးနေသော ဆမန်သာက ရိပ်မိသွား၏။ သည်မိန်းမက သူမကိုဆိုလျှင် မြင်တတ်လွန်းသည်။ အခြားအကြောင်းကြောင့် မရွှင်မပျဖြစ်နေရခြင်းဟုပင် သူထင်ပုံမရ။ သူမအတွင်းစိတ်ကို တိုက်ရိုက်သိနေ၏။

'' ဟင်း ငါထင်သားပဲ၊ ငါတားလိုက်ရင် နင်ဖတ်ဖြစ်အောင်ဖတ်လိမ့်မယ်ဆိုတာ တခြားဟာတွေ ဖတ်စမ်းပါဟ၊ ရှေ့က အပုဒ်တွေဆိုသုတ္တိလည်းရှိတယ်၊ ဗဟုသုတလည်းရတယ်၊ အဲ့ ဒီနံပါတ်ခြောက်ကသူတော်သနစ်ဝတ္ထုမဖြစ်နိုင်ဘူး။

'' စိတ်ကူးယဉ်ပြီး ရေးထားတဲ့ဟာ ယုတ္တိလည်း မရှိဘူး။ ဘယ်နှယ်လုပ်ပြီး သေတဲ့သူဟာ ပြန်ရှင်မှာလဲ၊ လျှပ်ကြောင့် မြေလွှာတွေအကွဲအရွေ့ဖြစ်ပြီး အခေါင်းကြီးရွေ့သွားတာကို လက်ခံလို့ရတယ်။ လျှပ်ကြောင့်တော့ ဘယ်မသာမှ ပြန်ထ မလာနိုင်ဘူး။ ယုတ္တိမရှိတဲ့သိုကြဲဇာတ်လမ်းကို ဘာဖြစ်လို့ ခေါင်းအလေးခံပြီး သယ်လာရတာလဲ ကဲ...ကောလိ. . . မေ့ပစ်လိုက် ''

www.burmeseclassic.com

www.burmeseclassic.com



အဲဒြွန်လယ်းတွင် ဆမန်သာက သူမစိတ်အစွဲပြေစေရန် ဝေဝန်ချက်ထုတ်ပြသည်။ သူငယ်ချင်းမှန်သုန်သုန်ဖြစ်နေသည်ကို ခံကြည့်ရက်၍ ဖြစ်မည်။

သူမလည်း ဆမန်သာရှင်းပြသလောက်တော့ နားလည်ပြီး ဖြစ်ပါသည်။

သို့သော် ခက်သည်က ဘယ်လောက်ယုတ္တိမဲ့ သူမစိတ်အစွဲက ဆွေးကဲ့ဖျက်မရ၊မဖြစ်နိုင်မှန်းသိလျက်နှင့် ထိုမဖြစ်နိုင်သော စာသားများကိုသာ အာရုံနှင့်အကြိမ်ကြိမ်ပြန်ဖတ်နေမိသည်။

❀ ❀ ❀ ❀ ❀



## အခန်း (၇)

အဘိုးကြီး ဂျွန် အိမ်ပြန်ရောက်သွားသည်။

သူဘယ်လိုရောက်လာသလဲ၊ ဘယ်သူတွေက ပို့ပေးခဲ့တာလဲ ဆိုတာကိုယ်တိုင်မမှတ်မိ။ အာရုံနှင့် လူပြန်တွဲဆက်မိချိန်တွင် သူ့ကိုသူ အိမ်ထဲပြန်ရောက်နေမှန်းသိလိုက်ရသည်။

သူ့မျက်လုံးထဲတွင်မူ သူ့အိမ်နှင့် သုံးမိုင်ကျော်ကျော်ဝေးသော သူ့ဒိုင်ခြံဝင်းထဲမှ မြေကျင်းအား မြင်နေရဆဲ။

ခေါင်းတလားအတွင်းမှ အသေကောင် နော်မန်သည် သူ့အိမ်အထိ လိုက်လာနိုင်သည်ဟုလည်း ယုံကြည်နေမိ၏။ သူကိုသူ ရူးနှမ်းနေသည်ဟု အကြိမ်ကြိမ်ရေရွတ်၍ ထိုအတွေးကို ဖျောက်ကြည့်သည်။

“ ဟိုကောင် အက်ဒ်ဒီးတို့အုပ်စု ငါ့ကိုကွယ်ရာမှာ ပြောနေလောက်ပြီ ငါဘာလို့သွေးကြောင်ခဲ့ရတာလဲ၊ မကောင်းဘူး . . . ငါသိပါသိတယ်၊ ဒါသက်သက်ရူးတာပဲ ”



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုညှော်ခန်းထဲမှာထားခဲ့ကြခြင်းဖြစ်သည်။ အက်ဒ်ဒီးက ကားမောင်းသည်။ မက်ခ်နှင့် ဒါးလပ်စ်က သူ့ကိုဖက်ထားခဲ့ကြသည်။ ခရေခရေမှတ်မိလာ၏။

" အိုးဒါဆို ငါ့ကိုဒီကောင်တွေပဲ လိုက်ပို့တာ ငါ့ကား... ငါ့ကားကို ဒီကောင်တွေပြန်ယူသွားကြသလား မသိဘူး "

ဂျွန် အိမ်ရှေ့သို့ ထွက်ကြည့်သည်။သူ၏ တောစီး ဂျစ်ကားလေးကို ဆင်ဝင်အောက်တွင် တွေ့လိုက်ရ၏။ အိမ်ထဲပြန်လှည့်ဝင်မည်ပြုပြီးမှ အတွေးတစ်မျိုးပြောင်းသွား၏။

" ဒီကောင်တွေချည်းဆို ကျင်းကို မြေပြန်ဖို့ပြီး ဒီအတိုင်းထားခဲ့ကြမှာ မဖြစ်ဘူး ဒါအမှုဖြစ်သွားနိုင်တယ်၊ ရဲမှူးဟောင်းဝယ်ကို အကြောင်းကြားရမယ် "

ကားပေါ်အပြေးတက်၍ မောင်းထွက်လိုက်သည်။ ဟောင်းဆင်ဆီကိုမူ ဦးမတည်ဖြစ်သေး။ ဟိုအလုပ်သမားသုံးကောင် ဘာမှုမလုပ်ဖို့တားမြစ်ရဦးမည်။

မြေလည်းမဖို့နဲ့၊ ဆက်လည်းမတူးနဲ့၊ လုံးဝကိုမထိနဲ့တော့သည်ဟုတိုင်းထားရမည်။ သူ အချိန်မှမီပါဦးမလား။ လက်မြန်ခြေမြန်သမားတွေက အခေါင်းကို ဖျက်ဆီးပစ်မှဖြင့်။

ပုံမှန်ထက် ပိုမြန်လိုက်သည်။ သူမမောင်းဘူးသည့်အရှိန်မျိုး ခြံဝရောက်သည်နှင့် ဟွန်းကို ကျယ်လောင်စွာတီး၍ အရှိန်မလျှော့ဘဲမောင်းဝင်လိုက်သည်။ သူ့လူများ၏ အရိပ်အယောင်ကိုမှ





ခြင်ရ။ မြေကျင်းအနီးတွင် ကားကိုထိုးရပ်ပစ်လိုက်၏။

" အက်ဒ်ဒီး... ဟေး... မင်းတို့ ဘယ်သွားသေနေကြတာလဲ ဆက်ခ် "

ပြန်ထူးသံမကြားရ။

ဂျွန် ကားပေါ်မှ ဆင်းလိုက်သည်။

" ဟေး ငါ့လူတို့ အက်ဒီး... မက်ခ်... ဒါးလပ်စ်... မင်းတို့"

ဂျွန့်အသံပျောက်သွားသည်။ အော်ရင်းခေါ်ရင်းနှင့် ကျင်းနှုတ်ခမ်းပေါ်ရောက်လာသည်ကို သတိမထားမိလိုက်။ ကျင်းထဲ ခြေချော်သွားဖြစ်သွား၍ ငုံ့ကြည့်မိတော့မှ သိလိုက်ရသည်။

" ရှစ်ထ်... ဒီသောက်ကျင်းက "

ဂျွန် မျက်မှောင်ကျုံ့သွားသည်။ ကျင်းထဲမှ အညိုရောင်ခေါင်းမှာ ခပ်ဟဟဖြစ်နေသည်ဟု သူထင်လိုက်မိ၏။ နှုတ်ခမ်းသားပေါ်မှ အသောက်ကို ပြန်ရုတ်၍ အသေအချာထပ်ကြည့်သည်။ဟုတ်သည်။ ခေါင်းဖုံးကြီး ဟနေသည်။ ရွှံ့စောင်းစောင်းပင်ဖြစ်နေ၏။

" ဒီကောင်တွေ မဆင်မခြင် ဖွင့်လိုက်ပြီထင်တယ် "

ထိုစဉ် သူ့လက်ကိုင်ဖုန်းမှ အချက်ပေးသံကြားလိုက်ရသည်။

" ဟယ်လို အေး ငါပဲ မောင်ရင်က ဘယ်သူလဲ "

မြေတူးသမားသုံးကောင်ကို ခြံထဲတစ်ဝှေ့ရှာကြည့်ရင်း အိမ်အနီးသို့ ဂျွန် ပြန်လျှောက်လာသည်။ သူ့လူများကို မတွေ့ရသေး။



www.burmeseclassic.com

www.burmeseclassic.com



" အိုး . . ဟောင်းဝပ်လား။ ကျုပ်တောင်အခုပဲ ခင်ဗျားဆီလာမလို့ "

ဦးခေါ်ကောက်မရှိတဲ့ကောင်တွေ။ သူ့ခြံဝင်းမှာ သည်နေရာမှ ချောင်းကြည့်လိုက်သည်နှင့် တစ်ယောက်ယောက်ရှိနေလျှင် မြင်နိုင်၏။

" ဘာ. . . ခင်ဗျား ဘယ်လိုသိနေတာလဲ၊ ကျုပ်လာမယ်ဆိုတာလည်း အဲဒီကိစ္စပြောမလို့ပဲ "

သူမပြောရသေးမီ ဟောင်းဝပ်ကကြိုသိနေသဖြင့် ဖွန်အံ့သြသွားရသည်။

" ဘယ်လို၊ ကျုပ်လူတွေ ခင်ဗျားဆီမှာ ရောက်နေတယ်တဲ့လား။ ကျုပ်ခြံထဲမှာ အခေါင်းကြီးတွေ့တဲ့အကြောင်း သူတို့ကလာပြောတယ်၊ နေပါဦး ကျုပ်လူတွေဆိုတာ ဟိုမြေတူးတဲ့ကောင်လေးတွေလား "

သည်လိုကြောင့် သူတို့ကို ခြံထဲမှာ မတွေ့ရခြင်းပင်။

" ဒါဆို ဒီကောင်တွေ ကျုပ်ကိုလိုက်ပြီး ခင်ဗျားဆီ ရောက်လာကြတာပေါ့၊ ကျုပ်က သူတို့ခြံထဲပြန်လာမယ်ထင်နေတာ "

ဖြတ်ခနဲ အာရုံထဲကနေလန့်ဖြတ်ဝင်လာသည့်အတွေးစက ဖွန်ခန္ဓာကိုယ်ကို တောင့်မတ်သွားစေသည်။

ခြံထဲသူတို့ပြန်မလာကြဘူးဆိုလျှင် ခေါင်းဖုံးကို ဘယ်သူဖွင့်သလဲ၊ အလိုလိုပွင့်သွားခြင်းလား။ သို့မဟုတ်လျှင်

" ဟောင်းဝပ် ခင်ဗျား အမြန်လာမှဖြစ် "





အလောတကြီးပြောရင်း ကျောပေးထားသည့်ဘက်ကို ဖွန်လှည့်လိုက်မိသည်။ သူ့စကားကို ဆုံးအောင်ပြောခွင့်မရလိုက်တော့။

" အိုး. . . ဘာ ဘာကြီးလဲ ဘာကောင် "

မြေကျင်းအဝမှ သူ့ထံသို့ ဝုန်းခနဲ ခုန်ဝင်လာသော အရိပ်တစ်ခု။

❀ ❀ ❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

" ငါတော့ မှားပြီထင်တယ် ကေ "

အခန်းသို့ ပြန်ရောက်တော့ ဆမန်သာက ကေ့ကို လှမ်းပြောသည်။

" နင်ဖတ်ဖို့ယူလာတဲ့ စာအုပ်လေ နယူးမန်းရဲ့ ဝတ္ထုတိုတွေ"

" အဲ့ဒါဘာဖြစ်လဲ မဆိုးပါဘူးဟာ ငါ့အတွက် နည်းနည်းတော့ အထောက်အကူဖြစ်မှာပေါ့ မင်းကို ကျေးဇူးတင်ပါတယ် "

" နင်ဖတ်ပြီးပြီပေါ့ "

ဆမန်သာက ဝယ်လာသော ပစ္စည်းပစ္စယများကို သူ့နေရာနှင့် သူစနစ်တကျ စီရီယင်း ပြန်ပေးသည်။ ကေက မျက်မှောင်ကျုံ့၍ မီးဖိုစင်ဘက်မှ စားပွဲဆီလျှောက်လာသည်။

" ဖတ်ပြီးပြီ အပေါ်ယံပေါ့ "

" မှပေးဘဲယ်လ် ကော့ဖင်းနိစ်ရော "



" အင်း. . . အဲ့ဒါကိုတော့ သိပ်မကြိုက်ဘူး "

ဆမန်သာက သူမဘက်လှည့်၍ မေးဆတ်ပြသည်။ ဘယ့်နှယ် ...ပေါ့။ အခြားသူဖတ်လျှင် သူမလောက်အစွဲအလမ်းမရှိ ဖတ်ပြီးသမျှ ...တွေးတွေးနှင့် အာရုံညစ်မနေ၊

အပေါ်ယံဖတ်၍ ခပ်ပေါ့ပေါ့ပဲ နေနိုင်သည်ကို သူမသိအောင် ...မင်မေးပြခြင်းမှန်း အမူအရာနှင့် ပြောလိုက်ခြင်းဖြစ်၏။

သည်စာအုပ်က ကေ့ ဘာသာရပ်၊ ကေ့ အတွက်သက်သက် ...လာခြင်းပင်။ လေးနက်ကြကြေးဆိုလျှင် ကေက သူမထက်ပိုရမည်။ ...တော့ သူမက နှစ်ဝင်ခံစား၍ တစိမ့်စိမ့်တွေးနေသည်မှာ သဘာဝမကျဟု ...ချင်ပုံရသည်။

" ဒီမှာလေ နင့်သူငယ်ချင်း ဒရင်းမ်ဂိမ်မာလေးက အဲ့ဒီ ...ကြောင့် တစ်နေကုန် မရှင်မပျနဲ့ ငါတောင် သူ့အစား ...ရာမကြီးကို အားနာခဲ့ရသေးတယ်၊ တော်သေးတာပေါ့ ဆရာမရော ...ကကပါ ပြန်ခါနီးမို့ စိတ်မကောင်းဖြစ်နေရှာတယ်ဆိုပြီး ထင်သွားလို့ ...သေးတယ် "

ဆမန်သာက သူမကို အိပ်မက်ဆိုးများနှင့် ကစားနေသူဟု ...အလင်းနာမည်ပြောင်ပေးလာသည်။ဒရင်းဂိမ်မာ။ အခေါ်အဝေါ် ...တော့ သိပ်အဆိုးကြီးမဟုတ်ပါ။

သို့သော် သည်လို သုံးနှုန်းလိုက်ခြင်းကြောင့် သူမအရှုံထဲ

www.burmeseclassic.com

www.burmeseclassic.com



အိမ်မက်အတောင်အမြင်များပါရောက်လာရသည်။ ဆမန်သာပြောသလို အသည်းခဲ သူမ ဆိုက်ကိုဝင်နေသလားမသိ။

ထစ်ခနဲ့ရှိ တစိမ့်စိမ့်တွေး၍ ကိုယ့်ကိုကိုယ်ခြောက်လှန့်ဖို့ကြိုးစားနေသည်။

" ကျစ်စ် "

" ဟောကြည့်. . . ပြောရင်း ဆိုရင်း ဖောက်လာပြီ "

သူမမျက်မှောင်ကျုံ့၍ စုပ်သပ်မိတော့ ဆမန်သာက လှမ်းမေးသည်။ ကောက ပြုံး၍ မီးဖိုစင်ဘက်ပြန်လှည့်သွားပြန်၏။ ဆမန်သာက အသားဘူးများကိုယူ၍ ကော့ နောက်မှ လိုက်သွားသည်။

" ငါကိုက သူများ ပြောချင်စရာရောဖြစ်နေတာပဲ "

ခေါင်းထဲမှ အတွေးမှန်သမျှကို ခါထုတ်၍ သူတို့နှင့်အတူ ညနေစာအတွက်ဝိုင်းကူပေးရန် စိတ်ကူးမိသည်။ ဘာပဲဖြစ်ဖြစ် တစ်ခုခု လုပ်နေရတော့ တွေးဖို့အချိန်မရတော့တာပေါ့။

" ဆမန်သာ နင်ဒီတစ်ခါ ဘယ်နှရက်နေမှာလဲ "

" နှစ်ရက် ဒါမှမဟုတ် လေးရက် ဒါမှမဟုတ် ခြောက်ရက် "

သူမ အမေးကို ဆမန်သာက ရှုတ်နောက်နောက် ပြန်ဖြေသည်။

" ကောင်းကောင်းဖြေစမ်းဟာ အန်ကယ် ဂျော့နဲ့ အန်တီမာလာတို့သိလိုက်မရို့ "

" ငါ့အိမ်လိုက်မလို့ ဟုတ်လား။ ငါ့အိမ်က သရဲခြောက်တယ်နော် နေခင်းဘက်တောင် "





" အပြောင်အပျက်တွေ ရပ်စမ်း ဆမန်သာ ငါတို့ နှစ်ယောက်လုံးလိုက်မှာ "

ကော ဝင်ဟောက်လိုက်တော့မှ ဆမန်သာ ပါးစပ်ပိတ်သွားသည်။

" အန်တီမာလာတို့ကို ကန်တော့ဖို့လိုက်မှာ ဒီမှာနေတဲ့ ကာလ တစ်လျှောက်လုံး ငါတို့နှစ်ယောက်ကို မိတ်ဆွေလိုရော မိဘတွေလိုရော စောင့်ရှောက်ခဲ့တဲ့ ကျေးဇူးရှိတယ်။

နင်က သူတူမအရင်းမို့ အကြောင်း မဟုတ်ပေမယ့် ငါတို့က ဒီရောက်မှသိတာ တကယ်ဆို နင်က ဦးဆောင်ပြီး ခေါ်ရမှာ နင်လည်း ကန်တော့သင့်တာပဲ၊ နင့်မိဘအရင်းတွေတောင် သူတို့လောက် နင့်အန္တိတာခံမှာ မဟုတ်ဘူး။ ဘာပြဿနာဖြစ်လာ နင့်ဘက်က အမြဲရှိခဲ့တယ်။ ဖြစ်သမျှလိုက်ရှင်းတယ်၊ နင့်ကို အော်ဖူး ဆိုက်ဖူးလား. . . နင်မသိတတ်လို့ ငါတို့ဘာသာ ငါတို့စီစဉ်လိုက်တာ ဘယ်လိုလဲ ငါတို့နဲ့ အတူတူ လိုက်မှာလား။ နင့်ဘာသာ ကန်တော့မှာလား"

" ကော ရေချိုးဆူနေပြီ၊ ငါဘာလုပ်ရမလဲ "

" ဂေါ်ဖီတွေပေါ်လောင်းချလိုက်၊ ဖြည်းဖြည်းလုပ် အပူလောင်စေနဲ့ မင်းက ရှပ်ပျာပျာရယ် တဲ့. . . ဘယ်လိုလဲ ဒီအာက်က စေ "

" အေးပါဟာ ငါလည်း စဉ်းစားထားပါတယ်၊ နင်တို့ကို မပြောတာက သက်သက်ပဏာယူသလိုဖြစ်နေမှာစိုးလို့ "



www.burmeseclassic.com

www.burmeseclassic.com



" ဟော. . . ဂေါ်ဇီတွေကို အိုးထဲထည့်ပြီး လောင်းရမှာလား ဒီဇောကထဲကိုပဲ လောင်းရမလား "

" တဲ. . . ပေးပေး ငါ့ကို ငါပဲလုပ်ပါ့မယ်၊ မင်းက ဒါလေး သွားစောင့် "

မိန်းကလေး ပီသစွာ မီးဖိုချောင်တွင် သည်လိုကျွမ်းကျင်နေသော သူမကို ကောက အမြဲတမ်း စိတ်မရှည်။ စိတ်လည်းမချ။ သူမ ဘာညီဆိုလျှင် တစ်ခုမဟုတ်တစ်ခုတော့ မတော်တဆဖြစ်မြဲ။

ဘာမှုမဖြစ်လျှင် ဘာမှုမလုပ်လိုက်ရ၍သာ၊ သူမက ဟိုတို့ထိ သည်တို့ထိနှင့် ကောပဲ လုပ်လုပ်သွားရသည်။

ထို့ကြောင့်လည်း အဖြစ်မရှိသည့် အဆင့်က မတက်ခဲ့။

သည်နေရာတွင် သူမက 'ကို'ရေးထားသည့် ကဗျာတစ်ပုဒ်ထဲမှ အသာနတ်ကို ကိုးကားချေ၏။

" အသုံးမကျရင် အသုံးချမခံရဘူးပေါ့ " တဲ့

ကိုရေ. . . ငြိမ်းကို ချက်ကျွေးဖို့သာ ပြင်ထားပေတော့။

ရင်ထဲလှိုက်ခနဲ နွေးသွားရသည်။ 'ကို'ဆိုသည့် အခေါ်အဝေါ်လေးကို တွေးမိရုံနှင့် အာရုံတွင် ချမ်းမြေ့ကြည်စင်လာရ၏။ 'ကို'နှင့်အတူ 'ကို'အနီးမှာရှိနေနိုင်သည့် ဘဝကလေးဆီသူမအရောက် သွားနိုင်တော့မည်လေ။

" နာတာလီ "

" ဟင် "





" အမြဲတမ်းကြီး တွေးတောစိတ်ကူးမနေပါနဲ့ကွာ၊ ဦးနှောက် ပွမ်းအင်လည်းကျတယ်၊ ဘေးလူတွေကလည်း မင်းအဲ့ဒီလို ငူငေါင်နေတာတွေ့ရင် အင်ပရက်ရှင်ကျတယ်. . . အိုးထဲက အရည်တွေလည်း ဘေးကိုကျတယ် "

" အို. . . ဆော. . . ဆောရီးကွာ "

သူမ သတိလက်လွတ်မှုနောက်နေမိသဖြင့် အိုးထဲမှ အရည်တချို့ ဖိတ်စင်ကုန်သည်ကို သတိမထားမိလိုက်။

" ကဲ မင်းဘာသာမင်း တော်ရာသာသွားနေပါတော့ နာတာလီ"

" ဟုတ်တယ် ငါတို့ ညစာတော့ စားပါရစေဦး "

ဆမန်သာကလည်း အကွက်ဆိုက်တုန်း သူမကို ဝင်ငေါ့သည်။ သူမမှုနေသည်က ဟွန်မွန်ကိုကျိုနေသည့်အိုး။ ပါမုန့်ခြောက်နှင့်တွဲစားရန် ဆော ပြင်ထားခြင်းဖြစ်မည်။

သည်အရသာကို ဆမန်သာရော သူမပါ အထူးခုံမင်၏။ သူတို့ အိုးယောက်ထဲတွင်လည်း ကောတစ်ယောက်သာ လုပ်တတ်သည်လေ။ ကောပင် လက်ဝင်လွန်း၍ တစ်ခါတရံမှသာ လုပ်ပေးတတ်သည်ဆိုလျှင် သူမ ဘယ်လိုမှု မလုပ်တတ်ဖို့ရာသေချာ၏။

" ဒါဆိုလည်း ညည်းတို့ပဲ လုပ်ကြတော့အေ "

အဘွားကြီး လေသံနှင့်ပြောပြီး မီးဖိုစင်အနီးမှ သူမ ခွာလိုက်သည်။

၈

အခန်းနှစ်ခုလုံး ရှုပ်ပွနေသဖြင့် လုံကျင်းသန့်ရှင်းရန် စိတ်ကူး



www.burmeseclassic.com

www.burmeseclassic.com



ဝိသည်။

သို့သော် အိပ်ခန်းဘက်လှည့်အကြည့် ခေါင်းအုံးပေါ်တွင် မှောက်လျက်သားတင်ထားသည့် စာအုပ်ကိုလှမ်းမြင်လိုက်ရသည်တွင် သူမ စိတ်တူးပြောင်းသွားသည်။

မီးဖိုဆောင်ဘက် တစ်ချက်လှည့်ကြည့်မိသည်။ အလုပ်များနေသည့် သူငယ်ချင်းနှစ်ယောက်မှာ သူမထံအာရုံမရောက်နိုင်။ အခန်းထဲ လှစ်ခနဲဝင်၍ စာအုပ်ကို ကောက်ယူလိုက်သည်။

❀ ❀ ❀ ❀ ❀

# အခန်း (၉)

" အား "

အမှတ်တမဲ့နှင့် အော်လိုက်မိပြီးမှ ပါးစပ်ကိုလက်ဝါးနှင့်အုပ်ကာ ဘေးဘီကို ကြည့်မိသည်။

သူမအော်သံက သိပ်ကျယ်လောင်ပုံမရ။ ဘေးမှ သူငယ်ချင်းနှစ်ယောက်လန့်နိုးမလာသဖြင့် သက်ပြင်းချမိရ၏။ အိပ်ရာထဲမှ သူမ ထူထလိုက်သည်။

လည်ချောင်းတို့ ကွဲရှခြောက်သွေ့ကာရေကို အပြင်းအထန် တောင့်တလောင်နေ၏။

အိပ်မက်ဆိုးတစ်ခုထဲမှ သူမလန့်နိုးလာခြင်းဖြစ်သည်။ အိပ်မက်ထဲတွင် သူမသည်အနက်ရောင် ပင့်ကူများ၏ အိမ်ဖွဲ့ထားသော အမှောင်အမှုင်စေးကပ်ကပ်များတွင် ငြိမိနေသည့် ယင်ကောင်တစ်ကောင် ဖြစ်နေခဲ့သည်။


ရှူးစာပေ
www.burmeseclassic.com

www.burmeseclassic.com



တဝီဝီနှင့် တောင်ပံစုံခတ်၍ သူမရှန်းထွက်ခဲ့ရသည်။ သူမ ခြေထောက်သတ်လွှတ်ခြောက်ဖို့ရာ တောင်ပံတစ်ဘက်ကို အဆုံးရှုံးခံလိုက်ရ၏။ ထူထဲခြောက်ရန် ကြိုးစားနေဆဲမှာပင် သူမထံ တရွေ့ရွေ့တိုးဝင်လာသော ဆူးအကြွင်းပြိုင်းနှင့် ပင့်ကူခြေထောက်ပေါင်းများစွာကို မြင်လိုက်ရလေသည်။

“ ကျစ်စ် သောက်ချင်ပြီဆိုရင် ရေက မရှိတော့ဘူး ”

စာကြည့်စားပွဲပေါ်သို့ ရေသာကောင်းအလွတ်အား ဆောင့်ချပစ်လိုက်မိ၏။ ကျန်သူတွေ နိုးလည်းနိုးပါစေတော့။

အိပ်ခန်းထဲ ရေမရှိလျှင် တစ်ဘက်ခန်းသို့ကူး၍ သွားသောက်ရသည်လေ။ သူတို့နိုးလာလျှင် ပိုကောင်းသည်။

“ အို . . . မနိုးလည်းဘာဖြစ်သလဲ၊ ငါအဲ့ဒီလောက် မကြောက်တတ်ပါဘူး။ တစ်ခန်းနဲ့တစ်ခန်း ကူးတာလေးများ တစ်ယောက်တည်း”

အခန်းတံခါးကို အသက်အောင့်၍ ကြည့်လိုက်မိသည်။

တံတွေးတစ်ချက်မြိုချရင်း တံခါးကို ဖွင့်လိုက်သည်။ လင်းချင်းနေသော မြင်ကွင်းကြောင့် ညအိပ်မီးအလင်းရောင်ထဲမှ လာခဲ့သည့် သူမအဖို့ ကျိန်းစပ်မှုးဝေသွားရ၏။

အလင်းရောင်နှင့် ကျင့်သားရသွားသည့်တိုင် မူးဝေခြင်းက မပျောက်ချင်။

“ ငါ့ ခေါင်းက တရိပ်ရိပ်နဲ့ အိပ်ရာက ထ လာလို့လား ဒါမှမဟုတ် အစားများများခဲ့သလား အလင်းရောင်ကလည်း စူးလိုက်တာ”





ညနေစာအကြောင်း ပြန်စဉ်းစားမိသည်။ ပုဇွန်အနှစ်၊ စကွစ်ဒိ ရေစ်တာ၊ စပေါ်နီစွပ် သည့်ပင်လယ်စာများက သူမနှင့် သိပ်မတည့်။ အခန့်မသင့်လျှင် တောက်တတ်သည်။ ခုလည်း အစားများသွားပြန်ပြီ ထင်သည်။

“ငါကလည်း မတည့်တာကိုမှ သွားကြိုက်တာကိုး . . ဟင်း ”

မျက်မှောင်အတင်းရှုံ့ရင်း စူးရှလွန်းနေသည့်အလင်းရောင်ကို ခလိုတမာနှင့် မော့ကြည့်လိုက်သည်။ ရေရှိရာဆီဘက်မသွားသေးဘဲ မီးလုတ်ဆီလက်လှမ်းမိ၏။

“ ကဲဟယ် ဒီလောက် လင်းချင်းနေတဲ့ မီး ”

“ ချပ် ”

“ ဒုန်း ”

“ အမေ့ ”

“ ကလစ် ”

“ ဘာသံလဲ ”

နှုတ်မှ ထိတ်လန့်တကြား မေးသံထွက်သွားသော်လည်း တံခါးပိတ်သံမှန်း စိတ်ကအလိုလိုသိနေသည်။ မီးပိတ်လိုက်မိခြင်းမှာ မှားသွားလေပြီ။

“ တံခါး ဘယ်တံခါးက အလိုလိုပိတ်သွားရတာလဲ ”

အမှောင်ထဲတွင် စမ်းတဝါးဝါးနှင့် နံရံဘလျှောက်ပွတ်သပ်ကြည့်မိရာ၌ သူမဖွင့်ခဲ့သည့် တံခါးရွက်ပေါ် လက်ရောက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



" ဟင် "

ပင့်ကူမျှင်နှင့် ဖုန်မှုန်များ အလိမ်းလိမ်းကပ်နေသော တံခါးရွက်။

" အို မဟုတ်ဘူး။ မဟုတ်ဘူး ငါ. . . ငါ အိပ်မက်ဆိုးထဲက ထန်းနိုးခဲ့ပြီပြီ ဒီ. . . ဒီတံခါးကို ငါစမ်းမိစရာအကြောင်းမရှိဘူး။ ဒါ. . . ဒါ အိပ်မက်ထဲက တံခါးတွေ ငါ့အခန်း ငါ့အခန်းက ဘယ်ရောက်သွားပြီလဲ"

သူမ လက်ဝါးကပ်ထားသည့် တံခါးရွက်မှာ သက်ရှိတစ်ကောင်၏ ခန္ဓာကိုယ်နှယ် ပူနွေးလျက် ဝင်သက်ထွက်သက်နှင့်လိုက်၍ သိုက်ဝိုက်လှုပ်ရှားနေ၏။ ဖောင်းလိုက်၊ ပိန်လိုက်။

ပြီး အမှောင်ထဲမှ အသက်ရှူသံများ။

" ကေ. . . ဆမန်သာ. . . ဆမန်သာရေ ငါ့ကို တံခါးဖွင့်ပေးကြပါဦး ကေ. . . ဆမန်သာ "

" ရှပ် "

" ဟင်. . . ကေ. . . ကေ လုပ်ပါဦး ငါဘယ်ရောက်နေပြီလဲ မသိဘူး ငါ့ဆီကို သူတို့လာနေကြပြီ. . . ကေး "

" ရှပ်. . . ရှပ် "

" ဆမန်သာ "

" ရှပ်. . . ရှပ်. . . ရှပ် "

" မလာနဲ့. . . မလာကြနဲ့နော်. . . ငါ့ဆီကိုမလာကြနဲ့ "

ချောက်ချားမှုထဲသို့ ဖြတ်ခနဲသတိတစ်ခုဝင်လာ၏။ မီး. . . မီးခလုတ်များကို ပြန်ဖွင့်ရမည်။ အလင်းရောင် မီးများပြန်လင်းလာလျှင်





အားလုံးပုံမှန်ပြန်ဖြစ်သွားမည်လား။

လက်အစုံကို နံရံတစ်လျှောက်ပြန်၍ ရွှေ့လျားလိုက်၏။

" ချွင် "

" အို "

မီးခလုတ်များအစား သော့တွဲတစ်ခုကိုသာ သူမ စမ်းမိသည်။ သက်နှင့်ပွတ်သပ်၍ ထပ်ရှာဖွေကြည့်သည်။ နံရံပေါ်တွင် သော့တွဲတစ်ခု ချိတ်ထားသည်မှအပ အခြားဘာမျှမရှိ။

" ဟင်း "

အံကိုတင်းကြိတ်၍ သော့တွဲကိုဖြုတ်ယူလိုက်၏။ သည့်နောက် အမှောင်ထုဘက်သို့ သူမ မျက်နှာချင်းဆိုင်လိုက်သည်။ အနက်ပြင်ထဲတွင် အလင်းကွက်တစ်ခုကို မြင်လိုက်ရသည်။

" ရှပ်. . . ရှပ်. . . ရှပ်. . . ရှပ် "

ခြေသံများကလည်း သူမနှင့်နီးကပ်လာ၏။

သူမ တူရှုမှ အလင်းကွက်မှာ လေးထောင့်စပ်စပ် နှစ်ခု သုံးခုလျက်။ မီးထွန်းထားသည့် အခြားအခန်းဘက်မှ မှန်ပေါက်များ ဖြစ်လိမ့်မည်။

သူမ စဉ်းစားမနေတော့။

သော့တွဲကို ဖြုတ်ယူ၍ ထိုမှန်ပေါက်များရှိရာ အပြေးကပ်သွားလိုက်သည်။ တစ်စုံတစ်ခုနှင့် သူမ ဒိုင်းခနဲပစ်ဆောင့်မိ၏။ အင်္ဂတေသား နံရံမဟုတ်။ ကျောက်သားမဟုတ်။ သစ်သားပျဉ်ချပ်တစ်ချပ် တံခါးရွက်ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



အသိက နောက်ကျနေသေးသည်။ လက်အစုံက တံခါးရွက်မှ သော့ခေါက်နေရာကို ပွတ်သပ်ရှာဖွေနှင့်ပြီဖြစ်၏။

" ရှပ် . . . ရှပ် "

ခြေသံတစ်စုံပိုလာ၏။ သူမ ဝဲယာနှစ်ဘက်ဆီမှ သူမထံချဉ်းကပ် လာသူ၊ အမှောင်ထဲသို့ ဝေ့ဝဲရှာကြည့်မိသည်။ အရိပ်သဏ္ဌာန်ကိုမျှ မမြင်ရပေ။

" ချောက် "

တုန်တုန်ရီရီနှင့် ထိုးထည့်လိုက်သဖြင့် သော့တံမှာ ချော်ထွက်သွားသည်။ သော့ပေါက်နှင့် သော့တံကို လက်မှန်းနှင့် ကိုင်တွယ် ဆိန်းမတ်ကာ ထိုးသွင်းလိုက်သည်။

" ချောက် "

" ရှပ် . . . ရှပ် . . . ရှပ် . . . ရှပ် ရှပ် "

" မြန်မြန် . . . မြန်မြန်လုပ် . . . ပွင့်စမ်း . . . ပွင့်စမ်း "

" ချောက် . . . ချပ်ချပ် . . . ချပ်ချပ် . . . ချောက် "

သော့တွဲထဲ ပါသမျှသော့တံတို့ ကုန်တော့မည်။ တစ်ချောင်းမျှ အဆုံးထိထိုးသွင်း၍မရ။ ဒြပ်မဲ့ခြေသံနှစ်ခုကမူ သူမထံပို၍ပို၍ နီးကပ်လာ၏။

ဖောက်ပြန်လာသော သူမအသက်ရှူသံကို သူမပြန်ကြားနေ သည်။မျက်စိစုံမှိတ်၍ ခန္ဓာကိုယ်အား ကျုံ့သွင်းနိုင်သမျှ ကျုံ့သွင်းထား မိသည်။





သူမ ဦးခေါင်းမှာ ပန်းနှစ်ဘက်ကြားသို့ ပဝင်ကာ တဆတ်ဆတ် တုန်ခါနေတော့သည်။ အကြောင်းမဲ့တင်းတင်းစေ့ထားမိသည့် နှုတ်ခမ်းများ ကြောင့် ပါးစပ်ထဲလေဝိတ်ကာ အသက်ရှူရကျပ်သလိုဖြစ်လာသည်။

" ရှပ် . . . ရှပ်ရှပ် ရှပ်ရှပ်ရှပ် "

ပို၍ လျင်မြန်လာသော ခြေသံများ။

သူမလုံးဝအသက်ရှူရပ်သွားရ၏။ အေးစက်တောင့်ခဲတော့ မတတ်ဖြစ်နေသည့် ခန္ဓာကိုယ်မှာ ချက်ချင်းငွေ့ခနဲ ပူနွေးလာပြန်သည်။ ချွေး ပြည့်သိပ်ကျပ်တည်းလွန်းနေသဖြင့် ဖောက်ထုတ်ဖွင့်ခွဲပစ်ချင် စိတ်ပင် ပေါက်လာ၏။

ခြေသံတစ်ခုက သူမလက်တစ်ကမ်းသို့ပင်ရောက်လာ၏။

" စွစ် "

သူမ မျက်လုံးများပြန်ဖွင့်သွားသည်။ အသက်ရှူလမ်းကြောင်း ပြန်ဖြောင့်သွားသည်။

ထွက်သက်ကို ထွေးခနဲမှုတ်ထုတ်လိုက်သည်။ သူမ နှစ်ဘက်တွင် သွေးရည်အချို့ပေကျံသွားသည့် အထိအတွေ့ကို လိုက်ရသည်။

သော့တံဝင်သွားသည့် စွပ်ခနဲ သော့အသံနှင့် တစ်ထပ်တည်း ကြည့်လိုက်သံ၊ တံခါးဖွင့်လိုက်သံတို့ ထွက်ပေါ်သွား၏။ တကယ့်ကို ထပ်တည်းနီးပါး။

အလင်းရောင်က သူမကို ဝုန်းခနဲ ခုန်အုပ်လိုက်သည့်နှယ်ပင်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခန်းထဲသို့ရောက်ချင်းပြေးဝင်၍ တံခါးကိုပြန်ပိတ်ပစ်လိုက်၏။ တံခါးရွက်၏ အစ်ဘက်ကျန်ခဲ့ပြီဖြစ်သော အမှောင်ခန်းထဲမှ ဒေါသတကြီး အော်ဟစ်သံများအား ကြားလိုက်ရလေသည်။

တံခါးရွက်ကို ကျောမှီကာ အမောဖြေနေမိသည့် သူမမှာ ထိုအသံများကြောင့် တံခါးအနီးမှ ခွာလိုက်ရ၏။

သူမရောက်ရှိသွားသည်မှာ အခန်းလွတ်တစ်လုံးဖြစ်သည်။ နံရံနားကြက်တွင် ထွန်းထားသော မီးလုံးများမှတပါး ဘာမှမရှိ။

ပရိဘောဂပစ္စည်းများမရှိ။ ပန်းချီကား၊ ပိုစတာ၊ နာရီ ဘာဆိုဘာမှမရှိ။ အခန်းနံရံများသည်ပင် ဆေးကြမ်းသုတ်ထားသည့် အဖြူထည် သက်သက်သာရှိသေးသည်။

အဖြူထည်။

ထိုအတွေးကြောင့် သူမကို သူမရယ်ချင်သွား၏။ သည်အိမ်ကြီးထဲသို့ အခေါက်ခေါက်အခါခါ ရောက်ရောက်လာရသော်လည်း တစ်ကြိမ်မျှ သည်လို အေးအေးလူလူကြည့်ခွင့်ရခဲ့သည်မှ မဟုတ်ဘဲ။ ရှေးဆန်သည့် အိမ်အိုအိမ်ဟောင်းကြီးဟု သိရုံမျှထက်မပိုခဲ့။

သူမ ရောက်ခဲ့ဖူးသော ဧည့်ခန်းဆောင်ကိုလည်း သည်လို မကြည့်တတ်။ တစ်အိမ်လုံးရှိ နံရံများသည်လည်း အဖြူရောင်အကြမ်းထည် ချည်းဖြစ်နေနိုင်သည်ပဲ။ သည်အခန်းလို ဗလာကျင်းနေသည့် အခန်းလွတ်များချည်းလည်း ဖြစ်နေနိုင်သည်ပဲ။

" ဒုန်း "





" ဂျစ် . . . ဂျစ် . . . ဂျစ် "

" ဟင် "

သူမ တမင်မေ့လျော့ထားသည့် အန္တရာယ်က သူမထံ တံခါးဖျက်၍ ဝင်လာဖို့ ကြိုးစားနေလေပြီ။ တံခါးရွက်ကို ဆောင့်တိုက်နေသံသာမက ကုတ်ခြစ်ဖျက်ဆီးနေသံပါကြားလိုက်ရ၏။

သည်အခန်းမှ သူမဘယ်ကို ဆက်ပြေးရမည်လဲ။ ဘာမျှ မရှိသည့် အခန်းတွင် နောက်ထပ်တံခါးတစ်ပေါက် ရှိမနေ။ ပြတင်းပေါက် ပင်လည်းမရှိ။ ဖျက်နာကြက်သည်ပင် ဖောက်ထွက်၍ မရနိုင်မည့် အခ်တေသားဖြစ်၏။ ဟင်း . . . ဟင်းဟင်း "

သူမ အသက်ရှူမြန်လာ၏။ ကျိုးပျက်သွားသော ပျဉ်သားအပိုင်းအစတို့ အခန်းထဲသို့ ပွဲကျလာလေပြီ။ တဖြည်းဖြည်းခန်း၏ အပေါက်နံရံသို့ ကျောကပ်မိသည် [illegible] ကိုဆုတ်၍ [illegible] ဝါးကို [illegible] နေတော့။

တံခါးပျဉ်ချပ်မှ ပေါက်ပြဲသွားသည့် လက်သည်းခြစ်ရာများကို ကြည့်ဘက်မှပင် မြင်နေရသည်။ တဒုန်းဒုန်းပစ်ဆောင့်သံကလည်းပို၍ ကျယ်လောင်ပြင်းထန်လာသည်။

" လျှောင် . . . လျှောင်ကြီး "

ဟုတ်သည်။ အိပ်မက်ဆုံးတိုင်ကို အဆုံးသတ်ပေးမည့်လျှောင်ကြီး။

" လှုပ်ခါပစ်လိုက်ပါတော့၊ လှုပ်ပါတော့ အင့် . . . ဟီး ဒါ အိပ်မက်ဆိုးမှဟုတ်ရဲ့လား။ ငါရှေ့တော်ပြီး ထလာတာလေ၊ ငါ . . . ငါ

www.burmeseclassic.com



နိုးနေခဲ့ပြီလေ၊ ဒါဆို ဒါတကယ်လား။ လျှောင်မလှုပ်တော့ဘူးလား ''

နံရံအောက်ခြေမှ အေးစက်စက်ကြမ်းပြင်ပေါ်သို့ သူမ တုန်ယင်ချည့်နဲ့စွာ ပျော့ခွေကျသွားရသည်။ မျက်နှာကို အုပ်ထားမိသည့် လက်ချောင်းများကြားမှ တံခါးရွက်ကို စိုက်ကြည့်နေမိ၏။ ရင်ဝ၌ ပြန်လည် မွန်းကျပ်ပြည့်သိပ်လာသည်။

သူမ ငိုနေမိပြီလား။

'' ဂျစ်... ဂျစ်ဂျစ် ...ဂျရစ် ''

'' ဒုန်း ဒုန်း ''

'' ...မျှားမည်ပင ဆေ...

ဲ့ သက်သက်သာရှိသေးသည်။

အစင်းရ အပ်ဖြူထည်။

သည်တံခါး ထိုအတွေးကြောင့် သူမကို ...ထိ ကာကွယ်ထားနိုင်မည်လဲ။

ရုတ်တ... ပေါက်အခါ အာရုံထဲ လင်းခနဲဖြစ်သွားသည်။

တံခါးပေါက်နံဘေးတွင်ကပ်လျက် သူမ နေရာယူထားနှင့်ရမည်။ ပျက်စီးသွားသည့် တံခါးပေါက်ထဲ အရှိန်နှင့် ကျွံဝင်လာမည်ဆိုလျှင် သူမ အပြင်သို့ ပြန်ထွက်ပြေးနိုင်လောက်သည်။

'' ဂျွတ် ''

'' ဗုန်း ... ဗုန်း ''

'' ဂျရစ်...ဖြ ...ဖြိ ''

တံခါးရွက်၏ ပေါက်ပြဲသွားသည့်နေရာတို့မှ အမှောင်ထု



...ဝင်လာသလားထင်ရသည်။ အခန်းတွင်းအလင်းရောင်မှာတဖြည်းဖြည်း လျော့ကျလာနေသည်။

တံခါးပေါက်ဘေးသို့ သူမကပ်မိသွားသည်။ တံခါးကို ပစ်ဆောင့်နေသော အရှိန်အား သူမကျောမှီထားသော နံရံမှပင် ခံစားရ၏။ တစ်ချက် တစ်ချက် သူမ ယိုင်ထွက်သွားရမလောက် ပြင်းထန်သည်။

'' ဖြောင်း ... ဖြောင်း ''

'' ဂျွတ် ''

'' ဂျရစ်...ဂျရစ် ... ဂျစ် ''

'' ဟဲင်း ဟဲင်း... ဟဲင်းဟဲင်း ''

သူမ အသက်ရှူမြန်လာ၏။ ကျိုးပျက်သွားသော တံခါးမျဉ်...သားအပိုင်းအစတို့ အခန်းထဲသို့ ပွဲကျလာလေပြီ။ တဖြည်းဖြည်း ...ကွင်းမှာ မှုန်မှိုင်းလာ၏။

လက်နှစ်ဖက်ကို ကျစ်ကျစ်ဆုပ်၍ တံခါးကိုသာ မမှိတ်မသုန် ...ငြိုကြည့်နေလိုက်သည်။

'' ဖြောင်း ''

တဆတ်ဆတ်တုန်ယင်ကာ ညွတ်ခွေချင်နေသော ခြေထောက် ...ကို အနိုင်နိုင်ထိန်းမတ်ထားရသည်။ သူမ လွတ်ရမည်။ လွတ်မြောက် ...ည်။ လွတ်မြောက်ရမည်။

ညဝတ်အင်္ကျီတစ်ထည်လုံး ချွေးတို့ဖြင့် ...နင့်နေ၏။ ...ကိုယ်ကမှ အေးစက်နေခဲ့ပြီဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



တံခါးရွက်တစ်ခြမ်းလုံး ပျက်စီးကျိုးကြေသွားသည်ကို မြင်ရချိန်၌ သူမ ခြေထောက်တစ်ဘက်မှ လှုပ်မရ ရှားမရဖြစ်နေ၏။ ကြမ်းပြင်နှင့်တွဲဆက်ထားသလို မယူ၍ပင်မရ။

" ဗုန်း "

" ဖြောင်း . . . ဂျွတ် "

တံခါးရွက်အပိုင်းအစတို့ တဒေါက်ဒေါက်ကျလာ၏။ ဘောင်ခွေထားသော နှုတ်ခမ်းသားနှင့် အလယ်တန်းသာကျန်တော့သည်။ တချွန်ချွန်နှင့် နောက်ဆုတ်အားယူနေသော ခြေသံကို သူမကြားလိုက်ရ၏။

ခုချိန်ထိ လှုပ်ရှားမရသေးသော သူမ ခြေထောက်ကို ထုရိုက်ပစ်လိုက်မိသည်။

ခြေသံ။ တံခါးပေါက်ဆီပြန်ပြေးလာသည့် ခြေသံ။ အခန်းထဲတွင် အမှောင်ကျလုနီးပါး ညှို့မှိုင်းလာသည်။

သူမ အသက်အောင့်၍ မာန်သွင်းထားလိုက်သည်။

" ရှပ် ရှပ် ရှပ် ရှပ် ရှပ် "

" ဖောင်း "

" ရွှတ် "

အရှိန်လွန်ကျွံဝင်လာသည့် သတ္တာန်ကြီးကို လှည့်မကြည့်တော့။ တံခါးပေါက်မှ အပြင်သို့ အလျှင်မြန်ဆုံးနှုန်းဖြင့် ပြေးထွက်လိုက်သည်။

" ဗုန်း "

" အမလေး "





သူမနှင့် မျက်နှာချင်းဆိုင်မှ ပြေးဝင်လာသော တစ်စုံတစ်ရာနှင့် အရှိန်ပြင်းစွာ တိုက်မိပြီး အမှောင်ထဲသို့ သူမလွင့်စင်လဲကျသွားရသည်။ ခြေသံနှစ်စုံကြားခဲ့ရခြင်းကို သူမ ဘာကြောင့်မေ့လျော့သွားမိသလဲ။

အမှောင်ထဲတွင် သူမကြိုးရုန်း၍ ထရပ်လိုက်သည်။ သို့သော် ခြေလှမ်းမစနိုင်ခင်မှာပင် ပြန်လည်လဲကျသွားရသည်။ ကြမ်းပြင်တစ်ခုလုံး သိမ့်သိမ့်ခါနေ၏။

ကုပ်တွယ်ရာရှာနေဆဲမှာပင် သူမကြမ်းပြင်ပေါ် လိမ့်သွားသည်။ ခွေးစေးများ ရွှဲနစ်နေသည့် လက်အစုံက ကြမ်းပြင်တစ်လျှောက် လျှောပါသွား၏။

" အမလေး "

" ဗုန်း "

❀ ❀ ❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

" ဒီအတိုင်းဆို နှင့်ကိုကိုက နှင့်ကို လက်ထပ်ပြီးပြီးချင်း တစ်ရက်အတွင်း ပြန်ကွာလိမ့်မယ် နာတာလီ "

ဆမန်သာက ပြောပြီး ရယ်လေသည်။ ကေကလည်း

" အရင်က သူ့ဒီလောက် အအိပ်မကြမ်းပါဘူးကွာ. . . မနေ့ညကမှပဲ မင်းလာအိပ်လို့များလား၊ ဟုတ်လား နာတာလီ ဆမန်သာ့ကို မကျေနပ်သမျှ အိပ်မက်ယောင်သလိုလိုနဲ့ အိပ်ရာပေါ်က တိုက်ချပစ်လိုက်တာမဟုတ်လား၊ အဲဒါကြောင့် ပြောတာပေါ့ သိပ်မစပါနဲ့ဆို "

" နင်တို့ ငါ့အိပ်မက်တွေကို ဘယ်တော့မှ ကိုယ်ချင်းစာမယ် မသိဘူး "

ခပ်တိုးတိုးညည်းရင်း အိပ်ရာပေါ်ထိုင်ချလိုက်သည်။ သူမ အသံကို ဟိုနှစ်ယောက်ကြားလိုက်ပုံမရ၊သူတို့အသံနှင့်သူတို့ ဆူညံနေ သည်။





တစ်ယောက်ကိုဝတ်စုံရွေးပေးနေကြခြင်းဖြစ်သည်။ အရောင်၊ ဒီဇိုင်း။ တစ်ခုကိုကြိုက်လျှင် ကျန်တစ်ခုကို မကြိုက်ပြန်။

" အရောင်လေးကတော့ မဆိုးဘူး။ ဒါပေမဲ့ ဒီပုံစံကြီးက မှိုနေပြီကွ "

အရောင်နှင့် ဒီဇိုင်းနှစ်ခုလုံးကို သဘောတွေ့ပြန်တော့ နှစ်ယောက်သားအကြိုက်မတူပြန်။ ဆမန်သာက ငြင်းပယ်လိုက်သဖြင့် ကေက သူရွေးထားသော ပန်းနုရောင် ဂါဝန်လေးကို အိပ်ရာပေါ် ပစ်ချလိုက်သည်။ အိပ်ရာပေါ်တွင်လည်း ပစ်ချပြီးသား အဝတ်များ ပုံနေလေပြီ။

" လူတွေ ဘာလို့များ ရွေးချယ်မှုကို ဒီလောက်ဝါသနာ ကြီးနေကြတာလဲ "

သည်နှစ်ယောက်ကိုကြည့်ရင်း သူမတွေးမိသည်။ ရွေးချယ်မှုနှင့် ဆင်ခြေဆင်လက်များ။ ဘာကြောင့် ရွေးချယ်ရသည်။

ဘာကြောင့်ငြင်းပယ်ရသည်ဆိုသော ဆင်ခြေများ၊ဘာဝဆိုသည် ဘယ် ထိုအရာ နှစ်ခုကို မဖြစ်မနေပြုလုပ်ရမည့် နေရာတစ်ခု ရှိနေသလား။

" အိုကေ. . .ငါ ဒါပဲဝတ်တော့မယ် ဆမန်သာ. . မင်းရော "

" ငါက ရွေးပြီးသား. . . ဒီမှာလေ "

" ဟေး နာတာလီ မင်းလည်း လိုက်ခဲ့လေကွာ "

သူမ ပြုံး၍ ခေါင်းခါပြလိုက်သည်။ သူမက ညဝတ်အင်္ကျီပင်



www.burmeseclassic.com

www.burmeseclassic.com



မမှတ်ရသေး။ အစကတည်းက လိုက်ဖို့အစီအစဉ်မရှိခဲ့။ လူတွေ အများကြီးနှင့် လုပ်သည့်ပွဲကို ပျော်စရာဟု သူမ မထင်ပေ။

" သွားပါဟာ နင်တို့ပဲ ငါတို့မေဂျာက ပွဲတောင် ငါတက်ခဲ့တာ မဟုတ်ဘူး "

" အာ နင်ကလည်း သူ့ပွဲတွေ ငါ့ပွဲတွေ လုပ်မနေနဲ့ ငါ[illegible]င် ဆိုတ်သေးတာပဲ "

" ငါ လူတွေအများကြီးကြား မနေတတ်ဘူးဟာ၊ နင်တို့လည်း သိရက်သားနဲ့ "

ပွဲက ကေတို့အတန်းမှ ကျောင်းသားကျောင်းသူများ၏ နှုတ်ဆက်ပါတီ၊ ကျောင်းဆင်းပွဲ၊သူမအတန်းက လွန်ခဲ့သည့် အပတ်က လုပ်ပြီးသွားပြီဖြစ်၏။ သူမ မသွားခဲ့။ ကျန်းမာရေးဆင်ခြေတစ်ခုနှင့် အခန်းအောင်းနေလိုက်သည်။

" ဟဲ့ နင်က လူကြားမနေချင်လို့ ဘယ်ကြားမှာ သွားနေမှာလဲ နှင့်အိမ်တော်ထဲက သရဲတစ္ဆေတွေကြား သွားနေမလို့လား "

" ထားလိုက်ပါကွာ သူမှ မလိုက်ချင်တဲ့ဟာ "

ကေက အဝတ်အစားလဲရင်း လှမ်းပြောသည်။ ပိုနေသော ဖိတ်စာကို စာကြည့်စားပွဲပေါ် သူမ မြင်အောင် တမင်ပစ်တင်လိုက်၏။

သည်ပါတီအတွက် ကျောင်းသားတစ်ယောက်ကို ဖိတ်စာ နှစ်စောင်စီပို့ရသည်မှာ ထုံးစံတစ်ခုပင်။

တကယ်ဆို ဆမန်သာအတွက် တစ်စောင်၊ သူမအတွက်





တစ်စောင်။ သူငယ်ချင်းသုံးယောက် စုံစုံညီညီ သွားရမည့်ပွဲ။

သူမတုန်းကလည်း နှစ်စောင်ပို့ရသည်။ သို့သော် သူမ ကိုယ်တိုင်က အစာအိမ်ရောဂါကို အကြောင်းပြ၍ မလာနိုင်ကြောင်း ပြောခဲ့ပြီးသားဖြစ်နေသဖြင့် သူတို့နှစ်ယောက်ပါ မသွားလိုက်ရ။

သူငယ်ချင်းသုံးယောက်အမြဲတတွဲတွဲနှင့် ညီမအရင်းများ သက်ပင် ချစ်ကြသည်ဆိုသော ဂုဏ်မျိုးကိုလိုချင်သည့် ကေ့ကိုတော့ သူမ အားနာမိပါတယ်။

" တကယ်ပါဟာ ငါက အဲ့ဒီလို ရှုပ်ရှပ်ထွေးနေတဲ့ ဗတ်ဝန်းကျင်ထဲရောက်သွားရင် ဘယ်လိုမှ "

" ရတယ်. . . မင်းသဘောလို့ပြောပြီးပြီလေ "

ကေ တကယ်စိတ်ဆိုးသွားပုံရသည်။ ဆမန်သာကလည်း အမူ အရာနှင့် လှမ်းဟောက်သည်။

အဝတ်အစားလဲပြီး မျက်နှာကို အချောသတ် ပြင်ဆင်နေသော ကေ့ကိုလှည့်ကြည့်ရင်း သူမ သက်ပြင်းချမိ၏။

ကေ ပြင်ဆင်ပြီးသွားတော့ မှန်တင်ခုံရှေ့သို့ ဆမန်သာက ငင်သည်။ သူမ စိတ်အိုက်သည့်အထဲတွင် သည်လိုအရှုပ်ပြင်ရသည့် အလုပ်လည်း ပါသည်။

အိပ်ရာထဲ ပြန်ခွေနေလိုက်ရင်း အတွေးလွင့်မိသည့်အနီးက အိမ်မက်ဆိုးများကို အမှတ်တရလာ၏။

ပထမဆုံး သူမ ဘယ်လိုအန္တရာယ်ဆိုးများဆီမှ ထွက်ပြေး



www.burmeseclassic.com

www.burmeseclassic.com



[illegible] အိမ်တစ်အိမ်၏ တံခါးပေါက်ရှေ့ ရောက်နေရသည် [illegible]

သူမ လက်ထဲအလိုလိုရောက်နေသော သော့တွဲနှင့် သော့တံ [illegible]ထိုးလိုက်လျှင် သေွးထွက်လာသည့် သော့အိမ်။

နောက်. . . သူမ ညှော်ခန်းဆောင်တစ်ခုထဲ ရောက်သွားရ[illegible]

ဒုတိယအိပ်မက်က ထိုနေရာမှစတင်သည်။ ညှော်ခန်းဆောင်မှ [illegible]တင်သည်။

“ ချပ် ”

“ အမေ့ ”

ရုတ်တရက် အိပ်ခန်းတံခါးပွင့်သွားသဖြင့် သူမ ထိတ်လန့်[illegible]ဖြစ်သွားရသည်။

“ အဟတ်ဟတ်. . . ဟားဟား. . . တစ်ယောက်တည်း နေခဲ့မယ်ဆိုရင် အဲ့ဒီလို ကြောက်တတ်နေလို့မရဘူး နာတာလီရ ”

“ ဟင်း ”

ဆမန်သာ့အသံကြားမှ သက်ပြင်းချလိုက်ရ၏။ မျက်နှာ[illegible] တမင်တည်တင်းထားသော ကောပင် သူမအဖြစ်ကို ကြည့်၍ ပြုံးယောင်ယောင်ဖြစ်သွားသည်။

“ ဘိုင့်. . . ကောင်းကောင်းနေခဲ့နော် ကလေးမ ”

“ ငါတို့က တစ်နေကုန်မှာ ညဘက်မှပြန်ရောက်မှာ မင်းနေ[illegible] ဖြစ်မလား ”





“ ရပါတယ် ”

“ ဂျူန်း ”

“ အမေ့. . . အာ ”

“ အဟတ်ဟတ်ဟတ်. . . ဟား ဟား ဟား ”

ဆမန်သာက တံခါးကိုတမင်ခပ်ပြင်းပြင်းဆောင့်ပိတ်ခဲ့ကာ ရယ်မော၍ ထွက်သွားသည်။သူမကို သူမ ခေါင်းခါမိရ၏။ [illegible]တစ်ယောက်တည်း ကျန်ခဲ့ရသည်ဆိုသော အသိတွင် ရင်အခုန်တော့ [illegible]ည်းနည်းမြန်လာသည်။

ဝရန်တာဘက်သို့ထွက်၍ လမ်းမကို ငေးကြည့်နေရလျှင် [illegible]ိုဘူးဟု တွက်မိသည်။ အိပ်မက်ဆိုးများအကြောင်း ဆက်မတွေး[illegible]အောင် အာရုံကို အလုပ်ပေးရဦးမည်။

ခေါက်ထားသော ဒရင်းဘက်ထဲတွင် လျှင်စာအုပ်ကို [illegible]ရှုလိုက်ရသည်။ နယူးမန်း၏ ဝတ္ထုတိုများ။ ရွှေလျှားနေသော အခေါင်း [illegible]ကြိမ်နိုးထလာသော ရုပ်ကြွင်း။

“ အား. . . ဒီစာအုပ်လည်း မဖြစ်သေးဘူး ငါဖတ်လို့ [illegible]သေးဘူး ”

သူမ စာကြည့်စားပွဲပေါ်မှ ခါတ်ပုံအယ်လ်ဘမ်လေးဆီ အကြည့် [illegible]တ်သွားသည်။

“ အိုခေ ”

❀ ❀ ❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

" အိုး. . . ရှားရှားပါးပါး မြင်ကွင်းမျိုးပါလား "

ငါးပွင့်ဆိုင် ယူကလစ်ပင်ကြီးများ၏ အကိုင်းအခက်တို့က ပုံသဏ္ဌာန်တစ်ခုကို ဖော်ဆောင်ထားသည့်နှယ် စုဆုံလျက်ရှိသည်။

သူမ ရပ်နေသည်က ယူကလစ်ငါးပင်၏ အလယ်မဟုတ်၊ သည်ကိုအစွန်းကျန် မော့၍ ကင်မရာမှန်ဘီလူးကို ချိန်ဆကြသည်။

အဖျားသို့ သွယ်တက်သွားသော ပင်စည်ဖြူဖြူများ။ တိမ်မှုန် ထိမ်သားကင်းရှင်းစင်ကြယ်နေသည့် ကောင်းကင်ပြာနောက်ခံ၊ စိမ်းရင့် ရွက်ချွန်များ ဖွဲ့ယှက်နေသဏ္ဌာန်က

" က,ခေါင်းတစ်ကောင်ရဲ့ ဝိုင်းစက်စက် ဖြန့်ကြက်ထားတဲ့ အမြီးတွေလိုပါပဲ "

" ချပ် "

အလင်းပွင့်တစ်ဖျပ်. သူမထံမှ လျှပ်ခတ်သွားသည်။ ပန်းချီ





ခန်သည့် သဘာဝကို ထာဝရတည်အောင်သူမ မှတ်တမ်းတင်နိုင်ခဲ့ သပြီ။

သည့်အရှက်တို့ကြွေ၍ သည်အဖင်တို့ သေသွားသည့်တိုင် သည့်အဆင်ကလေးက သူမနှင့်အတူ မပျက်မစီးကျန်ခဲ့တော့မည်။

ဓါတ်ပုံရိုက်ယူပြီးသွားသော်လည်း သူမ မော်ကြည့်၍ နေနိုင်သေး၏။

" လှလိုက်တဲ့ အဆင်လေး "

အတော်ကြာသည်အထိ သူမ မော့ငေးနေဖြစ်ခဲ့သည်။ နောက် ဆုံးနေရာမှ ထွက်ခွာလာခဲ့၏။

နောက်ထပ် သူမ နှစ်ဝင်ခံစားနိုင်မည့် အဆင်မျိုး မတွေ့မချင်း ယူကလစ်ခေါင်းမြီးလေးက သူမအာရုံထဲ စွဲမြဲ နေဦးမည်သာ။

ယူကလစ်ပင်များကို လွန်သောအခါ ကင်မရာမှ ခလုတ် တစ်ခုကို နှိပ်၍ ရိုက်ယူခဲ့သည့်ပုံရိပ်ကို စစ်ကြည့်လိုက်သည်။ သူမ ထင်ရှင်သည်နှင့် ကွက်တိ။

" ဒီပုံလေးကို လုံးဝမမြင်ဘူး။ ဒီအဝိုင်းလေး ဒီအရောင်အသွေး ဆီး "

" ချပ် "

" ဟာ. . . ဆော်. . . ဆောရီး "

" ဟယ်. . ကျွန်မ ကင်မရာလေး ကျွန်မ. . အို. . . တော်စေပဲ သွားပြီ "



www.burmeseclassic.com

www.burmeseclassic.com



" ကျွစ်စ် ကျိုင်ပဲကွာ "

ရေရွတ်ညည်းတွားလိုက်သူမှာ သူမကို ဝင်တိုက်လိုက်သော သူမဟုတ်။ နံဘေးတွင် ရပ်ကြည့်နေသော မိန်းမတစ်ယောက်ဖြစ်သည်။ ကွဲကြသွားသော ကင်မရာအပိုင်းအစများကို ကောက်ယူယင်း ထိုမိန်းမကို မော့ကြည့်မိ၏။ ထိုမိန်းမက

" ရှင် ဘယ်လိုလူလဲ၊ အမြဲတမ်းနမော်နမဲ့နဲ့ ခု သူများပစ္စည်း ပျက်ပြီ ဖြေရှင်းလေ၊ လူကို ကြောင်ကြည့်မနေနဲ့ "

" အို . . . ကင်မရာက အကြောင်းမဟုတ်ဘူး၊ မယ်မိုရီကာဒ်လေး ပျောက်သွားပါ။ မယ်မိုရီကာဒ်လေးပဲ အကောင်းအတိုင်း ပြန်ရရင် တော်ပါပြီ အဲဒါသာ ရှာပေးပါ "

" ဟို . . . ဟို ငါ . . . အဲ ကျွန်တော် မတော်တဆ "

တောင်းပန်သံက သည်မျှနှင့် ရပ်တန့်ပြီးဆုံးသွားသည်။ ဆက်လည်းပြောတတ်ပုံမရ။ ဟိုမိန်းမကတော့ ခါးထောက်မျက်ခုံးသရောင်တလက်လက်နှင့် ငုံ့ကြည့်နေ၏။

" ရှင်ကိုရှင် မင်းသားထင်နေလား။ ဘယ့်နှယ် လမ်းပေါ်လာပြီး နောက်ပြန်လျှောက်နေတာ ဖြစ်တာတောင်နည်းသေးတယ်၊ အဲဒီလို ပေါချာချာ အက်တင်တွေနဲ့ လူကို လိုက်လိုက်စကားမပြောနဲ့လို့ အကြိမ်ကြိမ်ပြောပြီးပြီ . . . ခုပြဿနာဖြစ်ပြီ ရှင်ဘယ်လိုရှင်းမလဲ "

ပြဿနာက သူမနှင့် ဖြစ်နေခြင်းမဟုတ်ဘဲ သူတို့ချင်းဖြစ်နေသည်သာ။ သူမမှာ ကင်မရာနှင့် ထိခတ်မိသည့် ကျောက်တုံးနံဘေး





မြက်ပင်များကြား ကင်မရာမယ်မိုရီကာဒ်လေးကို မရမက ရှာနေမိသည့်အတွက် ထိုသူများကို ပြဿနာမလုပ်အား။

" ဒီမယ် ကိုထူး ဘယ်သူ . . . အိုဘယ်သူဖြစ်ဖြစ်၊ ရှင့်ကို တစ်ခါတည်း အဖြေပေးလိုက်မယ်၊ ကျွန်မ နောက်ကိုလည်း လိုက်စရာ မလိုတော့ဘူး။ ကျွန်မ အနားကိုလည်း လာစရာမလိုတော့ဘူး။ ရှင့်လို နမော်နမဲ့နိုင်လွန်းတဲ့ လူပေါ်ကြီးကိုလည်း လုံးဝ ခံစားလို့မရဘူး . . . သိလား "

" ဗျာ . . . ဟုတ် . . . အဲဟို မ "

ထိုမိန်းမက တရစပ်ပြောဆိုပြီး ခပ်သုတ်သုတ်ဆက်လျှောက်သွားသည်။ သူမကို ကူရှာပေးနေသော ကိုထူး ဘယ်သူမှာ ထစ်အထစ်အနှင့် ကုန်းကုန်းကွကွဖြစ်နေကာ ကျန်ခဲ့၏။

" ရော် . . . သူ့နာမည်ကလည်း အရေးထဲမှ မေ့နေပြန်ပြီ . . . မ . . . မ "

" သွားပါပြီ ဘယ်လိုမှ ရှာမတွေ့တော့ဘူး "

" အား . . . မဖြူဖြူလှိုင်၊ ဒီလိုဗျာ ကျွန်တော်က သူ့ကို ပြောခွင့်တောင်းတယ် . . . ယဉ်ယဉ်ကျေးကျေးတောင်းဆိုတာဗျာ … ရိုးရိုးစိုးစိုးငြင်းတယ်၊ ကျွန်တော်ကလည်း သူ့ကို မျက်နှာချင်းဆိုင်ပြီး ပြောချင်တာ လေးပတ်နဲ့ လေးရက်ရှိသွားပြီ၊ သူလက်မခံ…နဲ့ …ဖြစ်ခဲ့တာ အဲ့ဒါဒီနေ့တော့ရအောင်ပြောမယ်ဆိုပြီး သူ လမ်းလျှောက် …ဲ့ ရှေ့ကနေပြီး ဟောဒီလို ပိတ်ရပ်ပြီး "



www.burmeseclassic.com

www.burmeseclassic.com



" ဒီမယ် ဒီမယ် ကိုလူးဘယ်သူ. . . ကျွန်မအဲ့ဒါတွေ နားမလည်နိုင်ဘူး။ ကျွန်မ မယ်မိုရီကဒ်လေး ရှာမတွေ့တော့ဘူး ဘယ်လိုလုပ်မလဲ ရှင့်ကိုကင်မရာ "

" ဟား ဟုတ်သားပဲ ကင်မရာက ဘာအမျိုးအစားလဲ "

" ကင်မရာကို လျော်ပေးစရာမလိုဘူး လျော်ပေးလို့လည်း ရနိုင်ဘူး။ ကျွန်မလိုချင်တာ မယ်မိုရီကဒ်ပဲ. . . အဲ့ဒီထဲမှာ "

ယူကလစ်ဒေါင်းမြီးကွက်။ အိုသည်ပုံတွင်မက နေနှစ်စင်း ခံထားသည့် မျှော်စင်ထိပ်ဦးပုံ၊ အမှောင်ထဲမှ မီးပွင့်နှစ်ပွင့်ကြား အလင်းလျှပ်နွယ်တစ်ခု စီးဆင်းနေသည့်ပုံ။

တွေးလေပို၍ နှမြောတသမိလေပင်။

" ကျွန်မ ရိုက်ထားတဲ့ပုံတွေကဘယ်တော့မှ ထပ်ရိုက်ဖို့ မဖြစ်တော့ တဲ့ ပုံတွေ ဒီကင်မရာလေးကလည်း ဘယ်တော့မှ ဒုတိယမရှိနိုင်တော့တဲ့ ကင်မရာ ရှင်. . . ရှင် ဘယ်လိုမှ ပြန်လျော်နိုင်မှာ မဟုတ်ဘူး "

" ဟို. . . ကျွန်တော်ကလည်းလေ သူ့ကိုမျက်နှာချင်းဆိုင် ပြောချင်စောနဲ့ သူလမ်းလျှောက်တဲ့ ရှေ့ကနေ နောက်ပြန်လျှောက်ပြီး ပြောလာမိတာ ကျွန်တော်လည်းပြောချင်တာကို မပြောလိုက်ရဘူး "

" အဲဒါ ကျွန်မက ဘာလုပ်ပေးရမှာလဲ "

သူမ စိတ်ပေါက်ပေါက်နှင့်အော်ပစ်လိုက်သည်။ ထိုလူငယ် ခဏတစ်ခန့် တွန့်သွားဟန်၏။





" ဒီမှာ ရှင့်ဘာသာရှင် အရူးထပြီး မိန်းမတစ်ယောက်ကို ရှုပ်ရှင်ထဲလိုလို ပြဇာတ်ထဲလိုလို ရည်းစားစကားလိုက်ပြောတာ၊ ဘာလို့ ဆိုင်တဲ့ ကျွန်မကို လာထိခိုက်ရတာလဲ၊ ဘာလို့ ကျွန်မ မြတ်နိုးသမျှ အရာတွေအားလုံးကို ဖျက်ဆီးပစ်ရတာလဲ "

ပြောရင်း သူမအသံမှာ မျက်ရည်စွက်လာသည်။ ငိုရှိုက်သံနှင့်အတူ အားရှိပါးရှိ အော်ဟစ်လိုက်မိသလားပဲ။

လမ်းပေါ်ဖြတ်သွားသူ အချို့က သူမတို့ဘက် ငဲ့ငဲ့ကြည့်သွားသည်ကို သူမ သတိပြုမိသည်။ သို့သော် စိတ်ကို ထိန်းချုပ်ထား၍ မရတော့။

" ဟာ မဟုတ်ဘူး. . . မဟုတ်ဘူး ကျွန်တော်သူ့ကို ရည်းစား စကားလိုက်ပြောတာ မဟုတ်ဘူး လွဲကုန်ပြီ "

" ရှင်က ရည်းစားစကားလိုက်ပြောတာမဟုတ်ဘူး ဟုတ်လား. . . ဟားဟား. . . ဒါဆို အကြွေးလိုက်တောင်းတာလား။ ပိုက်ဆံလိုက်ချေးတာ လား "

" ဟို. . . ပန်းချီ ပန်းချီ အဆွဲခံဖို့ လိုက်ပြောတာ "

" ဘာ "

" ပန်းချီအဆွဲခံဖို့လေ မာန်မာနတွေနဲ့ မီးတောက်တစ်ခုလို အလျှံ တညီးညီးတောက်နေတဲ့ မိန်းမတစ်ယောက်ရဲ့ မျက်နှာကို ကျွန်တော် ပုံတူဆွဲချင်လို့ပျာ အဲ့ဒါ "

" ရှင်က ပန်းချီဆရာ. . . ဟုတ်လား "

www.burmeseclassic.com

www.burmeseclassic.com



အယ်လ်ဘမ်စာအုပ်ကို သူမပိတ်လိုက်သည်။

သို့သော် သုံးချောင်း ထောက် ကင်းဗတ်စ်ရှေ့တွင် ရပ်နေသော ပုထုဇဉ်ယောက်၏ ပုံသဏ္ဍာန်ကိုမူ အာရုံထဲမှ ပိတ်၍မရသေး။

❀ ❀ ❀ ❀ ❀



## အခန်း (၁၂)

" ဒီနေရာပဲ "

သူမ ညွှန်ပြသောနေရာတွင် ထိုလူရပ်လိုက်သည်။ သူမ [illegible]ကြည့်သလိုမော့ကြည့်နေသည်။ ယူကာလစ်ပင်များမှ အရွက်ချွန်ချွန် [illegible]မှာ လေကြောင်းအတိုင်း တလွင့်လွင့်နှင့်။

" ကျွန်တော်တော့ ခင်များပြောတဲ့ ခေါင်းမြီးကွက်ကို [illegible]ပါဘူး"

" ဘယ်မြင်ရတော့မလဲ ကျွန်မ ဓါတ်ပုံရိုက်ခဲ့တဲ့အချိန်တုန်းက [illegible]တိုက်နှုန်းက ဒီ့ထက်ညင်သာတယ်။ ကဲပါရှင် အဲ့ဒီနေရာကိုပဲ [illegible]သအချာကြည့်၊ ပြီးရင် ကျွန်မပြောတဲ့အတိုင်း ပုံကြမ်းဆွဲပြ ကျွန်မ [illegible]ချင်တဲ့ ပုံကိုကျွန်မအလွတ်ရတယ်၊ ရှင်ဆွဲတာ မှန်မမှန် ဘေးကနေ [illegible]ပေးမယ် "

" ဟို ခင်များပြောတဲ့အတိုင်း မရမချင်း ဆွဲရမယ်ဆိုပါတော့"



www.burmeseclassic.com

www.burmeseclassic.com



သူမခေါင်းအညွတ်တွင် ထိုလူ၏ မျက်နှာအမူအရာမှာ ဖျားခဲ့
အသံထွက်သွားသလိုပင်။ အသံတိတ် စိတ်ညစ်သွားပုံရသည်။

" ရှင်ပဲ ရအောင်လျှော်ပေးမယ်ဆို "

" အင်း. . . ဟုတ်ပါတယ် "

" ဒါတောင် ကျွန်မဘက်က လျှော့ထားတာ ရှင်တူအောင် ဆွဲပေးနိုင်ရင်တောင် ကျွန်မ ပြန်ရမှာ သဘာဝအစစ်မဟုတ်တော့ဘူး ကျွန်မ လိုချင်တာ မပြုပြင်ဘဲ နဂိုရှိရင်းစွဲအတိုင်း လှနေတဲ့ အဆင်လေးတွေ "

ထိုလူမှာ ယူကလစ်ပင်များဆီသို့ မော့ကြည့်လိုက်၊ စက္ကူဖြူပေါ် ပုံကြမ်းခြစ်လိုက်နှင့် အလုပ်ရှုပ်နေရှာသည်။ သူမ ခေါင်းတစ်ခါယမ်းလျှင် သူ့စတန်းမှ ပုံကြမ်းတစ်ရွက်ကြွေပေးရသည်။

" ပင်စည်တွေကတော့ ဟုတ်ပြီ ဒီအရွက်တွေကို ဆွဲထားတာ မှားနေတယ် ခေါင်းမြီးကွက်လေးက ဒီလောက်ကျယ်တယ် "

" ဗြို "

❀ ❀ ❀

မျှော်စင်ရှေ့ကို သူမရောက်တော့ သူက သုံးချောင်းထောက် စင်ကလေးထောင်ကာ အသင့်စောင့်နေနှင့်ပြီဖြစ်သည်။

" ရှင်. . . အချိန်တိကျသားပဲ ဒါပေမဲ့ ခဏစောင့်ဦးမယ်. . . နေက မျှော်စင်ထိပ်အထိ ကျမလာသေးဘူး "





" ဒီမယ်ဗျာ ခင်ဗျားပြောတော့ မျှော်စင်ထိပ်မှာ နေနှစ်လုံး ခိုတာဆို. . . အဲဒါဘယ်လိုဖြစ်နိုင်မှာလဲ "

" ဘာလို့မဖြစ်နိုင်ရမှာလဲ၊ အဲ့ဒီနေ့က မိုးတွေသည်းနေအောင် ရွာတယ်လေ "

" အဲဒီတော့ "

" မိုးတိတ်ကာစမှာ ပွင့်တဲ့နေကို ကျွန်မ မျှော်စင်ထိပ်မှာ မြင်ခဲ့ရတာ၊ ဟိုမှာကြည့်လိုက် မျှော်စင်ရဲ့ထိပ်ဖျားက မိုးကြိုးလွှဲတိုင်လေး တွေ့လား. . . အဲ့ဒါရဲ့ ဘေးတစ်ဘက်တစ်ချက်မှာ နေနှစ်လုံးသာခဲ့တာ"

" ဘာလဲ ရေမိုးရေငွေ့တွေကြောင့်လား၊ ကင်မရာကို မှန်ဘီလူး ပြောင်းတပ်ခဲ့လို့လား "

" ပထမဟာ မှန်တယ်၊ ဒုတိယအချက်က တစ်ဝက်ပဲမှန်တယ်၊ ကျွန်မ မှန်ဘီလူးကို ပြောင်းမတပ်ခဲ့ဘူး ဒါပေမဲ့ မှန်ဘီလူးမှာလည်း ရေမိုးရေငွေ့တွေ သီးနေခဲ့တယ်လေ "

" ကောင်းပြီလေ ကျွန်တော်ပုံကြမ်းရေးကြည့်မယ် ခင်ဗျားက ဟုတ်မဟုတ်ပြော "

" ကင်မရာက ဖေဖေရဲ့ နောက်ဆုံးမွေးနေ့လက်ဆောင်လေ"

" ကျွန်တော် ပစ္စည်းတစ်ခုစီမှာရှိတဲ့ တန်ဖိုးနှစ်မျိုးလုံးကို နားလည်ပါတယ် "

သူမတို့ ဖျက်စီးသွားသည့် ကင်မရာနှင့် အမျိုးအစားတူသည့် အသစ်တစ်လုံးအလျော်ပေးလာသည့် နေ့ကဖြစ်သည်။ ငြင်းဆန်ခြင်း

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ဘော်သော ပြင်းထန်မှုမျိုးနှင့် သူ့ကင်မရာအသစ်ကို လက်မခံနိုင်ခြင်း ဖြစ်ခဲ့၏။

" ဒါကို အလျှော်ပေးတာလို့ သဘောမထားဘဲ ခင်ဗျားအတွက် ခင်မင်သူသစ်တစ်ယောက်က ပေးတဲ့လက်ဆောင်လို့ ယူဆကြည့်ပါလား. . အမှန်အတိုင်း ပြောရရင်တော့ ကျွန်တော်ကိုယ်တိုင်ကလည်း အဲဒီလို ချည်နှောင်ချင်တာပါ "

" ကျွန်မ စကားတစ်ခွန်းပဲပြောတတ်တယ် ကိုထူးဘယ်သူ"

" ကျွန်တော့နာမည် ထူးဘယ်သူ မဟုတ်ရပါဘူးဗျာ ထူးဖေပါ"

" ထားပါတော့လေ "

" ခင်ဗျားနာမည်ရော ကျွန်တော် မမေးဖြစ်ခဲ့ဘူးနော်၊ တစ်ယောက်နဲ့တစ်ယောက်က သိနေတာကြာပြီ၊ နာမည်တွေတောင် မမေးမိကြဘူး "

" ကျွန်မတို့ကြားမှာ နာမည်တွေဘာတွေသိဖို့လိုတဲ့ ဆက်ဆံရေးမျိုးမှမရှိတာ၊ ကျွန်မရဲ့ မယ်မိုရီကဒ်လေးအစား ဒီပုံတွေ အလျှော်ပြန်ရရင်"

" ပြီးပြီလို့ဆိုလိုချင်တာလား "

သူမ ခပ်သွက်သွက်ကလေး ခေါင်းညိတ်ခဲ့သင့်သည်။ ကိုယ့်စကားကိုယ် အဆုံးသတ်ဖို့ သူမဘာကြောင့် ဝန်လေးနေခဲ့မိသည်မသိ။

" ခင်ဗျားပြောတာ တစ်ခုတော့လက်ခံတယ်၊ ကျွန်တော်တို့ကြားမှာ နာမည်ပညတ်တွေသိဖို့လိုတဲ့ ဆက်ဆံရေးမျိုးမရှိဘူးဆိုတာလေ"

❀ ❀ ❀





အတိတ်အချို့ကို အသံချည်းသက်သက်သူမ ပြန်ရစ်ကြည့်နေမိသည်။ သူမလက်ထဲမှ အယ်လ်ဘမ်စာအုပ်လေးကို ပြန်၍ လှန်လိုက်သည်။

ပထမဆုံးတွေ့ရသည့်ပုံမှာ နာရီတစ်လုံး၏ ပုံဖြစ်သည်။ စက်ရပ်နေသော နာရီတစ်လုံးဖြစ်သည်။

ထို့နောက်တွင် သူ့ပန်းချီကားများကို ဓါတ်ပုံပြန်ရိုက်ယူထားသည့် ယုကလစ်ဒေါင်းမြီးကွက်နှင့် နေနှစ်စင်းရှံသည့် မျှော်စင်။

ပျောက်ဆုံးသွားသော သူမ၏ မယ်မိုရီကဒ်ထဲတွင်လည်း သည်ပုံများအတိုင်း တစ်သွေမတိမ်းကိန်းအောင်းနေမည်ဟုထင်သည်။

သည်ပုံလေးများကို သူပေးခဲ့သည့် ကင်မရာနှင့် သူရေးဆွဲထားသော ပန်းချီကားများကို ရိုက်ခဲ့ခြင်းဖြစ်သည်။

သူမပြောခဲ့မိသော နာမည်သိရန်မလိုသည့် ဆက်ဆံရေးမျိုးသည်ကို သူဘယ်လို အဓိပ္ပါယ် ဖွင့်ခဲ့သလဲ။

တွေးလက်စ အာရုံရိပ်များနှင့်အတူ သူမနေရာမှ ထလိုက်သည်။ နေ့တာလက်ရန်းပေါ် လက်ထောက်ကာ အဝေးမှ မြို့ပြ၏ နေဝင်ချိန်ဆီ ငေးမိ၏။

သူနှင့်အတူ ရှိခဲ့ဖူးသော ဆည်းဆာဟောင်းများကို တမ်းတမ်းတက် တသနေမိကြောင်း သူသိစေချင်သည်။

ဘာလို့များ ငြိမ်းဆီ မဆက်သွယ်ရတာလဲ 'ကို'။ အခုနေရာသည်မှာ အတည်တကျမနေတဲ့ 'ကို့'ကို ငြိမ်း ဘယ်လို ဆက်သွယ်ရမှာ



www.burmeseclassic.com

www.burmeseclassic.com



တဲ့ ခြားသောကြောင့် ရောက်ရာအရပ်က ငြိမ်းဆီ စာရေးပါမယ်ဆို၊ ဖုန်းလေး ဆက်ဖို့ကောင်းတာ ကို အချိန်မရဘူးလား။ 'ကို' ဘယ်မှာလဲ။

ငြိမ်းကိုနောက်ဆုံးပေးခဲ့တဲ့ လိပ်စာနဲ့ ငြိမ်းရေးလိုက်တဲ့ စာတွေရော 'ကို'ဖတ်ရရဲ့လား။ အဲဒီနေရာမှာတော့ 'ကို'ရှိနေဦးမယ် မထင်တော့ဘူး)

" ဘာဆက်ရေးရင်ကောင်းမလဲ "

နေဝင်ရာဆီ ငေးရင်းစိတ်ကူးနှင့်ရေးနေမိသော ဝါကျများကို ဖျက်ရန် အခန်းထဲသို့ ပြန်ဝင်လာခဲ့လိုက်သည်။

လက်ထဲမှ အယ်လ်ဘမ်စာအုပ်ကို စာကြည့်စားပွဲပေါ် ဖွင့်လျက်သားတင်ထားလိုက်၏။ အယ်လ်ဘမ်ထဲမှ နာရီပုံကလေးက သူမကို ပုံပြင်တစ်ပုဒ်ပြောပြသည်။

သူနှင့် ပထမဆုံးတွေ့ခဲ့ရသည့် ယူကလစ်တစ်ခြမ်းနှင့် လမ်းကလေးပေါ်တွင် မထင်မှတ်ဘဲ ပြန်ဆုံခဲ့ရသော နေ့ကဖြစ်သည်။

" ငြိမ်းချမ်းငြိမ်း "

" အိုး. . . ကျွန်မနာမည်ကို ရှင်ဘယ်လိုသိနေတာလဲ "

" ကျွန်တော်က ကိုယ်ပုံတူဆွဲချင်တဲ့သူဆို၊ နာမည်ရော လိပ်စာရော တခြားအချက်အလက်တွေကိုရော ရသလောက် စုံစမ်းတဲ့ အကျင့်ရှိတယ်လေ။ ဖြူဖြူလှိုင်အထင်လွဲသွားတာလဲ၊ အဲဒါကြောင့်ဖြေ မိန်းကလေးတစ်ယောက်ကတော့ သူ့အကြောင်းကို စုံစမ်းနေပြီဆိုရင် သူ့ကို စိတ်ဝင်စားလို့ အဲ. . . ချစ်လို့ကြိုက်လို့ပဲဆိုပြီး တစ်ထစ်ချ





နေတာမှာပဲ "

သူက စကားတပြောပြောနှင့် သူမဘေးမှ လိုက်လျှောက်သည်။

" ကျွန်မကို ပုံတူဆွဲမယ်ဟုတ်လား။ ကျွန်မ ရုပ်က ရှင်ပြောသလို ချော့တွေတည်းညီးနဲ့ဆိုတဲ့ မျက်နှာမျိုးဖြစ်နေလို့လား "

" ဗျာ. . . ဟာမဟုတ်ပါဘူး။ လုံးဝမဟုတ်ဘူးနော်၊ ဘယ်လို ပြောရမလဲ အဲဒါနဲ့ ဆန့်ကျင်ဘက်ပဲ လုံးဝဆန့်ကျင်ဘက်ပဲ "

သူ့လေယူလေသိမ်းက အနည်းငယ်တော့ တွန့်ဆုတ်ဆုတ်နိုင်နေ သည်။ စကားပြောတိုင်း သူမကိုလုံးဝ လှည့်မကြည့်ဘဲ ပြောသည်။

" ကဲ. . . ကိုထူးဇေ ရှေ့နားကျရင် ကျွန်မ သူငယ်ချင်းတို့ ဆီရောက်ထဲရောက်တော့မှာ ကျွန်မ သူ့ဆီက စာအုပ်လာငှားတာ "

" မငြိမ်းချမ်းငြိမ်းက မျိုးရိုးဗီဇ မေဂျာကနော်၊ ခု ဒုတိယနှစ် ဟုတ်လား "

" ကျွန်မပြောချင်တာ အဲဒါမဟုတ်ဘူး။ ရှင့်လမ်း ရှင်သွားတော့ ဆို့ ပြောမလို့ ကျွန်မရှင်နဲ့ စကားလက်ဆုံကျဖို့ အချိန်မရှိဘူး။ သွားမယ်နော် "

" ဗျာ. . . ဟို . . . အင်း အင်း "

သူမ အတင်းနှုတ်ဆက်၍ သူ့ကိုထားခဲ့လိုက်သည်။ ယှဉ်လျှောက် လာရာမှလည်း ခြေလှမ်းကို သွက်၍ကျော်တက်လိုက်သည်။

" ဟာ. . . နေ. . . နေပါဦး ပြောစရာကျန်သေးတယ်ဗျ "

" ဘာလဲမြန်မြန်ပြော "



www.burmeseclassic.com

www.burmeseclassic.com



" အခု. . . အခု ဘယ်နှနာရီလဲ "

သူမ ဇဝေဇဝါနှင့် လက်မှနာရီကို ကြည့်မိသည်။ နံဘေးမှ ဘားသာစ်စီးအရှိန်နှင့် ဖြတ်မောင်းသွားသဖြင့် အလန့်တကြား ခြေလှမ်း ရပ်လိုက်မိ၏။

" လေးနာရီထိုးဖို့ နည်းနည်းလိုသေးတယ် "

" တိတိကျကျပြောပါဗျ "

သူက သူ့လက်မှနာရီကို ငုံ့ကြည့်၍ပြောသည်။

" သုံးနာရီ ငါးဆယ့်သုံးမိနစ် စက္ကန့်ပါပြောရဦးမှာလား "

သူမ ခပ်ရွှဲရွှဲမေးတော့ သူက နာရီသော့သီးကို ကိုင်ထားရင်း ဆတ်ခနဲမော့ကြည့်လာသည်။

" ကျွန်တော် နာရီတိုက်နေတာ မဟုတ်ဘူး. . . ငြိမ်း "

သူ့အပြောကြောင့် သူမ မျက်မှောင်ကျုံ့လိုက်မိသလားပဲ။ နာရီ တိုက်နေခြင်းမဟုတ်၍လည်းဖြစ်သည်။ ငြိမ်းဆိုသော အခေါ်အဝေါ် ကြောင့်လည်း ဖြစ်သည်။

" ဒီနေ့ရဲ့ ဒီအချိန်လေးမှာ "

နာရီသော့သီးကို သူဆွဲဖြုတ်လိုက်သည်။

" ထူးဇေဆိုတဲ့ကောင်က ငြိမ်းကိုချစ်တယ်လို့ ပြောခဲ့မှုအဲ့ အကြောင်း မှတ်ထားပေးပါ "

" ရှင် "

သူမ တဒင်္ဂဆွံ့အသွားရ၏။ မကြားဘူးသည့် စကားမျိုးတော့





မဟုတ်။ သည်စကားမျိုးပြောလာမည်ဟု ထင်မထားသော လူက ပြောလိုက်ခြင်းကြောင့်လည်းမဟုတ်။

" ကျွန်တော်က ပန်းချီဆရာမဟုတ်ပါဘူး ငြိမ်း၊ ဘာအကြောင်း ပြချက်မှမရှိဘဲ အလိုလိုနေရင်း တစ်ခုခုခံစားလိုက်ရတဲ့အခါမျိုးမှာ ပန်းချီ ရေးချင်စိတ် ပေါက်လာတတ်တဲ့ ကောင်ပါ၊ ဒါပါပဲ "

သူမ သူ့ကိုအကြောင်းသား ကြည့်နေမိဆဲဟုထင်သည်။

" ဖြူဖြူလှိုင့်ကိုလည်း အကြောင်းမဲ့ အမြင်ကတ်မိလို့ ပုံတူ ရေးချင်ခဲ့တာ ငြိမ်းကိုကျတော့ "

" ကျွန်မ. . . ကျွန်မ သွားတော့မယ် "

နာရီပုံလေးမှ နောက်တစ်မျက်နှာသို့ လှန်လိုက်သည်။

သူမ၏ ပုံတူပန်းချီကားကို သူမကိုယ်တိုင် ဓါတ်ပုံရိုက်ယူခဲ့သည့် ပုံတာလေးအား တွေ့ရသည်။ အောက်ခြေတွင် အနက်ရောင် စုတ်ချက် တစ်ကြောင်းပေါ် အဖြူရောင်နှင့်ရေးထားသည့်အချိန်နာရီတစ်ခု။

❀ ❀ ❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

တံခါးခေါက်သံကြောင့် သူမဖြတ်ခနဲ သတိဝင်လာသည်။ ဆမန်သာတို့နှစ်ယောက် ပြန်လာကြပြီထင်သည်။အချက်ပေးခလုတ် နှိပ်လျက်နှင့် တံခါးကိုပဲ တဒေါက်ဒေါက်ခေါက်နေကြ၏။

စာကြည့်စားပွဲမှထ၍ အညောင်းဆန့်သမ်းဝေလိုက်မိသည်။

" လာပြီ . . . လာပြီ "

" ဒေါက်ဒေါက် . . . ဒေါက် "

အိပ်ခန်းထဲမှ အထွက်တွင် မှောင်မည်းနေသည်ကို တွေ့လိုက်ရ၏။ ကိုယ့်အာရုံနှင့်ကိုယ်နေဝင်သွားသည်ကိုပင်သူမ မသိလိုက်။ ဧည့်ခန်းဘက်မှ မီးများကို သူမ မဖွင့်ဘဲထားမိသည်။

အမှောင်ထဲတွင် မီးခလုတ်ဆီ မှန်းလျှောက်သွားလိုက်သည်။

" ဒေါက်ဒေါက် "

" လာပါပြီ ဗျာ "





" ဒေါက်ဒေါက်ဒေါက် "

" လာပြီဆိုကွာ အရေးထဲ ဒီမီးခလုတ်ကလည်း ဘယ်ရောက်နေသလဲမသိဘူး "

ဖွင့်နေကျနေရာဟု လက်လှမ်းမိသော နံရံဘက်တွင် မီးခလုတ်ကို မတွေ့ရ၊ စမ်းတဝါးဝါးနှင့် နံရံတစ်လျှောက် ပွတ်သပ်ရှာဖွေမိသည်။

ခလုတ်နှင့်တူသော အရာကိုပင် သူမလက်များက မထိမိ။ တံခါးကို အရင်ဖွင့်ပေးရန် သူမလှည့်လိုက်သည်တွင် စိမ်းရွှေရွှေအနံ့ တစ်မျိုးကို ရလိုက်သည်။ သိစိတ်မှမဝေခွဲနိုင်မီ ကြက်သီး ဖြန်းခနဲထမိ၏။

" ဒေါက် ဒေါက် ၊ ဒေါက် "

တံခါးခေါက်သံမှာ တံခါးပေါက်မှသာမဟုတ်။ နေရာအနှံ့မှ ထွက်လာနေ၏။

" ချပ် "

သူမ ထွက်လာသည့် အိပ်ခန်းတံခါးဘက်မှ ပြန်၍ စေ့ပိတ်သွားသံကို ကြားလိုက်ရသည်။ အိပ်ခန်းထဲ ပြန်ဝင်ပြေးရန် သူမအလျင်အမြန် ရှာဖွေလိုက်သော်လည်း မမီတော့။ စေ့ပိတ်သွားသည့် တံခါးရွက်က အားလို ခိုင်မြဲသွားခဲ့လေပြီ။

" ငါ . . . ငါ အိပ်မက်ဆိုးထဲ ထပ်ရောက်နေပြန်ပြီလား ဟုတ်ဘူး မဟုတ်ဘူး ဒါငါတို့ ဧည့်ခန်း . . . ငါတို့အခန်းပဲ ငါလည်း မပျော်ဘူး ဒါလည်း အိပ်မက်မဟုတ်ဘူး "

မီးခလုတ်ရှိရမည့် နေရာဆီပြန်ပြေး၍ ထပ်စမ်းကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



အမှောင်ထဲတွင် ခပ်ပျပျမြင်ရသော နံရံမှာ ချေးညှော်အညစ်အကြေးများ ပေကျံနေသည့်နှယ် ညှိုမွဲနေ၏။

" ဒေါက်ဒေါက်ဒေါက်. . . ဒုန်း "

" ဟင် "

နံရံထက်တွင် သူမ စမ်းမိသည်မှာ ခလုတ်အိမ်မဟုတ်ဘဲ သော့တွဲတစ်တွဲသာ ဖြစ်နေခဲ့လေ၏။ တံခါးခေါက်သံကမူ ပို၍ ပြင်းထန်သော ထုရိုက်သံအဖြစ်ပြောင်းလဲသွားခဲ့ပြီဖြစ်သည်။

" ဆမန်. . . ဆမန်သာတို့လားဟင် ကေ. . . ကေလား. . . အဲ့ဒီလို မလုပ်နဲ့ကွာ တံခါးကို "

" ဒုန်း ဒုန်း "

သော့တွဲကို လက်တွင်ဆုပ်ကိုင်၍ နံရံတွင်ကျောကပ်ထားမိ၏။ အသက်ရှူသံတို့ တွန့်ခေါက်လျက် သူမခန္ဓာကိုယ်မှာ တဆတ်ဆတ် တုန်ယင်နေရသည်။

အမှောင်ထုအနှံ့ မျက်ဆံလှည့်၍ ဝေ့ကြည့်မိသည်။ဘယ်ထိုး အရိပ် အယောင်မျိုးကိုမျှ မမြင်။

မည်သည့်တစ်စုံတစ်ရာမျှရှိနေပုံမရ။ အခန်းလွတ်တစ်ခုထဲ ဖြစ်နေသည်။ ညည်ခန်းဆောင်ဟု စိတ်ကအလိုလို ပြန်အမှတ်ရလာ၏။

" ဒေါက်ဒေါက်. . . ဒေါက် "

တံခါးခေါက်သံက သူမရှေ့တည့်တည့်မှဖြစ်နေသည်။ တံခါးကို ရိုက်ချိုးဖျက်ဆီး၍ ဝင်လာမည်ဆိုလျှင် သူမမျက်လုံးပြူးသွားသည်။





နံရံနှင့်ကျောကပ်လျက်သား ဘေးတိုက်ပြေးမိ၏ ခြေလှမ်းတို့ တွန့်ခေါက် တုန်ယင်နေသဖြင့် ကိုယ့်ခြေထောက်ကိုယ် အကြိမ်ကြိမ်တက်နင်းမိသည်။

" ဒေါက်. . . ဒေါက် "

အသံမှာ သူမ၏ တူရူတွင်သာရှိသေးသည်။ တောင့်မတ် ရပ်တန့်၍ နံရံထဲ နစ်ဝင်တော့မတတ် ဖိကပ်ထားလိုက်မိ၏။

နောက်ထပ် တံခါးခေါက်သံမကြားရမီ သူမ ဒီနေရာမှ ရွှေ့လျားရမည်။ဟုတ်သည်။ နံရံမှ ခဲယဉ်းစွာ ခွာထွက်၍ ကိုယ်ကို လှည့်ပြေးမိ၏။

တံခါးခေါက်သံမှာ သူမနောက်တွင် ကျန်နေခဲ့လေသည်။ အပြေးကို မရပ်မိသေး။ တစ်စုံတစ်ခုနှင့်ဝင်မတိုက်မိသမျှ သူမ အပြေးမရပ်မိသေး။

" ဒုတ် "

" အာ့ "

သူမကို တားဆီးလိုက်သော အရာမှာ ပျဉ်ချပ်တစ်ခုမှန်းသိလိုက် သည်နှင့် သော့အိမ်ကို စမ်းသပ်ရှာဖွေမိပြီးသားဖြစ်နေ၏။

ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားသည့် သော့တွဲမှလည်း သော့တံ တစ်ချောင်းကို ရွေးချယ်ပြီး ထိုးသွင်းရန် အသင့်ဖြစ်နေပြီဖြစ်၏။

" ဒေါက်. . . ဒေါက်. . . ဒေါက် "

" ဟင် "

သူမလက်များကို ပြန်ရုတ်၍ နောက်ဆုတ်လိုက်ရသည်။ သူမ

www.burmeseclassic.com

www.burmeseclassic.com



ဖွင့်မည့် တံခါးပေါက်မှခေါက်သံထွက်လာခြင်းဖြစ်၏။ သည့်နောက် တံခါးခေါက်သံက သူမယာဘက်ခပ်လှမ်းလှမ်းဆီမှ ထွက်ပေါ်လာပြန်သည်။

" အို "

သူမ ထိုနေရာမှ လွင့်စင်သွားသလိုပြေးထွက်လာမိ၏။ သို့သော် ဒီဆယ်မီးမပြည့်မီ တုံ့ရပ်သွားရလေသည်။ သူမ ဦးတည်ရာဘက်မှ တံခါးခေါက်သံများစွာကို ကြားလိုက်ရခြင်းကြောင့်ဖြစ်သည်။

အမှောင်ထုအလယ်တွင် ခြေဖုံရုပ်ကာ ချာရပတ်လှည့်၍နေမိ၏။ ဝင်သက်တို့က လည်ချောင်းဝမှ ပြန်ဆန်တက်လာသလိုပင် တမော တဟိုက် ရှူရှိုက်နေသည့်အသံကပင် ငိုသံပေါက်လာ၏။

ခြေများတွန့်ကုပ်ကွေး၍ လက်အစုံကို ရင်ဘတ်တွင် ဖိကပ်ကာ မျက်နှာကို လက်ဝါးနှစ်ဘက်ကြား ငုံ့ဝှက်ထားလိုက်မိသည်။

" ဒေါက် "

" မာင့် "

ခေါင်းကို ဆတ်ခနဲမော့လှန်လိုက်မိသည်နှင့် အသက်ရှူပါ ရပ်သွား၏။ သူ့အပေါ်တည့်တည့်မှ ခေါက်သံထွက်ပေါ်လာပြန်သလား။

" ဒေါက် ဒေါက် "

သူမလက်ထဲမှ သော့တွဲလွတ်ကျသွားသည်။

ထို့နောက် သူမကိုယ်တိုင် ဒူးထောက်ညွတ်ကျသွားရလေသည်။ မျက်နှာကမှ မမြင်ရသည့်အပေါ်ဘက် မျက်နှာကြက်ရှိရာဆီသို့ မော့ငေး နေမိဆဲပင်။





သော့တွဲကို ကြမ်းပြင်ပေါ် ပွတ်စမ်းရှာဖွေမိ၏။ ဘယ်ဘက် ဘက်မှ သော့တွဲကို တွေ့ရှိဆုပ်ကိုင်မိချိန်တွင် ကြမ်းပြင်ပေါ်မှ သော့အိမ် ခုအား ညာဘက်ဖြင့် စမ်းမိလိုက်၏။

လွတ်လမ်းဟု မသေချာသော်လည်း တံခါးခေါက်သံမကြားရ ည့် အပေါက်ဆို၍ သည်တစ်ခုသာ ကျန်တော့သည်။

မြေအောက်ခန်းသို့ ဆင်းရာ တံခါးရွက်တစ်ခုများ ဖြစ်နေ ည်လား။

ချောင်ပိတ်ခံရမည်ကို စိုးရိမ်မိသော်လည်း

" ဂျောက် "

နောက်တစ်ချောင်းနှင့် ထပ်ကြိုးစားကြည့်သည်။ လက်အစုံက တုန်ကယင်နှင့်။ အရင်နည်းအတိုင်း တစ်ဘက်က သော့တံကို ကိုင်၍ ချန်တစ်ဘက်နှင့် တည့်မတ်ပေးရသည်။

" ဒေါက်. . . ဒေါက် ဒေါက် "

တံခါးခေါက်သံများ။ နံဘေးပတ်လည်မှ၊ အပေါ်တည့်တည့်မှ ဆက်မပြတ် ထွက်ပေါ်နေတော့၏။ သော့အိမ်ကမူ သော့တံတစ်ချောင်း း တစ်ချောင်းကို ငြင်းဆန်နေဆဲ။

ဝင်သက်ထွက်သက်တို့ ကျဲပါးနေရာမှ ခပ်စိပ်စိပ်မြန်ဆန် သည်။ နှလုံးခုန်သံသည်လည်း အသက်ရှူသံနှင့်ထပ်တူနေးလိုက် လိုက်၊ တရှိန်ရှိန်ပူခြစ်လာလိုက် တစိမ့်စိမ့်အေးစက်သွားလိုက်။

မျက်လုံးစုံမှိတ်၍ လက်နှစ်ဖက်ကိုသာ မိမိတဝါးဝါးနှင့်

www.burmeseclassic.com

www.burmeseclassic.com



အားကိုးရင်း သော့ကိုဖွင့်နေရသည်။ သော့တံမဝင်သဖြင့် တရောက်ရောက်ကြည့်နေသံက လိုအပ်သည်ထက်ပို၍ ကျယ်လောင်နေသလား။ သူ့နားထဲ မြည်သံများစွာ စုပြုံတိုးဝင်နေသည်။ တံခါးခေါက်သံ၊ သော့ထည့်သံ၊ ပြီး၊ ခြေသံအချို့။

" ဖ " ခနဲ။

အမှောင်ထဲမှာသာ မဟုတ်လျှင် ပန်းထွက်ရဲတက်လာသည့် သွေးများကို မြင်နေရဦးမည်။

" ချပ် "

သော့ချက်ပြုတ်သံနှင့်အတူ တံခါးရွက်မှာ အနည်းငယ် ဟ သွားသည်။ စိတ်တင်း၍ ထိန်းမနေနိုင်။ တုန်တုန်ရီရီနှင့်ပင် တံခါးရွက်ကို ဆွဲဖွင့်လှစ်လိုက်သည်။ အလင်းရောင်တချို့အောက်မှ ခုန်တက်လာ၏။ သူ့မ ဆင်းသက်နိုင်မည့် သစ်သားလှေကားကိုလည်း ထင်ထင်ရှားရှား တွေ့လိုက်ရသည်။

" ဘာပဲပြောပြော အမှောင်ထဲမှာထက်စာရင် တော်သေးတယ် "

လှေကားပေါ်ပြေးဆင်းမည်ပြုပြီးမှ တံခါးကိုပြန်ပိတ်ခဲ့ရန် သတိရသွားသည်။

တံခါးရွက်၏ အတွင်းဘက်တွင်လည်း သော့အိမ်တစ်ခုရှိနေ၏။ အံကျအောင်စေ့ပိတ်ပြီးသည်နှင့် သော့ခတ်ထားခဲ့လိုက်သည်။

သူမ လုံခြုံသွားပြီလား။ သက်ပြင်းကို ရဲရဲမရှူက်ရသေး။ မြေအောက်ခန်းကို နှံ့စပ်အောင်စေ့စပ်ကြည့်ရသည်။



" ဂျူး "

သည်တံခါးမှလွဲ၍ အခြားဝင်ပေါက်မရှိ၊ လေဝင်ပေါက်ပင်မရှိ။ သည်တော့မှ စိတ်ချလက်ချ ဆင်းလာနိုင်သည်။ လေအဝင်အထွက် နည်းသဖြင့် ပူနွေးမွန်းကျပ်မှုတော့ရှိနေသည်။ လှေကား၏ အောက်ဆုံးအထစ်တွင် ထိုင်ချပစ်လိုက်၏။

သည့်မြေအောက်ခန်းသည်လည်း အခန်းလွတ်တစ်ခုပဲ ဖြစ်သည်။ မျက်နှာကြက်ပျဉ်ခင်းများကြား တပ်ဆင်ထားသော မီးသီး တစ်လုံးမှလွဲ၍ ဘာမျှမရှိ။

တံခါးခေါက်သံ၊ ခြေသံများကို သဲ့သဲ့ပင်မကြားရတော့သော သည်နေရာတွင် လျှင်လှုပ်သည်အထိ သူမစောင့်စားနေရမည်လား။ အင်းခါလှုပ်ရမ်းမှုဖြင့် အိပ်မက်ဆိုးကို အဆုံးသတ်လှည့်ပါတော့။

အတွေးမဆုံးမီ ငြိမ့်ခနဲ ဖြစ်သွားသည်ကို သတိထားမိလိုက်၏။

သော့တွဲကို ကျစ်ကျစ်ဆုပ်ကိုင်ရင်း သူမ ပစ်လဲကျရန် အသင့်ပြင်ထားလိုက်သည်။

ပွတ်တိုက်ရွေ့လျားသံတစ်ခုကြားလိုက်ရ၏။ သူမရှိရာသို့ တဖြည်းဖြည်းနီးကပ်လာသည့်အသံ။ တစ်စုံတစ်ရာကို သိလိုက်သလို အချိန်တွင် ဖျပ်ခနဲ။

မုဖေးဘဲယ်လ် ကော့ဖင်းန်။

နော်မန် မက်ကောလေး ရိုတ်ဂ်။

" ဂျွန်း "

www.burmeseclassic.com

www.burmeseclassic.com



သူမ ရှေ့တည့်တည့်မှထွက်ပေါ်လာသော အသံကြီးနှင့်အတူ အဝ်ဘောမှုန်များ ဖွာခနဲ လွင့်စင်သွားသည်ကို မြင်လိုက်ရသည်။ လူတစ်ကိုယ်ဝင်စာခန့် ပေါက်ထွက်သွားသည့် နံရံထဲမှ မြေအောက်ခန်း အတွင်းသို့ ထိုးဝင်လာသော တစ်စုံတစ်ရာ။

" အ. . . အ. . . အခေါင်းကြီး "

မြေမှုန့်နှင့် အင်္ဂတေအမှုန်များ အလိမ်းလိမ်းပေရေနေသည့် အနက်ရောင် ခေါင်းတလားကြီးတစ်လုံး။ နံရံအပေါက်တွင် တစ်ပိုင်းတစ်စ ထွက်ပြူနေရာမှ ကြမ်းပြင်ပေါ်သို့ လုံးလုံးလျားလျားပြုတ်ကျသွား၏။

" ဗုန်း "

" အား. . . "

မျက်စိစုံမှိတ်၍ သံကုန်ခြစ်အော်ရုံမှတပါး သူမ ဘာမျှမစွမ်းနိုင်တော့။ သူမ ခြေလက်တို့တွင် အင်အားမရှိတော့။ သူမ အာရုံတွင် သိစိတ်မရှိတော့။

ဝင်သက်ထွက်သက်၊ သွေးခုန်နှုန်း၊ နှလုံးခုန်သံ ဘာဆို ဘာမျှမရှိတော့။

❀ ❀ ❀

တစ်ခုခုကို သူမ ပြန်လည်ရရှိလိုက်သလိုခံစားရ၏။

ခြေလက်တို့ နုံးချည့်အားပျော့မနေတော့၊ ခံစားသိမှတ်စိတ်။ သူမ နှလုံးခုန်သံကို သူမ ပြန်ကြားရလေပြီ၊ ရုန်းထွက်နိုင်မည့် အင်အားကို



သူမရရှိလိုက်သည်လား။

နေရာမှ ခုန်အထတွင် မျက်လုံးအစုံကို ခပ်ရဲရဲပြန်ဖွင့် လိုက်သည်။

သူမ အိပ်ခန်းထဲတွင် ပြန်ရောက်နေရမည်ဟု ယုံကြည်ပြီးသား ဖြစ်သည်။ သူမ မျက်စိရှေ့တွင် ရေးလက်စ စာရွက်တစ်ရွက်။

" ကို ဆီ စာရေးတိုင်း အိပ်မက်တွေ မကောင်းဘူး ကိုရယ် "

" ဒေါက် ဒေါက် ဒေါက် "

ပုံမှန်ဖြစ်ကာစ နှလုံးခုန်သံမှာ ဒိန်းခနဲ ဆောင့်တက်သွားသည်။ ဆို့၍ တစ်ဆို့သွားသည့်ဝင်သက်နှင့်အတူ သူမ ခါးဆန့်တောင့်မတ် သွားရ၏။

" ဒေါက် ဒေါက် ဒေါက် "

အိပ်မက်ဆိုးမှ အာရုံအကြွင်းအကျန်မဟုတ်၊ တံခါးခေါက်သံကို သူမ အမှန်တကယ်ကြားလိုက်ခြင်းဖြစ်သည်။အသက်ရှူသံစိပ်လာရ၏။ အတွေးများ ဆိုင်းချင်သလိုလိုဖြစ်လာသည်။သူမ အိပ်မက်ဆိုးမှ နိုးသေးဘူးလား။

" ဒေါက် ဒေါက် "

" ဟေး နာတာလီ "

" အိပ်ပျော်နေတာလား၊ တံခါးလာဖွင့်ဦး. . . ဟေ့ "

" ဝိုး "

သက်ပြင်းချသံနှင့်အတူ သူမ ပြန်လည်ပျော့ပျောင်းသွား၏။

www.burmeseclassic.com

www.burmeseclassic.com



အသက်ဝဝရှူ၍ စာကြည့်စားပွဲမှ ထလိုက်၏။

" ဒေါက်ဒေါက်. . . ဟေး. . . နာတာလီ "

" လာပြီ လာပြီ "

❀ ❀ ❀ ❀ ❀



## အခန်း (၁၄)

" ဟေ့. . . နာတာလီ အန်တီ့ကိုနှုတ်ဆက်လိုက်ဦးလေ "

ရှပ်တွေးရှုသည့်သည့် ပတ်ဝန်းကျင်ထဲ မဖြစ်မနေရောက်နေရသည်ကို စိတ်ညစ်ညူးစွာ မှိုင်တွေနေမိရာမှ ကော့အသံ ကြားလိုက်ရအဖြင့် သူမ သတိဝင်လာသည်။

" ကန်တော့နော် အန်တီ. . . သမီး ရိုင်းသလိုဖြစ်သွားတယ်"

" အန်တီ့တူမတွေအကြောင်း အန်တီနားလည်ပြီးသားပါကွယ်၊ သမီးက ဒီလိုနေရာမျိုးကို သဘောမကျတတ်မှန်း သိပြီးသားပါ. . . နော်ပါတယ် "

" ဟို. . . အန်တီ ရေနွေးနှစ်ထဲ လာဖို့အစီအစဉ်ရှိတယ်ဆိုတော့ရောက်ရင် သမီးကို ဆက်သွယ်ဦးနော်၊ ဘိုးဘိုးနဲ့ ဖွားဖွားကို မိတ်ဆက်ပေးချင်လို့သိလား "

သူမ စကားအဖြစ်ပြောခဲ့ခြင်းမဟုတ်ပါ။ သူမ ရေးသည်



www.burmeseclassic.com

www.burmeseclassic.com



တတိုင်းတွင် အဓိကနေရာမှ ပါဝင်တတ်သော အန်တီမာလာ့ကို ဘိုးဘိုးတို့လည်း တွေ့ဖူးချင်မည်သာ။

သူမအပေါ်စိတ်မချနိုင်သော သည်အဘိုး သည်အဘွားတို့အတွက် အန်တီမာလာသည် ကျေးဇူးတင်ဖွယ်ရာ မိတ်ဆွေကောင်းတစ်ယောက်ဖြစ်ခဲ့သည်လေ။

" ကိုယ့်မြေ ကိုယ့်နေရာမဟုတ်ဘဲ ဒီလိုရပ်ဝေးမြေခြားမှာ ပညာလာသင်ပြီး အဆင့်မြင့်မြင့်အောင်မြင်သွားကြတဲ့ လူငယ်တွေကို အန်တီက ကိုယ့်တူမလိုစောင့်ရှောက်ပေးနိုင်ခဲ့တာကိုပဲ ဂုဏ်ယူလို့မဆုံးပါဘူး။ဒါကို ကျေးဇူးကြွေးတစ်ခုလို့ မှတ်မထားကြပါနဲ့. . . ဟုတ်လား"

အန်တီမာလာ၏ စကားအဆုံးတွင် ရှိုက်သံသဲ့သဲ့ပေါ်လာသည်။ အမြဲတမ်း ခပ်ပေါ့ပေါ့နေခဲ့သည့် ဆမန်သာဆီမှဖြစ်နေ၍ သူမ အံ့သြမိသေး၏။

တကယ်တော့ သွေးမတော်သားမစပ်သည့် သူမနှင့် ကေပင်ခွဲခွာရမည်ကို ငိုချင်ချင်ဖြစ်နေရသည်ပဲ။ ဆမန်သာက သွေးရင်းသားရင်း အရင်းအချာဖြစ်နေသဖြင့် အံ့သြစရာတော့မရှိပါ။

" ကဲ. . . သမီးတို့ သွားကြတော့လေ အချိန်နီးနေပြီ "

နောက်ဆုံး စကားကိုဆို၍ ကျန်ခဲ့သော အန်တီမာလာ မျက်လုံးအစုံတွင်လည်း မျက်ရည်စတို့ ရစ်ဝဲနေခဲ့သလို နှုတ်ဆက်ထွက်ခွာခဲ့သော သူမတို့ သုံးဦးသားလည်း အသံတိတ်ငိုနေမိကြသည်သာ။

လေယာဉ်ပေါ်အတက်တွင် အန်တီမာလာရှိရာဘက် လှည့်၍





လက်ပြမိသည်။ပြီး၏။ အရာအားလုံးကို သူမ လက်ပြလိုက်သည်။

နှစ်ရှည်လများ ကျင်လည်ခဲ့ရသည့် သည်နေရာ၊ အတွေ့အကြုံသစ်များစွာ၊ အသိပညာသစ် အတတ်ပညာသစ်များစွာ ပေးခဲ့သော သည်နေရာ၊

သူမဆက်ဆံခဲ့ဖူးသူများနှင့် မဆက်ဆံခဲ့ရသူများ အားလုံးကို သူမ လက်ပြနှုတ်ဆက်လိုက်ခြင်းဖြစ်သည်။

" နေရစ်ခဲ့တော့ "

" နေရာယူကြရစို့. . . ငြိမ်း "

" အို "

ပထမဆုံး သူမ ပြန်ကြားလိုက်ရသော နာမည်ဟောင်း။ ဆိုင်များစွာအတွင်း အသံအဖြစ် ပထမဆုံးပြန်ကြားလိုက်ရသည့် ဘဲခေါ်အဝေါ်။

" နင်. . . ငါ့ကို ငြိမ်းလို့ ခေါ်လိုက်တယ် ဟုတ်လား ကေ "

ကေက ဆမန်သာ့ဘေးတွင် ဝင်ထိုင်ရင်းမှ သူမကို ပြုံး၍ စိုက်ကြည့်လာသည်။

" မင်း. . . အလယ်မှာထိုင်မလား "

" အင်း "

နေရာယူအပြီးတွင် ကေက ဆမန်သာနှင့် သူမကို မိတ်ဆက်ခဲ့သည်။ ရင်းနှီးပြီးသား သူငယ်ချင်းချင်း မိတ်ဆက်ပေးနေရသဖြင့် ကာလတော့ နည်းနည်းဆန်သည်။



www.burmeseclassic.com

www.burmeseclassic.com



" ဆမန်သာ. . . နာတာလီရဲ့ နာမည်အရင်းက ငြိမ်းတဲ့ ဒီမှာ ကျောင်းတက်တော့မှ အဆင်ပြေအောင် သူ့နာမည်အစစာလုံး အန်ကို ယူပြီး နာတာလီလို့ ပြောင်းထားတာ "

" ငါ မှတ်မိပါတယ်ဟ ရောက်ရောက်ချင်းတုန်းက တစ်ခါ အဲ့ဒီနာမည်နဲ့ မိတ်ဆက်ပေးဖူးတယ်လေ၊ အရှည်က ငြိမ်းချမ်းငြိမ်းတဲ့ ဟုတ်တယ်မဟုတ်လား "

" နင်မှတ်မိသားပဲ. . . နင့်နာမည်လည်းပြောဦးလေ "

" ငါ့မှာ ဆမန်သာကလွဲလို့ တခြားနာမည်မရှိဘူး ငြိမ်းကောရောဟင် "

" သူကလည်း နင့်လိုပဲ နာမည်ဆင်းရဲတယ်၊ ကေဆိုတဲ့ တစ်လုံးတည်းပဲရှိတာ "

"ငါတို့က အဲ့ဒီနာမည်မျိုးတွေ လျှာသိပ်တွေ့တာ မဟုတ်ဘူး အဲ့ကြောင့် ငြိမ်းကိုလည်း ပြောထားတာ. . . ပြောသင့်တယ်ထင်လို့ ပြောင်းမယ်ဆိုတာကို ငါမတားဘူးလို့ ဒါပေမဲ့ ပြန်ပြီဆိုတာနဲ့ လေယာဉ်ပေါ် တက်ကတည်းက ငါအဲ့ဒီနာမည် အသစ်ကို မခေါ်တော့ဘူးလို့ "

ဆမန်သာက ကေ့ စကားကြောင့် အနေရခက်သွားဟန်နှင့် ပခုံး ကျုံ့ပြသည်။

ပြီး သူ့ကိုသူ ငုံ့ကြည့်ပြီး ပြုံးစိစိလုပ်နေသည်။ ကေနှင့် သူ့အား နှစ်ယောက်က ဂါဝန်ရှည်ကိုယ်စီနှင့် ခပ်ရိုးရိုးဝတ်ဆင်ထား သလောက် ဆမန်သာက ယဉ်ကျေးမှုသိပ်မပြောင်းသေး။





အကျီလက်ပြတ်၊ စကတ်တိုတိုနှင့်သာ ရှိသေးသည်လေ။

" ဟဲ့. . . နာတာ အဲလေ ငြိမ်း ငါ့ကိုလည်း နာမည်လှလှလေး တစ်ခုပေးပါဦး တော်ကြာမိကေက မခေါ်ဘဲ နေဦးမယ်၊ ဒီ ဒိုင်းကိုတော့ လေ ဟိုရောက်ရင် ပြင်ပို့မယ်နော် "

" ငါ. . . မင်းကိုစောင်းပြောနေတာ မဟုတ်ပါဘူးကွာ နာမည် ပြောင်းမယ်ဆိုရင်တော့ ငါစဉ်းစားပေးမယ် မင်းနဲ့လိုက်မယ့် နာမည်လေး"

ဝေလယာဉ်စထွက်ပြီမို့ သူမတို့စကားပြတ်သွားသည်။ တရွေ့ရွေ့ ကျန်ခဲ့သည့် ရှုခင်းများဆီ သူမ အကြည့်ရောက်မိ၏။ အဆုံးမသတ်ခဲ့ရ သည့် နှုတ်ဆက်စကားကိုလည်း တိုးတိုးဖွဖွရေရွတ်လိုက်မိလေသည်။

" နေရစ်ခဲ့တော့. . . အိပ်မက်ဆိုးတို့ရေ "

❀ ❀ ❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

“ ငြိမ်း . . . ပြန်ရောက်နေပြီတဲ့လား ”

ဖွာလွင့်သွားတဲ့ ရွက်ဖျဉ်တွေအောက်က နာနာကျင်ကျင် ငြိုငြင်တမ်းနေတဲ့ လေ့ပယ်လို့ လမင်းကြွေသွားတဲ့ ကောင်းကင်ဆီ ဆွဲဆွဲငင်ငင် ဟစ်အုနေတဲ့ တောရိုင်းကောင်ကို တစ်ကိုယ်ကြား အက်ကြေသံတွေနဲ့ သူငိုနေမိပြီ။

ခေါင်းငုံ့၊ ဒူးထောက်၊ ငြိမ်ဝပ်။

ကိုယ့်ဒဏ်ရာကိုယ် လျှာနဲ့ပြန်လျက်နိုင်သေးတဲ့ ကျားနာတစ်ကောင်ကမှ သူ့ထက်သာလိမ့်ဦးမယ်။ တစ်ခါတစ်ခါ ဘဝက ကိုယ့်ကို ကိုယ်ပြန်ခုတ်မိတဲ့ ဓားတစ်လက်လိုပဲ။

ဒီအခွံတွေထဲမှာ အားလုံးကျေနပ်အောင် လဲကျပြလိုက်ရမှာလား။

သူကတော့ သူ့ကိုသူ ဒီနေရာမှာပဲ အတောင်ချိုးပြီး ပစ်ချထား





ပြီး ဘာသံကမှ သူ့အက်သံလောက် မကျယ်လောင်ခဲ့ပါဘူး။ အနောက်ဘို့ လှည့်ပေးရင်း ခြေရာတွေက ရိုးရိုးရိုဝ်ရိုဝ်ပဲကျန်တော့တယ်။ ရှေ့မှာရော။

ကောင်းကင်တွေ တစ်လွှာပြီးတစ်လွှာ ပြိုအိကျလာသလို ထေးလံလှတဲ့ ဒဏ်ရာ။

အလင်းတွေ ထစ်ထစ်အအနဲ့ဒီညကို လမင်းဟာ ဒီအတိုင်း အားနဲ့လမလာ။ ညဦးလေကိုက တဖိတ်ဖိတ်နက်နေသလို ထင်ရတယ်။

သူ့ကို ချောင်းမြောင်းကြည့်နေကျ ကြယ်ရုကြယ်ဝန်းတွေတောင် ဘူ့ာ တစ်သောင်းစာ အမှောင်တွေထဲ ခဲခဲသည်းသည်း ပျော်ဝင်ပွဲ့တည် သွားကြပြီ။

နာမည်ပေးမထားတဲ့အပြုံးမျိုး သူပြုံးမိတယ်။

ယိုယွင်းစ ပင်လယ်ရိုင်းရဲ့ မုန်တိုင်းအထပ်ထပ်အောက် ပင်တွေ လဲပြိုသွားတဲ့ တယောအိုက မိစ္ဆာဆန်ဆန်တစ်ချက် ‘လက်’ပြ သွားသလိုမျိုးပေါ့။

“ မိစ္ဆာ ”

ဟုတ်တယ်။

သူဟာ မိစ္ဆာတစ်ကောင်ပဲ။

ငြိမ်းအတွက်တော့ သူဟာ မိစ္ဆာတစ်ကောင်ပဲ။

ကမ်းပါးတစ်ခုရဲ့ အစွန်းမှာ သူရပ်တယ်။ သူ့အလွှက် တွေဟာ လမ်းဖြစ်လို့ နေတာတွေကတော့ အိပ်ရာညြောင်းစောင်းပဲ။ ရောင် အဆင်းတွေကို သူမုန်းခဲ့တာကြာပြီ။ အမှောင်ထဲမှာဆို

www.burmeseclassic.com

www.burmeseclassic.com



အားလုံးကို တပြေးညီမြင်ရတယ်။ တစ်ခါတလေ စဉ်းစားမိတယ် အလင်းရောင်နဲ့ စဉ်းလဲတောက်ပနေတဲ့ နေ့တွေက အမှန်လား အလင်းရောင် မရောတဲ့ ညစစ်စစ်တွေက အမှန်လား။

" ငါက. . . နေ့လား. . . ညလား "

စိတ်ပြတင်းကို ချပ်ခနဲပိတ်ပြီး ရောက်ရာအရပ်ကို ပုံကြည့်လိုက် တယ်။သူ့ကိုသူ မမြင်ရဘူး။ သူ့လက်ထဲက မီးအိမ်ကို ထွန်းညှိလိုက်တယ်။

" ငြိမ်းကို လွမ်းရင် အလင်းရောင်ကို တမ်းတမိတယ် "

သူ့မျက်လုံးတွေနဲ့ ခပ်စိမ်းစိမ်းဖြစ်နေခဲ့တဲ့ အလင်းရောင် ထိတ်လန့်စရာတစ်ခုလို သူမြင်လိုက်ရတယ်။ ဖါကျင်ကျင် အလင်းရောင် ထဲမှာသူ နောက်ဆုံး ရေးဖြစ်ခဲ့တဲ့ ပန်းချီကားက နံရံမှာ မတည့်မစောင်း နိုတွဲလို့။

" အလင်းရောင်ကိုမြင်ရင် ငါရှုးသွပ်သွားတော့တာပဲ "

သူ့ကြွေးဝါးသံကိုသူ ရင်ထိတ်သွားတယ်။ အလိုလိုလှုပ်ရှားမြောက်ကြွ လက်အစုံက ပန်းချီကားပေါ် ထိုးစိုက်ကျ။ ကင်းဗတ်စကို အစိမ်း အစွာအစွာ ဆုတ်ဖြဲပစ်လိုက်မိတယ်။

အရောင်တွေတစ်စစီ။ အဲ့ဒီ တဒင်္ဂအတွင်းမှာပဲ သူ့ရဲ့နှစ်ကာ ပေါင်းများစွာ မှန်မှားလွင့်ဖွာသွားခဲ့ပြီ။ ရင်ကွဲသံကြီးနဲ့ ဟစ်အော် လိုက်တယ်။

အမှောင်တနံတလျားက တိတ်ဆိတ်မှုတွေ တုန်လှုပ်သွား ဝက်စ်တားလန်းဒ် ပန်းရုံတွေဆီက နှင်းဆီတွေ ငိုသံ





တယ်။ အော်သံကို ရပ်တန့်ပြီး နားစွင့်ကြည့်တယ်။ ဥယျာဉ်ဘက်က ညည်းညူရှေရှုတ်သံ ဖြိုးဖြိုးဖြောက်ဖြောက်။

" အိုး ငါ့ကို မကြောက်ကြနဲ့ ငါက ဘာမှမဟုတ်ဘူး။ ဘာမှ နိုင်မှာ မဟုတ်ပါဘူးကွာ. . . သိပ်အစွမ်းအစရှိတဲ့ကောင် မဟုတ်ဘူး။ တို့ သခင်မလည်း ငါ့ကိုအလွယ်တကူ မေ့ပစ်နိုင်မလားဘဲ "

သူ့အပြုံး သူမမြင်နိုင်ပေမယ့် အချိုးမကျတဲ့ နှုတ်ခမ်းတွေနဲ့ပုံမှုံးပဲ နေလိမ့်မယ်ဆိုတာ သူသိပြီးသား။ အခန်းလွတ်တွေ အများကြီးကို အပြုံးနဲ့ပဲ သူဖြတ်သန်းခဲ့တယ်။

ဥယျာဉ်နဲ့ ဝေးလာတဲ့နောက် ငိုညည်းသံတွေလည်း တိုးလျ ကွယ်သွားခဲ့ပြီ၊ အလင်းရောင်လား။ မလိုပါဘူး။ သူတစ်နေရာမှာ ခဲ့လိုက်တယ်။

ကျွမ်းဝင်ပြီးသားနေရာမို့ သူ့ရှေ့ခြေလှမ်း ခုနစ်လှမ်းစာလောက် လှေကားတစ်စင်းရှိမှန်း အလိုလိုသိနှင့်ပြီ။

ဒီလိုနဲ့ ထပ်ခိုးလေးရဲ့ မှန်လည်တံခါးတွေနောက်မှာ တိတ်တဆိတ်ထိုင်လို့ ခြံရှေ့ကို မျှော်ငေးမိပြန်တယ်။

နှင်းဆန်ဆန်ရှာနေတဲ့ မိုးမှုန်တွေထဲမှာ နှင်းဆီရုံတွေလည်း လည်အိပ်မော ကျသွားကြပြီ။သူက ဘာအတွက်များ မလာစေချင်သူကို မျှော်နေမိပါ လိမ့်မယ်။

ပန်းအိပ်ချိန်မှာ ထွက်ပြူလာတတ်တဲ့ နှင်းဆီတို့ရဲ့ ရနံ့ကို ညလေထဲမှာ သူရလိုက်တယ်။ ငြိမ်းအတွက်ပျိုးထားတဲ့ ပန်းတွေပါ။



www.burmeseclassic.com

www.burmeseclassic.com



ခုတော့ ကိုယ်ကိုယ်တိုင်လည်း မျိုးစေ့တစ်မျိုးဖြစ်ရတော့မယ်။ သူတွေးကြည့်တယ်။ ဘယ်လိုပန်းတွေ ပွင့်ပြလိုက်ရမလဲလို့။ သူ့ပွင့်ချပ်တွေမှာ သွေးစက်တွေစို့နေမှာစိုးတယ်။ ပြီးတော့ အဲဒီပန်းကို ငြိမ်းနေမ်းဖြစ်အောင် အလှဆုံးပွင့်ပြပြီးတာနဲ့ ချက်ချင်းနွမ်းပစ်ရလိမ့်မယ်။

" ကိုယ့်ကို ခွင့်လွှတ်ပါငြိမ်း "

" ဘာဖြစ်လို့လဲ "

အမှောင်ထဲမှာ မထင်မှတ်ဘဲ ငြိမ်းရဲ့ အသံလေး စိမ့်ထွက်လာသလား။ သူကြားလိုက်မိသလိုပဲ။

" ကိုယ့်ကိုကိုယ်တော့ ခွင့်မလွှတ်ရသေးဘူး ငြိမ်း "

နောင်တမဟုတ်ဘူး။ ကံကြမ္မာကို မကျေနပ်တာ။ အဲဒီလူညံ့တွေရဲ့ ဆင်ခြေလို့ ဆိုဦးမလား။ သူ့ကိုသူ ခပ်ညံ့ညံ့ကောင်လို့ ဝန်ခံခဲ့ပြီးပြီပဲ။

" ငါမကျေနပ်တဲ့ ကံကြမ္မာက ငါ မဖန်တီးခဲ့တဲ့ ငါ့ကို ရွေးချယ်ခွင့် မပေးခဲ့တဲ့ ငါ့ကို အဓိကဖမ်းလုပ်ကြခဲ့တဲ့ ကံကြမ္မာကို မကျေနပ်တာ။ မကျေနပ်ခွင့်ရှိတယ်။ ဘာလို့များ ညီမျှခြင်းရဲ့ တစ်ဘက်မှာ အမြဲရှိလာမှာ မဟုတ်ဘဲ အပေါင်းသင်္ကေတနဲ့ ငါ့ကို ဖြားယောင်းခဲ့ရတာလဲ "

ခွဲရပြီဆိုတာကို သိရက်နဲ့တော့ ငြိမ်းအတွက် လွမ်းစရာ မချန်ရစ် ချင်ဘူး။ အရောင်အဆင်းရှိတဲ့ အမှတ်တရတွေက များလှပြီ။ သက်တမ်းစေ့ဆိုတဲ့ အသုံးအနှုန်းကို ပြက်ရယ်ပြုစရာထင်ခဲ့တဲ့ သူ့အတွက်





ဟောဒီအိမ်ကလေးရဲ့ အနောက်ဘက်ဆီမှာ သချိုင်းရာအုတ်ဂူတစ်လုံး ရှိနေခဲ့ပြီ။

မှန်လည်တံခါးအနားက ပြန်အထမှာ ရှေးဖူးတဲ့ ကဗျာတစ်စက သူ့ကိုလှောင်ပြောင်ဖို့ အာရုံထဲရောက်လာတယ်။

ငါ့ညစာမှာ

အလောင်းတွေထပ်လှပြီ

ဟောဒီ ညစ်ထေးဆူညံနေတဲ့ ဘဝတွေကြား

အသက်မရှည်ချင်လည်း. . . နေ

ဆေးလိပ်တစ်ဖွာလှောက် တိုက်စမ်းပါ အပေါင်းအသင်းရာ။

အိမ်ရဲ့ အနောက်ဘက်မှာ မိုးကပိုသည်းနေပြီ။ စိမ့်အေးမှုကြောင့် နာကျင်ကိုက်ခဲမှုကို မခံစားရဘဲ အထိအတွေ့မှန်သမျှက အိမ်ငွေ့ဆန်လို့။ သူတကယ်ပဲ သေဆုံးသွားပြီလား။

ပြတင်းမှန်သားတွေရဲ့ တစ်ဘက်မှာ အမှောင်ကျဲကျဲအောက် ညှာင့်ပျောက်နေတဲ့ သချိုင်းရာ အုတ်ဂူကို တွေ့လိုက်ရတယ်။

သူလည်း မျိုးစေ့တွေလို မြှုပ်နှံသဂြိုဟ်ခံလိုက်ရတဲ့အခါ မြေလွှာကို တိုးထွက်ရှင်သန်နိုင်ခဲ့ရင် ဘယ်လောက်ကောင်းမလဲ။

သူ့အုတ်ဂူကိုသူ ချောက်ချားချားကြည့်ရင်း မှန်ပြတင်းတွေနောက်က ဆုတ်ခွာခဲ့ရပြီ။

ထပ်ခိုးပေါ်မှာ သူမရှိတော့။

မြေညီထပ် အခန်းတွေတိုင်းမှာလည်း မရှိတော့။



www.burmeseclassic.com

www.burmeseclassic.com



ကြမ်းပြင်ရဲ့ အပေါက်တစ်ခုကနေ သူ့ကိုသူ ပစ်ချလိုက်ပြီ။ သွေးညိုနှင်းတွေကြားမှာ။ အမှောင်က တငွေ့ငွေ့နွေးလို့နေတယ်။ ဒီနောက်ပိုင်း [illegible]တွေမှာ သူစိတ်ကြိုက်အဖြစ်ဆုံး ပုန်းခိုရာလေ။

ကိုယ့်ကိုကိုယ်ပြန်မြိုထားမိတဲ့ ညောင်ပင်အိုလိုပဲ။

" မုးယစ်ဆေးအစ ဆေးလိပ်ကတဲ့ ကိုရဲ့. . . ကိုယ့်စိတ်ကိုယ် နိုင်ပါတယ် လုပ်မနေနဲ့ ခုတောင် ကို ဒီဆေးလိပ်ကို ဖြတ်နိုင်လို့လား "

" မသောက်ပါနဲ့လို့ ခဏခဏတားနေတဲ့ကြား ဒီဆေးလိပ်တွေ သောက် သောက်နေတာမြင်တော့ ပြောလို့မရပါလားလို့ စိတ်မကောင်း ဖြစ်မိတယ်. . . ကို "

လိုက်ခနဲ ပျံ့တက်လာတဲ့ ဝေဒနာကြောင့် အသံဟောင်းတွေ လွင့်ပြယ်သွားခဲ့တယ်။ လည်ချောင်းထဲ ဆန်တက်လာတဲ့ ငန်ကျိကျိ အရသာ။ သူ့လက်ခုံပေါ်သူ အန်ချလိုက်မိတယ်။ ပူနွေးနွေးစေးထန်းထန်း အရည်များ။

သွေးညိုနှင်းကို ရှုရှိုက်မိတာနဲ့ ရင်ထဲထိတ်ခနဲ။

သွေးစက်တွေ အမှောင်ထဲ ပြန့်ကျဲကုန်တယ်။

" ထူးဇေ . . . ဟေး. . . ထူးဇေ "

မြေလွှာတွေကို ဖောက်ထွက်လာတဲ့ခေါ်သံ အက်ကွဲလေးယင် နေတဲ့ ခေါ်သံတွေ။

" ငါ့ကို မခေါ်ကြနဲ့ဦး. . . ငါ့ကို မခေါ်နဲ့ "

ခေါ်သံတွေကြားမှာ သူအိပ်မောကျသွားခဲ့တယ်။





အိပ်မွေ့ချခံထားရတဲ့ လိပ်ပြာတစ်ကောင်လို တထိတ်တန့် [illegible]းချက်တွေနဲ့ပဲ အိပ်မက်ထဲရောက်ရှိသွားခဲ့ရတာပါ။ အိပ်မက်မှာ [illegible]တွေ အသံတွေပါမလာဘူး။

" ငါ့ကို. . . မနှိုးကြပါနဲ့ "

❀ ❀ ❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

" ဘယ်လို. . . ဘယ်လို ဘိုးဘိုး . . . ကို ကိုမရှိတော့ဘူး ဟုတ်လား "

သူမကြားလိုက်ရသည့်စကားကို သူမ မယုံနိုင်အောင် ဖြစ်သည်။ ခေါင်းကို တွင်တွင်ထက်ပို၍ ယမ်းခါရင်း ခုံပေါ်သို့ အရုပ်ကြိုးပြတ် ပြုတ်ကျသွားရလေ၏။

သည်လိုမှန်းသိလျှင် သူမ မမေးခဲ့ပါဘူး။ သူမ ပြန်ရောက်တည်းက 'ကို'နှင့် ပတ်သက်၍ ဘာစကားမျှမကြားရ။ ဘယ်သူကမျှ တစ်ခွန်းတစ်စ မပြောခဲ့ကြပေ။ ဘိုးဘိုးနှင့် ဘွားဘွားကို နေနိုင်လွန်းသည်ဟုပင် ထင်ခဲ့မိသေး၏။

သည်မနက်တွင်မှ သူမ မနေနိုင်လွန်းစွာ မေးလိုက်မိခြင်းပင်။

" ဟုတ်တယ် မြေးလေး။ မောင်ထူးဇေ ဆုံးတာ တစ်လ ကျော်သွားပြီ "





" မဖြစ်နိုင်ဘူး အို. . . သမီးမယုံဘူး. . . ဘိုးဘိုးရယ် သမီးကို အဲဒီလို မနောက်ပါနဲ့ ဒါ ဒါသမီး. . . မဖြစ်နိုင်၊ ဟင့်အင်း ဟင့်အင်း"

" နောက်ကောင်းတဲ့ကိစ္စမှ မဟုတ်ဘဲ သမီးလေးရယ် "

ဘွားဘွားက သူမကို ထွေးဖက်နှစ်သိမ့်ကာ ခပ်တိုးတိုး ပြောသည်။

" သမီးလေးဆီ ဘွားဘွားတို့ အကြောင်းကြားခဲ့ပါသေးတယ်၊ သမီးလေး အဲ့ဒီစာ မဖတ်ရဘူးလား။ ဖုန်းထဲမှာဆိုရင် သမီးလေးကို ဘယ်လိုမှ ပြောမထွက်လို့ ဘွားဘွားစာရေးပြီး ပြောခဲ့သေးတယ်လေ. . . သမီး မဖတ်ရဘူးလား "

" ဘိုးဘိုးတို့လည်း သိတာမကြာသေးဘူး။ ရက်ပိုင်းပဲ ရှိသေးတယ်၊ ဒီမှာဖြစ်တာမဟုတ်ဘူး။ နယ်ဘက်ခရီးထွက်သွားရင်း ဖြစ်တဲ့ကိစ္စဆိုတော့ ဘိုးဘိုးတို့ သိသိချင်းအကြောင်းကြားခဲ့တာပါ "

" ဒါ. . . ဒါဆို တကယ်ပေါ့၊ ကို. . . ကိုသေသွားပြီပေါ့ ကို မရှိတော့ဘူးပေါ့ သမီး. . . သမီး သူ့ကို ဘယ်တော့မှ "

ဘိုးဘိုးနှင့် ဘွားဘွားတို့ မျက်နှာတွင် စနောက်ကျီစယ်နေဟန် အရိပ်အယောင်မျှမရှိ။ ရင်ဝ၌ လေးလံသိပ်သည်းလာသည်။

ခံစားမှုအားလုံးထုံကျဉ်၍ သူမခေါင်းထဲ ဗလာကျင်းသွားလေ၏။

အမှန်ဟု သေချာသွားသည့်နောက် သူမ စကားပြော၍လည်း မရတော့။ ငို၍လည်း မရတော့။ သူမကိုသူမ ဘယ်လိုအနေအထားနှင့် အသက်မဲ့ သွားသည်ဆိုခြင်းကိုပင် မသိတော့။



www.burmeseclassic.com

www.burmeseclassic.com



" တစ်လကျော်ပြီ "

" နယ်ဘက်ခရီးထွက်ရင်း "

" သူ့ကိုဘယ်တော့မှ "

" အဲ့ဒီစာ မဖတ်ရဘူးလား "

" မြေးလေး. . . မြေးလေး သတိထားဦးလေ၊ ဟဲ့ အဲ့ဒီလိုကြီး ဇက်ပြီး ကြောင်ကြည့်မနေနဲ့လေ သွား ရေသွားခပ်ချေ၊ မြေးလေး မြေးလေး ဘိုးဘိုးကိုကြည့်စမ်း "

" ဆေး. . . ဆေး အဘိုးကြီး ကျွန်မ ဘာဆေး. . . ဘာဆေး သုံးခဲ့ရမှာလဲ "

" ရေသာသွားခပ်စမ်းပါ "

" သမီး သမီးလေး "

ညှိုးမွဲမွဲ ဟင်းလင်းပြင်ထဲမှ စကားသံတို့ တဖြည်းဖြည်း ဝေးကွာ တိုးတိမ်သွားခဲ့သည်။

အမြင်အကြားခံစားမှုကင်းမဲ့စွာ သူမကို တွန်းထိုးလှုပ်ခါ နေမှုအား ခပ်ယဲ့ယဲ့သတိထားမိသော်လည်း တုံ့ပြန်နိုင်စွမ်းမရှိ၊ သူမထံ တဟုန်ထိုး ပြေးဝင်လာသော ပုံရိပ်များစွာကို မြင်လာရသည်။

အရိပ်များက သူမ ခန္ဓာကိုယ်အား တိုးလျှိုပေါက်ဖြတ်သန်း သွားကြ၏။

ပုံရိပ်တစ်ခုကို သူမ ဖမ်းဆုပ်လိုက်နိုင်သည်လား။

" ကို "





စက္ကန့်လက်တံ တစ်လှမ်းစာလောက်သာ 'ကို' မျက်နှာကို မြင်လိုက်ရ၏။ အခိုးအငွေ့လို လွင့်ပြယ်သွားသည့် ထိုပုံရိပ်နောက် သူမကိုယ်တိုင် အခိုးအငွေ့အဖြစ် ကောက်ကောက်ပါသွားရလေပြီ။

တစ်ချိန်က စိမ်းမြရွက်ချွန်တို့ ယှက်ဖြာခဲ့သော ယူကလစ် ပင်များ မှိုင်းငွေ့ပါးပါးတွင် နေနှစ်စင်းရုံခဲ့ဖူးသည့် မြို့လယ်မျှော်စင်။

တစ်ချိန်က 'ကို' နှင့်အတူ လျှောက်ခဲ့ဖူးသည့် ယူကလစ် တစ်ခြမ်းနှင့် မြို့စွန်လမ်းကလေးပေါ် သူမ တစ်ယောက်တည်း လျှောက်နေ မိသည်။

တကယ်ဆို သူမ စိုက်ကူးမိခဲ့သည်က

စာမရေး ဖုန်းမဆက်နှင့် နေနိုင်လွန်းသော 'ကို' ကို အံ့သြ ယ်းသာ သွားစေချင်သည်။ သူမ ပြန်ရောက်ရောက်ချင်း 'ကို' ရှိမည့် နေရာကို ဘိုးဘိုးတို့ဆီမှ သိရလိမ့်မည်ဟု ခပ်လွယ်လွယ် တွေးခဲ့မိ၏။

ဘိုးဘိုးတို့ အတိအကျ မသိလျှင်တောင် 'ကို့' ဦးလေးကတော့ ပြောပြနိုင်လိမ့်မည်ဟု ထင်ခဲ့သည်။

'ကို' ရောက်နေသည့် လိပ်စာကိုရလျှင် ဘိုးဘိုးနှင့်ဘွားဘွား ကျေနပ်အောင် အိမ်မှာ နှစ်ရက် သုံးရက်နေပြီး 'ကို' ရှိရာလိုက်လာခဲ့မည်။

'ကို' ရှိရာ လိုက်လာချင်ခဲ့သည်။

" အခု. . . ငြိမ်း ဘယ်ကို လိုက်လာရမှာလဲ. . . ကို "

အသံမဲ့ အော်ဟစ်မှုတို့ဖြင့် သူမ ရင်တစ်ခွင်လုံး အက်ကွဲ သွားတော့မတတ်။ မှင်တက်ခြင်းများ ရပ်ဆိုင်းသွားသည်နှင့် မျက်ရည်က



www.burmeseclassic.com

www.burmeseclassic.com



အလိုလိုစီးကျလာသည်။

ယူကလစ်ပင်အုပ်ကြားသို့ သူမရောက်ရှိလာသည်။ တစ်ခြို့တည်း အတူနေခဲ့သူချင်း အမှတ်မထင် တွေ့ဆုံမှုမျိုးပင် မရှိခဲ့သော သူစိမ်း သက်သက် ဘဝနှစ်ခုအား အရင်းနှီးဆုံးဖြစ်သွားစေရန် အစပျိုးပေးခဲ့သည့် နေရာလေ။

ပင်များတို့ဆီ သူမ မော့လှန်ကြည့်လိုက်မိသည်။

" အို. . . တိုက်ဆိုင်လိုက်တာ "

ရွက်သစ်ပေါင်းများစွာ အဆက်ဆက်လဲခဲ့ပြီးသည့်တိုင်အောင် သည်ပင်များတို့က ခေါင်းရုပ်ကလေးကို ဖော်ကျူးနိုင်တုန်းပင်။

သူမ ခေါင်းကို ဆတ်ခနဲ ငုံ့စောင်း၍ လမ်းမဘက်သို့ ကြည့်မိ၏။ မိန်းကလေးတစ်ယောက်ကို နောက်ပြန်လျှောက်၍ စကားလိုက်ပြော နေသော အရူးတစ်ယောက်ယောက်ကိုများ တွေ့ရမည်လားဟု သူမ မျှော်လင့်မိခြင်းမှာ သူမကိုယ်တိုင် ရူးနှမ်းနေ၍သာဖြစ်ရမည်။ လက်တွေ့တွင် နေရောင်ကျဲကျဲ ဖြန့်ခင်းထားသော လမ်းမထက် သွားလာ နေသူတစ်ယောက်တစ်လေပင် ရှိမနေခဲ့ပေ။

" ငြိမ်း. . . ဘယ်မှာလိုက်ရှာရမှာလဲ ကို "

ယူကလစ်ပင်များကြားမှ လမ်းမဘက်သို့ နောက်ပြန်လျှောက်၍ ထွက်လာခဲ့မိသော်လည်း သူမကို ဝင်တိုးတိုက်သွားသူမရှိ။

" တကယ်လို့ အဲ့ဒီတုန်းကတည်းက ငြိမ်းကို 'ကို' ဝင်မတိုက်မိ ခဲ့ရင် "





သူမ လမ်းပေါ်တွင် တည့်တည့်မတ်မတ်လျှောက်၍ မြို့ထဲသို့ ပြန်ခဲ့လိုက်သည်။ လုံးဝနောက်ပြန်လှည့်မကြည့်မိအောင် စိတ်တင်းထား ချိန်က သူမ လည်ပြန်ကြည့်မိခဲ့သေး၏။

" ဒီနေ့ရဲ့ ဒီအချိန်လေးမှာ ထူးဖေဆိုတဲ့ကောင်က "

" အား. . . ကို ငြိမ်းကို ရူးအောင် တမင်လုပ်ခဲ့တာပဲ၊ ငြိမ်း ရဲ့ဉာဏ်တွေ ဘာလို့ အလုပ်လုပ်နေသေးတာလဲ. . . ကို လုပ်ခဲ့တာလား ငြိမ်းကို ငြိမ်းရူးအောင် လုပ်နေမိတာလား "

" ငြိမ်းကိုချစ်တယ် "

" သွား. . . မကြားချင့်ဘူး၊ မကြားချင်ဘူး "

ဆံပင်တွေသူမ မျက်နှာပေါ် အုပ်ကျလာသည်အထိ ခေါင်းကို ခါယမ်းပစ်မိသည်။ နားအစုံကိုလက်နှင့် ဖိပိတ်၍ ပြေးထွက်လာခဲ့မိ၏။

ခေါ်သံအချို့နှင့် တစစ ပို၍ နီးကပ်လာခဲ့သည်။ ဝန်းကျင်သည် ညြိုး နေရောင်ကျဲကျဲအောက်မှ ညတစ်ညသို့ ချက်ချင်းကူးပြောင်းသွား သည့်နှယ်။

သူမကို သူမ အမှောင်ထဲတွင် ပျောက်ဆုံးသွားသလို ခံစားလိုက် ရ၏။ သူမပြေးနေဆဲလား၊ ရပ်လိုက်မိပြီလား၊ လဲကျသွားခဲ့ပြီလား။

နူးညံ့သော အထိအတွေ့ နူးညံ့သော စကားသံ။

သူမ မျက်နှာပေါ်ကျရောက်လာသော အလင်းရောင်သည် ညင်း နူးညံ့နေသည်။

" သမီးလေး. . . သမီးလေး သတိရလာပြီ. . အမေကြီးရေ"



www.burmeseclassic.com

www.burmeseclassic.com



“ ဟော. . . ဟုတ်လား ”

အမြင်သစ်နေသော်လည်း သူမ၏ အခန်းဟောင်းလေး ရောက်နေမှန်း ရင်းနှီးစွာ သိရှိလိုက်ရသည်။ သူမနံဘေးတွင် ဘွားဘွား ငြိမ်းတော့ သူတို့အနောက်မှ နံရံပေါ်တွင် ချိတ်ဆွဲထားသည့် ပန်းချီကား တစ်ချပ်။သူမ၏ ပုံတူ။

မျက်ရည်များကြားမှ သူမ လူးလဲထလိုက်သည်။ ခေါင်း မိုက်ခနဲ တစ်ချက်ဖြစ်သွား၏။ အသက်ရှူမမှန်သေးသည်ကိုလည်း သူမ သတိထားမိလိုက်သည်။

“ အို. . . သမီးလေး မထနဲ့ဦးလေ ”

“ ပြန်လှဲနေလိုက်၊ မြေးလေး ဘာမှလည်း မပြောနဲ့ဦး ဘာမှလည်း မမေးနဲ့ဦးနော် ဟုတ်ပြီလား ငြိမ်ငြိမ်ကလေး ခေ နားနေလိုက်ဦး ”

သူမ တစ်ခုခုပြောချင်နေသော်လည်း စကားသံအဖြစ်ထွက် မလာပေ။ တစ်ခုခုတွေက များလွန်းနေ၏။ ပြန်လှဲနေရန် လိုသေး သူမကိုသူမ သိလိုက်သဖြင့် မျက်လုံးမှိတ်၍ အသာအယာလှဲချလို သည်။

အမြင်အာရုံထဲ အလင်းလိုလို အမှောင်လိုလို အထင်အရှ များ တရိပ်ရိပ်နှင့် သူမ မူးနောက်နွမ်းနယ်နေရသည်။

တင်းထားမိသမျှ အရာအားလုံးကို ရှိုက်သံနှင့်အတူပြေလျှော့ လိုက်လေသည်။





“ ဒီလောက်အထိဖြစ်သွားအောင် သူဘယ်အချိန်က စပြီး မိုက်မဲသွားခဲ့တယ်ဆိုတာ ဦးကိုယ်တိုင်တောင် မသိခဲ့ရပါဘူးကွယ်. . . ဦးရဲ့ ပေါ့လျော့မှုတွေပါပဲ ”

ပြောရင်း အသံတိမ်ဝင်သွားသည်။

သူမ နှလုံးခုန်သံသည်လည်း တိမ်ဝင်လုနီးနီးဖြစ်နေခဲ့ရပါပြီ။ ‘ကို’ပတ်သက်သမျှသတင်းစကားအားလုံးက သူမထင်မှတ်ထားသည်များ နှင့် ဆန့်ကျင်ဘက်ချည်းဖြစ်နေသည်။

သူမ ဦးနှောက်တွင် ‘ကို’နှင့် သေခြင်းတရားကို ဘယ်လိုမျှ ဆက်စပ်နိုင်သေးခင် မယုံကြည်နိုင်သေးခင်မှာပင် ‘ကို’ဦးလေးထံမှ ထိတ်လန့်ဖွယ်ရာ စကားတို့ကို ကြားလိုက်ရပြန်၏။

မူးယစ်ဆေးဝါး၊ အေ့ဒ်စ်ရောဂါ။

“ သမီး ကျောင်းသွားတက်တဲ့နောက်ပိုင်းမှာ ဒီကောင် တော်တော်ခြေငြိမ်လာတယ်၊ ဦးတောင် အံ့ဩယူရလောက်အောင် ခြေငြိမ်လာတာ သမီးရဲ့၊ အရင်ကဆို ခရီးတိုထွက်လိုက် ခရီးရှည် သွားလိုက်နဲ့ အိမ်ကို တစ်ထောက်နားရပ်လိုသဘောထားခဲ့တဲ့ ကောင်က”

သူမ ဖြတ်မေးလိုက်ရင် ပြင်မိလေသည်။ မမေးဖြစ်။ သူစိတ်ရှိ သလို ပြောပါစေတော့ဟု ကိုယ့်မေးခွန်းကိုယ် မြိုချထားလိုက်ရသည်။ တစ်ခါတရံတွင် မေးခွန်းမထုတ်ခြင်းကပို၍ ပြည့်စုံစွာသိရသည်လေ။

သူမ လိုချင်သော ‘ကို’နောက်ဆုံးလိပ်စာကိုသာမက ကို’ဘာတွေ လုပ်နေခဲ့သည်ကိုပါ သိချင်လာ၏။ သူမ ငြိမ်၍ နားထောင်



www.burmeseclassic.com

www.burmeseclassic.com



နေလိုက်သည်။

" လမ်းသိပ်မများတော့ဘူး၊ ဦးလည်း ကိုယ့်တူကိုယ်စိတ်ချ သွားတာပေါ့၊ သကောင့်သားက ငြိမ်မယ်ငြိမ်တော့လည်း တစ်နှစ်လောက် အထိ ဘယ်မှကိုမသွားဘူး၊ အဲသွားမယ့်သွားတော့လည်း တစ်နှစ်လုံး ပျောက်သွားပါရော သူအိမ်ပြန်လာတော့ ဦးကိုပြောတယ်၊ သူ့ရဲ့ ပန်းချီရေးဖော် တစ်ယောက်နေတဲ့ တောင်ပေါ်မြို့တစ်မြို့ကို ရောက်သွား တာတဲ့ သူဟိုမှာပဲ အမြဲးနေတော့မယ်တဲ့ "

တောင်ပေါ်မြို့ဆိုသော စကားကြောင့် သူမန်ဘေးမှ ကောက သူမကို လှည့်ကြည့်သည်။ထိုဒေသမျိုးကို သူမနှစ်ခြိုက်တတ်မှု ကောလည်း သိထားသည်လေ။

"သူက ခြံတွေဘာတွေဝယ်ပြီး အိမ်ဆောက်ဖို့တောင် စီစဉ်ပြီး ပြီတဲ့ဗျာ၊ ဦးဆီက အမွေခွဲဖို့ ပြန်လာတာတဲ့ လုပ်ပုံက သူ့ဗိုဇအတိုင်း ရှေ့မကြည့် နောက်မကြည့် ဘယ်သူနဲ့မှလည်း မတိုင်ပင်ဘူး သူ့အမွေတွေ ထိန်းပေးနေရတဲ့ ဦးလေးအရင်းကိုတောင် လုပ်ချင်ရာလုပ်ပြီးမှ အသိပေး တယ်။ အဲ့ဒီအခေါက်တုန်းကတော့ သူဒီမှာ တော်တော်ကြာကြာနေသွား သေးတယ် "

" သူ့. . . သမီးဆီကို စာရေးရင်တော့ တစ်ခါရေးရင် လိပ်စာ တစ်မျိုးနဲ့ "

" ဒီကောင့်အကြောင်းလည်း သမီးသိသားနဲ့ကွယ် တစ်နေရာ သွားပြီဆိုရင် ဟိုဝင်ဒီထွက်နဲ့ သူမှီလို့ မိတ်ဆွေအဲ့လောက်ပေါတယ်





ဘယ်မြို့ရောက်ရောက် သူ့အပေါင်းအသင်းမရှိတဲ့နေရာကို မရှိဘူး "

ပြောရင်းပြောရင်းနှင့်လည်း သေဆုံးသူတစ်ယောက်အကြောင်း ပြောနေပုံနှင့်ပင် မတူတော့။ သူ့အကြောင်း စကားစပ်မိ၍ အလွှာပ သလွှာပပြောနေကြပုံမျိုးဖြစ်လာ၏။ သည်လိုဖြစ်အောင် တမင် ဖန်တီး၍ ပြောနေမိကြသည်လား။

'ကို'မရှိတော့ဘူးဆိုသည့်အချက်ကို ကြိုးစား ကွယ်ဝှက်၍ ဖုံးပါးအောင် ဟန်လုပ်ပြောနေမိကြသည်လား။ သူမ ကိုယ်တိုင်လည်း သေချာမသိ။ မစဉ်စားမိတော့။

သူမကို နှစ်သိမ့်ဖေးမရန် စိတ်မချစွာ လိုက်လာခဲ့သော အိုးဘိုးပင် စိတ်မကောင်းသည့်ကြားမှ ခပ်ယဲ့ယဲ့ပြုံးလိုက်သေးသည်ကို သူမတွေ့သည်။

သူမခံစားချက်တို့ တည်ငြိမ်စပြုနေပြီလား။ မုန်တိုင်း တိုက်ပြီးလေးတွင် လှိုင်းဝပ်သက်ငြိမ်နေကြသည့် ပင်လယ်ပြင်နှယ်သာ ဖြစ်ပါလိမ့်မည်။

" အမွေခွဲတယ်ဆိုတာက စကားအဖြစ်သာ ပြောတာပါ သမီးရယ် ဒီအိမ်နဲ့ ဒီကလုပ်ငန်းတွေကို လှည့်တောင်ကြည့်မသွားပါဘူး ဟိုမှာ သူစိတ်ကြိုက်တွေ့ထားတဲ့ အိမ်နဲ့ခြံကိုဝယ်ပြီး ပြင်ဖို့ဆင်ဖို့လောက်ပဲ ဆောင်းသွားတာ၊ သူ့အသုံးစရိတ်ကတော့ သပ်သပ်ပေါ့လေ သူနေတဲ့ နေရာကို ဦးပဲ ဒီကနေ လှမ်းလှမ်းပို့ပေးရတာပေါ့၊ သမီးပြောသလို တစ်ခါတောင်းရင် လိပ်စာတစ်မျိုးပါပဲ "



www.burmeseclassic.com

www.burmeseclassic.com



" ဒါဆို သမီး နောက်ဆုံးရခဲ့တဲ့ လိပ်စာက "

" အဲ့ဒီ အိမ်ပဲပေါ့၊ သူ့အစကတည်းက ပြောပါတယ်၊သမီး ပြန်လာရင် သမီးနဲ့ "

စကားမဆက်ဘဲ သူမကိုကြည့်နေရာမှ မျက်နှာလွှဲသွား၏။ သည်စကားလောက်တော့ သူမ ခံနိုင်ရည်ရှိနေပါပြီ၊ သည့်ထက်မကသော ရည်ရွယ်ချက်များ၊ မျှော်လင့်ချက်များ၊ ဆန္ဒများ. . . အို အိပ်မက်ရှေ အများကြီးနှင့် သူမ ပြန်လာခဲ့ခြင်းမဟုတ်လား။

" သမီးဆီရေးတဲ့စာထဲမှာ အဲ့ဒီအကြောင်းတွေ အရိပ်အမြွက် တောင် မပါဘူး ဦးရယ် "

" သမီးကို အံ့ဩဝမ်းသာသွားစေချင်လို့ ဖြစ်ပါလိမ့်မယ် "

အံ့ဩဝမ်းသာသွားစေချင်လို့။

သူမ စိတ်ကူးနှင့်တစ်ထပ်တည်း။ သေချာပါသည်၊ သူ့ကို တမင် ရှုံးအောင်လုပ်ခဲ့ခြင်းပင်။ သူမကို ရှုံးပြီးကျန်ရစ်ခဲ့အောင် ကို ဖန်တီး ခဲ့ခြင်းပင်။

" ဒီကောင် ဦးအတွက်လည်း မကြည့်ဘူး၊ သမီးအတွက်လည်း မထောက်ထားခဲ့ဘူး. . . အို သူ့ကိုသူတောင် ထောက်ထားခဲ့တဲ့ကောင် မဟုတ်ဘူး. . . လူမိုက် ဟုတ်တယ် လူမိုက် "

" အဲဒါတော့ အမှန်ပဲ ဦး "

ထိုစကားကို ဝင်ပြောလိုက်သူက တစ်ချိန်လုံးနှုတ်ဆိတ်ငြိမ် နားထောင်နေခဲ့သော ကေ။ ကေက အစကတည်းက 'ကို' အထင်ကြီးခဲ့သူမဟုတ်။





တကယ်လည်း 'ကို' မှာ အထင်ကြီးစရာ ဘာအရည် အချင်းမျှ ရှိခဲ့ပေ။

'ကို' တစ်သက်လုံးမှာ သူမ တစ်ယောက်တည်းကိုသာ ခေါင်မြတ်နိုးနိုး ချစ်သွားခဲ့သည်မှလွဲ၍ ဘာအရည်အချင်းမျှမရှိ။

သူမအတွက်လည်း သည်အရည်အချင်းကလေး တစ်ခုမှလွဲ၍ အရှုလိုအပ်ခဲ့သည်မှ မဟုတ်ဘဲ။

" ထူးရယ်. . . မင်းကိုမင်း သိပ်အထင်ကြီးလွန်းတယ် ရယ် တချို့ကိစ္စတွေကို စမ်းသပ်ကြည့်လို့ရတယ်၊ ပြီးရင် တိခနဲ ဖြတ်ပစ်လို့ ရတယ်။အလွယ်တကူ မေ့ပစ်လို့ရနိုင်တာပေါ့၊ ဒါပေမဲ့ ခင်ခဲ့တဲ့ဟာကို အဲ့ဒီ တချို့ထဲမှာ မပါဘူးကွ မစမ်းသပ်သင့်တဲ့အရာ မြည်းစမ်းကြည့်ဖို့ မသင့်တဲ့ဟာ ကွ "

" မိုက်လိုက်တာ. . . ကိုရယ် "

'ကို' အိမ်မှ အပြန်လမ်းတစ်လျှောက်လုံးတွင် သူမသည် စကား တွန်းကိုသာ အကြိမ်ကြိမ်ရေရွတ်နေမိသည်။ ကားရှေ့ခန်းမှ ဘိုးဘိုးက ကြားနိုင်သော်လည်း နောက်ခန်းတွင် အတူတူထိုင်နေသည့် တော့ ကြားဖြစ်အောင် ကြားသွားသည်။

" မင်း တတ်ထားတဲ့ ပညာတွေ အလကားပဲ ငြိမ်း "

ကေက ဘိုးဘိုး မကြားအောင် လေသံကို နှိမ့်ပြောနေသော် ခပ်မာမာခပ်တင်းတင်းပြောခြင်းဖြစ်သည်။ သူမအသံ နားမလည်

www.burmeseclassic.com



နိုင်ခြင်းအတွက် ကော့ကိုအပြစ်မတင်ချင်။ သူမကိုယ်တိုင်ပင် သူမစိတ်ကို နားမလည်နိုင်အောင်ဖြစ်နေရသည်လေ။

" အချစ်က ဆန်းကြယ်တယ်ဆိုတာ ဟုတ်ရင်ဟုတ်လိမ့်မယ် အိမ်ထောင် ဒီလောက်တော့ မဆန်းကြယ်လောက်ပါဘူး။ ငြိမ်းရယ် "

ကော့စကားက သာမန်အချိန်မျိုးဆိုလျှင် ရယ်ချင်စရာပင် ကောင်းနေလိမ့်မည်။ သို့သော် သူမအတွက်က အရယ်အပြုံးဆိုသည်ကို ဘာလဲဟု မေးရသည့်အခြေအနေမျိုးဖြစ်နေခဲ့သည်။

" ငယ်သူငယ်ချင်းက ဖြစ်လာတဲ့ ချစ်သူတွေလည်းမဟုတ် တစ်ယောက်နဲ့တစ်ယောက် ရည်းစားစဖြစ်ပါပြီဆိုကတည်းက သွားအတူ လာအတူ မခွဲတမ်း နေခဲ့ကြရတာလဲ မဟုတ်နဲ့ "

ကော့ အကြောင်းပြချက်များကို သူမ နားမလည်ပါ။

" ဘာသံယောဇဉ်နဲ့ ဒီလောက် အသည်းအသန် ဖြစ်နေရ တာလဲ "

အသည်းအသန်။ သူမ နောက်တစ်ဆင့်လုပ်မည့် အစီအစဉ်ကို သာသိလျှင် ကော ဘယ်လိုဝေါဟာရမျိုး ပြောင်းသုံးလေမည်မသိ။

" လွန်ခဲ့တဲ့ လေးငါးခြောက်နှစ်လောက်ကမှ စတွေ့တဲ့လူ ပြီးတော့ ချစ်သက်လေးမှ သုံးနှစ်မပြည့်သေးဘူး။ သုံးနှစ်လောက် တစ်ပြည်ခြား ခွဲကြတာကိုများ မင်းတို့ထက်မြဲတဲ့ အချစ်တွေထောင် အဲ့ဒီလောက် ခွဲပြီးရင် မနည်းပြန်ရွေးယူရမှာ မင်းက သွေးမအေး နိုင်ဘူးလား "





ကိုယ်ချင်းမစာသူဟု ကော့ကို မစွပ်စွဲရက်ပါ။ သူမအတွက် တရုတ် ဒေါသနှင့်ပြောဆိုနားချနေသည်မှန်း နားလည်ပါသည်။ နားလည်သည် ဆိုသည့်တိုင် အပြောလွယ်သလောက် လက်တွေ့တွင် လွယ်ကူသော အခြေအနေများကို သူမပြောပြချင်မိသည်။

" ဘာသံယောဇဉ်လဲ "

" သွေးမအေးနိုင်ဘူးလား "

ကော့ စကားတစ်လုံးချင်းကို နောက်ဆက်တွဲပေါင်းများစွာနှင့် သူမ ဆက်တွေးနေမိ၏။

သို့သော် အကြောင်းအရာတစ်ခုတည်းသို့ အာရုံကို စုဆည်းနိုင်။ တစ်ချက်တစ်ချက် ရှိုက်နေမိသေးသည်ကိုလည်း သူမကိုသူမ သတိထား မိနေသည်။

(မျက်ရည်တွေက ပူလိုက်တာကိုရယ်)

" ဟော့ ငါပြောတာရော ကြားရဲ့လား. . . ဟမ် "

" ကြားပါတယ်. . . ခြော် ငါသွေးမအေးနိုင်ဘူးလားလို့ နင်မေးတယ်နော် "

" ငါသွေးအေးအေးနဲ့ ဆုံးဖြတ်ထားတာတစ်ခုရှိတယ်. . . ကော"

" ဘာလဲ "

❀ ❀ ❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

“ ဟိုမိန်းမ. . . မရောက်သေးဘူးလား နာတာလီ အဲ့လေ ဦးမြင့်ဦမ်း ”

သူမ အပြည့်အစုံပြင်ဆင်ပြီးချိန်တွင် ဆမန်သာ တစ်ယောက်တည်း အိမ်သို့ရောက်ချလာသည်။ ကေ မပါလာသဖြင့် အားတော့လျော့မိ၏။

“ နင်ကလည်း ပင့်မှပဲ ရောက်လာတော့တယ် ဆမန်သာ ”

ဆမန်သာကကော့ အကြိုက်လိုက်၍ ဝတ်လာသည်လားမသိ။ အကျီရင်စေ့လက်ရှည်နှင့် စကတ်အရှည်ကို ဝတ်ဆင်လာသည်။ အရောင်ကတော့ သူမ သိပ်မနှစ်သက်သည့် အဖြူရောင်များချည်း။ အဖြူရောင်ကို ‘ကို’လည်း မုန်းတတ်မှန်း သတိရမိသေးသည်။

ဆမန်သာ့လက်ကိုဆွဲကာ အပေါ်ထပ်သို့ ပြေးတက်သွားလိုက်၏။

“ လာ. . . နင့်ကို ဘိုးဘိုးတို့နဲ့ မိတ်ဆက်ပေးမယ် ”





သူမ အခန်းထဲရောက်တော့ ခရီးဆောင်အိတ်ကို ပြင်ပေးနေသော ဘွားဘွားနှင့်တွေ့သည်။ ဘွားဘွားက သူမ တစ်ယောက်တည်း င်၍ လှည့်မကြည့်ဘဲ လှမ်းပြော၏။

“ သမီးထည့်ထားတာ အနွေးထည်တွေများလှချည်လား ီးရဲ့ အလကားအိတ်လေးတာပေါ့ကွယ်၊ သမီးလေးက ဟိုမှာလိုပဲ ပြီး ထည့်ထားတာကိုး. . . အနွေးထည်တွေ ဒီလောက်မလိုပါဘူး ီးရဲ့ ”

“ သမီးတို့က ပင်လယ်ဘက်လည်း ရောက်ချင်ရောက်မှာကိုး ားဘွားရဲ့ ကမ်းခြေမှာဆို ညဘက်လမ်းလျှောက်ရင်း ဝတ်ဖို့လေ၊ အဲဒါ လိုက်ပါ ဒီမှာ ဘိုးဘိုးဘွားဘွားကို မိတ်ဆက်ပေးမလို့ ”

သည်တော့မှ ဘွားဘွားက အခန်းဝသို့ လှည့်ကြည့်သည်။

“ ဒါ. . . ဪဘွားဘွားလေ ခေါ်ကြည်ကြည်မြင့်တဲ့ ဘွားဘွား သမီးစာထဲမှာ ခဏခဏပြောတဲ့ ဆမန်သာပေါ့ ”

“ ဟဲ့ ငါဆမန်သာ မဟုတ်တော့ဘူး ကေက နာမည်ပြောင်းပေး ပြီ စန္ဒီ တဲ့ ”

“ ဪအဘွား မျက်စိလည်အောင်မလုပ်နဲ့ဟာ၊ နောက်မှ စန္ဒီလို့ ယ် အခု ဆမန်သာက ဆမန်သာပဲ. . . လာ၊ ဘိုးဘိုးနဲ့ မိတ်ဆက် ယ် ”

အခန်းထဲမှ လှည့်အထွက်တွင် သူမတို့ထံလျှောက်လာသော ကို တွေ့လိုက်ရသည်။ ဘိုးဘိုးလက်ထဲတွင်လည်း ယှန်းသတ္တာငယ်



www.burmeseclassic.com

www.burmeseclassic.com



လေးဘာစ်လုံးပါလာ၏။

" ဘိုးဘိုး "

" ဟော မြေသူငယ်ချင်းတောင် ရောက်နေပြီပဲ ဆမန်သာဆိုတဲ့ ကလေးမလေးထင်ပါရဲ့ "

" အဲဒါက ဘာလဲ ဘိုးဘိုး "

သူမ ခေါင်းညိတ်ပြပြီး ဘိုးဘိုးလက်ထဲမှ ယွန်းသေတ္တာလေးကို ညွှန်ပြ၍ မေးလိုက်သည်။ ဘိုးဘိုးက သူမလက်ထဲကမ်းပေးပြီး ပြုံးလျက် မေးဆတ်ပြ၏။

" ဆမန်သာ ဒါ ငါ့ဘိုးဘိုး။ ဦးသင်တဲ့ ဘယ့်နှယ်လဲ ငါဘယ်သူ့ကို တုလို့ ဒီလောက်ချောနေရသလဲဆိုတာ သိပြီလား "

ယွန်းသေတ္တာလေးကို ဖွင့်မကြည့်သေးဘဲ ဆမန်သာကို လှည့်ပြော လိုက်သည်။ ဘိုးဘိုးက တကယ်လည်း ဥပဓိရုပ်ခန့်ညား ခြေပြစ်သူဖြစ်သည်။

အရွယ်လည်း တင်သည့်မို့ အဘိုးကြီးပုံပင် သိပ်မပေါက်သေး သည်လိုပြုံးလိုက်လျှင် ပို၍ပင် နုပျိုသွားသေးသည်။ ဆမန်သာက ဘိုးဘိုးကို တရင်းတနှီး တုံ့ပြန်နှုတ်ဆက်ကာ စကား လက်ဆုံပင်ကျနေ၏။

" ငြိမ်းငြိမ်းက သူ့အဘိုးအကြောင်း သမီးတို့ကို အရမ်းကြွား တာ။ သူ့ကိုသူလည်း ဘိုးဘိုးနဲ့တူလို့ ချောတာတဲ့၊ သူက ပြောသလောက် မချောပေမယ့် ဘိုးဘိုးကတော့ တကယ့်ကို ဟန်ဆန်ဖြစ်တာပဲ ကြိုက်





အင်တာဗျူးရအောင်မယ် ဘိုးဘိုး ဘာဆေးတွေသုံးလဲဆိုတာ "

" ဟား ဟား ငါ့မြေး သူငယ်ချင်းက အသွက်လေးပါလား။ ငါ့မြေးနဲ့တော့ တခြားစီပဲ၊ မိငြိမ်းကို သမီးလက်အပ်လိုက်ပြီဟေ့၊ ဘာဆေးမှ သုံးစရာမလိုဘူး ဒီလိုသာ ပေါ့ပေါ့ပါးပါးပျော်ပျော်ရွှင်ရွှင်နေ၊ သမီး ဒို့ထက် နုပျိုလာလိမ့်မယ် ဟား. . . ဟား "

သူမ ဘိုးဘိုးပေးသော ယွန်းသေတ္တာလေးကို ဖွင့်ကြည့်လိုက် သည်။ ငွေရောင်ဆွဲကြိုးလေးတစ်ကုံးဖြစ်နေ၏။ တြိဂံပုံဆွဲပြားလေးက သူမ အကြိုက်အနက်ရောင်လဲ့နေ၏။

" အဘိုးက နုပျိုနေတယ်ဆိုတော့ ငါက အိုကြီး အိုမ ရုပ်ပေါက် နေပြီပေါ့လေ "

" ဟော. . . ဘွားဘွား ဘာလို့ သမ်းအိတ်တွေမလာရတာလဲ၊ ပေး ပေး "

" ငါ မအိုသေးဘူးဆိုတာပြတာလေ၊ ဒီလောက်တော့ မ နိုင်ပါ သေးတယ်အေ့ "

" ဟားဟား အမယ်ကြီးက အားကျမခံ လာပြိုင်တာပေါ့လေ၊ ခင်လည်း နုနေပျိုနေတုန်းပါပဲကွာ၊ ဘယ်သူတွေ ဘယ်လိုပြောပြော ဒို့မျက်စိထဲမှာ ငယ်ရုပ်တောင် မပြောင်းသေးပါဘူး "

" ဖုန်းလာနေပါတယ်. . . ဖုန်းလာနေပါတယ် "

ရုတ်တရက် ထွက်ပေါ်လာသည့် အသံကြောင့် အားလုံး ကြောင်သွားသည်။ အသံက ဆမန်သာ၏ ကျောပိုးအိတ်ထဲမှ



www.burmeseclassic.com

www.burmeseclassic.com



ထွက်လာခြင်း ဖြစ်သည်။

" အာ. . . ဘယ်သူ ပြောလိုက်ပါလိမ့်လို့ ဆမန်သာတို့ကတော့ ထွင်ပြန်ပြီ "

" အဟဲ. . . ကိုယ့်အသံကိုယ်ထည့်ထားတာလေ သာယာတယ် မဟုတ်လား. . . ဟယ်လို "

" ဪ အဲဒါ ဖုန်းမြည်သံလား၊ တက်လည်းတတ်နိုင်ပါ့၊ ကဲ အဘိုးကြီး ရှင် သိပ်ငယ်ချင်မနေနဲ့တော့ ခေတ်က ရှင်လိုက်မမီတော့ဘူး တွေ့ပြီလား. . ရော့ ကလေးအိတ်တွေ အောက်ကိုသယ်သွားချေ"

" သမီးဘာသာ သယ်ပါ့မယ် ဘွားဘွားရယ်၊ မလုပ်ပါနဲ့ "

" ဟယ်လို. . . ဪ ကေလား "

သူမ ဘွားဘွားလက်ထဲမှ အိတ်များကို လက်ပြောင်းယူရင်း ယွန်းသေတ္တာလေးကို ဘိုးဘိုးထံ ပြန်ပေးလိုက်သည်။ ဆွဲကြိုးကလေးကိုတော့ သူမလည်တိုင်တွင် ဆင်ပြီးသွားလေပြီ။

" အင်း အင်း ဟုတ်ပြီ. . . ဒါဆို ငါတို့ ထွက်လာခဲ့တော့မယ်၊ ဒါပဲမဟုတ်လား "

" ဘာတဲ့လဲ ဆမန်သာ "

" အေးပါ ငါ ဘိုးဘိုးတို့ကိုပြောပြလိုက်ပါ့မယ် "

ဆမန်သာက ဖုန်းကို ပြန်၍သိမ်းပြီး သူမနှင့်အတူ လိုက်ဆင်းလာသည်။ ဘိုးဘိုးနှင့် ဘွားဘွားက ရှေ့မှဆင်းနှင့်ကြ၏။

" ကေက သူဒီကို မလာတော့ဘူးတဲ့ အဝေးပြေးဂိတ်ကပဲ





စောင့်မယ်တဲ့ ဘိုးဘိုး မိကေက အထုပ်အပိုးတွေများနေလို့ ဒီကို မဝင်တော့ဘဲ တန်းသွားနှင့်ပြီတဲ့ "

ဆမန်သာက သူမကို တစ်လှည့် ဘိုးဘိုးကိုတစ်လှည့် လှမ်းပြောသည်။ သူမလည်း ဘိုးဘိုးတို့မမြင်အောင် ဆမန်သာ့ကို မျက်ရိပ်ပြလိုက်သည်။ ဆမန်သာက နားလည်သည်ဆိုသည့် သဘောနှင့် ခေါင်းဆတ်ပြ၏။

" ဒါဆိုလည်း သွားကြတာပေါ့၊ ဪ သမီးက ကား ဝါလာသေးတာလား "

ဘိုးဘိုးက ဆမန်သာ့ကို လှည့်မေးသည်။

" ဟုတ်ကဲ့ဘိုးဘိုး ဒရိုင်ဘာလည်းပါတယ် ဟို. . . ဘိုးဘိုးတို့ လိုက်ပို့မနေနဲ့တော့လေ. . ငြိမ်းငြိမ်းကို သမီးကားနဲ့ပဲ ခေါ်သွားတော့မယ်"

" ရပါကွယ် ဘိုးဘိုး လိုက်ပို့ပါမယ် "

" မပို့ပေးပါနဲ့တော့ ဘိုးဘိုး သမီး၊ ဆမန်သာနဲ့ပဲ လိုက်သွားဆိုက်မယ်လေ၊ ဘိုးဘိုးလည်း အစည်းအဝေးသွားဖို့ရှိသေးတယ် မဟုတ်လား "

" စိတ်ချပါ ဘိုးဘိုးရဲ့၊ ဘိုးဘိုးမြေးကို သမီးသေသေချာချာ ကြပ်မတ်ပြီး ခေါ်သွားမှာပါ၊ ဘိုးဘိုးပဲ သမီးလက်ကိုအပ်လိုက်ပြီဆို "

ဘိုးဘိုး၏ စကားပြန်ကို သူမရင်တထိတ်ထိတ်နှင့် နားစွင့်နေမိသည်။လိုက်ပို့မည်ဟု ထပ်ပြောလာလျှင် ဆက်ငြင်းရန် မသင့်တော့၊ ဘိုးဘိုးတို့ သံသယဝင်သွားနိုင်သည်လေ။ အိမ်တံခါးဝသို့ အရောက်တွင်



www.burmeseclassic.com

www.burmeseclassic.com



ဘိုးဘိုးက နာရီကို တစ်ချက်ကြည့်၍ လှည့်ပြောလာသည်။

" အစည်းအဝေးက လိုပါသေးတယ် "

" ဪ ရှင်ကလည်း ကလေးတွေ လွတ်လွတ်လပ်လပ် သွားပါစေ၊ ကိုယ့်အလုပ်ကိုယ်ပဲ သွားစမ်းပါ၊ သမီးလေး တစ်ယောက်တည်း သွားရမှာမှ မဟုတ်ဘဲ ဟိုစိတ်မချ ဒီစိတ်မချနဲ့ စိတ်မချရင်လည်း အစကတည်းက ဒီခရီးကို ဘာလို့ခွင့်ပြုခဲ့လဲ "

ဘွားဘွား ဝင်ကယ်လိုက်ခြင်းပင်။ ဆမန်သာက သူမ အိတ်တစ်ဘက်မှ ကူဆွဲပေးရင်း ဆက်လျှောက်ရမည်လို ရပ်နေရမည်လို ဖြစ်နေ၏။ ဆင်ဝင်အောက်မှ ဆမန်သာ ငှားလာသော ကားကို လှမ်းမြင် နေရ၏။

" ကဲ...ကဲ ဟုတ်ပါပြီကွာ၊ စိတ်ချလိုက်ပါပြီ ဘိုးဘိုးတို့ မုန်းတော့ မှန်မှန်ဆက်နော် သမီး "

" ဟုတ်ကဲ့ "

သူမ ခြေလှမ်းကို ရှင်မြူးပေါ့ပါးသွားသည်။ ဘိုးဘိုး စိတ်ပြောင်း သွားမည်စိုး၍ ဆင်ဝင်အောက်သို့ ခပ်သွက်သွက်လျှောက်သွားလိုက်၏။

" မြေးလေး "

" ရှင် "

ကားထဲသို့ သူမအိတ်ကို ပစ်ထည့်လိုက်ခြင်းက ပြန်ထွေးသံထက် တစ်စက္ကန့်လောက်စောသည်။ ဘိုးဘိုးက သူမရှိရာသို့ လျှောက်လာ၏။

" ဒါလေးက သမီးကို စောင့်ရှောက်မယ့် အဆောင်လေး





ဘယ်တော့မှ မချွတ်နဲ့ အမြဲတမ်းဆွဲထားနော် "

" ဟုတ်...ဟုတ်ကဲ့ ဘိုးဘိုး "

" ဒီအမှတ်အသားကိုတွေ့လား "

ဘိုးဘိုး သေချာပြတော့မှ ဆွဲပြားလေးပေါ်တွင် ထွင်းထားသော အရာကလေးကို မြင်မိသည်။ စာလိုလို၊ အရုပ်လိုလိုနှင့် ဘာလေးမှန်းမသိ။ သူမ ငုံ့ကြည့်နေရာမှ ဘိုးဘိုးကို မော့ကြည့်လိုက်သည်။ ဘိုးဘိုး၏ မျက်လုံးက သူမ၏ အတွင်းစိတ်ကို လှမ်းကြည့်နေသလို ထင်ရ၏။

" အိပ်မက်ဆိုးတွေ နိမိတ်ဆိုးတွေ မကောင်းတဲ့အရာတွေ အားလုံးကို သူက အကာအကွယ်ပေးလိမ့်မယ်ဆိုတာ ယုံယုံကြည်ကြည်နဲ့ သာ မှတ်ထားလိုက်၊ ဘိုးဘိုး ပြောတာတွေ မှတ်မိလား "

" ဟုတ်...မှတ်...မှတ်မိပါတယ် "

" ကဲ...ကဲ သွားတော့၊ မြေးလေးတို့ ခရီး သာယာချောမွေ့ ပါစေကွယ် "

ဘိုးဘိုးလှည့်ထွက်သွားတော့ ဘွားဘွားက သူမ အနားရောက် လာပြန်သည်။

" သမီး လွတ်လွတ်လပ်လပ်သွားစေချင်လို့သာ သူ့ကို လိုက်မဖို့ နှိုးထားလိုက်တာ၊ ဘွားဘွား ကိုယ်တိုင်လည်း စိတ်မချဘူး သမီး "

" စိတ်ချပါ ဘွားဘွားရဲ့ သမီးရော ကောရော်ပါမှာပဲဟာ "

ဆမန်သာက ကားပေါ်မှ လှမ်းပြောသည်။

" အေးပါကွယ်၊ သမီးလေး ပျော်ပါစေပြီ ဘွားဘွား



www.burmeseclassic.com

www.burmeseclassic.com



ဆုတောင်းပေးပါတယ် ”

အိမ်ဝင်းထဲမှ အထွက်တွင် သူမ ဆမန်သာ့ကို ညည်းငြ
ပြောမိသည်။

“ ဘိုးဘိုးက ရိပ်မိနေသလိုပဲနော် ဆမန်သာ ”

“ အတိအကျမဟုတ်တောင် ငါတို့ မြို့ဟောင်းတွေ ပင်လယ်
ကမ်းခြေတွေဘက် တကယ်သွားမှာ မဟုတ်မှန်းသိတော့သိနေမှာပဲ ”

ဘိုးဘိုးပေးလိုက်သည့် ဆွဲကြိုးကလေးကို ပွတ်သပ်ကိုင်တွယ်
မိရင်း သူမ သက်ပြင်းယဲ့ယဲ့ချမိသည်။

လက်ချောင်းများက ဆွဲပြားပေါ်မှ အမှတ်အသားကလေး
ထိမိချိန်တွင် ရပ်တန့်သွား၏။

အိပ်မက်ဆိုးများကို တကယ်ပဲ ကားဆီးပေးမည်လား
သည်လိုဆို သူမဘဝကို ရပ်တန့်ပစ်မှ ဖြစ်လိမ့်မည်။

သူမ၏ လက်တွေ့ဘဝကိုက အိပ်မက်ဆိုးဆန်နေသည်
မဟုတ်လား။

“ နေပါဦး နင်က ဘာလို့ အဲ့ဒီကို သွားချင်ရတာလဲ ”

အတန်ကြာတိတ်ဆိတ်နေပြီးမှ ဆမန်သာက ကောက်ခါင်
မေးလာသည်။ ကားပြတင်းမှ ပြင်ပသို့ ငေးမောနေမိသည့် သူမအတွေး
သည်မေးခွန်းက ဆတ်ခနဲတွန့်သွားစေ၏။လမ်းဘေး ယူကလစ်ပင်တန်း
ဆီမှ မျက်နှာလွှဲကာ ဆမန်သာ့ကို လှည့်ကြည့်လိုက်သည်။

“ ဟမ် ”





ဆမန်သာက မျက်ခုံးပင့်၍ ထပ်မေးသည်။ သူမ စဉ်းစားနေရန်
မလိုပါ။အဖြေကရှိနှင့်နေပြီးသားဖြစ်သည်။

“ ငါလည်း မသိဘူး ဆမန်သာ ”

ကားပြတင်းအပြင်ဘက်သို့ အကြည့်ပြန်ရောက်တော့ ရိပ်ခနဲ
ကျန်ခဲ့သော ယူကလစ်ငါးပင်စုကို တွေ့လိုက်ရသည်။ သူမ လည်ပြန်
ကြည့်ခဲ့ပါ၏။

❀ ❀ ❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

" ဂျွန်း "

" အမလေး "

တဖျစ်ဖျစ် အော်မြည်ကာ ပြိုးပြက်ရောက်ရှိလာသည့် အလင်းရောင်များနောက်မှ ဂျိန်းခနဲ မိုးကြိုးသံကြီးကို သူမကြားလိုက်ရသည်။ အုတ်ဂူရှေ့တွင် ငိုင်တွေနေမိသော သူမကို အထိတ်တလန့် သတိဝင်သွားစေ၏။

" ဟင် "

လျှပ်ရောင်များ မကွယ်ပျောက်ခင် ဖျပ်ခနဲ တွေ့လိုက်ရသော မြင်ကွင်းကြောင့် သူမ အံ့ဩတုန်လှုပ်သွားရ၏။ အလင်းရောင်တန်းတစ်ခု ထိုးစိုက်ကျသွားခဲ့သော နေရာမှာ 'ကို့' အုတ်ဂူလေး ဖြစ်ခဲ့ရသည်လား။

မှာရရာကျဲသွားသည့် အုတ်အကျိုး အပိုင်းအစများ၊ မြေမှုန်





မြေခဲများ ပေါက်ကွဲပွင့်ထွက်သွားသည့်နှယ်။ ပျက်စီးသွားသော အုတ်ဂူလေးမှာ လွင့်ဖွာထွက်လာသော မြေမှုန်အင်တေမှုန်များ အောက်တွင် တစ်စစီဖြစ်ခဲ့ရလေပြီ။

မိုးရိပ်ပင်မဆင်ဘဲ ပစ်ချလိုက်သည့် မိုးကြောင်းလျှပ်စီးကြောင်းကို ဘယ်လိုတိမ်တိုက်တို့က စေလွှတ်လိုက်သည်မသိ။

အုတ်ဂူနေရာတွင် ကျင်းဟောက်ပက်ဖြစ်၍ ကျန်ခဲ့ရလေပြီ။

" ကို့. . . ကို့. . . အို ဒုက္ခပါပဲ "

သက်ရှိထင်ရှားရှိနေသည့် လူတစ်ယောက်ကို စိတ်ပူသလိုမျိုး သူမ ပူပန်သွားရသည်။ မှုန်ထူနေသောအမှုန်အခိုးများထဲသို့ တိုးဝင်ခဲ့မိ၏။ အုတ်ဂူပျက်နှင့် ဟောက်ပက်ဖြစ်နေသော ကျင်းမှလွဲ၍ သူမ ဘာကိုမျှ မတွေ့ရ။

အလောင်း။ ခေါင်းတလား။ အရိုးပြာအိုး။

သချိုင်းရာတစ်ခုနှင့်တူသောအရာဆို၍ ထိုမြေကျင်းထဲတွင် ဘာကိုမျှမတွေ့ရပေ။ မြေမှုန်တွေ ထူလွန်းနေ၍လား။ မျက်စိရှေ့မှ အမှုန်အစအနများကို လက်နှစ်ဖက်နှင့် ယမ်းခါဖယ်ရှား ပစ်မိသည်။ မြေကျင်းထဲတွင် အခေါင်းမရှိ။

" ဒါ. . .ဒါ ဘယ်လို ဖြစ်နိုင်မှာလဲ "

မယုံကြည်နိုင်စွာ ညည်းတွားမိသည့်အထား မြေမှုန်များကြောင့် မြင်ရသည့် ကျင်းနှုတ်ခမ်းပေါ် သူမ ခြေချလိုက်မိသည်။ ခြေချော်သွားပြီဟု ချက်ချင်းသိလိုက်သော်လည်း သူမ အရှိန်ကို သူမ မထိန်းနိုင်တော့။



www.burmeseclassic.com

www.burmeseclassic.com



" ဒါ. . . အာ့ "

" ဘုတ် "

မြေကျင်းထဲသို့ မှောက်လျက်သား ပြုတ်ကျသွားရသည်။

" ဖူး. . . ဖူး အဟု. . . ဟွတ် ဟွတ် အား "

မနာမကျင်သော်လည်း ထောင်းထောင်းထနေသော မြေမှုန့် အငွေ့တေမှုန်များကြောင့် အသက်ရှူကျပ်သွားရသည်။ အလူးအလဲ ထရပ်နိုင်ချိန်တွင် ဗလာကျင်းနေသော ကျင်းကို သူမ မြင်လိုက်ရသည်။

မြေကျင်းထဲတွင် အမှန်တကယ်ပင် အခေါင်းရှိမနေသည်မှာ သေချာသွားခဲ့လေပြီ။ မိုးကြိုးကြောင့် မှုန့်မွှားအငွေ့ပျံသွားခြင်းတော့ လုံးဝမဖြစ်နိုင်။

လျှော၊ လျှောတစ်ခုခုကြောင့်များ ခေါင်းတလားကြီး ရွေ့လျားသွားသည်လား။

မြေကျင်းနံရံများကို မြင်နိုင်သမျှ စေ့စေ့စပ်စပ်ကြည့်လိုက်သည်။ အက်ကြောင်း ကလိုဏ်ပေါက်နှင့် ပြတ်ရွေ့ရာဟူ၍လည်း တစ်ခုမျှမရှိပေ။ လျှော့ဒဏ်ကြောင့် မြေလွှာများ ဘယ်လိုပြတ်တောက်ရွေ့လျားတတ်သည်ကို သူမ မသိ။

ပြတ်ရွေ့ကြောင်းကို မတွေ့ရသော်လည်း ခေါင်းတလားကဖြင့် တစ်နေရာရာတွင် ရှိနေမည်သာ။ အို သူမ ဘာတွေတွေးနေမိသည်လဲ။ နယူမန်း၏ ပုံပြင်က ခုထိ သူမအာရုံကို စိုးမိုးနေတုန်းပဲလား။

ကောင်းကင်မှ တဖျစ်ဖျစ်အော်မြည်သံများကိုကြားလိုက်ရသည်။





ထိတ်ခနဲ မြေကျင်းပေါ်သို့ ကုပ်တွယ်တက်မိတော့၏။

လင်းခနဲ ပြိုးပြက်လိုက်သည့် လျှပ်စီးကြောင်းအောက်တွင် ခေါင်းမိုးချွန်တစ်ခုကို သူမ မြင်လိုက်ရလေသည်။ မည်းမှောင်တိတ်ဆိတ်နေသည့် အိမ်တစ်လုံး။ အိပ်မက်အားလုံးကို တစ်ပြိုင်နက်တည်း သတိရလိုက်၏။

သူမ ပစ္စက္ခကြုံတွေ့နေရသည်မှာ ပထမဆုံး အိပ်မက်၏ ရှေ့မှ အဖြစ်အပျက်လား။ လျှပ်ရောင်ထဲတွင် မြင်လိုက်ရသည်မှာ အိပ်မက်ထဲမှ အိမ်လွတ်ကြီးပင်လား။

သူမ ချာခနဲလှည့်၍ ထွက်ပြေးခဲ့မိလေသည်။

သူမ မျက်နှာမူကာ ဦးတည်လိုက်သည့်ဘက်တွင်မူ မားမား မိုးသိပ်သစ်ပင်အုပ်တို့မရှိ၊ အဆောက်အဦမရှိ၊ အလင်းရောင်ဟူ၍လည်း မရှိပေ။ သည်အိမ် သည်ဝန်းကျင်နှင့်ဝေးလျှင်ပြီးရော။

ထိုအမှောင်အတိ ဟင်းလင်းပြင်ကြီးထဲ သူမ ခြေလှမ်းတို့ ကိုအင်နှစ်မြှုပ်ပစ်လိုက်လေသည်။

မြည်ဟိန်းသံတစ်ခု သူမနောက်သို့ တဟုန်ထိုးလိုက်လာ၏။ ရှိုးခနဲ ထစ်ချုန်းလိုက်သည့် အသံလား။ ငြိမ်းဟု ကျယ်လောင်စွာ တစ်အော်ခေါ်သံလေလား။

အမှောင်ထုထဲသို့ သူမ နက်ရှိုင်းစွာ ရောက်ရှိသွားခဲ့ပြီးမှ နောက်သို့ ဆတ်ခနဲ လှည့်ကြည့်လိုက်၏။

မြင်ကွင်းသည် အမှောင်များ၏ ဟိုမှာဘက်တွင် အစက်

www.burmeseclassic.com



အပြောက် ကလေးအဖြစ် ကျန်ရစ်ခဲ့လေပြီ။

သူမရှေ့ဆီတွင် မြူနှံတို့ အကြားမှ တောင်တက်လမ်းကလေးကို မြင်နေရပြီဖြစ်၏။

လမ်းမီးတိုင်များက ကွေ့ကောက်လျက်ရှိနေသည်။ ရွေ့လျားနေသော မီးရောင် အချို့ကိုလည်း တွေ့ရသည်။

ကွေ့ကောက်သော တောင်တက်လမ်းတစ်လျှောက် သွားလာနေသည့် ကားကြီးကားငယ်များ။ ရွေ့လျားနေသော မီးရောင်များ အနက်မှ တစ်ခုကို သူမ မှတ်မှတ်ထင်ထင်ရှိသွား၏။

ဆမန်သာ၊ ကေနှင့် သူမကိုယ်တိုင် စီးနင်းလိုက်ပါလာသည့် အဝေးပြေးကားကြီး။ ထိုမီးရောင်က သူမနှင့် တစတစနီးကပ်လာ၏။ ကား၏ သဏ္ဌာန်သည်လည်း ပို၍ ပီပြင်လာသည်။

ထိုအချိန်၌ ခံစားလိုက်ရသည့် ဝမ်းသာပျော်ရွှင်မှုမျိုး သူမ ဘဝတွင် အခြားတစ်ခု မရှိတော့။

" ဟေး... ဟေး ငါဒီမှာ ကားကို ရပ်ပေးပါဦး... ဟေး "

ကားလမ်းအလယ်တွင် လက်နှစ်ဘက်ကို ဝှေ့ယမ်းခုန်ပေါက်၍ တားလိုက်မိ၏။ သူမထံပြေးဝင်လာသော ကား၏အရှိန်က လုံးဝမလျော့ ပုံမှန်မိုင်နှုန်းအတိုင်း

" ဟေး "

သူမ ရှောင်ချိန်ပင်မရလိုက်။ ဝင်းခနဲ မြင်လိုက်ရသည့် ရွှေနီလေးလုံး။ အရှိန်ပြင်းပြင်းခေါင်းထိုးဝင်လာသော ကား၏မျက်လုံးများကို



အလန့်တကြား မိုတ်ပစ်လိုက်မိသည့်အခိုက်

" အင့် "

" ဟဲ့ နင်ဘာဖြစ်နေတာလဲ၊ ကြို့ထိုးနေတာလား "

ဆမန်သာ့ အသံကို ပထမဆုံးကြားလိုက်ရသည်။ သူမ အိပ်မက်ထဲမှ လွတ်မြောက်လာခဲ့ပြီထင်သည်။

မျက်လုံးများကို ပြန်အဖွင့်တွင် သတိလက်လွတ် အသက်အောင့်ထားမိသေး၏။ သူမ ကားပေါ်သို့ ပြန်ရောက်နေပြီမှန်း သေချာသိရပြီးမှ သက်ပြင်းမောတစ်ခုအဖြစ် ဖြေလျှော့ချလိုက်မိသည်။

" ကေ "

" ကေက တို့နောက်က ခုံမှာလေ၊ ဘာလုပ်မလို့လဲ ရေသောက်ချင်လို့လား... ရော "

" မဟုတ်ဘူး။ မဟုတ်ဘူး... ကေ "

သူမ ထိုင်ခုံပေါ်ဒူးထောက်တက်လိုက်ပြီ၊ ကျောမှီပေါ်မှ ကျော်ကာ ကေ့ကို ခေါ်လိုက်သည်။ အိပ်မပျော်ဘဲ မှိန်းနေဟန်ရှိသော ကေက မျက်လုံးဖွင့်ကြည့်၏။

" နင်... နင် ယူကြည့်နေတဲ့ ငါ့ဆွဲကြိုးလေး "

" ဟမ်... ဪ ဒီမှာလေ၊ မင်းအိပ်ပျော်နေတယ်ထင်လို့ ပြန်မပေးတော့တာ၊ ငါကြည့်ပြီးသွားပါပြီ ရော "

သူမ ကမန်းကတန်းဆန့်ဆန့်လှမ်းယူ၍ လည်တွင်ပြန်ဆွဲထားလိုက်သည်။ ကေက မျက်မှောင်ကျုံ့၍ သူမကို စိုက်ကြည့်နေ၏။

www.burmeseclassic.com



" မင်း ဘာဖြစ်နေတာလဲ ငြိမ်း၊ ဖြူဖပ်ဖြူလျော်နဲ့ ကားမူးလို့လား. . . မင်းကြည့်ရတာ မာရသွန်ပြေးလာရတဲ့ သူလိုပဲ "

" ဘာမှမဖြစ်ပါဘူး။ ဒါနဲ့ နင်ဒီအမှတ်အသားလေးအကြောင်း တွေးမိပြီလား။ နင်တွေ့ဖူးလား. . . ဘာရေးထားတာလဲဟင် "

" အဲဒါ စာမဟုတ်ဘူး. . . အင်းကွက် "

" အင်းကွက် "

" ဟုတ်တယ် ဝါလည်း အဲ့လောက်ပဲ သိတယ်၊ မင်း ဘိုးဘိုးက အန္တရာယ်ကင်း အဆောင်ဆို အဆောင်ဆိုလည်း အဆောင်လို့ပဲ မှတ်ထားလိုက်ပေါ့ "

သူမ ခုံပေါ်တည့်တည့်မတ်မတ် ပြန်ထိုင်အပြီးတွင် အပြင်ဘက်သို့ ငေးနေသော ဆမန်သာက သူမဘက်လှည့်လာ၏။

" ဘိုးဘိုးတို့က မင်းစိတ်ပြေလက်ပျောက် ခရီးထွက်မယ် ဆိုတာကို ယုံလား "

" သူတို့ကိုယ်တိုင် အဲ့ဒီလိုသွားစေချင်နေတာပဲလေ၊ ဘာဖြစ်လို့လဲ "

" ဘာမှတော့မဖြစ်ပါဘူး။ နင်အမှန်အတိုင်းပြောရင်လည်း ခွင့်ပြုမှာပဲ ထင်တယ်လို့ တွေးမိလို့ "

သူမကတော့ သည်အချက်ကို မစဉ်းစားမိခဲ့ပါ။ 'ကို'ဦးလေးဆီမှ ပြန်လာကတည်းက သည်ခရီးကိုသွားရန် ဆန္ဒဖြစ်လာခဲ့ခြင်းဖြစ်သည်။ ဘိုးဘိုးတို့ကိုလည်းစိတ်ဒုက္ခရာကို အကြောင်းပြု၍ အပန်းဖြေခရီးဟု





ခေါင်းစဉ်တပ်ရန် အကြံရခဲ့သည်။

သူမ ဘိုးဘိုးကို ရွတ်ပြခဲ့သော နေရာများတွင် တောင်ပေါ်ဒေသဟော့ လုံးဝမပါခဲ့သည်မှာအမှန်။ လိမ်ညာရန် အကြံရခဲ့မိသည့်အတွက် ဘိုးဘိုးနှင့် ဘွားဘွားကို သူမ တောင်းပန်ရပါဦးမည်။

" ငါတော့. . . မထင်ဘူး စန္ဒီ "

" အပြင်ကို ကြည့်လိုက်စမ်း စန္ဒီ "

" ဘာလဲ "

" နင် မိုးရွာတဲ့ ညကို အလျားလိုက်မြင်ဖူးလား "

ဆမန်သာ့ အသုံးအနှုန်းများကို သိပ်နားမလည်သော်လည်း အပြင်သို့ သူ မကြည့်ဖြစ်ခဲ့၏။

အမှောင်ထဲတွင် မိုးက သည်းသည်း မည်းမည်း ရွာနေသည်။ အလျားလိုက်။ သူမပြုံးလိုက်မိ၏။ ဟုတ်သည်။

အရှိန်နှင့်ပြေးလွှားနေသော ကားထဲမှ ကြည့်ရသည့်မိုးမြင်ကွင်းက အလျားလိုက် ရွေ့လျားနေသလို ဖြစ်နေ၏။

လမ်းဘေးသစ်ပင်ရိပ်များနှင့် အဝေးမှ တောင်တန်းမှုန်မှုန်တို့မှ တွဲ၍ ရှုခင်းကို ပီပီသသမမြင်ရသော်လည်း မှန်တံခါးဆီ ဖွဲခနဲထိခတ်လာသည့် မိုးမှုန်များကို မြင်ရပုံက သူမအတွက် အထူးအဆန်းလို ဖြစ်နေ၏။

လျှပ်စီးများ ပြိုးပြက်လိုက်သည့်ခဏတွင် မြင်ရသည့်ရှုခင်းက ပို၍ ဆန်းကြယ်သည်။



www.burmeseclassic.com

www.burmeseclassic.com



" မိုးကြိုးမပစ်ပါစေနဲ့လို့ ဆုတောင်းရမှာပဲ "

" ဟမ်. . . နင်ဘာပြောလိုက်တာလဲ ငြိမ်း "

" ဘာမှမဟုတ်ပါဘူးဟာ "

ရင်ဘတ်ပေါ်မှ ကြိုက်လေးကို ပွတ်သပ်ကာ အလျားလိုက် ရွှေနေသော မိုးညကို ငေးရီရင်း သက်ပြင်းတို့ မကြာခဏချဖြစ်ခဲ့၏။

❀ ❀ ❀ ❀ ❀



## အခန်း (၂၀)

" ဝါး တောင်ပေါ်မြေသင်းနံ့လေးက ဘာနဲ့မှမတူပါလားဟော့"

ဆမန်သာက ကားပေါ်မှ ဆင်းဆင်းချင်း မှတ်ချက်ချနေသည်။ သူမလည်း ဆမန်သာ့နည်းတူ ဝင်သက်ကို မော့လှန်ရှူရှိုက်၍ အငြောဆန့်လိုက်၏။

သူမတို့သုံးယောက်၏ ဝန်စည်စလွယ်များကို ချပေးပြီးသည်နှင့် ကားကဆက်လက်ထွက်ခွာသွားလေပြီ၊ ကားစက်သံ ဝေးကွာသွားသည်နှင့် အမျှ ဝန်းကျင်၏ ဆိတ်ငြိမ်အေးချမ်းမှုက ပို၍ ပီပြင်လာ၏။

အရှက်နှင်းမှုင်များမှလွဲ၍ မည်သူမျှ မနိုးထသေးသော မြို့ကလေးဆီ သူမ လှမ်းမျှော်ကြည့်လိုက်သည်။

သူမတို့ ဆင်းကျန်ရစ်သော မှတ်တိုင်နှင့်အနီးဆုံးတွင်ရှိနေသော အငှားကား ဂိတ်လေးကို တွေ့လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ကေက သူမထက်အလျင် တွေ့သွားပုံရ၏။ သူမ ခြေလှမ်းမပြင်ရသေးမီမှာပင် ကေက ထိုနေရာသို့ ရောက်နှင့်နေပြီဖြစ်၏။

" ဦးလေး. . . ဦးလေး ဟား တော်တော်အအိပ်ကြီးတဲ့လူပဲ ဒီမှာရှင့် "

" ဘုတ် ဘုတ် "

ဆမန်သာနှင့် သူမပါ အိတ်ကိုယ်စီဆွဲ၍ ကေ့ နောက်လိုက်ခဲ့ကြသည်။

" ဒီမှာ ကားငှားမလို့ မျက်လုံးလေးဘာလေး ဖွင့်ကြည့်ပါဦး"

" ကျုပ် မျက်လုံးက နဂိုမှေးဗျ။ ဒီ့ထက်ဖွင့်လို့မရဘူး။ ဘယ်ကို သွားမလဲဆိုတာသာပြော "

" ဒီလိပ်စာ "

သူမရယ်သံတစ်ဝက်နှင့် လိပ်စာရေးထားသည့် စာရွက်ပိုင်းလေးကို ပြလိုက်သည်။ ထိုလူက မျက်လုံးများကို ပွတ်သပ်၍ လိပ်စာကို ဖတ်ကြည့်ပြီး လက်နှစ်ချောင်းထောင်ပြသည်။

" ဈေးမဆစ်နဲ့၊ ဒါပုံမှန်ယူတာ ဒီဂိတ်မှာ ဒီတစ်စီးပဲရှိတယ် ဘယ်လိုလဲ "

အသံဝဲဝဲနှင့် ခပ်ပြတ်ပြတ်ပြောလာသည့် စကားကြောင့် သုံးယောက်သား ပခုံးတွန့်လိုက်မိသည်။ ဈေးဆစ်ဖို့လည်း ညှိရွယ်ချက်မရှိပါ။ သူမတို့အိတ်များကို သူမတို့ဘာသာ မ၍ နောက်ခန်းထဲ ပစ်ထည့်လိုက်ကြ၏။





သူမနှင့် ကေက အိတ်များ၏ နံဘေးနေရာလွတ်တွင် ဝင်ထိုင်လိုက်သည်။ ဆမန်သာက အလိုလိုရှေ့ခန်းမှလိုက်ရန် ဖြစ်သွားလေသည်။

" ကဲ. . . တစ်ရေးစီလောက် ပြန်မှေးလိုက်ကြ "

" ရှင်. . . အဝေးကြီးသွားရမှာလား "

" ဒါ. . . မြေပြန့်မဟုတ်ဘူး ကလေးမ "

အပြောအဆို သိပ်မညက်သော်လည်း သည်လူကြီးနှင့် ပြောရသည်မှာ တစ်မျိုးတော့ကောင်းသည်။ သူမက သည့်ထက်ပိုမပြောတော့ဘဲ အသာမှိန်း၍ လိုက်လာခဲ့၏။

ခရီးစဉ်တစ်လျှောက်လုံး အပြုံးအရယ်မရှိခဲ့သော ကေကတော့ အိုနှိုက်ထိတည်တင်းထားဆဲဖြစ်သည်။

လန်းဆန်းကာစ စိတ်တို့ မှုန်ကျသွားစေမည့် အတွေးက အေါ်ဘဲနှင့် ရောက်လာ၏။ 'ကို'ခေါင်းချခဲ့သည့် အိမ်ကလေးဆီသို့ ဆက်တော့မည်လေ။

သူမနှင့်အတူ ဘဝတစ်ခုထူထောင်မည်ကို 'ကို'ရည်ရွယ်ခဲ့သည့် အိမ်ကလေး။ သူမ စိတ်ကြိုက် အေးမြငြိမ်းချမ်းသော ဝန်းကျင်တွင် ကို တည်ဆောက်ခဲ့သော အိမ်ကလေး။

" ငြိမ်း. . . မှန်တင်လိုက်ဦး "

" ဟင်. . . အင်း အင်း "

"ပြတင်းပေါက်နားထိုင်ပြီး မိုးပက်နေတာတောင် မသိဘူးလား"

" ဒါ. . . မိုးလား "



www.burmeseclassic.com

www.burmeseclassic.com



သူမက နှင်းမှုန်များဟု ထင်ခဲ့မိသည်။ ကေပြောလည်း ပြောချင်စရာ။ မိုးယက်ခံရစဉ်က အေးမှန်းမသိခဲ့သော သူမမှာ မှန်အပြည့် တင်ပြီးမှ တစိမ့်စိမ့်ချမ်းလာရ၏။

ဆောင်းရာသီဆန်သော တောင်ပေါ် မိုးကို မှန်တစ်ချပ်ခြားလျက် ကြည့်နေလိုက်မိ၏။

မိုးငွေ့ဖြူဖြူများကြားမှ တပြင်တပြန့်တည်း ညီညီညာညာ ရှိနေသည့် အဆောက်အဦများစွာကိုလည်း တွေ့ရသည်။ မြေနိမ့် အိမ်များက ခြေတံရှည်၍ ကုန်းမြင့်ထက်မှ နေအိမ်များက ပုဝ်ဝပ်ကလေး များဖြစ်သည်။

တဖြည်းဖြည်း အိမ်ခြေကျဲပါးလာသလို မိုးငွေ့လည်း ပို၍ ထူထပ်သိပ်သည်းလာသည်။

လမ်းကွေ့တစ်ခုအလွန်တွင် လူနေအိမ်များကို လုံးဝမတွေ့ရ တော့။ တစ်ဘက် တောင်ကမ်းပါးယံ မြင့်မြင့်မတ်မတ်ကြီးကိုသာ မြင်ရတော့သည်။

မှန်ပြတင်း၏အောက်ခြေသို့ ငုံ့ကြည့်လိုက်မိ၏။ဆေးနီအရစ်ရစ် နှင့် တိုင်ငယ်များက လမ်းဘေးတွင် စီရရီ။

ထို့မှအလွန်တွင် မြေသားကို မမြင်ရတော့။

ချောက်ကမ်းပါးအစွန်းတွင် ဖောက်ထားသည့်လမ်းဟု သိလိုက်ရ သည်နှင့် ရင်ထဲလှိုက်ခနဲ ဖြစ်သွားရသည်။

တောင်ပေါ်ဒေသနှင့်ပတ်သက်၍ သည်အချက်ကို သူမ





တွေးမိခဲ့။ ရှုမျှော်ခင်းများကို စိမ်းမိုးကြည့်လိုလျှင် ကိုယ်တိုင်က အမြင့်ကို ကြောက်တတ်မှ ဖြစ်မည်။

ကားပေါ်မှနေ၍ အောက်ခြေသို့ လှမ်းမမြင်နိုင်သော ချောက်ကမ်းပါးအတွင်း ကားဘီးတာယာနှင့် ဖျစ်မိသဖြင့် လွင့်စင်ပြုတ်ကျ သွားသော ခဲနီနီကလေးများကို မြင်လိုက်ရချိန်၌ အမှတ်သညာပျောင်းက ဆီးလယ်ရပ်ခြားသို့ ဖြတ်ခနဲရောက်ရှိသွားလေ၏။

ခုနစ်ထပ်အမြင့်မှခုန်ချ၍ ကိုယ့်ကိုကိုယ် သေကြောင်း ကြံစည်သွားသူ တစ်ဦး။ ဝရန်တာ လက်ရန်းပေါ်တက်ရပ်ကာ သူမကို ကျော်ပြသွားသော လူစိမ်း။ ဘယ့်သူ ဘယ်ဝါမှန်းလည်း သူမ မသိ၊ ဘာကြောင့် သတ်သေရသည်ကိုလည်း မသိပါဘဲ ခေါင်းထဲစွဲနေသည်မှာ သူမ၏ စိတ္တဇသာဖြစ်လိမ့်မည်။

“ ရောက်ပြီ ကလေးမတို့ ”

အသိပေးစကားနှင့်အတူ ကားကိုလည်း ရပ်လိုက်သည်။ ရောက်ပြီဆိုသော်လည်း သူမမြင်နေရသည့်ဘက်တွင် ချောက်ကမ်းပါးသာ ရှိသည်။

အခြားတစ်ဘက်သို့ လှည့်ကြည့်မိတော့ ကေနှင့် ခရီးဆောင် အိတ်သုံးလုံးဆင့်ထားသည်မှလွဲ၍ အပြင်ဘက်သို့မမြင်ရ၊

ကားတံခါးဖွင့်၍ဆင်းရန် သူမ တုံ့ဆိုင်းနေမိသည်။

“ ဆင်းလေ ”

ချောက်ကမ်းပါးကို မြင်ကွင်းထဲတွင် မရှိစေချင်၍ ခေါင်းငုံ့ဆင်း



www.burmeseclassic.com

www.burmeseclassic.com



လိုက်မိ၏။ မြေပြင်နှင့် ခြေထောက်ထိသည်နှင့် ကားတစ်ဖက်ခြမ်းသို့ ချက်ချင်းပြေးသွားမိသည်။

" အရှုံး၊ သူငိုင်ချင်လည်း ငိုင်နေတယ်၊ သူသွက်ချင်လည်း နှစ်ယောက်မရှိဘူး။ ဘယ်လိုဟာလေးလည်း မသိဘူး "

" ဟယ် "

ထိုအာမေဋိတ်သံမှာ သူမ ရေရွတ်လိုက်ခြင်းမဟုတ်။ ဆမန်သာ၏ နှုတ်မှ လွင့်ထွက်လာခြင်းဖြစ်သည်။ သူမ ကိုယ်တိုင်ကမူ အသံပင် မထွက်နိုင်။ အံ့သြမှု၊ ပီတိ၊ ပြီး. . . ယူကျုံးမရခြင်း။

ခံစားချက်များစွာ တရစပ်လှိမ့်ဝင်လာသော ရင်ဘတ်ထဲမှ နှလုံးခုန်သံကိုပင် မကြားရတော့ဟု ထင်မိ၏။

ပန်းချီကားတစ်ချပ်လိုလှသည်။ အကွန့်မြူးဆုံးသော စိတ်ကူး စိတ်သန်းအား လက်ရာမြောက်စွာရေးခြယ်ထားသော ပန်းချီကား တစ်ချပ်လိုလှသည်။ ဆန်းသည်။

ကားလမ်းထက် အနည်းငယ်နိမ့်သော မြေပြင်ကျယ်တွင် စိမ်းစိုဝေဆာနေသော ဥယျာဉ်လေးတစ်ခင်းနှင့် သစ်ပင်ငယ်များကြား ခေါင်မိုးနီနီ၊ အပြာရောင်ကြည်ကြည်ကလေးခြယ်ထားသည့် အိမ်ပုကလေး တစ်လုံး။

မိုးငွေ့များနှင့် ဖွေးဖွေးလှုပ်နေသည့် ရေကန်ငယ်တစ်ခုက ဥယျာဉ်စိမ်းစိမ်းနှင့် လိုက်ဖက်လွန်းနေသည်။

မလှုပ်မယှက်ရပ်ငေးနေမိသည်မှာ ကားပြန်ကွေ့သွားသည်ကို





ပင် သတိမထားမိလိုက်။

" လာ. . . အပြင်ဘက်ကပဲ ခံစားမနေနဲ့ အထဲဝင်ပြီး ခံစား ကြည့်လိုက်ဦး "

ဆမန်သာက ဦးဆောင်၍ ခြံတံခါးဝသို့ ဆင်းသွားသည်။ သူမက နောက်ဆုံးမှကြည့်မောညွတ်နေမှု မပျက်ဆင်းသက်လိုက်ပါခဲ့သည်။

" ဟော့ မင်းတို့တယ်သူတွေလဲ၊ ဘယ်ကိုလာတာလဲ ဘာကိစ္စနဲ့ ဒီခြံရှေ့ရောက်လာကြတာလဲ "

နှုတ်ဆက်သည့်လေသံမဟုတ်။ လေယူလေသိမ်းကတော့ အငှားကားမောင်းသည့် လူကြီးနှင့် ခပ်ဆင်ဆင်ဝဲသော်လည်း မေးပုံက ဗိုလ်ဆန်၏ မာကျောခက်ထန်၏။

" ဒီအိမ်ကိုလာတာပဲ ရှင်က ဘယ်သူလဲ၊ ဘာလို့ ဒီခြံထဲ ရောက်နေတာလဲ၊ ကျွန်မတို့ကို မေးလားမြန်းလားနဲ့ ရှင်က ဘာမို့လို့လဲ"

ဆမန်သာက တမင် ရွတ်၍ ဘုတောလိုက်ပုံရ၏။

" ငါက အရင်မေးတာ ဒီခြံကို စောင့်ရှောက်ဖို့ ငါ့ကို အပ်ထားလို့ မေးရတာကွ "

သုံးယောက်သား သံဇန်းတံခါးရှေ့ ရင်ဘောင်တန်း၍ ရပ်လိုက် သည်။ သူမ၏ ကြည်နူးရွှေလေးအခိုက်အတန့်အားဖြင့် ပြယ်လွင့်သွားရ လေပြီ။

ခြံစောင့်ဆိုသော လူကြီးမှာ သည်နေရာနှင့် မလိုက်ဖက်လွန်းစွာ အကျည်းတန်လွန်း၏။ အသားအရေမှာ တမင်မည်းနက်နေအောင်



www.burmeseclassic.com

www.burmeseclassic.com



ဆေးသုတ်ထားသလိုပင် ထင်ရသည်။

ခပ်ပြားပြားမျက်နှာပေါ်တွင် နှာတံနှင့် နှုတ်ခမ်းများက ထူထဲကြီးမားသလောက် မျက်ပေါက် ခပ်ကျဉ်းကျဉ်းနှင့် မျက်လုံးများက ကြောင်စိစိနိုင်လှ၏။

" ကောင်းပြီလေ ကျွန်မတို့ အရင်ဖြေပါ့မယ်၊ ဟိုဘက်အစွန်ဆုံးမှာ ရပ်နေတာ ဒီခြံပိုင်ရှင် ကိုထူးဇေရဲ့ ချစ်သူ ငြိမ်းချမ်းငြိမ်းဆိုတာပဲ၊ ရှင့်ကိုရှင့် အလုပ်ရှင်ကပြောဖူးမှာပေါ့၊ ကျွန်မတို့နှစ်ယောက်ဟာ သူ့ရဲ့ သူငယ်ချင်းတွေ အခုလာတာငြိမ်းချမ်းငြိမ်းက သူ့ချစ်သူရဲ့ အုတ်ဂူနောက်ဆုံးနေခဲ့တဲ့ ဒီအိမ်ကလေးလာကြည့်တာ ဒါပဲ "

" ငြိမ်းချမ်းငြိမ်း ဟုတ်လား၊ ဒီနာမည်တော့ငါသိတယ်၊ ငါ့ကိုအပ်သွားတဲ့ သူကလည်း ဒီနာမည်နဲ့လာရင် ဝင်ခွင့်ပြုလိုက်ပါလို့မှာထားတယ် "

" ဒါဆိုလည်း တံခါးဖွင့်လေ "

ဆမန်သာက စိတ်မရှည်သည့် လေသံမျိုးနှင့် အော်လိုက်သည်။ သို့သော် ထိုလူကြီးက လုံးဝ အမူအရာမပြောင်းလဲ။

သူ့လက်ထဲမှ သော့တွဲကိုပင်ပို၍ ကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်သေးသည်။ ထို့နောက် ခေါင်းတခါခါနှင့်

" ငြိမ်းချမ်းငြိမ်းဆိုတိုင်း ငါက ဖွင့်ပေးလိုက်ရမယ်ဆိုရင် ဒီခြံအစောင့်တောင်ထားဖို့ မလိုဘူး၊ မင်းက ငြိမ်းချမ်းငြိမ်းဆိုတာကို ငါဘယ်လိုယုံရမှာလဲ "





သူမ မျက်ခုံးပင့်လိုက်မိ၏။ ပြီးမှ အချိုသာဆုံးပြုံး၍ ခပ်အေးအေး ပြောပြရသည်။

" ကျွန်မ ငြိမ်းချမ်းငြိမ်းအစစ်ပါရှင်၊ ဒီမှာ ကဒ်တွေပါပါတယ်၊ ဦးကြီး စစ်ဆေးကြည့်ပါ "

သူမက အိတ်ထဲပါသမျှ ယာဉ်မောင်းလိုင်စင်မှအစ ထုတ်ပြလိုက်သည်။

" ငါ အဲ့ဒါတွေ နားမလည်ဘူး၊ ဘာတွေမှန်းမသိဘူး၊ လာမပြနဲ့ မြို့က ငါသိတဲ့လူ တစ်ယောက်ယောက်က ထောက်ခံပေးမှရမယ် "

စကားအဆုံးတွင် ချာခနဲလှည့်ထွက်သွားသော လူကြီးကို သူမ ဆွဲ(?)တားချိန်ပင်မရလိုက်၊ အပင်များအကြားသို့ ဝင်ရောက်ပျောက်ကွယ်သွားလေ၏။

" ဟေ့...ဟေ့ လူကြီး ခြံစောင့်ကြီး ဟေး "

ဆမန်သာက အသံစူးစူးနှင့် လှမ်းအော်သည်။ တုံ့ပြန်အော်ပြောလိုက်သံတော့ကြားရ၏၊ လူကိုယ်တိုင် ထွက်ပေါ်မလာတော့။

" ငါပြောတဲ့ စကားကို နားမလည်ကြဘူးလား "

" ကျစ်စ် "

" ကဲ...ဘာဆက်လုပ်ကြမလဲ ငြိမ်းရေ "

" ဒီမြို့ထဲမှာ ထူးဇေရဲ့ သူငယ်ချင်းရှိတယ်ဆို "

ဆမန်သာ၏ အမေးကို ဖြေလိုက်သည်မှာ သူမပင်ဖြစ်သည်၊ စိတ်ပျက်အားလျှော့မိတော့မည့် သူမ သည်စကားကြားမှ



www.burmeseclassic.com

www.burmeseclassic.com



ပြန်အားတက်လာရ၏။ သည်ခေါင်းက လိုအပ်သည့် အမှတ်သညာမျိုး လုံးဝထွက်မပေါ်လာ။ သူမကိုသူမ အပြစ်တင်မိသည်။

“ ဒါဆို မြို့ထဲကို ပြန်သွားကြရမယ်ပေါ့၊ ကားလည်းမရှိတော့ ဘူးလား ကော၊ ဘယ်လိုသွားကြမလဲ ငါ. . . ဒီက စောင့်လို့မရဘူးလား”

“ ငါတို့ ကျောင်းတက်တုန်းကလိုပဲပေါ့ ”

“ ဟမ်. . . ခြေလျင်သွားမယ်ပေါ့၊ ကျောင်းတက်တုန်း နီးနီးလေးလေ ”

ကော့ စကားကြောင့် ဆမန်သာ့လေသံက ပို၍ ပျော့ကျသွား သူမအနေနှင့်ကတော့ ဘယ်လိုပဲဖြစ်ဖြစ် မြို့ထဲသို့အရောက်သွားရမည်

“ ငါ. . . အိတ်စောင့်ဖို့နေရစ်မယ်လေ၊ နင်တို့လည်း အိတ် မပါတော့ သွားရတာ အဆင်ပြေတာပေါ့ မဟုတ်လား ”

“ မင်းသဘောပဲလေ၊ တစ်ယောက်တည်းနေရဲတယ်ဆိုနေ

“ နေရဲတယ် နေရဲတယ် ဘာလို့မနေရဲရမှာလဲ ”

သူမ ကိုယ်တိုင်လည်း သည်လောက်ခရီးကို လာခဲ့ မြို့ထဲအထိ လမ်းပြန်လျှောက်ရမည်ကို စိတ်ညစ်မိသည်။ သူမ သိပ်မကြည်သည့် ကောကိုယ်တိုင်ကပင် ဘာမျှမပြောသည့်အ သူမလည်း မည်းညည်းမူရဲ၊

“ ကျေးဇူးပဲ ကော ”

“ အပိုတွေပြောမနေနဲ့၊ သူငယ်ချင်းဆိုတဲ့ လူကို မင်း သိလား ”





“ နာမည်တော့သိတယ်. . . ကိုမင်းနောင်တဲ့ လူချင်းတော့ သိလား မသိမလား၊ မသေချာဘူး ”

“ ကောင်းကွာ ”

ကားလမ်းအတိုင်းလျှောက်လာရင်း နောက်သို့ မကြာခဏ ညှိကြည့်ဖြစ်သည်။ ကားကြုံလေးများတစ်စီးတလေပေါ်လာမည်လား၊ ညှိကြည့်နှင့်ပဲ မြို့ထဲပြန်ရောက်လာရ၏။ တစ်စီးမျှပေါ်မလာ။

“ နေပါဦး ပန်းချီရေးဖော်ဆိုတော့ အဲ့ဒီလူလည်း ပန်းချီ ဆရာပဲပေါ့ ”

“ ဟုတ်မယ်ထင်တယ် ကော ”

“ မြို့လေးက သိပ်တော့ မကျယ်ပါဘူး၊ ရှာလို့လွယ်မယ် ထင်တာပဲ ”

သူမတို့ကားနှင့်ဖြတ်သွားစဉ်က အိပ်မောကျနေခဲ့ဖြစ်သော မြို့လေးမှာ လှုပ်လှုပ်ရွရွနှင့် နိုးထစ ပြုလာပြီဖြစ်၏။ တွေ့သူတိုင်းကို မေးကြည့်ရသည်။ ပန်းချီဆွဲသည့် ကိုမင်းနောင်။

လိပ်စာမသိ။ အခြား အချက်အလက်လည်းမသိ။ တော်တော် ရှာသည့် ရှာဖွေမှုပင်။

“ ဒီဘက်ပိုင်းမှာတော့ မရှိဘူးခင်ဗျ ”

“ မင်းနောင် ပန်းချီဆွဲတယ်မဟုတ်လား၊ ကြားဖူးသလို ကြားဖူးသလိုပဲ သိမ်းတို့ရယ် ”

“ မသိဘူး ”



www.burmeseclassic.com

www.burmeseclassic.com



" ကျွန်တော်သိတဲ့ ကိုမင်းနောင်ကတော့ ပန်းချီဆွဲမဆွဲ မသေချာဘူး။ နေတာက အင်း "

အဖြေပေါင်းစုံနှင့်အတူ မိုးစဲ၍ အလင်းရင့်လာသည်။ ဝမ်းတဝါးဝါးနှင့် လျှောက်လာမိသည်မှာ ကျဉ်းသည်ဆိုသော မြို့ကလေး၏ ချောင်ကျကျရပ်ကွက်တစ်ခုထဲသို့ပင် ရောက်လာ၏။ လမ်းမကြီးဘက် ပြန်ထွက်ဖို့ မျက်စိလည်ချင်ချင်။

ထိုစဉ် အားကစားဝတ်စုံနှင့် လူတစ်ယောက်က သူမရှေ့ ရောက်လာ၏။

" ဒီက မငြိမ်းချမ်းငြိမ်း ဆိုတာလား မသိဘူး။ မဟုတ်ရင် စိတ်မရှိပါနဲ့ဗျာ. . . ကျွန်တော့်အသိတစ်ယောက်နဲ့ တူသလိုလိုရှိလို့ပါ "

" ဟုတ်. . . ဟုတ်ပါတယ်ရှင် ငြိမ်းချမ်းငြိမ်းပါ၊ ရှင်က ကိုမင်းနောင် ဆိုတာ "

" ဟား ဟုတ်တယ်ခင်ဗျ ဟုတ်တယ်၊ ကျွန်တော် မငြိမ်းချမ်းငြိမ်းနဲ့ တစ်ခါပဲ ဆုံဖူးတော့ မရေမရာဖြစ်နေတာ စိတ်မရှိပါနဲ့နော် "

" အို. . . ရပါတယ် တောင်းပန်စရာမဟုတ်ပါဘူး၊ ရှင်နဲ့ တွေ့ရတာကိုပဲ ဝမ်းသာလှပါပြီ "

တွေ့မည့်တွေ့တော့ လမ်းပေါ်တွင် မထင်မှတ်ဘဲ တွေ့ရသည်။ ထိုလူမှာ နံနက်စောစော ကျန်းမာရေးအပြေးလေ့ကျင့်ရန် ထွက်လာပုံ ရသည်။





သူမ ဆက်ပြောရမည့်စကားများကို ကေက အစားပြောပေး သွား၍ တော်သေးသည်။ သူမမှာ ပင်ပန်းမှုနှင့် စိတ်လောကြီးနေမှုကြား ပြောရမည့်စကားကို မစဉ်းစားတတ်ဘဲ ဖြစ်နေ၏။

" ကျွန်တော့်အိမ်ကို လိုက်ခဲ့ကြဗျာ၊ ကားနဲ့ ပြန်သွားကြတာပေါ့ ခင်ဗျားတို့လည်း မောပန်းနေပြီထင်တယ်၊ ကျွန်တော် ကြိုသိရင် ကားဂိတ်မှာ လာစောင့်တာပေါ့ဗျာ၊ အေးလေ ခင်ဗျားတို့လည်း ဆက်သွယ်စရာ လိပ်စာတွေဘာတွေမှ မသိတာ လာ. . . လာ အိမ်က ဒီနားတွင်ရယ် "

တိုင်ပင်မထားဘဲ သူမနှင့်ကေတို့ တစ်ယောက်ကိုတစ်ယောက် လှည့်ကြည့်၍ သက်ပြင်းကိုယ်စီချမိ၏။

" ဒီကောင်ကြီးက သူ့ကိုသူ သိပ်အထင်ကြီးလွန်းတယ်၊ သူလို လူမျိုးက နားချရခက်တယ်ဗျာ၊ ကျွန်တော်လည်း တတ်နိုင်သလောက် ဟောခဲ့ပါတယ်။တစ်ခါတလေများ ကြိမ်းမောင်းပြီးကို ပြောမိတယ်၊ ဆိုနောက်ပြီးတော့လည်း. . .\ အဲ မငြိမ်းချမ်းငြိမ်းအတွက် စိတ်မကောင်းစရာ တွေ အစပြန်ဖော် ပေးသလိုဖြစ်သွားပြီ၊ စိတ်မရှိပါနဲ့ဗျာ၊ ကျွန်တော်က ခင်ဗျားကို ရုတ်တရက် တွေ့လိုက်ရတော့ ဟို ထူးဖေကို "

" ကျွန်မ နားလည်ပါတယ်ရှင် "

အမှန်အတိုင်း ဝန်ခံရလျှင် အစက သူမ ကိုမင်းနောင်ကို အထင်လွဲခဲ့မိသည်။



www.burmeseclassic.com

www.burmeseclassic.com



'ကို'မှူးယစ်ဆေးဝါးဘက် အာရုံရောက်သွားခြင်းအတွက် အဓိကတရားခံမှာ သည်မြို့ခံ သူငယ်ချင်းဆိုသူပဲဖြစ်ရမည်ဟု တစ်ထစ်ချ တွက်ခဲ့မိ၏။

တကယ်တမ်းတွေ့ရသည်က ကျွန်းမာရေးလိုက်စားသည်။ 'ကို' အပေါ်လည်း သံယောဇဉ်ရှိပုံရသည့် လူတစ်ယောက်ဖြစ်နေသည်။

ကိုယ်တိုင်က ကျန်းမာရေးလိုက်စားသူမှာ အပေါင်းအသင်းကို သည်လို လမ်းမှားသို့ ပို့မည့်သူမဟုတ်နိုင်။ ပြီး၊ 'ကို'စိတ်ကို သူမ အသိဆုံး။

သူကိုယ်တိုင် စိတ်မပါသည့် ကိစ္စကို ဘယ်သူကမျှ တိုက်တွန်း၍ မရ။ သူကိုယ်တိုင်က စိတ်ပါလျှင်လည်း ဘယ်သူမျှ တားမြစ်၍မရသည့် တဇွတ်ထိုးသမား။

" ကျွန်မတို့ ဘယ်မှာ ဆုံဖူးတာပါလိမ့် "

ကိုယ့်အတွေးနှင့်ကိုယ် အထင်မှားခဲ့မိသည့်အတွက် တောင်းပန်ရန် ကြံရွယ်လိုက်သော်လည်း သူမ နှုတ်မှ ထွက်သွားသည်က တခြားစီ။

" မငြိမ်းချမ်းငြိမ်း ဖိုင်နယ်တက်တုန်းကထင်တယ်၊ သူ့ကျောင်းထဲမှာ လာတွေ့တဲ့အခေါက်ကလေ ကျွန်တော်တို့ ကျောင်းအောက်က အအေးဆိုင်လေးမှာတောင် ထိုင်ဖြစ်ကြသေးတယ်၊ အဲဒီမှာကတည်းက မငြိမ်းချမ်းငြိမ်း ဒီကောင် ဆေးလိပ်ဖွာတာကို တားခဲ့တာ မဟုတ်လား "





" ဪ ဟုတ်သားပဲ၊ ကြည့်စမ်း ကျွန်မ မှတ်ဉာဏ် ညံ့လိုက်တာ "

ကိုမင်းနောင်က နားလည်မှုရှိသည့် အပြုံးမျိုးဖြင့် တုံ့ပြန်သည်။ ကိုယ်တိုင်က မေ့လျော့နေမိသည့် တွေ့ဆုံမှုကို သူက မှတ်မှတ်ထင်ထင် ပြောပြလာတော့ အားနာမိရ၏။

ဆက်ပြောနေလျှင် တောင်းပန်ရမည့် အချက်တွေ ပိုတိုးလာဦးမည်ထင်သည်။

" ဒါနဲ့ မငြိမ်းချမ်းငြိမ်းက မဟာတန်းကို ဒီမှာမတက်ဘူးနော်"

" ဟုတ်ကဲ့ရှင့် ဘိုးဘိုးက သူ ပါရဂူဘွဲ့ယူခဲ့တဲ့ ကျောင်းကို ရွေးခဲ့တာလေ၊ ကျွန်မကိုလည်း သူ့လိုပဲ ပါရဂူတစ်ယောက်ဖြစ်စေချင်တာ၊ ဒါပေမဲ့ ကျွန်မက အဲ့လောက် ပါရမီ မပါဘူး အဟင်း "

မိန်းကလေးတစ်ယောက်အနေနဲ့ တခြားနိုင်ငံမှာသွားပြီး ပညာသင်ယူနိုင်တာကိုက ချီးကျူးစရာပါဗျာ "

သည်လူက 'ကို့'ထက် ရင့်ကျက်ပုံရသည်။ သို့သော် 'ကို'ကို ရော့လည်း လက်မြှောက်ထားရဟန်ရှိ၏။ အကယ်၍သာ. . .

❀ ❀ ❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

" သူက တစ်ခါတလေ ကလေးဆိုးကြီးလိုပဲ "

သူမ အလွမ်းသဲ့သဲ့ပါသော စကားကိုစမိသည်။ ကိုမင်းနောင်က စကားကို ဂရုတစိုက်မောင်းနေရင်းမှ သူမကိုပြုံး၍ ခေါင်းညိတ်ပြ၏။ သည်အကြောင်းအရာတွေ ပြန်ပြောင်းပြောဆိုခြင်းကို မကြိုက်သည့် ကေကာ အခြားတစ်ဘက်သို့ မျက်နှာလွှဲထားသည်။

ကိုမင်းနောင် မောင်းလာသော လမ်းမှာ သူမနှင့်ဇေ ဝင်ခဲ့သည့် လမ်းကြောင်းမဟုတ်။ အကွေ့အကောက်သိပ်မများ။ လမ်းမကြီး ပေါ်သို့ ခဏနှင့်ပြန်ရောက်သွား၏။

" တစ်ခါက ကျွန်မ သူ့အိမ်အလည်သွားတော့ အိပ်ရာက မထသေးဘူးလေ၊ သူ့ဦးလေးက နိုးပေးမှ အိပ်မှုန်စုံမွှားနဲ့ ထလာတယ်။ ကျွန်မဆို နေလည်စာတောင်စားပြီးနေပြီ ဘာလို့ ဒီချိန်ထိ အိပ်နေတာလဲလို့ မေးကြည့်တော့ ညက အလင်းပေါက် ထိုင်နေခဲ့တာတဲ့ ပန်းချီရေးတာ ဖြစ်မှာပေါ့၊ သူက ပြောသေးတယ် "

ကျွန်မ နှိုးခိုင်းတယ်ဆိုလို့သာ အိပ်ရာက ထလာတာတဲ့ သူ့ဦးလေးဆို သူ့ကို မနှိုးရဲဘူးဆိုပဲ၊ သူက လိုအပ်သလောက်ပဲ အိပ်တဲ့ သူတဲ့၊ အိပ်နေရင် နိုးတာမကြိုက်ဘူးတဲ့ သိလား။ အဲ့ဒီစကားကြောင့် ကျွန်မ စိတ်ဆိုးချင်ယောင်ဆောင်တော့လည်း ပျာပျာသလဲ တောင်းပန်တယ်"

" ဟုတ်တယ် မငြိမ်းချမ်းငြိမ်းက ဒီကောင်နဲ့ ပတ်သက်ပြီး အထူးအခွင့်အရေးတွေ အကုန်ရထားပြီးသား ကျွန်တော့်ကိုလည်း ပြောပြဖူးတယ် "

ကိုမင်းနောင်က စကားမဆက်ဘဲ ကေ့ကိုလှည့်ကြည့်သည်ကို တွေ့လိုက်ရသဖြင့် သူမက ပခုံးနှင့်တွန်းတိုက်၍ သတိပေးလိုက်ရ၏။

" မငြိမ်းချမ်းငြိမ်း သူငယ်ချင်းက ကျွန်တော်တို့ဒေသကို စိတ်ဝင်စားနေပုံရတယ် "

" ကျွန်မကို သူငယ်ချင်းတွေခေါ်သလို ငြိမ်းငြိမ်းလို့ပဲ ခေါ်နိုင်ပါတယ်။ သူ့နာမည်က ကေတဲ့ အဟင်း မိတ်ဆက်ပေးဖို့မေ့နေတာ"

ကေက မနိုင်းရုံလောက် အသိအမှတ်ပြုပြုံးပြီး လမ်းဘေးဆီ ငေးနေသည်။

" နောက်တစ်ယောက်လည်း ပါသေးတယ်ဆို "

" ဟုတ်တယ် ကျောင်းမှာ ခင်လာတဲ့ သူငယ်ချင်းလေး သူက ခြေရှုမှာ အိတ်တွေနဲ့အတူ ကျန်ရစ်တယ်၊ ဒါနဲ့ အဲ့ဒီခြံစောင့်ကြီးကို ကိုမင်းနောင် ငှားထားတာလား "

" မဟုတ်ဘူး ထူးဇေ ငှားခဲ့တာ... သူ သူ

www.burmeseclassic.com



မဆုံးခင်ကတည်းကလေ အဲ့ဒီမှာ တစ်ယောက်တည်းသော အလုပ်သမားပေါ့ ”

“ ဒါဆို အပင်တွေကို ”

“ ဟုတ်ပါ့ဗျာ ထူးဖေ တစ်ယောက်တည်း စိုက်ပျိုးထားတာ အဲ့ဒီခြံကို သူတွေ့တွေ့ချင်း အပြတ်ဝယ်ခဲ့တာ မဟုတ်ဘူး။ မြေငှားပြီး သူစိုက်ချင်တဲ့ အပင်မှန်သမျှ စိုက်တယ်၊ နောက် အိမ်ဟောင်းကို ပုတ်ပြတ်နဲ့ ဝယ်လိုက်တယ် ”

“ ရှင်. . . အိမ်ဟောင်းကို ”

“ ဒီလိုလေ အခု အိမ်သစ်ကလေးနေရာမှာ အရင်က ခပ်သေးသေး အိမ်လေးတစ်လုံးရှိတယ်၊ ထူးဖေက သူ့အပင်တွေနဲ့ အဲ့ဒီ အိမ်ဟောင်းနဲ့ ပန်မစားဘူးဆိုပြီး ပိုင်ရှင်တွေဆီမှာ အိမ်အလုံးချည်း သက်သက်ဝယ်လိုက်တာ၊ အိမ်ကို ဖျက်ပြီး ထွက်လာတဲ့ အုတ်ကျိုးတွေ သစ်ဟောင်းတွေကို ပြန်ရောင်းတာမျိုးလေ၊ မြတ်တော့မမြတ်ဘူးပေါ့ ဒါပေမဲ့ ဒီကောင် စိတ်ကူးကောင်းသွားတယ်၊ အိမ်ကို ဖျက်ပြီးတော့မှ အဲ့ဒီ ခြံလေးရဲ့အကွက်အကွင်းက ပိုပေါ်လာတယ်. . . အဲ့ဒီတော့မှ အပြတ်ဝယ်ဖို့ ဆုံးဖြတ်လိုက်တာ နောက်တော့ သူ့ဥယျာဉ်နဲ့လိုက်မယ့် အိမ်မျိုးဆောက်တော့တာပဲ ”

“ ကိုက. . . တကယ့် ပန်းချီဆရာပဲ ”

မျက်ရည်ဝဲချင်ချင်ဖြစ်လာသည်။လုပ်ခနဲ ဝမ်းနည်းသွားသည့် မျက်နှာပေါ်မှ အရိပ်ကို ရှေ့ခန်းမှ ကိုမင်းနောင်လည်း မြင်မည်မဟုတ်။





ငေးမောနေသော ကေလည်း တွေ့လိုက်မည်မဟုတ်။ စကားမဆက်သေးဘဲ တစ်ဘက်သို့လှည့်၍ ငေးရီမိသည်။

မိုးလုံးဝတိတ်သွားပြီဆိုသော်လည်း ကောင်းကင်တွင် တိမ်သားအချို့ ကျန်နေသေးသည်။ နေရောင်က တောက်ပသည်ဆိုရုံကလေး။ အဝေးမှ ပြာမှုန်မှုန် တောင်စဉ်များ။

အစိမ်းရောင် ချိုင့်ဝှမ်းများ၊ အုပ်ကြွပ်မိုးနီနီ လူနေအိမ်စုကလေးများ။ သူမ ကလေးဘဝက စိတ်ကူးတရ လက်တည့်စမ်းဖူးသည့် ပန်းချီပုံလေးများအတိုင်းလှသည်။

‘ကို’ကတော့ သည့်ရှုခင်းများကို ပန်းချီရေးနိုင်တော့မည်မဟုတ်။

ပါးပြင်ပေါ် နွေးခနဲ ဖြတ်သန်းသွားသည်မှာ မျက်ရည်များပင် ဖြစ်လိမ့်မည်။ ရှုမျှော်ခင်းတို့ မှုန်ရီလာသည်။

လှန့်နိုးခြင်းကိုမုန်းသော သူမချစ်သူသည် မည်သူမျှ နိုး၍ ရနိုင်တော့သည့် အရပ်၌ အိပ်ပျော်နေခဲ့လေပြီလား။

(‘ကို’ သူငယ်ချင်းက ငြိမ်းကိုပြောတယ်၊ ‘ကို’နဲ့ ပတ်သက်ရင် ငြိမ်းက အထူးအခွင့်အရေးတွေရထားတာတဲ့။ ငြိမ်း‘ကို’ကို နိုးပါရစေနော်)

“ ကိုနိုး ”

“ အမလေး ”

“ ကျွိုး. . . ကျွိ ”

“ ငြိမ်း. . ငြိမ်း ဘာမှမဟုတ်ပါဘူး ဘာမှမဖြစ်ပါဘူး ငြိမ်းရဲ့”

“မငြိမ်းငြိမ်း အခေါ်ပြေရဲ့လား။အရမ်းလန့်သွားတယ်ထင်တယ်”



www.burmeseclassic.com

www.burmeseclassic.com



" ရတယ်. . . ရတယ် ကျွန်မ ဘာမှမဖြစ်ဘူး။ ကော ငါဘာမှ မဖြစ်ဘူး ရတယ် "

သူမကို သိုင်းဖက်ထားသည့် ကော့ ရင်ခွင်ထဲ မှိန်မှေးချလိုက်ရသည်။ သက်ပြင်းများကို အဆက်မပြတ်ချမိ၏။ တဒင်္ဂရပ်တန့်သွားသည့် ကိုယ့်နှလုံးခုန်သံကိုယ် ပြန်နားစွင့်ကြည့်ရသေးသည်။

မျှော်လင့်မထားသော တိုက်ခိုက်မှုကြောင့် သူမ ထိတ်လန့်ရုံ ခံစားလိုက်ရခြင်းကိုပင် တော်သေးသည်ဟု မှတ်ရမည်။

" ဒီလို ဖြစ်လေ့ဖြစ်ထမရှိပါဘူးဗျာ၊ ကံကောင်းတယ်ဆိုရမှာပဲ ကျွန်တော်တို့တွေ လမ်းပေါ်မှာ ထီးထီးကြီးရှိမနေလို့ "

ကော့ ရင်ခွင်ထဲမှ သူမ ပြန်အထတွင် ရိုဗ်ခနဲ မူးဝေသွားသေးသည်။

" ဘာလို့လဲ. . . ဘာဖြစ်လို့ ဒီနှစ်ခုလုံးက တပြိုင်တည်းကြီး ဖြစ်သွားရတာလဲ "

" အိုး. . . ငြိမ်း မင်း လျှောက်မစဉ်းစားနဲ့နော်၊ မင်းအတွေးနဲ့ မင်း မဟုတ်မဟပ်တွေ ဆက်စပ်မနေနဲ့၊ ဒါ မိုးလေဝသအခြေအနေ တစ်ခုပဲ ဘာနိမိတ်မှမဟုတ်ဘူး။ မိုးတွင်းမှာ မိုးကြိုးပစ်တာ အဆန်း မဟုတ်ဘူး။ ငြိမ်း ဒီမယ် ငါ့ကိုကြည့် ကြည့်စမ်း မတွေးနဲ့ မင်းအတွေးတွေ ရပ်ပစ်လိုက်၊ အိုခေ. . . ရပ်ပစ်လိုက် "

ကောက သူမ ပခုံးနှစ်ဘက်ကို ဆုပ်ကိုင်ခါယမ်း၍ ပြောသည်။

" မိုးလေဝသ ဟုတ်လား၊ ဘာလို့ လျှပ်ပါ လွှပ်သွားရတာလဲ "





" ငြိမ်း. . . ငါမင်းကို ရှင်းပြမယ် လျှောက်မတွေးနဲ့ "

" ဟင့်အင်း ကော. . နင်က နင့်ကျောင်းသုံးစာအုပ်ထဲက ဟာတွေ ရှင်းပြမှာမဟုတ်လား။ ဒါတိုက်ဆိုင်မှု သက်သက်မဟုတ်ဘူးကော ဒါဘာတွေစဉ်းစားနေလဲသိလား "

" ငါသိတယ်၊ ငါမင်းကို နားလည်ပါတယ်ကွာ ဒါပေမဲ့ "

" လျှပ်တွေ မိုးကြိုးတွေ တိုက်ဆိုင်မှုဟုတ်လား။ ဘာလို့ ဦးအိပ်မက်တွေထဲမှာ အဝင်ဝင်ပါခဲ့ရတာလဲ ပြောပါဦးကော. . . ဘာတွေ ဆက်ဖြစ်ဦးမှာလဲ "

" ကိုမင်းနောင်ကို အွားနာစရာဖြစ်နေပြီငြိမ်း. . . မင်းစွတ် အော်မနေနဲ့ "

" ရပါတယ် မကော. . . ဘာတွေ တိုက်ဆိုင်တယ်ဆိုတာတော့ ကျွန်တော် မသိပါဘူး။ ဒါပေမဲ့ မငြိမ်းငြိမ်းအနေနဲ့ စိတ်ကို အေးအေးထားလိုက်ပါလို့ အကြံပေးပါရစေ၊ ပြီးတော့ အဆိုးဘက်ကချည်း တွေးပါနဲ့ဗျာ၊ ကျွန်တော့်ကို အားမနာပါနဲ့၊ အခု ကျွန်တော် ဘာလုပ် ပေးနိုင်မလဲဆိုတာပြောပြပါ "

" ရ. . . ရပါတယ် ကိုမင်းနောင် ကျွန်မကြောင့် စိတ်အနှောင့် အယှက်ဖြစ်သွားရင် တောင်းပန်ပါတယ် ရုတ်တရက်ဆိုတော့ "

တကယ်တော့ ရုတ်တရက်ရယ်မှ မဟုတ်ပါဘူး။ တစိမ့်စိမ့် တွေးကြည့်လျှင်လည်း အတူတူပါပဲ။

သွေးအေးသွားတော့မှ တွေးလျှင်လည်း သည့်အဖြစ်အပျက်



www.burmeseclassic.com

www.burmeseclassic.com



သည် သူမ မောက်ဘူးသည့် အိပ်မက်ဆိုးတစ်ခုသာ။ သို့မဟုတ် သူမ အိပ်မက်ဆိုးများ၏ အစပြုရာဖြစ်လိမ့်မည်။ မိုးကြိုးပစ်မချခင်အထိ အတွေးထဲနစ်ဝင်နေမိသည်မို့ ဝင်းပြက်သွားသည့် လျှပ်စီးကြောင်းကိုပင် သူမ သတိမထားမိခဲ့။

ဂျိန်းခနဲ မြည်ဟည်းသံကြီး တစ်ခုထွက်ပေါ်လာပြီး သူမ စီးနင်းလာသည့် ကားကလေး သိမ့်သိမ့်ခါသွားသည်ကိုသာ ရုတ်တရက် သိလိုက်ရခြင်းဖြစ်သည်။

မိုးကြိုးလျှပ်ကြောင်းတို့ ဘယ်အရပ်သို့ ထိုးစိုက်ကျဆင်းသွားသည်လဲ။

ကိုမင်းနောင်က လမ်းမအလယ်၌ ထိုးရပ်ပစ်လိုက်ရသော ကားကို လမ်းဘေးသို့ ချရပ်ပေးသည်။ သူမကို လှည့်ကြည့်၍ အကဲခတ်နေပုံရ၏။

“ ကျွန်တော် ဘာလုပ်ပေးနိုင်မှာလဲ မငြိမ်းငြိမ်း ”

“ ရပါတယ်ရှင်. . . ဪ ကား. . . ကားပြန်ထွက်လို့လည်း ရပါပြီ။ ကျွန်မတောင် ဒီလောက်လန့်သွားရင် ဟိုမှာ ဆမန်သာ တစ်ယောက်တည်းထားခဲ့ရတာ ”

“ မိန်းမ သူငယ်ချင်းတော့ သတိရသေးသားပဲ ”

ကေကာ မှုံပြုံးနှင့် ပြောသည်။ သူမကိုလည်း ပြန်လည်သိုင်းအဝတ်ကာ နှစ်သိမ့်နေ၏။ ကော့ရင်ဘတ်ပေါ် မှန်မှန်ကျနေသော သူမ ထွက်သက်များကို ကေ သတိထားမိမည်ထင်သည်။





ဝန်းကျင်လေထုကို အတိုက်အခံပြုကာ ပူခြစ်လျက်ရှိသော သက်ပြင်းများ။ သူမ တရစပ်မှုတ်ထုတ်နေမိသည်လေ။

“ ငြိမ်း ”

“ ဝါ့ကို ဘာမှမပြောပါနဲ့ဦးဟာ ”

“ အင်း. . . အင်း ”

အခြား သက်ပြင်းချသံတစ်ခုကို ကြားမိ၏။ ကေ့ဆီမှလား။ ကိုမင်းနောင်ဆီမှလား ခွဲခြားမရ။ သူမ အကြားအာရုံထဲတွင် မြည်ဟည်းသံကြီးက လွှမ်းမိုးနေဆဲဖြစ်သည်။

ပြီး၊ မိနစ်ပိုင်းမျှအတွင်း ငြိမ်သက်ခဲ့သော လျှောင်က သူမ တစ်ယောက်တည်းအတွက် ကွက်၍ အရှိန်ယှဲ့ယှဲ့ချန်ခဲ့သလို ခံစားနေရသည်။

အတွေးအာစအာနများစွာဖြင့် ခေါင်းထဲ အုံလေးလာရသည်။ အသက်ရှူရခြင်းကို နင်နေသလို ရင်ဝ၌ မွန်းကျပ်သိပ်သည်းနေ၏။

“ ငြိမ်း ”

“ . . . မပြောနဲ့ဦး ကေ ”

“ ရောက်ပြီလို့ ပြောမလို့ပါကွ ”

အဆင်းလမ်းပေါ်ကားကို ကွေ့ချလိုက်ခြင်းကို မမြင်ဘဲနှင့် သိလိုက်၏။ သူမ ကိုယ့်ကို ပြန်မတ်၍ မျက်လုံးပြန်အဖွင့်တွင် ငြိမ်းဘဲခါး ရှေ့၌ တောင့်တောင့်ကြီးရပ်နေသော ဆမန်သာ့ကို မြင်လိုက်ရ၏။

“ ဆမန်သာ ”



www.burmeseclassic.com

www.burmeseclassic.com



သူမရော ကော်ပါ ပြိုင်တူအော်၍ ကားပေါ်မှ ဆင်းပြေးမိကြ၏။

" ဆမန်သာ "

" မင်း. . . ဘာဖြစ်လို့လဲ၊ ဘာဖြစ်လို့လဲ "

" . . . ကေ "

ဆမန်သာက သည်တစ်လုံးသာပြော၍ ကေလက်ထဲခွေကျသွားသည်။ ကိုမင်းနောင်လည်း စိုးရိမ်သည့် မျက်နှာနှင့် အပြေးရောက်လာ၏။ ကေက ဆမန်သာ့ကို မနိုင်မနင်းထိန်းပေးထားသည်။

" ဆမန်သာ. . . စန္ဒီ. . . ဆမန်သာ "

" ဟော "

" ကေ. . . ကေလား၊ ငါ. . . ငါကြောက်လိုက်တာ ကေရယ် နင်တို့ကလည်း အကြာကြီးပဲ ဘာလုပ်နေကြတာလဲ အိုး. . . ငါတို့ မလွှတ်နဲ့ဦး ကေ "

ဆမန်သာထံမှ အသံထွက်လာသည်။ သူ့မျက်နှာတွင် သွေးမရှိတော့သလို ဖြူဖျော့နေရှာ၏။ အသံတုန်တုန်နှင့်ပြောရင်း ကေ့ကို ပြန်ဖက်ထားသည်။

" ငါ. . . ငါအော်သံကြီးကို ကြားလိုက်ရတယ်၊ ပြီးတော့ နင်သိလား မိုးကြိုးတွေလည်း ပစ်တယ်၊ လင်းခနဲ. . . အား ငါတော့ သေပြီလို့ ထင်လိုက်မိတာပါပဲ ငါနဲ့ နည်းနည်းလေးပဲ လွဲသွားတယ် ပြီးတော့ ငါယိမ်းထိုးပြီးလဲကျမတတ်ဘဲ နင်တို့ ဘာလို့ ဒီလောက်ကြာနေရ တာလဲဟာ "





" အော်သံကြားတယ် ဘာအော်သံလဲ "

" ငါလည်း မသိဘူးကေ၊ ဟိုအိမ်ဘက်ကထင်တယ်၊ခုနတွေ့တဲ့ ခြံစောင့်ကြီးပဲထင်တယ်၊အကျယ်ကြီးအော်လိုက်တာ၊ လူသံနဲ့တောင် မတူဘူး၊ အဲ့ဒီလူကြီးက စိတ်မှန့်ရဲ့လား မသိဘူး "

" လူကောင်းပါဗျာ၊ ကျွန်တော်နဲ့လည်း ရင်းနှီးပါတယ် "

ကိုမင်းနောင်က ဝင်ပြောလာသည်။ဆမန်သာက ခုမှသူ့ကို သတိထားမိပုံရ၏။ တွန့်ခနဲဖြစ်သွားပြီး ကေ့ လက်ထဲမှာ ခွာထွက်လိုက်သည်။ နည်းနည်းလည်း ရှက်သွားပုံရသည်။ ကိုမင်းနောင်ကတော့ ဆုံးအတိုင်း တစ်ဘက်လူ အနေရမခက်စေရန် ပြုံး၍ မျက်နှာလွှဲသွား၏။

" မငြိမ်းငြိမ်းတို့ ဒီမှာ ဘယ်လောက်ကြာကြာနေမယ် စိတ်ကူးလဲ "

" မပြောတတ်သေးပါဘူးရှင် "

တမင်စကားလွှဲ၍ မေးမိမေးရာမေးလာသည်ကို သူမကလည်း ဆေးမရာဖြေလိုက်ရသည်။

" ကျွန်တော် လှမ်းခေါ်လိုက်ဦးမယ် သော့တွေက ဦးစိုင်းပဲ ကိုင်တာ၊ ဪ ဦးစိုင်းဆိုတာ မငြိမ်းငြိမ်းတို့နဲ့ တွေ့တဲ့ ခြံစောင့်ကြီးရဲ့ နာမည်လေ "

" ငါဒီမှာ ရှိပါတယ် မင်းနောင်ရဲ့ "

အသံနှင့်အတူ သစ်ပင်အကွယ်တစ်ခုမှ ထွက်လာသော ခြံစောင့်ကြီးကို တွေ့လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



" အစောကတည်းက ဝါဒီနားမှာပဲ ရပ်စောင့်နေတာ၊ ကလေး အတော်လန့်သွားပုံရတယ်၊ သူတစ်ခုခုဖြစ်မှာ စိုးရိမ်လို့ မင်းတို့မလာမချင်း စောင့်ကြည့်ပေးနေတာ "

ကိုမင်းနောင်ကိုတော့ သည်လူကြီးက စကားရှည်ရှည်ပြောဖေ့ သည်။ ပြီး ခြံတံခါးကိုလည်း ရိုရိုကျိုးကျိုး ဖွင့်ပေး၏။

" လာ. . .လာ ကလေးမတို့ အစောက ဝတ္တရားကြေး စစ်လားဆေးလားလုပ်ရတာပါကွာ၊ ဒီခြံကို တောင်ပိုင်းက သူဌေးတွေ မျက်စိကျနေတော့ လာသမျှလူကို ဖွင့်မပေးရဲဘူး။ မောင်ထူးဖေကလည်း အဲ့ဒါကို သေသေချာချာမှာခဲ့တယ်လေ၊ သူမရှိတော့နောက်ပိုင်း အဲ သူဌေးတွေ ရောက်လာကြလိမ့်မယ်တဲ့၊ ဦးကြီးမသိရင် ဘယ်သူမှ ဝင်ခွင့် မပေးနဲ့တဲ့ "

သူမက ယောင်နနနှင့် ထိုလူကြီးနောက်ပါသွားသည်။ ကိုမင်းနောင်နှင့် ကေတို့ နှစ်ယောက်က အိတ်များကို ကားပေါ်တင်ရင်း ခြံဝ၌ ကျန်နေခဲ့၏။

" ဦးကြီးလည်း မင်းတို့ကို စောင့်နေတာပါ၊ ဘယ်တော့လာမလဲ ဘယ်တော့လာမလဲနဲ့ ဒီမှာ အလုပ်သိပ်မရှိဘဲ နေနေရတာ၊ ကြာတော့ ပျင်းတာပေါ့၊ မင်းလက်ထဲ သော့အပ်ပြီးရင် ဦးကြီး တာဝန်က ကုန်ပြီ ဒေသြော် တစ်ခါတည်း ပြောပြခဲ့မယ် "

လူကြီးက ခြေလှမ်းရပ်၍ သူမဘက်လှည့်လာ၏၊ သူမလည်း အိမ်ကလေးဆီ မမြင့်တမြင်ငေးနေရာမှ ထိုလူကြီးကို ကြည့်လိုက်သည်။





လူကြီးက သူရပ်နေသည့်နေရာမှ လက်တစ်ကမ်းရှိ ရေပိုက်ခေါင်းတစ်ခုကို ညွှန်ပြရင်း ပြောသည်။

" ဒါ. . .တစ်ခြံလုံးကို ထိန်းထားတဲ့ ရေဘားပဲ၊ ဒီက ဖွင့်လိုက်ရင် ဒီရှေ့ခြံမ်းတစ်ခြမ်းလုံးက ပန်းခင်းတွေကို ရေလောင်းပြီးသား ဖြစ်သွားလိမ့်မယ်၊ မနက် ငါးနာရီခွဲမှာဖွင့်ရင် ခြောက်နာရီခွဲတာနဲ့ ပြန်ပိတ်ဖို့ မမေ့နဲ့ "

ပြီးစလွယ် ခေါင်းညိတ်ပြလိုက်သည်။ လူကြီးက ဆက်ရှင်းပြ နေသေးသည်။

သူမက ခေါင်းညိတ်မပျက် မျက်နှာလွှဲလိုက်၏။ သည်နေရာမှ ကြည့်လျှင် အိမ်ကလေး၏ ခေါင်မိုးနီနီကိုသာ မြင်ရတော့သည်။

နှင်းဆီခြုံများနှင့် ကွယ်နေ၍ဖြစ်၏။ သာမာန်နှင်းဆီခင်းများသာ ဖြစ်သည့် သူမအတွက် ဂိုးဒင်းဝင်းဂ်နှင့် ဝက်စ်တာလန်းဒ် အမျိုးအစား နှင်းဆီရုံများက ထူးထူးခြားခြား လှပနေသည်။

" အို "

နှင်းဆီရုံတစ်ရုံ၏ အလွန့်တွင် အိမ်ကလေးကို အပြည့်အဝ မြင်လိုက်ရလေပြီ။ သည်တစ်ကြိမ်တွင်မှ အနီးကပ် မြင်ဖူးခြင်းဖြစ်သည့် အိုင် စိမ်းသက်မှုကို လုံးဝမခံစားရ၊

တစ်နေရာရာမှာ တွေ့မြင်ဖူးထားသလို ရင်းနှီးနေ၏၊ အို. . . မြင်ဖူးရုံမျှ မဟုတ်သေး။

" ဘယ်လိုလဲ ငြိမ်း. . .မင်းစိတ်တွေ အေးချမ်းသွားပြီပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သူမနောက်မှ လှမ်းမေးလိုက်သော ကော့အသံကို ကြားရသည်။ လှည့်မကြည့်ဘဲ အကြိမ်ကြိမ်ခေါင်းညိတ်ပြလိုက်မိ၏။

" အဲ့ဒါဆိုလည်း ညှော်သည်တွေကို ကြိုဆိုဦးလေ "

ဆမန်သာ့အသံမှာ ခုတွင်ကနှင့်တခြားစီဖြစ်သွားလေပြီး ပင်ကိုယ်ဟန်အတိုင်း ပေါ့ပေါ့ပါးပါးပြောလာ၏။

သူမကိုယ်တိုင်လည်း 'ကို' ထားခဲ့သည့် အရိပ်လေးထဲတွင် ကျေနပ်ပျော်ရွှင်နေသည့် ပုံမျိုး အခြားသူတွေကိုနေပြချင်ပါသည်။

" ဝမ်းမ်လီးဝဲလ်ကမ်း ပါပဲရှင် "

ချာခနဲနောက်သို့ လှည့်၍ အပီသဆုံးသော အပြုံးမျိုးတို့ဖြင့် သူငယ်ချင်းများကို ပြောလိုက်သည်။ ဟိုတယ်ညှော်ကြိုအမူအရာမျိုးပင် သူမက လုပ်ပြလိုက်၏။

အားလုံး၏ ပေါ့ပါးသော ရယ်သံများကြားတွင် မထင်မှတ်ဘဲ ခြိစောင့်ကြီး၏ ခပ်တိုးတိုးရယ်သံပါကြားလိုက်ရ၏။

အကျည်းတန်သူလည်း ပြုံးရယ်သောအချိန်တွင် နှစ်လိုဖွယ်ရာ ရှိတတ်သည်ကို သူမ သတိထားလိုက်မိသည်။

" ကဲ. . . မငြိမ်းငြိမ်းတို့ မြို့ထဲကို ဘာမှာကြဦးမလဲ "

" ကိုမင်းနောင်က ပြန်တော့မလို့လား "

" ဟုတ်ကဲ့ ကျွန်တော်က ရှစ်နာရီဆို အလုပ်ဝင်ရမှာလေ မငြိမ်းငြိမ်းတို့ လိုအပ်တာမှန်သမျှ မှာလိုက်ပါ၊ ကျွန်တော် ပို့နိုင်းလိုက်ပါ့မယ် ဦးစိုင်းကိုလည်း စျေးမဖွင့်ချိန်အမီ ပို့ပေးရဦးမှာလေ ခြော် ဦးစိုင်းရေ





ဆိုင်လည်းဖွင့်ထားတယ်လေ "

" ဟို ကျွန်မတို့ကတော့ ဘာမှမလိုပါဘူး။မပို့ပေးပါနဲ့ ရပါတယ်"

" မလိုဘူးတော့ ဘယ်ရှိပါ့မလဲ၊ ဒီလိုလုပ် ကျွန်တော်ကားကို အလုပ်ကနေ ပြန်လွှတ်လိုက်မယ် မငြင်းပါနဲ့ဗျာ၊ ဒီကားက ထူးဖေရဲ့ကား ဆိုလည်း ဟုတ်တာပဲ၊ ဒီမှာနေတဲ့ ခဏတော့ ဒီကားကိုပဲ သုံးကြပါ၊ ကျွန်တော့် တပည့်တစ်ယောက်လာပို့ပါလိမ့်မယ်၊ မြို့နဲ့နည်းနည်းဝေးတော့ ကားမရှိရင် အဆင်မပြေဘူး. . . ဟိုစားဖို့သောက်ဖို့အတွက်ပါ ဝယ်ခြမ်းပြီး ကားနဲ့ ထည့်ပေးလိုက်မယ်၊ မငြိမ်းငြိမ်းတို့ ခုထိ မနက်စာတောင် စားရသေးဘူး မဟုတ်လား "

သူမ တစ်ယောက်တည်းဆို အကြောင်းမဟုတ်သော်လည်း သူငယ်ချင်းနှစ်ယောက်ပါနေသဖြင့် ထိုအစီအစဉ်ကို ခေါင်းညိတ်လိုက်ရသည်။

ကိုယ်က ကိုယ့်ဖေနှင့်ကိုယ် ဆာလောင်ခြင်းကိုမေ့ထားမိပေမယ့် သူတို့အတွက်တော့ စဉ်းစားရမည်လေ။

" ရော့. . . ကလေးမ "

ခြံစောင့်ကြီးက သူ့လက်ထဲမှ သော့တွဲကို သူမထံကမ်းပေးသည်။ အမှတ်တမဲ့ ယူထားလိုက်ပြီးမှ စဉ်းစားမိ၏။ ဘယ်သော့က ဘယ်တံခါးကို ဖွင့်ရမည်လဲ။

❀ ❀ ❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

" ဒီတစ်ခန်းပဲကျန်တော့တယ် "

သော့ကိုလည်း ခဲခဲယဥ်းယဥ်း ရွေးနေစရာမလိုတော့။ သည်တစ်ချောင်းပဲ ကျန်တော့သည်လေ။ သည်အခန်းကို သည်သော့နှင့်ဖွင့်ရမည်။

" ကျေးဇူးပြုပြီး ဗလာကျင်းမထားပါနဲ့ အခန်းလေးရယ် "

သော့လှည့်၍ တံခါးကို တွန်းဖွင့်လိုက်သည်။ သူမ ဆုတောင်းမပြည့်လိုက်။ သည်နောက်ဆုံးအခန်းသည်လည်း ကျန်အခန်းများနည်းတူ နံရံလေးဘက်နှင့် ပြတင်းပေါက်တစ်ချပ်မှလွဲ၍ ဘာမျှမရှိ။

" ဒါတို့ အထပ်ခိုးလေးပေါ်မှာတော့ နေလို့ဖြစ်ပါတယ် "

ဆမန်သာက အားသိပ်မပါသည့် အသံနှင့်ပြောသည်။ ကောကမှု ခေါင်းတယမ်းယမ်း ရယ်၍သာနေ၏။

မျှော်လင့်ချက်တစ်လျှော့ကြီးနှင့် လာခဲ့ရသည့် သူမမှာတော့ ခြေပစ်လက်ပစ်လှဲချပစ်ချင်စိတ်ပင် ပေါက်လာသည်။





သို့သော် ကြမ်းပြင်ပေါ် ပစ်လှဲရုံမှလွဲ၍ ခုတင်လည်းမရှိ၊ ခုံကလေးတစ်လုံးတလေပင်မရှိ။

" ငါ့ကိုအားနာပြီး ငဲ့မနေပါနဲ့ဟာ၊ ဒီမှာ နေဖို့အဆင်မပြေမှန်း အသိသာကြီးပဲဟာ. . . ဘယ်မှာ ရေချိုးမလဲ ဘယ်မှာအိပ်မလဲ၊ ဆိုင်စရာတောင် မရှိဘူး၊ မီးဖိုခန်းရယ်လို့လည်းမရှိဘူး။ တကယ့် ဗလာကျင်းနေတဲ့ အိမ်လွတ်ကြီး မဖြစ်ပါဘူးဟာ "

" ဒါဆိုဘယ်လိုလုပ်မလဲ "

" လွယ်လွယ်လေးကို ရှုပ်အောင်တွေးပြီး စိတ်ညစ်မနေကြနဲ့၊ မြို့ထဲက တည်းခိုခန်းတစ်ခုခုမှာ သွားတည်းမယ်၊ ဒီကို နေ့ခင်းဘက် လာနေလို့ရတာပဲ၊ နေ့လည်စာအတွက် သယ်လာပြီးတော့လေ စားတော့တာလား၊ ကိုမင်းနောင်က ကားပေးထားမှာပဲဟာ သုံးရမှာ အားနာရင်လည်း ကားတစ်စီးစီးငှားကြတာပေါ့ "

" အင်း အဲ့ဒီအကြံကောင်းတယ် ကော၊ နင်က တော်သားပဲ ဒါ့လောက် နီးနီးတွေးတတ်နေပြီ၊ ဒီနေ့တော့ ဒီမှာ အဝနေဦးမှာ တော့တ်လား ငြိမ်း၊ ညနေကျမှ မြို့ထဲပြန်သွားကြတာပေါ့ "

နောက်ဆုံး ကော့ အစီအစဉ်ကိုပဲ သူမ လက်ခံလိုက်ရသည်။ သက်ပြင်းတစ်ချက်နှင့် အတူ နံရံပေါ်မှီချလိုက်မိ၏။ သည်ကို အရောက် လာခဲ့ရသော ရည်ရွယ်ရင်းပင် ပျောက်လုနီးပါးဖြစ်လာသည်။

" နှင်းဆီပင်တွေ သွားကြည့်ရအောင်လေ "

ဆမန်သာက ပြောပြောဆိုဆို လှည့်ထွက်သွားသည်။ သူမလည်း



www.burmeseclassic.com

www.burmeseclassic.com



အခန်းတံခါးကို ပြန်ပိတ်၍ သော့ကို နှုတ်ယူခဲ့ပြီး အိမ်အပြင်သို့ လိုက်ထွက်ခဲ့၏။ ကောက ဆမန်သာ့နောက် အမီပြေးလိုက်သွားလေပြီ။

" ချွတ်. . . ဒတ် ဒတ် "

အိမ်ထဲမှ အသံတစ်ခုကြောင့် တံခါးမကြီးမှအထွက် နောက်သို့ တစ်ချက်လှည့်ကြည့်မိသည်။ ဘာသံရယ်ဟု မဝေခွဲတတ်။

အသံက ကြမ်းပြင်အောက်မှ ထွက်ပြူလာသည်ဟု ထင်မှတ်မိသည်။ ခြေသံ သို့မဟုတ် တစ်စုံတစ်ခုကို နေရာရွှေ့လိုက်သည့်အသံမျိုး

" ဟေး. . . ငြိမ်း လာလေ ရောက်နံဘေးမှာ ကဇ္ဇာဆန်ဆန်လေး မနက်စာ စားကြရအောင် "

ဆမန်သာက ခပ်မြူးမြူးလှမ်းပြောနေသော်လည်း သူမ ခြေလှမ်းမရွေ့မိ။ တံခါးဝတွင် ခြေစုံရပ်ကာ နားစွင့်ကြည့်သည်။

အိမ်ထဲသို့ လည်ပြန်လှည့်မိသည်။အသံကို ထပ်မကြားရတော့သော်လည်း သူမ ရင်ထဲ အနှုတ်ရခက်မည့် သံသယဆူးတစ်ချောင်း နစ်ဝင်ခဲ့လေပြီ။

" ကို တကယ်သေသွားတာမှ ဟုတ်ရဲ့လား "

တစ်နေ့လုံး ထိုအတွေးဖြင့် ငိုင်တွေနေခဲ့မိခြင်းကြောင့် ညနေစာစားချိန်တွင် သူမ၏ သံသယကို ကေ သိရှိသွားခဲ့သည်။

" ဒီလိုပါပဲ ငြိမ်းရယ်၊ ဘယ်သူမှ ကိုယ်သံယောဇဉ်ရှိတဲ့ သူနဲ့ သေခွဲမခွဲချင်ဘူးပေါ့။ ကံကြမ္မာက ခွဲလိုက်ရင်တောင် အမှန်ကို လက်မခံချင်ကြဘူး မယုံနိုင်ကြဘူး ကိုယ့်အနားမှာ ရှိနေသေးသလိုပဲ ခံစားကြ





တတ်တယ် လွမ်းတာတော့ လွမ်းပါငြိမ်း အစွဲအလမ်းကြောင့်တော့ အယူအဆ မလွဲပါစေနဲ့ "

" ငါလည်း ငါသံယောဇဉ်ကြီးတဲ့ သူတွေနဲ့ သေခွဲမခွဲတဲ့သူ မဟုတ်ပါဘူးဟာ "

ညနေစာကို တာဝန်ယူပါရစေဟု ဆိုကာ ရောက်ရှိနေသော ကိုမင်းနောင်လည်း သူမစကားများကို ကြားကြားချင်း တုန်လှုပ်သွားတန်ရှိသည်။

ပြီး၊ တုံ့ဆိုင်းဆိုင်းလေသံနှင့် ပဟေဠိဆန်သော စကားကို ပြောလာ၏။

" ကျွန်တော် ပြောသင့်မပြောသင့် စဉ်းစားနေတာ မငြိမ်းငြိမ်းကို ပြောပြချင်တာတွေတော့ရှိတယ် "

" ပြောစရာရှိတာပြောပါ ကိုမင်းနောင်၊ ဘာပဲဖြစ်ဖြစ် ကျွန်မ သိချင်ပါတယ် "

'ကို'နှင့် ပတ်သက်သော စကားဆိုလျှင် ဆိုးသည်ဖြစ်စေ၊ ကောင်းသည်ဖြစ်စေ သူမကြားချင်သည်။ သိထားချင်သည်။

" အဲ့ဒီလိုစကားမျိုး ဦးစိုင်းလည်း ပြောဖူးတယ်ဗျ။ ထူးဇေ သေသွားတယ်ဆိုတာ ဟုတ်မှဟုတ်ရဲ့လားကွာတဲ့၊ သူပြောတာတော့ အိမ်ထဲမှာ ထူးဇေ ဒါမှမဟုတ်ရင် တစ်ယောက်ယောက်ရှိနေသလိုပဲတဲ့ ဖွည်းရွှေ့သံတွေ၊ ခြေသံတွေ တစ်ခါတစ်ခါဆို စကားသံလိုလို အော်သံလိုလိုတွေ သူကြားရတယ်လို့ပြောတယ်၊ သူက နေ့ရောညပါ အားရင်



www.burmeseclassic.com

www.burmeseclassic.com



အားသလို အဲ့ဒီမှာပဲ နေခဲ့တဲ့သူဆိုတော့ စဉ်းစားစရာဖြစ်နေတယ် ဒီလူက သိပ်အကြောက်အလန့်လည်းရှိတာ မဟုတ်ဘူး ”

“ ရှင်ဆိုလိုတာက ကယောင်ချောက်ချား ကြားတာမျိုး မဟုတ်နိုင်ဘူးပေါ့ ”

“ ကျွန်တော်က သူ့စကားကို ပြန်ပြောပြတာပါ၊ ကျွန်တော်ကိုယ်တိုင်တော့ အဲ့ဒီကို သိပ်မရောက်ဖြစ်တာကြာပြီလေ၊ ဖြစ်နိုင်မဖြစ်နိုင် မဝေဖန်တတ်ဘူး ”

စိတ်ကျဉ်းကျပ်လာမှုကြောင့် ဘာရယ်မဟုတ်ဘဲ အပေါ်ဝတ်အနွေးထည်အင်္ကျီကို သူမ တဖျပ်ဖျပ်ခတ်မိ၏။ အရသာကို မခံစားမိဘဲ စားသည်ဆိုရုံမျှ စားနေရသည့် ညနေစာကို ရပ်ပစ်လိုက်သည်။

“ ဒီမှာ လည်စရာပတ်စရာ ဘယ်လိုနေရာမျိုးတွေ ရှိသလဲ ကိုမင်းနောင် ”

ဆမန်သာက သိသိသာသာပင် စကားလွှဲဖို့ ဝင်ကြိုးစားသည်။ သို့သော် သူ့ကြိုးစားမှုက မအောင်မြင်လိုက်။ မြို့ကလေး၏ အေးချမ်းသာယာပုံနှင့် လှပသော ရှုခင်းများအကြောင်း ဆက်ပြောရင်းရာသီဥတုဘက် စကားစပ်မိသွားသည်လေ။

သည့်နောက် စကားလွှဲရန် ကြိုးစားခဲ့သည့် ဆမန်သာကပင် မိုးကြိုးပစ်ခြင်းနှင့် ပတ်သက်၍ လွတ်ခနဲ ပြောလိုက်မိ၏။

“ ဦးစိုင်းက အားတော့ကိုးရပါတယ်၊ အဲ့ဒီအချိန်တုန်းက မစန္ဒီတစ်ယောက်တည်း ခြံရှေ့မှာ ကျန်ခဲ့မှန်း သူသိထားတော့ ခြံတံခါး





နားကို လာကြည့်တယ်၊ ပြီးတော့ ကျွန်တော်တို့ မလာမချင်း မလှမ်းမကမ်းကနေ စောင့်ကြည့်ပေးနေခဲ့တာတဲ့၊ သူလည်း ပူသွားမှာပေါ့ မိုးကြိုးပစ်တဲ့နေရာက အိမ်ရဲ့ အနောက်ဘက်ထဲကို ပစ်ချလိုက်တာဖြစ်နေတော့ အရမ်းနီးလွန်းနေတယ်လေ. . . အိမ်ထဲက အော်သံကို သူလည်း ကြားလိုက်ရတယ်လို့ ကျွန်တော့်ကို ပြန်ပြောပြတယ် ”

“ ရှင်. . . အိမ်ရဲ့ အနောက်ဘက်ကို ဟုတ်လား ”

“ ဟုတ်ကဲ့ ဘာဖြစ်လို့လဲ မငြိမ်းငြိမ်း ”

“ အုတ်ဂူ. . . ကို့ရဲ့ အုတ်ဂူတယ်မှာလဲ၊ ကို့ကို ဘယ်နေရာမှာ”

“ မငြိမ်းငြိမ်းတို့ ခြံထဲနဲ့အောင် မကြည့်ခဲ့ဘူးထင်တယ်၊ ကျွန်တော်ကလည်း မပြောမိဘူး ”

“ ဒါ. . . ဒါဆို ကို့ အုတ်ဂူက အိမ်ရဲ့ အနောက်ဘက်မှာပေါ့ ဟုတ်လား၊ ကျွန်မတို့ . မရောက်ခဲ့တာ အဲ့ဒီဘက်ပဲရှိတယ် အို မဟုတ်ပါစေနဲ့. . . မဟုတ်ပါစေနဲ့ ”

“ မငြိမ်းငြိမ်း ”

“ ငြိမ်း သတိထားဦးလေကွာ ငြိမ်း. . . ငြိမ်း ”

“ ကို. . . ကို အိပ်နေတာကို နှိုးလိုက်ကြပြီထင်တယ်၊ ကို ဆန့်နိုးသွားပြီလား၊ လျောင် လျောင်လည်း လှုပ်သေးတယ်၊ ကို့ကို နေရာရွှေ့ပစ်လိုက်တာပဲ ဖြစ်ရမယ်၊ ငါ့အိပ်မက်တွေ ငါ့အိပ်မက်တွေက တကယ်ဖြစ်နေပြီ ကော၊ ငါ့ကို သတိပေးမနေနဲ့ ငါသတိလက်လွတ်ပြောက်ရှတ်နေတာမဟုတ်ဘူး ငါ. . ငါဘာတွေပြောနေသလဲဆိုတာ သိကောင်းကောင်း



www.burmeseclassic.com

www.burmeseclassic.com



သိတယ်၊ငါသိတယ် နင်တို့ မယုံမှန်းလည်း သိတယ်”

အသိမလွှတ်ပါဘူးဟု ပြောနေသည့်တိုင် သူမ ဘာတွေဆက်ပြောခဲ့မိသည်ကို မမှတ်မိတော့။ တတွတ်တွတ် ရေရွတ်ပြောဆိုနေမိမှန်းသာ သိသည်။

ပြီး၊ သူမလက်တစ်ဘက်က အင်္ကျီအိတ်ထဲမှ သော့တွဲကိုဆုပ်ကိုင်မိချိန်တွင် ကျန်တစ်ဘက်ဖြင့် ရင်ဘတ်ပေါ်မှ ကြိုက်ဆွဲပြားလေးကိုဖိဆုပ်ထားလိုက် မိမှန်းကိုလည်းသိသည်။

❀ ❀ ❀ ❀ ❀



# အခန်း (၂၃)

“ အို ”

“ ကျွိုး. . . ”

ကျော်လွန်သွားခဲ့ပြီးမှ ကမန်းကတန်း ဘရိတ်ဖမ်းလိုက်ရသည်မို့ ခေါက်ခင်းလမ်းနှင့် ကားဘီးတာယာတို့ ပွတ်ဆွဲသံက ရှည်လျားစွာ ချယ်လောင်သွားသည်။

နေနှင့်ည မြင်ကွင်းအပြောင်းအလဲကို သူမ သတိလွတ်သွားမိ၍ ကားကို နောက်ပြန်ဆုတ်၍ ခြံရှေ့သို့ ကွေ့ဆင်းလိုက်၏။

“ တကယ်ပါပဲလား ”

အလင်းရောင်အောက်တွင် မြင်ရစဉ်က သည်အိမ်ကို ရင်းနှီးနေသလို ခံစားခဲ့ရခြင်းအတွက် သူမ အဖြေကို ရှင်းရှင်းလင်းလင်းသိလိုက်လေပြီ။

ညအမှောင်ထဲ အရောင်အဆင်းမဲ့ ရပ်တည်နေသည့်



www.burmeseclassic.com

www.burmeseclassic.com



သည်အိမ်မှာ သူမ အိပ်မက်များစွာတွင် အကြိမ်ကြိမ်မြင်ခဲ့ဖူးသော မြင်ကွင်းနှင့် တစ်ထပ်တည်း။

ကားပေါ်မှ မဆင်းမိသေး။ လက်ထဲတွင် သော့တွဲကို ကျစ်ကျစ် ပါအောင် ဆုပ်ကိုင်ကာ ကြည့်ငေးနေမိသည်။အိပ်မက်ဆိုးများထဲ မိုက်မိုက်မဲမဲ တိုးဝင်ရတော့မည်။

ခံစားသိဖြင့်သာ မြင်နိုင်သော အမှန်တရားအတွက် အဖော်မဲ့ သူမတစ်ယောက်တည်း တိတ်တဆိတ် ထွက်ခဲ့ခြင်းမှာ မှန်မည်လား မှားမည်လား မသိ။

ဒက်ရှ်ဘုတ်ပေါ်မှ လက်နှိပ်မီးကို ကောက်ယူ၍ ကားထဲမှ ထွက်လိုက်သည်။

သော့ပေါင်းများစွာအနက်မှ သူမ မှတ်မိနေသည့် တစ်ချောင်း ဘည်းသော သော့တံကို ရွေးထုတ်၍ အသင့်ကိုင်ထားလိုက်၏။

သော့အိမ်ကိုဖွင့်သည့် သော့တံများစွာထဲတွင် သည်တစ်ချောင်း သာ သော့ခလောက်အတွက်ဖြစ်သဖြင့် မှတ်မိနေခြင်းပင်။

အိမ်ကလေးက မြင်ကွင်းထဲမှ ကွယ်သွားလေပြီ။ တံခါးတွင် တွဲလွဲကျနေသော သံကြိုးမှ သော့ခလောက်ကို မယူ၍ လက်နှိပ်မီး ချိုင်းတွင် ညှပ်လိုက်သည်။

သော့တံကို ထိုးသွင်းချိန်တွင် အနည်းငယ်လက်တွန့်နေမိ

“ ချပ်. . . ချောက် ”

“ ဟူး ”





မယုံမရဲနှင့် သူမ လက်အစုံကို ငုံ့ကြည့်ရသေးသည်။ သွေးစေးတွေ ပေကျံနေမည်လား။ အိပ်မက်အတိုင်း တစ်ထေရာတည်း ဖြစ်မည်ဟု သူမ မထင်ပါ။

“ တော်ပါသေးရဲ့ ”

“ ကျွီ. . . ကျွီ ”

သံတံခါးနှစ်ဘက်ကို အားနှင့်တွန်းလွှတ်လိုက်သည်။နောက် ကားပေါ်ပြန်တက်၍ ရှေ့မီးများကို မော့ထိုးကာ မောင်းဝင်ခဲ့သည်။

နှင်းဆီခင်းကို အလွန်တွင် တဖြည်းဖြည်းနီးကပ်လာသော နံရံပြာပြာကို မြင်နေရ၏။ ကားကို အိမ်ရှေ့တည့်တည့်တွင် မရပ်ဘဲ ကွေ့ချိုးခဲ့သည်။

အိမ်ဘေးမှပတ်၍ အနောက်ဘက်သို့ ဝင်နိုင်သမျှ မောင်းဝင် လိုက်သည်။ နံရံထောင့်ချိုးတစ်ခုအနီးတွင် ကားကို ရပ်လိုက်ရ၏။

စက်သတ်ရန် ချိန်ရွယ်မိပြီးမှ လက်ချောင်းများက လေထဲတွင် ရပ်တန့်သွားသည်။

ကားစက်သံနှင့်အတူ လျော့ကျသွားသည့် ရှေ့မီးနှစ်လုံး၏ အလင်းရောင်ဖြင့် တစ်စုံတစ်ရာကို မှုန်ဝါးဝါးမြင်လိုက်ရသလို ရှိသည်။ ဗီယာဖြုတ်၍ လီဗာကို ခပ်ဆဆနင်းချလိုက်၏။ ဝင်းခနဲ

“ ဒါ ”

‘ကို့’ကို မြှုပ်နှံရာ။

ကားစက်အား မရပ်ဖြစ်တော့။ လက်နှိပ်မီးနှင့် သော့တွဲကိုပင်



www.burmeseclassic.com

www.burmeseclassic.com



ယူရန်မေ့သွားသည်။ ကားပေါ်မှ ဒုန်းစိုင်းပြေးဆင်း၍ အုတ်ဂူရှိရာ အပြေးအလွှားသွားမိ၏။

သို့သော် အုတ်ဂူအနားသို့ သူမ မရောက်။ ဟင်းလင်းပွင့်နေသော ဂူမျက်နှာပြင်နှင့် ထိုဝန်းကျင်တွင် ဖွာရရာကျဲ နေသည့် အဂ်တေအုတ် အပိုင်းအစကို မြင်လိုက်ရသည်နှင့် ခြေလှမ်းတို့ တုံ့ခနဲရပ်သွားသည်။

အကြောအချဉ်များလည်း အလိုလိုတောင့်မတ်သွား၏။ အဆမတန် မောဟိုက်ပင်ပန်းစွာ နောက်သို့ ပြန်ဆုတ်ခဲ့ရသည်။

သူမကို သူမ ဒရွတ်ဆွဲ၍ ခေါ်လာရသလိုပင် ထင်မိ၏။

" ဂျပ်. . . တောက်. . . တောက် "

" ထွက်သွားပြီ "

ဟုတ်သည်။ ထိုတံခါးပေါက်အနီးမှ တစ်စုံတစ်ယောက် လှည့်ထွက်သွားသံမျိုးဖြစ်နေ၏။ ရွှေ့လျားသံက တဖြည်းဖြည်းဝေး သွားသည်။

သော့တွဲနှင့် လက်နှိပ်မီးကို အလျင်အမြန်ယူ၍ အသံစထွက် ထွက်ပေါ်လာရာ တံခါးချပ်အနီး ချဉ်းကပ်လိုက်သည်။ သော ပြဿနာလည်း စလေပြီ။

" ဂျောက် "

သော့မှားနေသဖြင့် ထိုးသွင်း၍သာရသည်။ လှည့်၍ အသံကို ထပ်၍ နားစွင့်ထားမိဆဲပင်။ မှတ်မှတ်သားသား မရွေးချယ် ကြိုရသော့တံတစ်ချောင်းကို ရွေးထုတ်၍ သော့အိမ်ထဲ ထိုးထည့်လိုက်သည်





စိုးရိမ်တုန်လှုပ်နေမှုကြောင့် သော့ပေါက်မှ ချော်ထွက်သွားပြန်၏။ စိတ်တင်းလိုက်သည်။

" ကလစ်. . . ချပ် "

လက်နှိပ်မီးကို အသင့်ကိုင်ထားရင်း တံခါးကို တွန်းဖွင့်လိုက်သည်။အမှောင်ထဲသို့ ခပ်စိုင်းစိုင်းအလင်းဝန်းတစ်ခုက အလျှင်ဝင်သွား နှင့်သည်။

" ဖပ်. . . ဖပ်. . . ဖပ် "

အသံကြားသည်နှင့် မီးရောင်ကို ဖြတ်ခနဲ လှမ်းထိုးမိပြီးသား၏။ လှေကားထစ်များကို တွေ့လိုက်ရသည်၊ အသံသဲ့သဲ့က ပျောက်သွားပြန်၏။ သည့်နောက် တကယ်မရှိသော အသံများကို ကြားလာရလေသည်။ တံခါးရွက်ကို တွန်းထားမိဆဲဖြစ်နေသော လက်ကိုပြန်ရုတ်၍ သော့ကို နုတ်ယူလိုက်၏။

" ကျိ. . . ချပ် "

" ဟင့် "

သူမ လက်လွှတ်လိုက်သည်နှင့် အလိုလိုပြန်ပိတ်သွားသော တံခါးသံကြောင့် ထိတ်ခနဲဖြစ်သွားရ၏။ တံခါးပူဉ်ချပ်ဆီ အရှိန်နှင့် ပြေးဆောင့်လာမည့် အသံကိုပါ ကြို၍ ကြားယောင်မိသည်။

ကျောပြင်တစ်ခုလုံး ခပ်ရှိန်းရှိန်းထုံကျဉ်လာသလိုပင်၊ သိုးမွေး လက်အိတ်အတွင်းမှ သူမ လက်များတို့ အေးစက်ကိုက်ခဲနေပြီလား။

လက်နှိပ်မီးကို တဖြည်းဖြည်းပင့်၍ ထိုးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



လှေကားထစ်များ၏ အခုံးတွင် ထပ်ခိုးအတွင်းသို့ဝင်သည့် တံခါးပေါက်က ပိတ်လျက်သားရှိနေ၏။

မီးရောင်ကို အခန်းအနှံ့လိုက် ထိုးကြည့်မိသည်။

" ဖျောက်. . . ဖျောက် ဖျောက် ဖျောက် "

အသံက ထပ်ခိုးပေါ်မှဟုထင်ရ၏။ သူမ ခြေလှမ်းတို့ ပြန့်စလိုက် သည်။

" ဘာလို့ တွန့်ဆုတ်တွန့်ဆုတ်ဖြစ်နေရတာလဲ၊ ငါဘာကို ကြောက်နေတာလဲ၊ ကို့ ကိုလား "

သည့်အတွက် သူမကို သူမ အပြစ်ရှိသလို ခံစားလိုက်ရသည်။ အရဲကိုး၍ ခြေလှမ်းကို ခပ်သွက်သွက်လှမ်းကြည့်မိ၏။

တဖြည်းဖြည်းနီးလာသည်နှင့်အမျှ လှေကားပေါ်မှ အလင်းတို့ကလည်း တစ်စတစ်စကျယ်ပြန့်လာသည်။ခပ်သဲ့သဲ့အသံများကိုလည်း ပို၍ ကြားလာရသည်။

လှေကားပေါ်သို့ ခြေတစ်လှမ်းစ တက်လိုက်သည်နှင့် အနောက်တွင် တစ်စုံတစ်ယောက်ရောက်ရှိနေသလို ထင်လိုက်မိ၏။

လှည့်မကြည့်ရဲ။ နားစွင့်ထားသော်လည်း ထပ်ခိုးပေါ်မှ အသံများမှလွဲ၍ မကြားရ။

ချာခနဲလှည့်အကြည့်တွင် ရိပ်ခနဲ ပျောက်ကွယ်သွားသည်ဟု ထင်မှတ်မိသော်လည်း သူမအကြည့်နောက်သို့ မီးရောင်က ပါမလာသဖြင့် အမှောင်ကိုသာ မြင်လိုက်ရလေသည်။





အသက်ကို ခပ်ပြင်းပြင်းရှူသွင်း၍ လှေကားထစ်များအပေါ် ခပ်သုတ်သုတ်တက်သွားမိသည်။

အခြေအမြစ်မရှိသည့် အတွေးများကို မောင်းထုတ်နေသည့်ကြားမှ သူမရှေ့ရှိ တံခါးရွက်ကို အသက်ရှူနေသော ရင်အုံတစ်ခုလို ထင်လာမိပြန်သည်။

" ချောက် "

အံမဝင်သည့် သော့တံကိုပြန်နုတ်၍ နောက်ထပ်တစ်ချောင်း ရွေးလိုက်သည်။ တချွင်ချွင်မြည်သံကိုပင်သွေးလန့်နေမိသေး၏။ အောက်သို့လည်း မကြာခဏ ငုံ့လှည့်ကြည့်မိသည်။

သော့အမှန်ကို တွေ့ရလေပြီ။ တံခါးကို တွန်းဖွင့်၍ ချိုင်းကြားမှ ဓာတ်မီးကို ပြန်ကိုင် လိုက်ပြီးမှ သူမလက်ဖဝါးများကို မီးရောင်တွင် ထောင်ကြည့်မိသည်။

" ဟင်း "

သွေးစေးများ စွန်းထင်ပေကျံနေမည်လားဟု၊ သန့်ရှင်းနေဆဲဖြစ်သော လက်အိတ်အစုံကို မြင်ရတော့မှ သက်ပြင်းချမိ၏။

လူတစ်ရပ်စာပင် မလွတ်ချင်သော ထပ်ခိုးအခန်းလေးထဲ ခေါင်းငုံ့ဝင်သွားလိုက်သည်။ မကျဉ်းမကျယ်အခန်းလွတ်တစ်ခုသာ ဖြစ်သည်။ အခန်းခွဲလည်းမရှိ။

လိုက်ကာခပ်ပါးပါးများကို ဖောက်ထွင်း ဝင်ရောက်နေသော ညို့မှိုင်းမှိုင်း အလင်းရောင်မျိုးတော့ ရှိသည်။ တစ်စုံတစ်ယောက် သို့မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



တစ်စုံတစ်ခု၏ အရိပ်အယောင်ကိုပင် မမြင်ရ။

ချိုးချိုးချွတ်ချွတ် အသံများကြားခဲ့ရခြင်းအတွက် ဇဝေဇဝါ ဖြစ်သွားရသည်။ သူမ အမှန်တကယ်ကြားခဲ့ရခြင်းမှ ဟုတ်ရဲ့လား သက်သေမကောင်းဖြစ်လာသည်။

“ ဒေါက် ဒေါက် ဒေါက် ဒေါက် ”

“ ဟင် ”

လှေကားပေါ်မှ ပြေးဆင်းသွားသံကို ပီပီသသကြီးကြားလိုက်ရသဖြင့် အခန်းထဲမှ သူမ ပြေးထွက်လာမိသည်။ လှေကားတစ်လျှောက် မီးရောင်ဝေ့ကြည့်လိုက်သည်။ အရိပ်အယောင်ကိုပင် မမြင်ရ။

သူမပါ လှေကားပေါ်မှ ပြေးဆင်းလာမိသည်။ နောက်ဆုံးခြေသံကို ကြားလိုက်မိသော်လည်း အသံလာရာကို ခန့်မှန်းနိုင်ခွင့်မရလိုက်။

“ ချပ် ”

ခြေသံပျောက်သွားရာဘက်မှ အသံပဲဖြစ်လိမ့်မည်။ တံခါးကို စေ့ပိတ်လိုက်သည့်အသံ။

လှေကားအလယ်လောက်တွင် ခြေလှမ်းရပ်၍ လှေကားအောက် ညာဘက်သို့ မီးထိုးကြည့်လိုက်သည်။တံခါးတစ်ချပ်။

“ အို. . . သော့ကျန်ခဲ့ပြီ ”

အပေါ်သို့ ပြန်ပြေးတက်၍ ထပ်ခိုးတံခါးမှ သော့ကို နှုတ်ယူလိုက်သည်။ ညည်းသံခပ်အက်အက်တစ်ခု။ အာရုံများသည်ပဲလား တကယ်ကြားလိုက်ရသည်လား။ဝေခွဲချိန်မရ။အောက်သို့ ပြန်ပြေးဆင်းကာ





လှေကားအောက် ညာဘက်သို့အလျင်အမြန်သွားရသည်။

သော့တွေ တစ်ချောင်းပြီးတစ်ချောင်း။

လက်နှိပ်မီးဖြင့် သော့အိမ်ကို အလွတ်မပေးဘဲ ထိုးထားမိ၏။ ဒီပ်မက်များအတိုင်းဖြစ်လာမည်ကို အလွန်တစ်ရာစိုးရိမ်နေသည်။

“ ဒုန်း ”

သော့ချက်ပြုတ်သည်နှင့် ချက်ချင်းတွန်းပစ်လိုက်သည်မို့ တံခါးက အရှိန်နှင့်ပွင့်သွားပြီးနံရံသို့ ပစ်ဆောင့်မိသည်။

“. . . ကို ”

ထစ်ထစ်အအနှင့် ခေါ်လိုက်မိသည့် သူမအသံက တိုးအက်နေသည်တော့မှ သူမလည်ချောင်းတစ်ခုလုံး ချောက်ကပ် တုန်ယင်နေသည်ကို သတိထားမိ၏။ အသက်အောင့်ထားရသည်မှာလည်း မည်မျှကြာမြင့်ခဲ့ပြီမသိ။

“ ရှပ်. . . ရှပ် ”

ဖြတ်ခနဲ မီးရောင်ကို ချက်ချင်းလှည့်လိုက်သည်။ နံရံတစ်ခုကိုသာ မြင်ရ၏။ အသက်ရှူမဝခင်မှာပင် ဝင်သက်က ဆို့နင့်ရပ်တန့်သွားပြန်သည်။

ခြေသံဟုတ်သည်။ အာရုံမှားစေရ၊ သူမတကယ်ကြားနေရခြင်းဖြစ်သည်။သို့သော် နံရံ၏ အခြားတစ်ဘက်ဆီမှဖြစ်မှန်း တွေးမိလိုက်သည်။

အခန်းထဲမှ ပြေးထွက်၊ တံခါးရှက်မှ သော့တွဲကို ဆွဲလှမ်းချုပ်တဲ ဖြုတ်ခဲ့သည်။ လှေကားကို ကွေ့ဝိုက်၍ အခြားတစ်ဘက်သို့



www.burmeseclassic.com

www.burmeseclassic.com



ရောက်ရှိသွားသည်။

သော့ရွေးချယ်ရခြင်းကို သူမ စိတ်မရှည်ချင်တော့။

" ဒုန်း "

တံခါးကို ဆောင့်တွန်းဖွင့်လိုက်မိပြန်သည်။ အနည်းငယ်တော့ သွေးပူလာသလိုရှိ၏။ အေးစက်တုန်ယင်မှုများအစား အင်အားတစ်ရပ် ရရှိလာသလို ခံစားရသည်။

" ကို "

သူမ ပီပီသသအသံထွက်လာနိုင်လေပြီ။

" အို. . . ကို. . . ကို "

အခန်းထောင့်တွင် မြင်လိုက်ရသောအရာက တဒင်္ဂရရှိလိုက်သည့် တည်ငြိမ်မှုအားလုံးကို စုပ်ယူသွားသည့်နှယ်။

သူမ ဒီအခန်းကိုမရောက်ခဲ့၍လား။ အခန်းတစ်ခုနှင့်တစ်ခုက သိန်ခြားလက္ခဏာမရှိ၊ အခန်းလွတ်များချည်း ဖြစ်နေ၍ မှတ်ဉာဏ်တွင် ရောထွေးနေခြင်းလား။

သေချာသည်ကတော့ သည်အခန်းထဲတွင် သို့မဟုတ် သည်အိမ်မှ အခန်းတစ်ခုခုထဲတွင် ကျိုးပဲ့နေသော သချိုင်း ကမ္ပည်းတိုင်ကို သူမတို့လုံးဝမတွေ့ခဲ့ရ၊ မည်သည့်အခန်းတွင်မှ မတွေ့ခဲ့ရ။

" မဟုတ်. . . မဟုတ်ဘူး. . ကို မသေသေးပါဘူး။ ငြိမ်းသိ "

ကမ္ပည်းတိုင်နံဘေးမှ ဖိနပ်တစ်ရံက သူမစကားသံကို ဖြတ်တောက်သွားစေသည်။ သူမ ကိုယ်တိုင် 'ကို့'ကို ဝယ်ပေးခဲ့သော



ကတ္တီပါဖိနပ်ကလေး။

ကမ္ပည်းတိုင်မှ ဆန့်ကျင်ရာဘက်သို့ ဦးလှည့်လျက် တစ်ဘက်နှင့် တစ်ဘက် ခြေတစ်လှမ်းစာအကွာတွင်ရှိနေသည်။

မီးရောင်က ဖိနပ်ကို ဦးတည်ရာအရပ်သို့ အလိုလိုရွှေ့လျားသွားသည်။ သူမ နောက်ထပ်တံခါးပေါက်တစ်ခုကို တွေ့လိုက်ရလေသည်။

အခြားသော တံခါးများလို စေ့ပိတ်လျက်သားမဟုတ်။ အနည်းငယ်ပင် လှုပ်ရှားနေသေး၏။

အကျႌ ကော်လာဖတ်ကို ပြုတ်ထွက်မတတ် ဆွဲဆုပ်လျက် ရွှေလျားနိုင်ဖို့ ကြိုးစားကြည့်သည်။ ခြေအစုံက ရှေ့ကို လှမ်းရမည်ထက် နောက်ဆုတ်ရန်သာ တုံ့ဆွဲနေသည်။

ကော်လာကို ဆုတ်ကိုင်ထားမိသည့်ဘက်မှ လက်ဖျံသားက အနွေးအကျႌအောက်မှ တစ်စုံတရာကို ဖိမိနေ၏။ တြိဂံဆွဲပြားကလေးကို သူမ အမှတ်ရသွားသည်။

အကြိမ်ကြိမ်ရှိခဲ့ပြီးဖြစ်သော ခံစားချက်ဖြင့် လှိုက်ခနဲဖြစ်သွားရသည်။

" ကို က ငါ့ကို ချစ်တဲ့သူ ငါကလည်း ချစ်ရတဲ့ သူလေ၊ ငြိမ်း နင်ဘာကို ကြောက်နေတာလဲ "

ကမ္ပည်းတိုင် အကျိုးအပျက်ပေါ်မှ 'ကို့'နာမည်ကို အသံထွက်ရွတ်လိုက်သည်။ ကြောက်စိတ်ကို အခြားခံစားချက်တစ်ခုနှင့် အစားထိုးပစ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



" ငါအတန့်တန်သတိပေးရက်နဲ့၊ ဆေးလိပ်မဖြတ်အပြင် မူးယစ်ဆေးအထိ သူမှီ့ လုပ်ရက်တယ်. . . ကိုကို ငြိမ်း အရမ်းစိတ်နာတယ် သိလား။ ဒီစကားတွေ ကိုကို ပြောရမှုကို ကျေနပ်မယ် "

ဖွင့်ထားသော တံခါးပေါက်ဆီအလိုလို လျှောက်လှမ်းနိုင်သွားသည်။ ခေါ်သဖြင့် အသက်ရှူသံပြင်းလာသော်လည်း ဝင်သက်ထွက်သက်တို့က တွန့်ခေါက်နေဆဲသာ။

ခပ်ဟဟဖြစ်နေသည့် တံခါးကို အသာအယာတွန်းလိုက်သည်။

" ကို့. . . ကို "

" ဟင် "

ကျိုးကျိုးကျည်ကျည် မြည်သံပေး၍ ဖွင့်ဟသွားသော တံခါးရွက်မှ သော့အိမ်တွင် မထင်မှတ်ဘဲ သွေးစများကို တွေ့လိုက်ရသည့်အခါ သူမ မျက်လုံးများ အစွမ်းကုန် ပွင့်ထွက်သွားရတော့၏။

သူမ ခံပင်အုံကို တစ်စုံတစ်ယောက်က စုကိုင်ဆောင့်ဆွဲလိုက်သည့်နှယ် ဦးရေ ပြားတို့ တင်းခနဲ ကျောရိုးတစ်လျှောက်စိမ့်တက်လာသည့် ကြက်သီးတို့ဖြင့် တစ်ကိုယ်လုံး ဖျဉ်းခနဲဖြစ်သွားသည်။

သွေးစများက စိုထန်းနေဆဲ၊ သော့အိမ်ထဲမှ ယိုစီးကျနေဆဲ။

" ဒုန်း. . . ဒုန်း ဒုန်း ဒုန်း "

" အား. . . ကို ကို ကို "

ထိုတံခါးဝမှာပင် ငုံ့ဝပ်၍ ထိုင်ချပစ်လိုက်မိသည်။ ဒူးနှစ်ဘက်ကြား မျက်နှာကို ဝှက်၍ ကျုံ့နိုင်သမျှ ကျုံ့ထားမိ၏။ သည့်ထက်ပို၍





သူမ မစွမ်းနိုင်တော့ ပြေးထွက်ရန် အင်အားမကျန်တော့။

ထုရိုက်သံများက နေရာအနှံ့ပြန့်သွားကာ ပိုမိုကျယ်လောင်ခြင်းထန်လာသည်။ ပို၍ နီးကပ်လာသည်။

နံရံများဆီမှသာ မဟုတ်။ သူမ ရင်အုံအတွင်းမှလည်း တဒုန်းဒုန်း မြည်ဟည်းသံတို့ ပေါ်ထွက်လာသည်။

အာခေါင်ကွဲမတတ် စူးစူးနစ်နစ် အော်ဟစ်ပစ်လိုက်သော်လည်း သူမအသံကို သူမပင် မကြားရ။ အသံတွေကို ကြားနေရဆဲလား။

သူမ အာရုံတွင် ပွဲတင်ထပ်၍ ကျန်ခဲ့သည်လား။

မခွဲခြားနိုင်သေး သည့် အချိန်တွင် သူမ တစ်စုံတစ်ယောက်ကို ဆွဲဖက်လိုက်သလို ခံစားလိုက်ရသည်။ အသံများ တိတ်ကျသွား၏။

" ကို . . . ဟင် "

သူမ အနီးတွင် မည်သူမျှမရှိ။

သို့သော် ခေါင်းအမော့တွင် မီးရောင်ကျရောက်နေသော ကြမ်းပြင်ပေါ်မှ တံခါးတစ်ချပ်ကို မမျှော်လင့်ဘဲ မြင်လိုက်ရလေသည်။ သတ်ခနဲ ထရပ်လိုက်မိ၏။

ကြမ်းပြင်ကို ဖောက်ထားသော တံခါး။

မြေအောက်ခန်း။ ဖြန်းခနဲ ကွဲထွက်သွားသည့်နံရံ၊ မြေသားထဲမှ ထိုးထွက်လာသော ခေါင်းတလား။ သက်ဝင်ရှန်းကြွလာသည့် အလောင်းကောင်။

မြေအောက်ခန်းတံခါးဟု သိလိုက်သည်နှင့် အာရုံရိပ်က



www.burmeseclassic.com

www.burmeseclassic.com



အိပ်မက်တစ်လုည့်၊ မြေသင်းနံ့ဆိုသည့် စာအုပ်ထဲမှ စာသားများအား တစ်လှည့် မြင်ယောင်လာ၏။

ထိုတံခါးရွက်အား မျက်ကြောများသေသွားသည့်နှယ် စိုက်ကြည့်နေမိသည်။ ဝင်သက်ရှည်များက ရင်ကို ဖောက်ဝင်သွားစေ၏။

" ဒုန်း "

" ဟင့် "

ကျောပင် ကော့သွားရသည်။ သူမ ဝင်ခဲ့သည့် တံခါးပေါက်အား ဆောင့်ပိတ်လိုက်သည့် အသံမှန်း ချက်ချင်းသိလိုက်သည်။

သူမ နံဘေးမှ သွေးစက်လက်နှင့် တံခါးရွက်သည်လည်း တက္ကိုက်ချိုးမြည်လျက် လှုပ်ယမ်းလာသည်။

" ကျိုး . . . ဒုန်း "

သူမ အချိန်မီ ခုန်ထွက်လိုက်နိုင်၍သာ တံခါးရွက်နှင့် မရိုက်မိခြင်းဖြစ်သည်။ရုတ်တရက် အမှောင်ကျသွားသဖြင့် နောက်သို့ ပြန်ဆုတ်မိသည်။

သို့သော် စေ့ပိတ်သွားပြီဖြစ်သော တံခါးက သူမကိုထပ်၍ ဆုတ်ခွင့်မပေးတော့။

လက်နှိပ်မီးမှ ခလုတ်ကို ပြန်နှိပ်ကြည့်သည်။

" ဟင်း "

သူမ အလန့်တကြား ခုန်မိချိန်တွင် ခလုတ်ကို ဖိလိုက်မိခြင်းဖြစ်သည်။ အလင်းရောင်ကို ပြန်တွေ့လိုက်ရသော်လည်း ချောက်ချားမှုကို





ပြေလျော့မသွားစေနိုင်။ ပြန်လမ်းမရှိတော့သည့် သားကောင်နှယ်။

" ဒုန်း . . . ဒုန်း ဒုန်း "

အိပ်မက်ဆိုးတို့ တရုန်းရုန်း အသက်ဝင်လာခဲ့သည်။ သွေးပျက်ထိတ်လန့်ခြင်းကိုပင် ထုံကျဉ်လာရသည့်နောက် ဘာကိုမှမကြောက်ရွံ့မိတော့သလို ဟားတိုက်၍ ရယ်မောပစ်ချင်စိတ်ပင်ပေါက်လာ၏။

ခြောက်ကပ်ကပ် လည်ချောင်းထဲမှ ထွက်ပေါ်လာမည့် ရယ်သံသည်။

" ဒုန်း . . . ဂျောက် "

ကွဲအက်ပျက်စီးနေမည်သာ။

" အဟတ်ဟတ် . . . ဟ ဟာ့ ဟား ဟား ငါက ဘာကိုကြောက်ရမှာလဲ၊ ဘာကိုကြောက်နေရမှာလဲ . . . လာစမ်းပေ့ ဟား . . . ဟား "

" ဂျန်း "

" ဟာ့ "

တံခါးရွက်တို့ ကျိုးပေါက်သွားသံမဟုတ်။ သူမ ရပ်တည်နေသည့် ကြမ်းပြင်ပေါက်မှအသံ။

မြေအောက်ခန်း နံရံထုအား ဖွင့်ခွဲ၍ အခန်းထဲသို့ လေးလံသော အရာတစ်ခုပြုတ်ကျသွားသည့်အသံ။ သူမ ရယ်သံကို သတ်ဖြတ်သွားသည့် အသံ။

ကြမ်းပြင်မှ တံခါးပေါက်ကို စိုက်ကြည့်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



မီးရောင်ထဲတွင် တံခါးရွက်က ကြွတက်လာ၏။ အောက်မှ တစ်စုံ တစ်ယောက်က ဖွင့်လှန်နေသည့်နှယ် ကြွတက်လာခြင်းဖြစ်သည်။

သွေးကြောတို့ပြန်လည်အေးစက်တုန်ယင်လာ၏။ မျက်ကြောင်း တစ်ကြိမ်ပြန်သေသွားခဲ့လေပြီ။ သူမ နောက်ဆုတ်နေမိသည်လား။

တဖြည်းဖြည်းမြင့်တက်လာသည့် တံခါးရွက်အောက်မှ လက်တစ်စုံကို မြင်လိုက်ရ၏။ လက်ဖျံရိုးနှင့် လက်ချောင်းရိုးတို့ တွဲဆက်နေသည့် တစ္ဆေလက်တစ်စုံလား။ ကျုံ့လှီသော အဖိုးအိုတစ်ဦး၏ လက်တစ်စုံလား။

သူမအတွက် ထပ်ဆုတ်ရန် မြေမရှိတော့။ တံခါးပေါက် နံဘေး နံရံ၌ ကျောကို ဖိကပ်ထားလိုက်မိသည်။ လက်ဖျံရိုးတစ်စုံကြားတွင် ခပ်မည်းမည်း ဦးခေါင်းပိုင်းကိုပါ မြင်နေရလေပြီ။

နံရံထဲသို့ သူမနစ်ဝင်ပစ်မိ၏။ အသံလုံးဝမထွက်ရဲသည်လား။ သူမ ဆွံ့အသွားသည်လား။ သူမကိုယ်တိုင်ပင် မခွဲခြားတတ်တော့။

ချေးညှော်အထပ်ထပ်ဖြင့် စေးကပ်ရှုပ်ပွနေသည့် ဆံပင်အောက်မှ မျက်နှာကို မမြင်ရသဖြင့် ထိုသဏ္ဍာန်ရှင်ကို မခန့်မှန်းနိုင်ခဲ့ ရှိသည်။

" ဒုန်း . . . ဂလုန်း "

" အမေ့ "

မြှောက်ကိုင်ထားသည့် တံခါးရွက်ကို ထိုလက်များက တွန်းထုတ် လွှင့်ပစ်လိုက်၏။ ထို့နောက်မြေအောက်ခန်းထဲမှ တက်လာသည့် မကောင်း





ဆိုးဝါးကောင်က သူမဘက်သို့ တစ်ချက်လှည့်ကြည့်သည်။

" ဟင်း . . . ဟင့် "

မျက်လုံးနှင့် အရေပြားတို့ အဖြူရောင်ဖြစ်သွားသည်မှလွဲ၍ သူမ ဘယ်လိုမှ မေ့မရနိုင်သည့် မျက်နှာ။

" ကို "

အိပ်မက်ဆိုးတို့၏ ဇာတ်သိမ်းဖြစ်လိမ့်မည်။

မြေပြင်တစ်ခုလုံး တသိမ့်သိမ့်လှုပ်ခါသွားခြင်းမရှိဘဲ ပြီးဆုံး ခဲ့သည့် သည်အိပ်မက်ကို နောက်ဆုံးအိပ်မက်ဟု ထင်လိုက်မိ၏။ အိပ်မက်ထဲတွင် သူမ သတိလစ်မေ့မြောလဲကျသွားခဲ့သည်။ ဘာကိုမှ တွေ့မြင်ကြားသိခြင်းမရှိတော့။ ထိတ်လန့်ရမှုများကိုပါ မေ့လျော့ သွားခြင်းမျိုး ဖြစ်သည်။

တကယ်တမ်းကျ အိပ်မက်၏ အဆုံးသတ်တွင် သူမ လန့်နိုး မလာဘဲ ခေတ္တမိန်းမောနေခြင်းပဲဖြစ်မည်။ မကြာမီ သူမ နိုးထရလိမ့်မည်။

အလင်းရောင် ပြည့်စုံသော မြို့လည် တည်းခိုဆောင်တစ်ခု၏ အခန်း တစ်ခန်းတွင် သူငယ်ချင်းများနှင့်အတူ အိပ်စက်နေရခြင်းကို သိလိုက်ရ သည်နှင့်သူမ သက်ပြင်းရှိုက်ဖြစ်မည်ထင်သည်။

မောမောပန်းပန်းနှင့် တနွမ်းတနယ်နိုးထလာသော သူမပုံကို မြင်သည်နှင့် သူငယ်ချင်းများက အိပ်မက်ဆိုးတွေ မက်ပြန်ပြီလားဟု မေးလိမ့်မည်။

" အို . . . အိပ်မက်ထဲမှာ ကိုကို မြင်လိုက်ရသယ်မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



ပိန်လှီဖျော့တော့ပြီး အရိုးပေါ်အရေတင်နေရှာတဲ့ ငါ့ရဲ့ ချစ်သူလေ ဘယ်သူကများ ကိုယ့်ချစ်သူကို ပြန်တွေ့ခွင့်ရတဲ့ အိပ်မက်လေးကို ဆိုးတယ်လို့ ပြောရက်မှာလဲ ''

ထိတ်လန့်ချောက်ချားခဲ့ရမှုများ၏ အဆုံးစွန်၌ 'ကို' ရှိနေလိမ့်မည်ဟု မျှော်လင့်မိသည့် စိတ်က တစ်ဝက်၊ မယုံကြည်ရဲသည့် စိတ်က တစ်ဝက်နှင့် သူမ သည်အိပ်မက်ဆိုးများစွာကို တလင့်လင့်မြင်မက်ခဲ့ ရသည်မဟုတ်လား။

" မဟုတ်ပါဘူးဟာ. . . ဘာအိပ်မက်ဆိုးမှ ငါမမက်ပါဘူး"

ဟုတ်သည်။ သူမ သည်လိုပဲ ပြန်ဖြေသင့်သည်။ ကိုယ့်အတွေး ကိုယ် ကျေနပ်သွားသည်နှင့် သူမ နိုးထရန် အသင့်ဖြစ်သွားခဲ့လေပြီ။

❀ ❀ ❀ ❀ ❀



## အခန်း (၂၄)

" ဟင် "

သူမ ထင်သလိုဖြစ်မလာသည့်အတွက် မျက်လုံးအစုံကို ချက်ချင်း ပြန်မှိတ်ပစ်လိုက်မိသည်။ အိပ်မက်ထဲသို့ သူမ ပြန်မရောက်ချင်။ နိုးထမှ ပုံစံများလျှင် အိပ်နေခြင်းမှ ရုန်းမထွက်နိုင်ဘဲ အိပ်မက်ထဲသို့ ပြန်လည်ရောက်ရှိသွားတတ်သလား။

မျက်လုံးအစုံကို ဖိညှစ်ထားရာမှ ပြန်လည်ဖြေလျှော့ကာ ဖြည်းဖြည်းချင်း ဖွင့်ကြည့်လိုက်သည်။ ပထမအကြိမ်က အတိုင်း။ အမှောင်။

" မီး. . . မီး မဖွင့်ထားဘူးလား "

ယောင်နနနှင့် အသံထွက်မေးလိုက်မိသည်။ ပြန်ဖြေသူမရှိ။ သူမ ခန္ဓာကိုယ်အောက်မှ နူးညံ့မှုကို အိပ်ရာဟု သိလိုက်သည်။ ဘေးဘိ နှစ်ဘက်ကို လက်နှင့် ဖွေယမ်းစမ်းကြည့်မိ၏။ မည်သူမျှမရှိ။



www.burmeseclassic.com

www.burmeseclassic.com



" ငါ...ဘယ်ရောက်နေတာလဲ၊ ကော...ဆမန်သာ နင်တို့ ဘယ်ရောက်နေတာလဲ၊ မီးဖွင့်ပေးကြဦး။ ငါ အမှောင်ထဲမှာ မနေရဲဘူး။ ကော...ကောရေ ဒါ...ဒါ ငါတို့ အခန်းမဟုတ်ဘူးလားဟင် "

သူမ သည်ည အိပ်ရာဝင်ခဲ့လို့လား။

တည်းခိုခန်းအောက်ထပ်ရှိ စားသောက်ဆိုင်တွင် ညစာစားခဲ့သည်။ ကိုမင်းနောင်ပြန်သွားသည့်နောက် သူငယ်ချင်းနှစ်ယောက်နှင့်အတူ အခန်းသို့ ပြန်ခဲ့သည်။

ဘိုးဘိုးတို့ဆီ ဖုန်းဆက်ဦးမည်ဟု အကြောင်းပြ၍ တည်းခိုခန်း၏ လသာဆောင်ပေါ်တက်ခဲ့သည်။ ကားရပ်ကွက်လပ်ထဲမှ ကိုမင်းနောင်၏ ကားအဖြူလေးကိုရှာကြည့်မိခဲ့၏။

ကိုမင်းနောင် သူ့စကားအတိုင်း ကားကို ပြန်မယူသွားဘဲ တည်းခိုခန်းမှ သူ့အိမ်သို့ ခြေလျင်ပြန်သွားခဲ့ပုံရ၏။

သည့်နောက် သူငယ်ချင်းနှစ်ယောက်နှင့်အတူ အိပ်ရာဝင်ခဲ့သည်။ ဆမန်သာနှင့် ကောတို့နှစ်ဦး အိပ်ပျော်သွားသည်အထိ သူမ စောင့်နေခဲ့မိ၏။

ခရီးပန်းလာသည့်အတွက် သိပ်တော့ မစောင့်ခဲ့ရ။ အိပ်ရာထဲ၊ အညင်သာဆုံး ထ၍ အခန်းထဲမှ ခြေဖွနင်းကာ ထွက်ခဲ့မိသည်။

တကယ်ပဲ သူမ ထွက်လာခဲ့မိသည်လား။ အိပ်ပျော်ဟန်ဆောင် စဉ်ကတည်းက အိပ်မောကျသွားပြီး သည်အိပ်မက်ကိုမက်နေခဲ့သည်လား။

အမှောင်ထဲမှ မြေညီနံ့အချို့ကို ရလိုက်၏။





" ငြိမ်း "

" ဟင့် "

တုန်ယင်ဖျော့တော့နေသည့်ခေါ်သံ။ ပုံမှန်မဟုတ်သည့်တိုင် သည်လေယူလေသိမ်းကို သူမ မမှတ်မိစရာမရှိ။ပြောင်းလဲသွားသည့် မျက်နှာကို ချက်ချင်းမှတ်မိခဲ့သလိုပင် သည်ခေါ်သံကို သူမ သိလိုက်သည်။

" ငြိမ်း "

" ကို...ကို...လား... ငြိမ်း "

ဆတ်ခနဲ ထလိုင်၍ အမှောင်ထုထဲ ရှာကြည့်မိသည်။ သွေးကြောများသာမက သူမအသည်းပါ အေးခဲသွားပြီထင်၏။ နံရံမြေထုကို ဖောက်ထွက်၍ မြေအောက်ခန်းထဲသို့ တစ်စုံတစ်ခုပြုတ်ကျလာသည့် အသံက နားတွင် အထပ်ထပ်။

ပကာတိမျက်လုံးအစုံက အမှောင်ကိုသာ မြင်နေရသော်လည်း အာရုံတွင် ဂျွန်းခနဲ ကွဲအက်သွားသည့် ခေါင်းတလားထဲမှ ကုန်းရုန်းထသာသူကို မြင်နေရသည်။

" ဖျောက်... ဖျောက် ဖျောက် "

နေရာအနှံ့မှ သူမထံ တိုးဝင်လာသည့် ခြေသံများ။

လင်းခနဲထိုးစိုက်ကျလာသည့် မိုးကြိုးတစ်စင်း။ ပွင့်ထွက်သွားသည့် သင်္ချိုင်းရာ။ အင်္ဂတေသားတို့ ဖွာခနဲ။ သူမ ကိုယ်တိုင်လည်း ယိမ်းထိုးလှုပ်ယမ်းသွားသည့်နှယ်။

နော်မန်ရိတ်ကဲ်။ သွေးများယိုစီးကျလာသော သော့ပေါက်။



www.burmeseclassic.com

www.burmeseclassic.com



ကျိုးပဲ့ပေါက်ပြဲနေသော တံခါးပျဉ်ချပ်များ။ ခေါင်းတလားအဖုံးများ။

" ဖျောက် "

နောက်ဆုံး ခြေသံက သူမရှေ့လက်တစ်ကမ်းအကွာတွင် ဖြစ်နေသည်။ ရှုံနဲ့ဝင်းတောက်သွားသည့် မီးတောက်တစ်ခုကို မြင်လိုက်ရ၏။ အလင်းရောင်၏ နောက်တွင် မျက်လုံးဖြူတစ်စုံ။

" ကို "

သူမ အိပ်မက်မဆုံးသေး။ သို့မဟုတ် သူမ အိပ်မပျော်ခဲ့သည်နေရာသို့ သူမ အမှန်တကယ် ထွက်လာခဲ့ခြင်းသာဖြစ်မည်။ အ. . . မှန်. . . တ. . . ကယ်။

" မကြောက်ပါနဲ့ ငြိမ်း. . . ကိုယ်က မင်းကိုချစ်တဲ့သူ၏ ကိုယ်တကယ်ပဲ တစ္ဆေသရဲတစ်ကောင်ဖြစ်နေဦးတော့ ငြိမ်းရဲ့ မခြောက်လှန့်ပါဘူး. . . အန္တရာယ်ပေးမှာ မဟုတ်ပါဘူး "

သူမ နံဘေး တစ်ဘက်တစ်ချက်တွင်ရှိနေသော မီးအိမ် နှစ်လုံးက ဝါညီးညီးလင်းစပြုလာသည်။ သူမအာရုံတွင်မူ အမှောင် ကျနေဆဲ

" အသက်ကို ဝဝ ရှူမှပေါ့ ငြိမ်းရဲ့ "

ပြောပြီး သူမ ရှေ့မှပျောက်သွားသည်။ မကြာမီ အခန်း တစ်ခုလုံးမှ မီးအိမ်ပေါင်းများစွာတို့ လင်းထိန်တောက်ပလာ၏။ မင်းသား မိနေရာမှ ဖြတ်ခနဲ သတိဝင်လာသည်။

သူမရင်ဘတ်ပေါ်ရှိ ဆွဲပြားလေးအား အုပ်ကိုင်လိုက်မိ၏





အနွေးအကျီအောက်မှဆွဲထုတ် အလင်းရောင်ထဲတွင် လက်ကို ဖွင့်လိုက်သည်။

" ငြိမ်းရယ် "

အသံနှင့်အတူ သူမရှေ့သို့ ပြန်ရောက်လာသည်။

" ကို. . . ကို အစစ်ပါနော် "

အပြုံးသည်ဖြူဖျော့ဖျော့မျက်နှာပေါ်မှ အပြုံးသည် အခိုင်မာဆုံး သက်သေတစ်ခုပင်။

" ကို "

သူမ ဘယ်လို လုပ်ရလိုက်မိသလဲ၊ သူမကိုယ်တိုင်က 'ကို' ဆင်ခွင်ထဲမှာ။ 'ကို'ကလည်း သူမ ရင်ခွင်ထဲမှာ။ ဟစ်ကြွေးရှိုက်ငိုသံ တစ်စုံက သူမတို့အကြားမှာ။

" ငြိမ်း ဒီလောက် သတ္တိရှိလိမ့်မယ်လို့ ကိုယ်ထင်မထားဘူး ငြိမ်းရယ်. . . ပြီးတော့ ဒီလောက်အထိ ချစ်နိုင်လိမ့်မယ်လို့ မမျှော်လင့်ခဲ့ဘူး "

" ကို "

" ကိုယ်သိသွားပြီ ငြိမ်းဟာ မိန်းမတွေထဲက မိန်းမတစ်ယောက် မဟုတ်ဘူး။ ငြိမ်းကိုငြိမ်းရော သိရဲ့လား။ ငြိမ်း ဘာတွေလုပ်နေသလဲ ဆိုတာ "

နွေးထွေးမှု။ ရင်ဘတ်ချင်း အပ်ထားသည့်နေရာမှ နွေးထွေးမှုက အိပ်မက်တစ်ခုမဟုတ်မှန်း သေချာသည်ထက် သေချာစေခဲ့လေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ပါးပြင်တစ်ဘက်တည်းပေါ် စီးကျနေသည့် မျက်ရည်များ အဓိပ္ပါယ်ကိုသာ အခြားကြားမှ သူမ နှုတ်ခမ်းသားတို့ တဆတ်ဆတ်တုန်ယင်လို့နေသည်မှာ အိပ်မက်မဖြစ်နိုင်။ မဖြစ်နိုင်ပါ။

" ငြိမ်း "

'ကို'က လှုချင်းပြန်ခွာ၍ သူမကို တစိမ့်စိမ့်ကြည့်လျက်

" ကိုယ့်ကို မမုန်းဘူးလားဟင် "

" ငြိမ်း. . . ငြိမ်းမသိဘူး ကို အဲ့ဒါကို ငြိမ်းမတွေးမိဘူး "

" ပြီးတော့ မကြောက်ဘူးလား "

" ဟင့်အင်း ငြိမ်းမမှတ်မိတော့ဘူး "

" အား. . . အရူးမလေး ငါ့ရဲ့အရူးမလေး ငါ့ကို ဘာလို့ မမုန်းရတာလဲ၊တကယ်ဆို ဒီအထိတောင် လိုက်မလာသင့်ဘူး သိရဲ့လား"

သူမ ခေါင်းယမ်းပြလိုက်သည်။

မျက်ဝန်းတစ်စုံလုံးမှ မျက်ရည်ကျနေသူက ပါးပြင်တစ်ခြမ်းတွင်သာ မျက်ရည်စိုနေသူကို တယုတယသုတ်ပေးနေသည်။ 'ကို' လက်ချောင်းများသည် အရင်လို နူးညံ့နေတုန်းပင်။

" ကို. . . ဘာလို့ "

သူမ စကားမဆုံးမီ ပါးပြင်ပေါ်ရှိ'ကို'လက်ညှိုးကလေးက သူမ နှုတ်ခမ်းနှစ်လွှာဘက်သို့ ကန့်လန့်ဖြတ်ရောက်ရှိလာ၏။

" စကားတွေက ဘယ်တော့ပြောပြော ဘယ်သူပြောပြော ရပါတယ် ငြိမ်းရယ်. . . ကိုယ့်ငြိမ်းကို ဖက်ထားပါရစေဦး "



နှုတ်ခမ်းနှစ်လွှာကိုသာမဟုတ် မျက်ဝန်းများကိုပါ သူမ မှေးမှိတ်ထားလိုက်မိသည်။ညှတ်နူးချမ်းမြေ့စွာ။

❀ ❀ ❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၉)

" နင်တို့ ညကတည်းက လိုက်လာလိမ့်မယ်လို့ ထင်ထားတာ"

" ဟင့် မင်းကိုမင်း ဘာထင်နေလဲ၊ မင်းအတွက် အဲ့ဒီလောက် စိတ်ပူပေးနေရအောင် ငါနဲ့မင်းနဲ့က ညီအစ်မ အရင်းတွေမို့လို့လား ဟဲ့ "

အိမ်ထဲသို့ ရှေ့ဆုံးမှ ဝင်လာသော ကေကေ မကျေနပ်သံနှင့် ခပ်ငေါ့ငေါ့ပြန်ဖြေသည်။

" အမလေး လိုက်လာပါတယ် ငြိမ်းရယ်၊ ဒါပေမဲ့ ညည်းနင် သန်းခေါင်ဘယ်က ကားငှားပြီး လိုက်ရမှာလဲ၊ ဒီအထိလည်းပြေးပြီး မလာနိုင်ဘူး။ နင်ပျောက်သွားတာ သိသိချင်း ဒီကိုလိုက်ရမယ်ဆိုတာ သိသားပဲ၊ ဘယ်လိုလိုက်ရမှန်းမသိတာနဲ့ ကိုမင်းနောင်ကိုပဲ ဒုက္ခသွား ပေးရတာပေါ့. . . သူကလည်း ကြိုသိနေတဲ့အတိုင်းပဲ အိမ်ရှေ့မှာ အသင့် စောင့်နေလေရဲ့ "



ဆမန်သာကတော့ အထေ့အငေါ့လုပ်မနေ။ တတွတ်တွတ်နှင့် ပြောဆိုလျက် ဝင်လာသည်။

" ဒါပေမဲ့ ကိုမင်းနောင်ဆီမှာပဲ ဂိတ်ဆုံးသွားတယ်၊ ငါပြောတာ မဟုတ်လို့လား။ နင်လည်း ငါတို့မလာပါစေနဲ့ ဆုတောင်းနေတာ မဟုတ်လား "

သူမ ရယ်မိသည်။ ဆမန်သာ့နောက်မှ ဝင်လာသူ ကိုမင်းနောင် ခမျာ ထိုင်ရမလို ထရမလို ဖြစ်သွားရှာ၏။

" ဟို ကျွန်တော်လည်း မညာချင်ပါဘူး မငြိမ်းငြိမ်းရယ်၊ ဒါပေမဲ့ သိတဲ့အတိုင်း ထူးဇော်ကို ကျွန်တော်မှမနိုင်ဘဲ၊ သူက ဒီလို ပြောဆိုရင် အဲ့ဒီထက်ပိုမပြောရဲဘူးလေ၊ ခု. . . ဘယ်မှာလဲ အဲ့ဒီကောင် ကျွန်တော့်မပြောနဲ့ သူဦးလေးတောင် သူ ညာခိုင်းတဲ့ကောင်"

" အိပ်ပျော်နေတယ်. . . ဟော့ ဆူဆူညံညံ သိပ်မလုပ်ကြနဲ့နော်"

သူမ စကားအဆုံးတွင် ကေ့ထံမှ ကျိန်ဆဲသံထွက်လာ၏။

" ညာခိုင်းလို့ ညာခဲ့ရတယ်ဆိုတာထက် ကျွန်တော်ကိုယ်တိုင် လည်း သူ့ဆန္ဒအတိုင်းဖြစ်သွားစေချင်လို့ ညာခဲ့မိတာကို ဝန်ခံပါတယ်ဗျာ သူက "

ကိုမင်းနောင်က စကားမဆက်သေးဘဲ လှေကားထစ်ပေါ် ထိုင်ချလိုက်သည်။ သူတို့အားလုံးသည် သူမ ဝင်ခဲ့သည့် အဂေဟာ်ဘက် တံခါးမှပင် ဝင်လာကြခြင်းဖြစ်သည်။

" မငြိမ်းငြိမ်းကို မခံစားစေချင်ဘူးလေ၊ သူ့အတွက် နာကျင်ရ

www.burmeseclassic.com

www.burmeseclassic.com



မှာကို စိုးရိမ်လို့ ကျွန်တော်တို့ကို ညာခိုင်းခဲ့တာပါ၊ တကယ်တမ်း သူဆေးလိပ်တောင် ဖြတ်သွားတာကြာပြီပဲ ”

“ ကျွန်မ သိပြီးပါပြီ သူက ပြောလို့တော့ မဟုတ်ပါဘူး။ သူက ခုချိန်ထိ ဖွင့်မပြောခဲ့ဘူး ကိုမင်းနောင် ဒါပေမဲ့ သူ မအိပ်ခင် တိုက်ခဲ့ရတဲ့ ဆေးတွေက အေ့ဒ်စ်ရောဂါနဲ့ ဘာမှမဆိုင်မှန်း သိလိုက်ရတယ်လေ ”

“ ဟုတ်ပါတယ် ခင်ဗျား ထင်သလိုပါပဲ၊ သူ့ရောဂါက အေ့ဒ်စ် မဟုတ်ပါဘူး ကင်ဆာပါ. . . ဒါပေမဲ့ ကင်ဆာလို့ သိရတဲ့အချိန်က အရမ်း နောက်ကျနေပြီလေ၊ ဆေးတွေကသူ့သက်တမ်းကို အကန့်အသတ်နဲ့ပဲ ဆွဲဆန့်ထားနိုင်တော့မှာ အဲဒီအချိန်မှာ သူဒီအိမ်လေးကို ဆောက်ပြီးနေပြီ အနာဂတ်ကို တမျှော်တခေါ်ကြီး လှမ်းမျှော်ကြည့်ပြီးကာမှ သူ့ဘဝဟာ တိုတိုလေးပဲ ကျန်တော့မှန်းသိလိုက်ရတာ၊ ကျွန်တော်သာ သူနေရာမှာ ဆိုရင် ရူးသွားမှာ ”

“ အခု. . . သူ ဘယ်မှာလဲ ”

ထပ်ခိုးပေါ်မှ ပြန်ဆင်းလာသော ကေက လှမ်းမေးသည်။

“ မြေအောက်ခန်းထဲမှာ ကေ၊ သူအဲဒီမှာပဲနေချင်တယ်တဲ့ အပေါ်ကိုလည်းတင်လို့မရဘူး စိတ်က ခုချိန်ထိ လုံးဝမပြောင်းဘူး နင်တို့ပါ ဝိုင်းပြောပေးရင်တော့ရမှာပါ၊ ဆေးတိုက်တာတောင် မနည်း တိုက်ရတယ်၊လူးလိမ့်ခံနေရတာကိုတောင် မသောက်ဘူး ဖွတ်ငြင်းတုန်း”

ကေ့ မျက်နှာပေါ်တွင် မကျေမနပ် အမူအရာမျိုး မတွေ့ရတော့။

“ သူလည်း မင်းနဲ့တွေ့ရတဲ့ အချိန်လေးမှာ အိပ်ပစ်ချ



နပြောတာပေါ့။ အဲ့ဒီဆေးတွေက အနာအကျင်သက်သာအောင် မိန်းမော သွားစေတဲ့ အာနိသင်ရှိမှန်း သူသိမှာပေါ့ ”

သက်ပြင်းယဲ့ယဲ့ချမိသည်။ မျက်ရည်များနှင့် အိပ်စက်နေရှာသူကို သူမလို အိပ်မက်ဆိုးများနှင့် ကင်းဝေးပါစေဟု ဆုတောင်းလိုက်သည်။ အို. . . အိပ်မက်ဆိုးတွေမဟုတ်ပါဘူး။

သူမကို တစ်စုံတရာအသိပေးရန်ရောက်သည့် နိမိတ်ပုံများသာ မဟုတ်လား။ သူမကသာ စိတ်အစွဲအလမ်း များနှင့်ခံယူခဲ့ခြင်းကြောင့် အိပ်မက်စကားကို မကြားခဲ့ရခြင်းဖြစ်မည်။

“ သူလည်း ရူးသွားပြီလို့ အစက ထင်လိုက်မိသေးတယ် ”

‘ကို’ခုတင်ဘေးတွင် ဝင်ထိုင်ရင်း ကိုမင်းနောင်က စကားဆက် သည်။ ကေနှင့် ဆမန်သာက ခပ်ကျဉ်းကျဉ်းစားပွဲတစ်လုံးကို ရှင်းလင်း၍ ညနေစာအတွက် ပြင်ဆင်ပေးနေ၏။

“ သူ့ရောဂါသူ မုန်းယစ်ဆေးစွဲလို့ အပ်တစ်ချောင်းကနေ ဝင်ဆင့်ရလာတဲ့ အိတ်ချ်အိုင်ဗီလို့ နာမည်ပြောင်းပစ်တယ်၊ မငြိမ်းငြိမ်း လည်း သိမှာပါ၊ အိတ်ချ်အိုင်ဗီ မေကျာအုပ်စုထဲမှာ ‘အီး’မျိုးစိတ်က မူးယစ်ဆေးစွဲသူတွေမှာဖြစ်တာလေ ”

အိပ်ပျော်နေသူ၏ နဖူးထက်မှ ဆံစများကို သပ်တင်ပေး နေမိ၏။ ‘ကို’ဆံစများက ညိုမွဲခြောက်သွေ့နေခဲ့ပြီဖြစ်သည်။

“ ပြီးတော့ အိမ်အနောက်မှာ အုတ်ဂူတစ်လုံးကိုလည်း ဆောက်ခိုင်းပေးယ်၊ ရက်စွဲကိုလည်း မငြိမ်းငြိမ်းဆီက နောက်ဆုံးတာ

www.burmeseclassic.com



ရောက်လာတဲ့ ရက်ထက်စောပြီး ရေးခိုင်းတယ်၊ ကျွန်တော်က ဘာမှ မပြောပေမယ့်၊ သူဦးလေးက ဒီကိစ္စကို လုံးဝငြင်းခဲ့တယ်. . . ဟုတ်တယ် ငြင်းခဲ့သေးတယ်၊ ဒါပေမဲ့ မငြိမ်းငြိမ်းအတွက်မို့ သူဦးလေးက သဘောတူခဲ့ပါတယ်၊ သူ့အတွေးနဲ့သူတော့ မှန်နေတာပဲ၊ မုဆိုးမဆိုတဲ့ စကားလုံးနဲ့ အေ့ဒ်စ်ဆိုတဲ့ နာမည်က မငြိမ်းငြိမ်း သူ့ကို နာကျည်းသွားစေမှာ လုံလောက်တယ်တဲ့လေ. . . ဘာပဲဖြစ်ဖြစ် ကိုယ်တကယ်ချစ်တဲ့ သူကိုတော့ လွမ်းကျန်ခဲ့မှာကို မလိုချင်တာ သဘာဝပဲ သူ့စေတနာ မှန်တယ်ထင်လို့ ကျွန်တော်ညာပေးခဲ့တာပါ ''

'' ကျွန်မကလည်း ဘယ်တော့မှ လွမ်းမှာမဟုတ်ပါဘူး ''

ကော်ဖီခပ်အေးအေးတစ်ခွက်စီနှင့် မနက်စာကို ပြီးစီးလိုက်ကြသည်။ နောက်. . . မြေအောက်ခန်းထဲမှ ပစ္စည်းပစ္စယအချို့ကို အပေါ်ခန်းကို တင်ရန်ပြင်ကြ၏။

သိပ်တော့များများစားစားမရှိ၊ စားပွဲ တစ်လုံး၊ ထိုင်ခုံတစ်လုံးနှင့် ဗီရိုလေးတစ်လုံးမှလွဲ၍ အသေးအဖွဲ့ အသုံး အဆောင်အချို့သာရှိသည်မို့ 'ကို' ပြန်နိုးမလာခင် ထင်၍ပြီးနိုင်သည်။

'' ငြိမ်း ''

သူမ အောက်မှ လှမ်းပေးသော ပစ္စည်းများကို တံခါးဝမှ အပေါ်ခန်းသို့ တင်ပေးနေရင်း ဆမန်သာက စကားစလာသည်။

'' နင်. . . မလွမ်းဘူးဆိုတာ တကယ်လား ''

သူမ ခေါင်းညိတ်ပြလိုက်သည်။





'' ငါ့အနားမှာ သူအမြဲတမ်းရှိနေတယ်လို့ ခံစားနေရရင် လွမ်းဖို့ လိုသေးလို့လား စန္ဒီ ''

'' ကိုယ်ကလည်း ဘယ်ဘဝရောက်ရောက် ငြိမ်းအနားမှာပဲ ရှိနေတော့မှာပါ ''

သူမ စကားအဆုံးတွင် မထင်မှတ်ဘဲ 'ကို' အသံကို ကြားလိုက်ရသည်။ တိုးညင်းဖျော့တော့နေသော်လည်း သူမအတွက် ပီသလျက်ရှိသော စကားသံ။

'' ကို. . . ဘယ်အချိန်ကတည်းက နိုးနေတာလဲ ''

'' လွန်ခဲ့တဲ့ ခြောက်နှစ်လောက်ကတည်းကလေ. . အဟင်း ''

သူမ 'ကို' အနားသို့ ပြန်လျှောက်လာရင်း ပြုံးမိရ၏။ 'ကို' က ခေါင်းအုံးအောက်မှ တစ်စုံတစ်ရာကို ထုတ်ယူနေသည်။

သူမ ခုတင် အစွန်းတွင် ဝင်ထိုင်ကာဖြူဖျော့နေသော ခြေဖဝါး လေးများအား ဆုပ်နယ်ပေးလိုက်၏။

'' ကို. . . အပေါ်မှာနေတော့နော်၊ ဒီမှာ လေဝင်လေထွက် ကောင်းဘူး မှောင်လည်း မှောင်တယ် ''

'' ရော့ ငြိမ်းကို ပေးဖို့ ရည်ရွယ်ထားပေမယ့် မပေးဖြစ်ခဲ့ဘူး''

ကတ္တီပါအနက်ရောင်အုပ်ထားသည့် အသည်းပုံဘူးကလေး ဖြစ်၏။ သူမ 'ကို' မျက်လုံးများကို စိုက်ကြည့်လိုက်သည်။ ပြီးပြည့်စုံသော အပြုံးသည် မျက်လုံးများက စတင်ခြင်းဟု သိလိုက်ရသလိုပင်။

'' ဟယ် ''



www.burmeseclassic.com

www.burmeseclassic.com



ကတ္တီပါဘူးကလေးအား ဖွင့်အကြည့်တွင် အံ့သြကြည်နူးမှုတို့ လှပ်ခနဲဖြစ်ထွန်း၏။ အဖြူရောင် ငွေမှုင်စက်ကလေးများတွင် ကျောက်စိမ်းဖြင့် စီခြယ်ထားသော ရင်ထိုးကလေး။

ယူကလစ်ပင်များတို့ဆီ လေတိုးသွားသံကို ကြားလိုက်ရသည်နှယ်။ မိုးတံဖွေးဖွေးနှင့် စိမ်းရင့်ရွက်ချွန်တို့က ဒေါင်းမြီးကွက်ကလေး တစ်ခုအဖြစ် လွင့်ခတ် ကခုန်နေကြ၏။

ဒေါင်းမြီးကွက် ရင်ထိုးကလေးကို သူမ အင်္ကျီတွင် ဆင်ယင်၍ ခေါင်းငုံ့လက်ရွယ်မိပြီးမှ သူမ စိတ်ကူးပြောင်းသွားသည်။

'ကို့' မျက်ဝန်းများဆီ လှမ်းကြည့်လိုက်သည်။ မပျောက်ကွယ်သေးသည့် အပြုံးနှင့်အတူ 'ကို'က လက်ထောက်အားယူ၍ ထလာ၏။

သူမ လက်ထဲမှ ရင်ထိုးကလေးအား လှမ်းယူပြီး တွယ်ချိတ်ကို အသာဟသည်။

" ငြိမ်းရေ "

" ဝေး "

" အကုန်လုံးနေရာချပြီးပြီတဲ့ ကောက နင့်လှကိုနေရာချဖို့ပဲ ကျန်တော့တယ်၊ ဘယ်လိုလဲ နိုးနေပြီလား "

" ဟင့်အင်း. . . သူအိပ်ပျော်နေတုန်းပဲ၊ ပြီးတော့ သူအိပ်မက် မက်နေပုံရတယ် စန္ဒီ၊ အိပ်မက်ထဲမှာ နတ်သမီးလေးနဲ့ တွေ့နေတယ်၊ သူက အဲ့ဒီနတ်သမီးကို ရည်းစားစကားပြောဖို့ ကြိုးစားနေတာလေ၊ သူ့နတ်သမီးလေးက ငါ့လိုပဲ အင်္ကျီပန်းရောင်လေးနဲ့သိလား၊ အ[illegible]





လှတာပဲ၊ သူ့ အိပ်မက်ကနေ ဘယ်နိုးချင်ဦးမှာလား "

" ကောရေ. . . နင့်သူငယ်ချင်း ဘာတွေပြောနေမှန်းလည်း မသိဘူးငါတော့ နားမလည်ဘူး "

ဆမန်သာ့စကားကြောင့် 'ကို'နှင့် သူမ ရယ်ဖြစ်ကြသေးသည်။

" ငြိမ်းရဲ့ သူငယ်ချင်း အသစ်ထင်တယ် "

" ဟုတ်တယ် ကို. . . စန္ဒီတဲ့ ကောကတော့ ကိုသိမှာပါ "

" အဟင်း. . . အင်း သိတာပေါ့ "

" ကဲ. . . ကို အပေါ်တက်ရအောင် "

" နေပါစေငြိမ်းရဲ့ ကို ရှေ့လျှောက်နိုင်ပါတယ်၊ ကိုက တစ်ယောက်တည်း နေလာတော့ သွားနိုင်လာနိုင်အောင် ကျင့်ထားပြီးသားဖြစ်နေပြီ တို့ကို မတွဲနဲ့ရတယ် "

" ကျွန်မကိုက ရှင့်ကို တွဲချင်နေလို့ပါရှင် "

" ကဲ. . . ဒါဆိုလည်း တွဲစေဗျား "

ရယ်သံက ကျယ်လောင်သွားသဖြင့် အပေါ်မှ သုံးယောက် ကြားသွားပုံရသည်။ ဆမန်သာက တံခါးဝမှ လှမ်းအော်၏။

" အိပ်မက်ထဲမှာ နတ်သမီးက ကလိထိုးနေတာလား "



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၆)

" မီးဖိုရှေ့ကြာကြာမရပ်ဘူးတဲ့ ငါ့သူငယ်ချင်းလေးတောင် စွပ်ပြုတ် လုပ်တတ်သွားပြီပဲ၊ ကွန်ဂရက်ကျူလေရှင်း ငြိမ်း "

'ကို'အတွက် ကိုမင်းနောင်က မြို့ထဲမှ ဝယ်လာပေးသော စွပ်က အေးနေသဖြင့် ဂက်စ်မီးဖိုလေးတွင် ပြန်နွှေးပေးမိခြင်းကို ရည်ရွယ်၍ ပြောခြင်းဖြစ်မည်။

သည်ကာလများတွင် 'ကို'ကို တိတ်တဆိတ် စောင့်ရှောက်ခဲ့သူမှာ ကိုမင်းနောင်ပင်ဖြစ်၏။ ရေသန့်မှအစ ဆေးဝါးအဆုံး သူပဲ 'ကို'ထံ ပို့ပေးနေခြင်းဖြစ်သည်။

သူမတို့ ရောက်သည့်နေ့က 'ကို'ထံ ဝင်တွေ့ဖို့ အခွင့်သာ သဖြင့် သူတော်တော်စိုးရိမ်ခဲ့ရကြောင်း ပြန်ပြောပြခဲ့သည်။

'ကို'က အနေအထိုင် အစားအသောက် ဆင်ခြင်သူမဟုတ် ရောဂါအတွက်ကိုပင် သောက်ရမည့်ဆေးကို မသောက်ဘဲနေတတ် သည်လေ။





ခုလည်း သူမကိုယ်တိုင်လုပ်ပေးသည်မို့ စွပ်ပြုတ်နှင့်ဆေးကို ကြည်ကြည်ဖြူဖြူသောက်ခဲ့ခြင်းဖြစ်သည်။ ဆေးသောက်ချိန်နှင့် ဝေဒနာ သက်သာချိန်ကို သူမ ယှဉ်တွက်ကြည့်သည်။

မနက်သုံးနာရီခန့်က တိုက်ခဲ့သည့် ဆေးတစ်တွဲ၏ အာနိသင်က 'ကို'ကို လေး၊ ငါးနာရီကြာကြာ မိန်းမောသက်သာစေခဲ့ပုံရ၏။

သို့သော် နိုးထလာပြီး သိပ်မကြာမီမှာပင် ဆိုးဆိုးရွားရွား နာကျင်ကိုက်ခဲရပြန်သည်။

အိပ်မောကျနေရှာသည့် ချစ်သူကို ငေးငေးရီရီကြည့်ရင်း မျက်ရည်စို့ချင်လာ၏။ တကယ့်တမ်း မငိုကြွေးနိုင်တော့။

တစ်ညလုံး'ကို' ရင်ခွင်လုံး ရှဲရှဲနစ်အောင် ငိုခဲ့ပြီးပြီမို့ သူမတွင် မျက်ရည်မကျန်တော့ သလို ဖြစ်နေရသည်။

" ငြိမ်း. . . နင်ဘယ်တုန်းက သတ္တိတွေရှိလာတာလဲဟင်၊ တစ်ယောက်တည်း နင့်ဒီကိုလာရဲတယ်နော် "

ဆမန်သာ့ အမေးကြောင့် မျက်ရည်သင့်လုလုမှ ပြုံးမဲ့မဲ့ပင် ဖြစ်သွားရသည်။

" ညက နင်ဘာတွေ တွေ့ကြုံခဲ့ရတယ်ဆိုတာ ငါ့ကိုပြောပြ ပါလား။ ကောကတော့ အဲ့ဒါတွေမမေးရဘူးလို့ မှာထားတာပဲ ဘာလို့လဲ မသိဘူး။ ခု သူမရှိတုန်း မေးရတာ၊ နင် ငါတို့နဲ့အတူ အိပ်နေရာက ဒီကို ဘယ်လိုရောက်လာရတာလဲ၊ အမှန်အတိုင်းပြောရင် နင်ဘယ်အချိန် ထွက်သွားမှန်း ငါရော မိကေပါ မသိလိုက်ကြဘူး "



www.burmeseclassic.com

www.burmeseclassic.com



" နင်တို့က ခရီးပန်းလာတော့ နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်သွားမှာပေါ့ "

" နင်ကရော ခရီးမပန်းလို့လား "

" ခြော်. . . ငါကတော့ ငါ့အပူနဲ့ ငါကိုး ဘယ်အိပ်ပျော်မလဲ ဘယ်အချိန်ကတည်းက ဒီကိုလာချင်တဲ့ ဆန္ဒပြင်းနေခဲ့မှန်းတော့ ငါလည်း မမှတ်မိဘူး။ ဒါပေမဲ့ နင်တို့ အိပ်ပျော်သွားကြတာ သေချာပြီဆိုတာနဲ့ ငါပြေးဆင်းတော့တာပဲ. . အင်း. . . အစကတည်းက 'ကို' သေသွားပြီ ဆိုတာကို မယုံလို့ လိုက်လာတာဆိုတော့ ငါ့စိတ်ထဲမှာ ကိုကို ဒီအိမ်ရဲ့ တစ်နေရာရာမှာ ရှိကိုရှိရမယ်လို့ အလိုလိုသိနေတာ။ နင်ပြောသလို သတ္တိရှိလာတာတော့ မဟုတ်ပါဘူးဟာ "

'ကို' အနားမှခွာ၍ ပြတင်းပေါက်တစ်ခုဆီ ချဉ်းကပ်သွားသော ပြင်ပပြင်လွင်သည် သူမကို ခြောက်လှန့်ခဲ့သော အမှောင်များ ကင်းစင်၍ မိုးမြူတို့ဖြင့် ဖြူလွလင်းဝေနေပြီဖြစ်သည်။

မပျက်မစီးရှိနေသော အုတ်ဂူကလေးကို ကြည့်ဝေးရင်း မြူးလိုက်မိသလားပဲ။

" ငါသွေးပျက်သွားမတတ် ကြောက်လန့်ချောက်ချားခဲ့ရတာ "

ဆမန်သာက သူမနှင့်အတူ ပြတင်းပေါက် အနားထွက် လာရပ်သည်။

" ဟို အုတ်ဂူလေးကို မြင်လား "

" အင်းဟင် "





" အဟင်း။ ငါညက ဘယ်လိုမြင်ခဲ့ရလဲသိလား။ အမှောင်ထဲမှာ လေ အဲ့ဒီ အုတ်ဂူလေးက ပျက်စီးကြေမွလို့ ငါ့အိပ်မက်တွေနဲ့ တစ်ထပ်တည်းပဲ။ အင်း တစ်ထပ်တည်းဖြစ်မှာပေါ့။ ငါ အမှန်အတိုင်းမှ မမြင်ရဘဲ ငါ့အိပ်မက်ကိုပဲ စိတ်စွဲပြီး အိပ်မက်ထဲကအတိုင်း မြင်နေတာလေ "

" မနေ့က မိုးကြီးပစ်ချခဲ့တဲ့ နေရာကလည်း အိမ်ရဲ့ အနောက်ဘက်ထဲသို့ ပြောခဲ့ကြတာကိုး "

သာမန်စိတ်အစွဲအလမ်းတစ်ခုက အာရုံကို စိုးမိုးပြောင်းလဲ ဝစ်နိုင်စွမ်း မရှိသော်လည်း ငုပ်လျှိုးနေသည့် စိတ္တဇအစွဲတစ်ခုအနေနှင့်မူ လူကို ရူးသွပ်သွားစေနိုင်သည်။

သူမ အမှောင်အထပ်ထပ်ကို ဖြတ်ခဲ့သည်။ ရဲရင့်မှုဖြင့် မဟုတ်။ ကြောက်စိတ်၏ တစ်ဘက်စွန်းရှိ ရူးမိုက်မှု အဆင်အခြင်မဲ့မှုဖြင့်သာ တိုးဝင်ခဲ့ခြင်းမှန်း သူမကိုသူမသိသည်။

" ပြီးတော့ အဲ့ဒီမှာ "

ဆမန်သာက သူမ စကားအတိုင်း ကိုယ်ကို ပြန်လှည့်သည်။ အခန်း၏ ကြမ်းပြင်နှင့် တစ်သားတည်းရှိနေသော မြေအောက်ခန်း တံခါးဆီ သူက လှည့်ကြည့်နေ၏။

" မဟုတ်ဘူး။ ဟိုအခန်းတံခါးကို ပြောတာ၊ ငါနောက်ဆုံး ဖွင့်သန်းရတဲ့ တံခါးပေါ့ "

ပြောရင်း တံခါးပေါက်အနီးသို့ လျှောက်သွားမိပြီးနောက် တံခါး ရှေ့အပေါ် သော့အိမ်ကို လက်မနှင့် ပွတ်သပ်မိသည်။ ပိုက်တင်း

www.burmeseclassic.com

www.burmeseclassic.com



" ဒီသော့အိမ်ထဲကနေ သွေးတွေစီးကျနေသလိုမျိုး မြင်ခဲ့ရသေးတယ် "

ခုတော့ သည်သော့အိမ်က သူမကို လှောင်ပြောင်နေသည့်နယ် နီစွေးစွေးအစက်အပြောက်ကလေးပင် မတွေ့ရ။

" နင်. . . ကြောက်ပြီး ထိုင်ငိုနေမှာပေါ့ "

" ဟင့်အင်း ငါ အော်ပြီးရယ်ပစ်မိတယ် "

" ဘာရယ် "

" အဲ့ဒီနောက်မှာ ကိုကို တွေ့လိုက်ရတာပဲ၊ တွေ့ချင်လွန်းလို့ လိုက်ရှာနေတဲ့ သူကို တကယ်လည်း တွေ့လိုက်ရရော၊ ငါဘာကို ခံစားလိုက်ရမှန်းမသိဘူး။ အများကြီးပဲ စနိုးရယ် အသက်ရှူလို့လည်း မရတော့ဘူး။ ရင်ထဲမှာ ပြည့်ကျပ်နေအောင် ဆောင့်တက်လာတာ "

နားထောင်နေသော ဆမန်သာ့ထံမှ သက်ပြင်းရှိုက်သံသဲ့သဲ့ ကြားရသည်။

" ငါပြန်သတိရတော့ ကိုကတောင် ငါ့ကိုပြန်ပြီး ပြုစုပေးနေ တယ်လေ "

တံခါးရွက်မှလက်ကိုပြန်ရုတ်၍ ကိုအနားသို့ လျှောက်လာမိသည်။ ဆမန်သာက သူမ မျက်နှာကို စေ့စေ့ကြည့်၍ ခေါင်းတခါခါနှင့် လှမ်းပြောသည်။

" ဒါဆို နင် အနားယူသင့်ပြီ ငြိမ်း၊ ကိုထူးဖေကို ငါစောင့်ပေး ပါ့မယ်၊ ကောနဲ့ ကိုမင်းနောင်လည်း ပြန်လာတော့မှာပဲဟာ [illegible]



အိပ်လိုက်နော် "

" ရပါတယ်ဟာ ငါ ဘာမှမဖြစ်တော့ပါဘူး "

" ပြောရင် တစ်ခွန်းတည်းနဲ့ နားထောင်စမ်းပါ ကလေးရယ် "

❀ ❀ ❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၇)

မလွမ်းဘူး ဆိုတဲ့ ငြိမ်းရဲ့ စကားကို ကတိတစ်ခုလို မှတ်ယူလိုက်မယ်နော်။

သူ့ရှေ့မှာ ဘာတွေရှိနေမလဲ။ သူကိုယ်တိုင်လည်း မသိသေးပါဘူး။ အသိမပေးဘဲ အလစ်အငိုက်မှာ ရောက်လာတာထက်စာရင် သူ့အဖြစ်က တော်ပါသေးတယ်လို့ဖြေမိတယ်။

ဘာပဲဖြစ်ဖြစ် သူရောငြိမ်းပါ ကြိုတင်ပြင်ဆင်ခွင့် ရခဲ့တဲ့အတွက် ကျေနပ်လိုက်ပါ့မယ်။

တကယ်တော့ တမလွန်ဆိုတာ အမှောင်ကန့်လန့်ကာတစ်ဘက်ခြားမှာရှိနေတာ မဟုတ်မှန်း သူသိလိုက်ပြီ။ ဟောဒီ ရှင်နေသူကြားမှာပဲ ရှိနေတဲ့ အရပ်ဒေသတစ်ခု။ လင်းလွန်းလို့ မမြင်နိုင်ကြနေရာမျိုး ဖြစ်နေတယ်။





သူ့အတွက်၊ ပြီးတော့ သူ့လိုလူမျိုးတွေအတွက် အလင်းကတစ်ဝက်ချင်းလျော့ပါးလို့ လာနေသလို၊ တမလွန်ဟာ မြင်သာရာကို ရောက်လာတတ်တယ်။

သူ့ဘဝမှာ ဘာမှအရေးတကြီးမရှိခဲ့ချိန်တုန်းက ဘာလို့ သူမသေခဲ့တာလဲလို့ တွေးကြည့်မိတယ်။ သေခြင်းတရားမှာ အစီအစဉ်ဖွဲ့ပါ့ယ်တစ်စုံတစ်ရာရှိနေသလား။

သူသာ ငြိမ်းနဲ့ မတွေ့ရခင်က ဒီရောဂါဆိုးကို ရခဲ့ရင် တမလွန်ဆိုတာလည်း သူခရီးမထွက်ဘူးသေးတဲ့ မြို့တစ်မြို့လို့ပဲ သူမှတ်ယူမိမှာသေချာတယ်။

ဘာမှမထူးခြားတဲ့ သွားရိုးသွားစဉ် လေ့လာရေးခရီးလိုမျိုးပေါ့။ လေးနက်ဖို့မလိုဘူး။ အစီအစဉ်ပါ့ယ်သီးခြားမရှိဘူး။

သီးခြားအစီအစဉ်ပါ့ယ်။

ဟုတ်တယ်။ သေခြင်းတရားဟာ သူ့ရဲ့သီးခြား အစီအစဉ်ပါ့ယ်ကို ဖော်ဆောင်နိုင်ဖို့ အချိန်ကို စောင့်နေခဲ့တာ။ ရှင်သန်မှုအပေါ် ခင်တွယ်သွားမယ့်အချိန်။

ဖွဲ့ကွဲကိုပဲ ရေလိုက်ငါးလိုက် ဖြတ်သန်းနေတဲ့သူကို မနက်ဖြန်ဆိုတဲ့ နတ်သမီးတွေ ကိုယ်ထင်ပြမယ့်အချိန်။

ဝင်သက် ထွက်သက်တိုင်းမှာ သေခြင်းတရားကို နတ်ခိုးတစ်ပါးလို ချောက်ချားဦးညွှတ်မသေပါရစေနဲ့ဦး လို့ ရှေ့ရှုတ်ရမယ့်အချိန်။



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်း အခိပ္ပါယ်ရှိတဲ့ ပန်းချီရိပ်၊ အိပ်မက်စံအိမ် ပြီးတော့ ငြိမ်း ငြိမ်း ငြိမ်း။

မည်ကာ မတ္တအတိတ်နဲ့ သူ့စိတ်သူ့အကျဉ့်တွေကို ထိန်းသိမ်းလို့ ဖြစ်တည်နေရခြင်းကို လေးနက်စိတ်နဲ့ ကြည့်ငေးမိချိန်ကျမှ ပျက်သုဉ်းခြင်းရဲ့ အစက ခြေဖွချတ်နင်းဝင်လာတယ်။

" ငါ့ကို အကောက်ကြံလိုက်တဲ့ ကံကြမ္မာရေ. . . ငါ မင်းကို ဘယ်လိုစောင့်ကြိုနေတယ်ဆိုတာ ကြည့်လိုက် "

နားရည်မဝခဲ့တဲ့ သွေးကင်ဆာဆိုတဲ့ ဝေါဟာရကို သူကိုယ်တိုင်နဲ့ ဆက်စပ်ပြီး ကြားသိလိုက်ရတဲ့ အချိန်ကတော့ တုန်လှုပ်သွားခဲ့တာကို ဝန်ခံပါတယ်။

ဒါပေမဲ့

သူ့အစိုးရိမ်၊ သူ့ရင်ထိတ်မှုက သူကိုယ်တိုင်အတွက်မှ မဟုတ်တဲ့။

ငြိမ်းအတွက်။

သူ့လို လောကထဲမှာ ဖြစ်ရှိနေမှန်းတောင် မသိသာတဲ့ လူတစ်ယောက် ပျောက်ကွယ်လျော့ပါးသွားတဲ့အတွက်နဲ့တော့ ငြိမ်းကို မခံစားစေချင်ဘူး။ ငြိမ်းရဲ့တန်ဖိုး၊ ငြိမ်းရဲ့နေရာကို သူနားလည်တယ်။ ငြိမ်းကိုယ်တိုင်တောင် နားလည်ချင်မှ နားလည်လိမ့်မယ်။

" ကိုယ့်လိုကောင်အတွက် ငြိမ်းမျက်ရည်ကျမှာကို မခံယူရဲပါဘူး ငြိမ်းရယ် "





မလွမ်းဘူးဆိုတဲ့ ငြိမ်းရဲ့စကားကို ကတိတစ်ခုလို မှတ်ယူလိုက်မယ်နော်။

သူ့ကိုသူ နှမြောတွန့်တိုဖို့ မစဉ်းစားမိဘူး။

ငြိမ်းအတွက်သာ မဟုတ်ရင် သူက ဘာမှဟုတ်ခဲ့မှာမဟုတ်ဘူး။ ရည်ရွယ်ချက်တွေ ဆန္ဒတွေ ဘာမှရှိလာမှာမဟုတ်ဘူး။ ဒီအိမ်၊ ဒီဝန်းနဲ့ ဒီဥယျာဉ်၊ ဒီရှုခင်းတွေက ငြိမ်းအတွက်။

" ငြိမ်းသိရဲ့လား "

ကိုယ်ဟာ ငြိမ်းနဲ့ မတွေ့ခင်အထိ ပန်းချီကားတစ်ချပ်မှ ပြီးဆုံးအောင် မဆွဲခဲ့ဘူးဆိုတာ၊ ပြီးတော့ မိန်းမတစ်ယောက်ကို တစ်သက်လုံး ချစ်သွားရမှာ ပျင်းတယ်၊ ကိုယ်ဖြူဖြူလှိုင့်ကို လိုက်ပြောခဲ့တဲ့ စကားတွေမှာ ပုံတူရေးဖို့အကြောင်း တစ်လုံးမှမပါခဲ့ဘူး။ ငြိမ်းကိုလိမ်ခဲ့တာ၊ ကိုယ်ငြိမ်းကို လိမ်ခဲ့တာတွေ အများကြီးပါပဲ၊ အဟင်း အမှန်အတိုင်း ပြောခဲ့တာဆိုလို့ တစ်ခွန်းတည်းပဲရှိမယ်ထင်တယ်။

စိတ်အလျဉ်က ကာလသုံးပါးဆီ တရှုတ်တိုက်လှည့်သည်။ အာရုံထဲမှာ အစိမ်းရောင် ဝဲဂယက်တစ်ခုကိုမြင်တယ်။ ဝဲဂယက်ရဲ့ တစ်ဘက်မှာ သူ့ဆီကို ဦးတည်လျော်ခတ်လာတဲ့ ကူးတို့ လှေတစ်စင်း။

အလင်းလွှင်ပြင်ထဲကနေ တက်ခတ်သံ ကျိုးကျိုးကျည်ကျည် ပေးလို့ ထွက်ပြူလာပြီ။

" ငါ. . . ငြိမ်းကို နှုတ်ဆက်ပါရစေဦး "

လှေဦးက သူ့ရဲ့ တူရှုဆီထောင်မော့၊ လှိုင်းလုံးတွေ လျှော့ကျ



www.burmeseclassic.com

www.burmeseclassic.com



သွားခဲ့ပြီ။ ဒီအတွက် ရဲရင့်ခဲ့ပြီးမှ တွန့်ဆုတ်လှည့်ပြန်မိတော့မလို ဖြစ်မိတယ်။

မျက်ရည်ကြွေသံ မကြားရပါစေနဲ့။ ချစ်သူမျက်နှာကို နောက်ဆုံး တစ်ခါ တွေ့မြင်ချင်ပေမယ့် ရောက်ရာအရပ်က လှည့်ပြန်ဖို့ မစွမ်းနိုင်တော့မှန်း သူကိုသူသိနေတာ ဆိုးတယ်။

" ငြိမ်းကို နှုတ်ဆက်ပါရစေဦး "

သူ အသင့်မဖြစ်သေးပါလား။ လည်ချောင်းတစ်လျှောက် ခါးသက်သက် အရသာတချို့ စီးကျသွားတယ်။ နှင့်ဟာသွားတဲ့ ရင်ဘတ်အောက်မှာ ဘာမှမရှိတော့သလို ဗလာကျင်းလို့၊ သေခြင်းတရားက သူ့ဆီ ဦးမော့လို့ ဝင်လာပြီလေ။

" နှုတ်ဆက်ပါရစေဦး "

ငြိမ်း ငိုနေမလား။

မငိုနဲ့၊ မငိုနဲ့။ သူကိုသူ ခဏတာလေး မှေးအိပ်မယ် သူလို့ ခံစားယူကြည့်တယ်။ သူအိပ်ပျော်နေတာလို့ပဲ ငြိမ်း ယုံစေချင်တယ်။ သူအကြာကြီး အိပ်မလို့ပါ။ အိပ်မက်ထဲမှာ ငြိမ်းကိုတွေ့ပါ့မယ်။ အရင်လိုတော့ မနိုးပါစေနဲ့။

ဘာလို့ဆို သူတစ်ရေးနိုးချိန်မှာ ငြိမ်းနဲ့ သူ့အကြား အလင်းလွန်တံတိုင်း တစ်ထပ်ခြားပြီးသားဖြစ်နေတော့မှာလေ။

" ငြိမ်းရေ. . . ကိုယ်အိပ်တော့မယ်ကွယ် "

❀ ❀ ❀ ❀ ❀



## အခန်း (၂၈)

" ဒေါက်. . . ဒေါက်ဒေါက် "

အချက်ပြသင်္ကေတမဟုတ်။ သူမ လက်တွေ့သလို ခေါက်လိုက်ခြင်းဖြစ်၏။ တစ်ချက်ထက်တစ်ချက်ပြင်းထန်လာသည့်တိုင် တုံ့ပြန်မှုမရှိ။

" ကို "

အခန်းထဲမှ ဝုန်းခနဲ ထခုန်လိုက်သံနှင့်အတူ တွန်းတိုက်မိသံ၊ ထိပြိုသံအချို့ကိုပါ နောက်ဆက်တွဲကြားလိုက်ရသည်။ မကြာ၊ တံခါးကို ဆတ်ခနဲဆွဲဖွင့်လျက် သူမရှေ့သို့ 'ကို' ရောက်လာသည်။ နှုတ်ခမ်းကို တမင်စုပုပ်၍ ခါးထောက်ထားပုံကိုမြင်တော့မှ 'ကို' လန့်ဖျပ်ပြီး အိပ်ချင်ပြေသွားပုံရ၏။

" ဘယ်အချိန်ရှိပြီလဲ၊ ဘာလို့ခုထိ အိပ်နေရတာလဲ၊ ဒီနေ့ ဘာနေ့မှန်းရော မှတ်မိရဲ့လား။ မနေ့က ဖုန်းထဲမှာ ဘာပြောခဲ့လဲ "

တစ်ခွန်းမေးတိုင်း တစ်ချက်တွန့်သွားသော 'ကို' ၏မှုအရာကို ကြည့်၍ ရယ်ချင်စိတ်ကို အောင့်အည်းထားရသည်။



www.burmeseclassic.com

www.burmeseclassic.com



" ဟို. . .ကိုး  ကိုးနာရီ၊ ညက အိပ်ရေးပျက်သွားလို့ တနင်္လာနေ့ အဲနောက် ပြီးတော့ "

သူမ မေးခွန်းတိုင်းကို ဆက်တိုက်ဖြေနေပုံကပင် စိတ်ထိုးပြေချင်စရာ။ 'ကို'က နောက်ဆုံးမေးခွန်းကို စဉ်းစားရင်းမှ မျက်လုံးများ ဝိုင်းသွားသည်။ သူမလည်း ရယ်ချင်စိတ်ပိုလာလေ မျက်နှာကို ပို၍တင်းမိလေ၏။ 'ကို'ထစ်အ ထစ်အနှင့် စဉ်းစားနေဆဲ သူမ လှည့်ထွက်ခဲ့လိုက်သည်။

" ငြိမ်း. . .ငြိမ်း နေဦး။ ကိုယ်စဉ်းစားလို့ရပြီ၊ ဒီနေ့ ဒီနေ့ တနင်္လာလေ ငြိမ်းရဲ့ မွေးနေ့မဟုတ်လား "

ဣန္ဒြေပင်မဆောင်နိုင်ဘဲ ရယ်မိလေသည်။ အိပ်မှုန်စုံမွှားနှင့် သူမနောက်မှ ကပ်ပါလာသော 'ကို'တစ်ယောက် ယောင်နနရပ်ကျန်ခဲ့၏။ သူ့အရှုံးလုပ်ခံလိုက်ရသည်ကို ရိပ်မိသေးပုံမရ။

" သမီးတစ်ယောက်ပဲ သူ့ကိုနိုင်တယ် "

ညှိခန်းတွင် စားပွဲတင်ကွန်ပျူတာကလေးတစ်လုံးနှင့် အလုပ်ထိုင်နေပြီဖြစ်သော 'ကို့'ဦးလေး သဘောကျဟန်နှင့် လှမ်းပြောသည်။

" အား. . .မိငြိမ်း လုပ်ပြန်ပြီကွာ၊ ငါကလည်း အမှတ်ကို မရှိဘူး "

သူ့နဖူးသူ လက်သီးဆုပ်နှင့် ဖွဖွထုရင်း ညည်းညူနေသည်ကို ကြည့်ကာ သူမနှင့် ဦးလေးတို့နှစ်ယောက် ရယ်ပွဲဖွဲ့မိကြ၏။

" ငြိမ်း ကိုယ် တကယ် ညက အိပ်ရေးပျက်ထားတာကွ ပြီးတော့ "





" ဟင်း နံလိုက်တာနော်၊ သွားသွား ငြိမ်းကို မျက်နှာမသစ် သွားမတိုက်ဘဲ စကားလာမပြောနဲ့သွား။ တော်တော်ညစ်ပတ်တယ် "

" မဟုတ်ဘူး "

" ဘာမဟုတ်တာလဲ၊ သွား စကားလာမပြောနဲ့လို့ ပြောနေတယ်လေ နားမထောင်ဘူးနော် "

'ကို'က တညည်းတညူနှင့် ထထွက်သွားသည်။ တကယ် အိပ်ရေးပျက်ထားပုံလည်းရသည်။

သို့သော် အိပ်ချိန်စားချိန်ပုံမှန်မရှိသည့် အကျင့်ကို ပညာပေးရဦးမည်လေ။

" ဒီနေ့ တကယ်ပဲ သမီး မွေးနေ့လား "

" ဟောကြည့် ဦးလေးကပါ တကယ်ယုံနေတယ် ပြက္ခဒိန်လည်း ကြည့်ပါဦး။ ဒီနေ့ တနင်္လာနေ့တောင်မဟုတ် ဦးတောင် အလုပ်နားပြီး အိမ်မှာနေနေတဲ့ဟာကို ပြီးတော့ ညကလည်း သူနဲ့ဖုန်း မဆက်ပါဘူး သမီးကတမင် ကျပ်ဖြီးမေးလိုက်တာလေ ဘာတွေဖြေမှန်းလည်း မသိဘူး။ ကိုးနာရီတဲ့ ခုပဲ ဆယ့်ထစ်နာရီခွဲတော့မှာကို "

" အိပ်ရာက နိုး နိုးချင်း အမေးခံရတာကိုး နာရီဘယ်ကြည့်ရဦးမှာလဲ "

မျက်နှာသုတ်ပုဝါတစ်ထည်ကို ပခုံးပေါ်တင်လျက် 'ကို' ပြန်ထွက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



“ ကဲ မျက်နှာသစ်ခဲ့ပြီ ကျေနပ်ပြီလား။ ပြော ဘာပြောမလို့ လာတာလဲ၊ ငြိမ်းအသံကြားလို့သာ ကိုယ်ထွက်လာတာနော် ကိုယ် အိပ်ပျော်နေရင် ဦးလေးတောင် မနိူးရဲဘူး ”

“ ဟော. . . မင်းတို့ ပြဿနာထဲ ငါမပါဘူးလေ ”

ဦးလေးက မျက်မှန်ကို ပင့်ကာ ဝင်ပြောသည်။

“ စကားပြောဖို့လာတာ မဟုတ်ဘူး ”

“ ဒါဆိုဘာလို့ အတင်းနိူးရတာလဲ ငြိမ်းရယ်၊ ကိုယ် ညက အိပ်ရတာမဟုတ်ဘူး။ မနက် အဲ နာရီတောင်မကြည့်မိဘူး။ ခုထိလည်း အိပ်ရေးမဝသေးဘူးငြိမ်းရယ်၊ ငြိမ်းပြန်ရင် ခဏပြန်မှေးဦးမှာ ”

“ ဘာ ”

“ ဖြည်းဖြည်း ဖြည်းဖြည်း. . . ဘာလို့ အော်တာလဲ ”

“ အော်မှာပဲ ခုလာတာ ပြောစရာရှိလို့ သက်သက်လာတာ မဟုတ်ဘူး။ ကိုပဲ မှာထားတယ်လေ ငြိမ်းကို တစ်ယောက်တည်းဘယ်မှ မသွားရဘူးဆို၊ အဲဒါကြောင့် ကိုကို လာခေါ်တာ ”

“ လာခေါ်တာ ”

“ မနက်ဖြန်ဘာနေ့လဲ ”

“ လုပ်ပြန်ပြီ မနက်ဖြန် အဲ တနင်္လာ ငြိမ်းရဲ့မွေးနေ့လားဟင် ”

“ မဟုတ်ဘူး ဖေဖေ့အတွက် ငါးနှစ်ပြည့် ”

“ သြော် ငြိမ်းဖေဖေရဲ့ မွေးနေ့လား ”

“ ကို ”



“ ရွတ်နောက်နောက်လုပ်မနေနဲ့ သွား၊ အဝတ်အစားလဲ ပြန်အိပ်ဖို့လည်း မစဉ်းစားနဲ့တော့ မျက်နှာတောင်သစ်ပြီးနေမှ သွားမလေ ဘာလုပ်နေတာလဲ ”

“ ဘယ်ကိုသွားမှာလဲ ”

“ ဈေး ”

“ မင်းကောင်က ရုပ်လည်းမရှိ၊ စတိုင်လ်လည်းမရှိ ”

“ အင်း ”

“ အလုပ်အကိုင်လည်းမရှိ ”

“ အင်း ”

“ ဘာရည်ရွယ်ချက်. . . ဘာရည်မှန်းချက်မှလည်းမရှိ ”

“ အင်း ”

“ ဘာအရည်အချင်းရှိလို့ နင်က ပြန်ကြိုက်ရတာလဲ ”

“ ငါပြောမယ်ကော ”

“ အင်း ”

“ နောက်တစ်ခါ ကို့အကြောင်းပြောရင်'ကောင်'ဆိုတဲ့ အသုံး အနှုန်းကို မသုံးနဲ့ ”

“ အင် ”

“ အရည်အချင်းမရှိဘူးလို့ မစွပ်စွဲနဲ့ ”

www.burmeseclassic.com



" ပြီးတော့ ဒါကသူ့ကို ပြန်ကြိုက်တယ်ဆိုတာလည်း မှားတယ် ကြိုက်တယ်မကြိုက်ဘူးဆိုတာ ဘာနဲ့ဆုံးဖြတ်သလဲသိလား။ ဒီခေါင်းနဲ့ ဒီခေါင်းနဲ့ သူ့ကိုငါ ခေါင်းနဲ့ရွေးထားတာ မဟုတ်ဘူး။ ကြိုက်ရအောင်လည်း သူက ဟယ်လိုကစ်တီအရုပ်ကလေးမဟုတ်ဘူး။ ဆန်းဒွစ်မဟုတ်ဘူး။ ငါ့ဆီမှာ အလုပ်လာလျှောက်နေတဲ့သူမဟုတ်ဘူး သဘောပေါက်လား"

" မပေါက်ဘူး "

" ပြီးတော့ သူ့မှာ အရည်အချင်းတစ်ခုရှိတယ်၊ ငါ့အတွက် ကျန်တာတွေအရေးမကြီးဘူး အဲ့ဒီအရည်အချင်းတစ်ခုတည်းနဲ့တွင် လုံလောက်နေပြီ "

" ဩော်. . . ဟုတ်. . . လား "

" ဘယ်သူနဲ့မှမတူအောင် ငါ့ကိုချစ်နိုင်တဲ့ အရည်အချင်း ရှိတယ်ဟဲ့၊ မှတ်ထား "

❀ ❀ ❀

" သွားတော့မယ် ဟုတ်လား "

သူမ ခေါင်းငုံ့ထားမိသည်။ ပင့်သက်ရှိုက်သံကို 'ကို' မကြား ပါစေနှင့်ဟု ဆုတောင်းမိ၏။

" နှုတ်ဆက်တာလား။ အသိပေးတာလား ငြိမ်း "

တစ်မြေရပ်ခြားဆီ ကာလရှည်ခရီးထွက်ဖို့ရာ 'ကို့' ကို မတိုင်ပင်ခဲ့မိပါ။ ကြိုသိလျှင် တားမြစ်မည်လားဟု စိုးရိမ်ခဲ့၍ဖြစ်၏။





" ကိုယ်သိပါတယ်၊ကိုယ်က ငြိမ်းအတွက် အရေးတယူ တိုင်ပင် စရာ လူမှမဟုတ်ဘဲ၊ ငြိမ်း ဘယ်သွားမလဲ ဘာလုပ်မလဲဆိုတာ သိခွင့်ရတာတောင် လွန်လှပါပြီ. . သွားပါငြိမ်း. . သွားပါငြိမ်းဘဝအတွက် ငြိမ်းရဲ့ဆုံးဖြတ်ချက်က မှန်ပါတယ်၊သင့်တော်ပါတယ်. . ပညာသင်ဖို့ သွားမယ့်သူကို ကိုယ့်ဘက်က ကူညီနိုင်တာတစ်ခုပဲရှိတယ်၊ ငြိမ်းကို အမြဲတမ်း သတိရနေပါ့မယ် "

ပင့်သက်အရှိုက်တွင် မျက်ရည်သံကို သူကြားသွားခဲ့သည်။

" မငိုပါနဲ့ ငြိမ်းရယ်၊ ကိုယ့်အတွက်ဖြစ်ဖြစ် ဘယ်သူ့အတွက် ဖြစ်ဖြစ် ငြိမ်း မျက်ရည်ကျမှာကို ကိုယ်ကြောက်တယ် "

" ကို ဘာတွေပြောနေတာလဲ၊ ငြိမ်း ငိုနေတာကို့ကို ခွဲသွားရမှာ မခံစားနိုင်လို့၊ ဘယ်သူ့အတွက် ငိုတယ်လို့များထင်နေသလဲ၊ ဟင့် ငြိမ်း မတိုင်ပင်ခဲ့တာမဟုတ်ဘူး. . . ကို တစ်ခွန်းလောက်တားလိုက်တာနဲ့ ငြိမ်း သွားဖြစ်တော့မှာ မဟုတ်ဘူးလို့ ငြိမ်းကိုငြိမ်းသိလို့ မတိုင်ပင်ရဲခဲ့တာ သိရဲ့လား "

" ကိုယ်စကား မှားသွားပြန်ပြီ ထင်တယ် "

မျက်ရည်ထဲတွင် အက်ဆစ်တချို့ပါသည်။ ပါးပြင်တစ်လျှောက် စပ်ဖျဉ်းနာကျင်ကာ ဆတ်ဆတ်တုန်လာရ၏။ သူမ နှုတ်ခမ်းများကို တိုက်စား ဖဲ့ခြေနေသလို ခံစားနေရသည်။အို. . . သူမ နှုတ်ခမ်း ကိုက်ထားမိသည်ပဲ။

" ကိုယ်က ဘာလို့ တားရမှာလဲငြိမ်းရယ်၊ ကိုယ်တိုင်က



www.burmeseclassic.com

www.burmeseclassic.com



ဘာကောင်မှ မဟုတ်ပေမယ့် ကိုယ့်ချစ်သူကိုယ် မြင့်သထက် မြင့်စေချင်တာပေါ့. . ကဲ မငိုနဲ့တော့နော်၊ ကိုယ်က ပညာရေးနဲ့ ပတ်သက်ရင် အမြဲတမ်း သိမ်ငယ်တတ်တဲ့ အခံရှိတော့ စကားတွေမှားကုန်တယ် ငြိမ်းရယ် တိတ်တော့နော် ''

သူမ ကျေနပ်အောင်ပြောသည့် စကားဟု ဘာသာနားလည်သည်။ အငိုတိတ်ဖို့ ပြောနေသူ ကိုယ်တိုင်လည်း တိတ်တဆိတ် ငိုကြွေးနေမည်ပဲဟုသိ၏။ ထာဝရခွဲခွာရခြင်းမှ မဟုတ်ဘဲဟု ဖြေသိမ့်မိသော်လည်း မျက်ရည်ဝဲရပြန်သည်။

" ငြိမ်း မှားသွားပြီထင်တယ် ကို "

" ဘယ်လိုပြောလိုက်တာလဲ ငြိမ်းရယ် ငြိမ်းက ရည်မှန်းချက်နဲ့ကြိုးစားနေတဲ့လူ ကိုယ်က ဘာရည်မှန်းချက်မှ မရှိတဲ့ကောင်၊ ငြိမ်းမှာ အနာဂတ်နဲ့ ငြိမ်းကိုယ်တိုင် ပုံဖော်ထားတဲ့ အနာဂတ်နဲ့လေ၊ ကိုယ်က အခုမှ ငြိမ်းကြောင့် အနာဂတ်ဆိုတာရှိလာတဲ့ကောင်ကွ၊အဲ့ဒီကောင် အတွက်နဲ့တော့ ငြိမ်းရဲ့ မျှော်လင့်ချက်တစ်လှေကြီးကို သွန်မှောက်မပစ်ချင်စမ်းပါနဲ့၊ ငြိမ်း မမှားပါဘူး။ သွားရမယ့်လမ်းကို သွားရမှာပဲ။ လုပ်ရမည့် အလုပ်ကို လုပ်ရမှာပဲ၊ ကျန်ရစ်သူက ကျန်ရစ်မယ် လွမ်းစရာရှိလည်း လွမ်းကြရုံပေါ့ကွယ်၊ တစ်သက်လုံးခွဲသွားတာမှ မဟုတ်ဘဲ ''

'ကို့'ရင်ထဲမှ မြတ်နိုးမှုကို လှစ်ခနဲမြင်လိုက်ရသည်။ သူမအပေါ် တန်ဖိုးထားတတ်သည့်ချစ်သူ။ သူမကသာ ကိုယ့်ရည်မှန်းချက်အတွက်





အနှောင့်အယှက်ဟု ထင်ခဲ့မိခြင်းဖြစ်သည်။ လေးနက်နားလည်တတ်သော 'ကို့'စကားတို့ကြောင့် တောင်းပန်အကြည့်နှင့် ခေါင်းတော့လိုက်မိ၏။

'ကို'က ပွေ့ဖက်ထားသော လက်အစုံကို ပြေလျော့ကာ သူမကို ပြန်၍ ငုံ့ကြည့်နေသည်။

နေဝင်တော့မည်လား။

သည်ဆည်ဆာတွင် လထွက်စောသည်ဟု ထင်မိ၏။ အဝေးမှ လှိုင်းခပ်သံသဲ့သဲ့ကို ကြားရသည်။ အမြင်အာရုံ၌ 'ကို့'မျက်နှာသည် တဖြည်းဖြည်း ရီဝေမှုန်ဝါးလာ၏။

မျက်ရည်များ၏ အခိုးဝယ် သူမ'ကို့'ကို ဝိုးဝါးစွာကလေး ပြောခဲ့သော စကားတစ်ခွန်းရှိသည်။သူမ အသံကို သူမပြန်ကြားကာ အင်အားသစ်တို့ ဖြစ်တည်စေခဲ့သည့် စကား။ နှုတ်များမှတစ်လုံးချင်း ရွတ်ဆိုမိရုံနှင့်ပင် ရင်ဝယ်လှိုက်လှိုက်ကြည်နူးမိရသော စကား။

" ငြိမ်းပြန်ရောက်ရင် "

" အင်း. . . ပြောလေ "

" ကိုနဲ့ငြိမ်းတို့ရဲ့ ဘဝကို စကြစို့နော် "

" ငြိမ်းရယ် "

❀ ❀ ❀

" ငြိမ်း "

" ဟင်း "



www.burmeseclassic.com

www.burmeseclassic.com



" ငြိမ်း "

" ဟင်. . . ဆမန်သာ "

အတိတ်ကို အိပ်မက်ဖွဲ့နေမိရာမှ ပစ္စက္ခထဲပြန်လည်ဆွဲချခြင်း ခံလိုက်ရသဖြင့် တဒင်္ဂဝေးကြောင်နေမိသည်။ ဆမန်သာ၏ မျက်နှာနှင့် အခန်းမျက်နှာကြက်ကိုမြင်တော့မှ သူမ သတိပြန်ဝင်လာ၏။ 'ကို' နိုးနေပြီထင်သည်။ 'ကို'တစ်ရေးနိုးလျှင် သူမကိုလည်းနှိုးဖို့ ဆမန်သာ့ကို ပြောထားသည်လေ။

" ကို. . . နိုးနေပြီလား "

သူမ အလူးအလဲခေါင်းထောင်လိုက်ချိန်တွင် ခုတင်နံဘေး၌ ကေနှင့်ကိုမင်းနောင်တို့ နှစ်ဦးရပ်နေသည်လို မြင်လိုက်ရ၏။

" ဩော် သူတို့နှစ်ယောက် ပြန်ရောက်နေလို့ နိုးတာလား "

ကိုမင်းနောင်က သူမကိုကြည့်နေရာမှ မျက်နှာလွှဲသွားသည်။ သူမကို လှုပ်နှိုးခဲ့သည့် ဆမန်သာက ကေ့ကိုလှမ်းကြည့်နေ၏။ သူမ အမေးတိုင်းအတွက် အဖြေတစ်စုံတစ်ရာပြန်မရ။ အသံမဲ့တိတ်ဆိတ်နေခြင်းက စက္ကန့်များစွာကြာသည်။

" သူ. . . တကယ် အိပ်ပျော်သွားပြီ ငြိမ်း "

"သူ တစ်ရေးနိုးတော့မှာမဟုတ်ဘူး. . . ဘယ်တော့မှ "

အိပ်မက်တစ်ခုထဲမှ လန့်အနိုးတွင် အခြားအိပ်မက်ဆိုးတစ်ခုထဲ ပြုတ်ကျသွားရခြင်းလား။ စက္ကန့်များစွာ မိနစ်များစွာ ပြန်လည်တိတ်ဆိတ်၏ သွားခဲ့ပြီ။ တိတ်ဆိတ်မှု။





သူမ နှလုံးခုန်သံကိုပင် သူမ ပြန်မကြားရအောင် တိတ်ဆိတ်သွား၏။

ထွက်သက်ကို မှတ်ထုတ်မိသော်လည်း ပြန်လည်ရှူရှိုက်ရန် မေ့လျော့နေမိ၏။

အာရုံတွင် ထွက်ခွာသွားသောသူတစ်ယောက်၏ နောက်ကျောကိုမြင်သည်။ သူမကိုနှုတ်ဆက်ခဲ့ရသော ဆည်းဆာတွင် 'ကို'ဘယ်လို ခံစားခဲ့ရပါလိမ့်။

" သွားရမယ့်လမ်းကို သွားရမှာပဲ၊ ကျန်ရစ်သူက ကျန်ရစ်မယ်"

'ကို'ဘာကိုရည်ရွယ်ပြီး ပြောခဲ့သည်လဲ။

ထိုင်ခုံဘက်မှ 'ကို'ရှိရာ ခုတင်အနီးသို့ ဘယ်လိုရောက်လာခဲ့သည်ပင် မမှတ်မိတော့။ ဖျော့တော့သော မျက်ဝန်းအစုံကိုမှေးမှိတ်လျက် ငြိမ်သက်စွာ လဲလျောင်းနေသည့် 'ကို'ကိုအငိုမဲ့စေ့ကြည့်နေမိသည်။ 'ကို'လိမ်ညာဟန်ဆောင်လို့နေပြန်ပြီထင်သည်။

" ကို. . . တကယ် မဟုတ်ဘူး မဟုတ်လားကို "

" ငြိမ်း "

" ကို အဲ့ဒီလောက် အိပ်ပုပ်မကြီးနဲ့ကွာ "

" မငြိမ်းငြိမ်း "

" ကို. . . ငြိမ်း နိုးနေတာလေ ထပါတော့ "

" သတိထားစမ်းငြိမ်း "

www.burmeseclassic.com

www.burmeseclassic.com



" ဖယ်စမ်းပါ ဦးဟယ်. . . ကိုကိုငါနိုးပါဦးမယ်၊ သူက ငါနိုးမှ ထတာဟ ကို. . . ကို "

အေးစက်စက်'ကို'လက်များတို့အား ဆုပ်ကိုင်လှုပ်ယမ်းမိသည်။ သူမကို တစ်ဘက်တစ်ချက်မှ ချုပ်နှောင်ဆွဲကိုင်လာသူများအား တောင်းပန် ရုန်းကန်လိုက်မိ၏။

" ကိုက ငါနိုးရင် စိတ်မဆိုးပါဘူးဟ "

" ငြိမ်းရယ် "

" ဟဲ့ နင်တို့က ဘာလို့ငိုတာလဲ၊ ကိုအတွက်လား ကိုက သူ့အတွက် ဘယ်သူမှ မျက်ရည်ကျတာ မကြိုက်ဘူး. . . ငါ့ကိုတောင် မငိုဖို့မှာခဲ့တာ သိရက်သားနဲ့ "

" နင်မငိုလို့မရဘူး ငြိမ်း။ စိတ်ကိုတင်းမထားစမ်းနဲ့ ငြိမ်း. . . ငြိမ်း "

ဆမန်သာက သူမ မနိုးသေးဘူးဟုများထင်နေသလားမသိ။ နံဘေးမှ အတင်းတွန်းထိုး၍ ခေါ်နေသည်။ ဖောက်ပြန်မှုရှိမှုမရှိတော့သည့် 'ကို'ရင်အုံကိုကြည့်ရင်း သူမ စကားတစ်ခွန်းကို သတိရသွားသည်။

" ဟဲ့. . . ငါနိုးနေပါပြီ စန္ဒီရဲ့ ဘာလို့ အတင်းတွန်းထိုးနေတာလဲ ဖယ်ဦး ငါ့လက်ကိုလွှတ်ဦး. . . ငါလည်း ကိုကို နှိုးရဦးမယ် "

လက်မောင်းနှစ်ဘက်ကို ဆုပ်ကိုင်ထားသည့်လက်များကြားမှ ဆောင့်ရုန်းထွက်၍ ခုတင်အနီးသို့ ပြန်လည်တိုးကပ်လာခဲ့သည်။

" ကို "



သူမ လည်တိုင်ဆီမှ ဆွဲကြိုးကိုလက်နှင့်စမ်း၍ ဖြုတ်ယူလိုက်သည်။

" ကိုက ငြိမ်းကို ဒေါင်းရုပ်လိုလေး ဆင်ပေးခဲ့သလို ငြိမ်းကလည်း ကိုကို ဒီဆွဲကြိုးလေးဆွဲပေးမယ်နော်. . . ငြိမ်းတို့လက်ထပ်ပွဲရဲ့အမှတ်တရ အလဲအလှယ်ပေါ့ "

'ကို'ရင်ဘတ်ပေါ် လျော့တိလျော့ရဲ တင်နေသည့် ကြိုးချည်မျှား လေးအား တင်းရင်းတည့်မတ်ပေးလိုက်၏။ သည့်နောက် ခုတင်အနားမှ ဖယ်ခွာ၍ အခန်းနံရံတွင် ကျောကပ်မိသည်အထိ ဆုတ်သွားမိသည်။

လက်ဝါးနှစ်ဘက်ထဲ မျက်နှာကို ငုံ့ချမိအပ်လိုက်သည့် အထဲ၌ ရွှဲနစ်နေသော မျက်ရည်စများ၏ အထိအတွေ့ကို ခံစားသိရှိလိုက်ရ၏။

သူမ ငိုကြွေးနေမိပြီလား။

" ငါ. . . ငါ ရူးချင်လိုက်တာ. . . ငါရူးချင်လိုက်တာ "

❀ ❀ ❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၉)

အိပ်မက်ထက် ပို၍ ထင်ရှားပြတ်သားနေသောကြောင့်သာလျှင် အဖြစ်မှန်ဟု ယုံကြည်လိုက်ရသည်။ ဆိုနင့်မှုဖြင့် ထုံကျဉ်အေးစက်နေသည့် ရင်အစုံက ခံစားရာမဲ့ မှုန်ရီနေရ၏။

အဝေးမှ တောင်ထွတ်များတို့က ပို၍ မှုန်ပြာနေသည့်နှယ်။ သူမရပ်တည်နေသည့် ဝန်းကျင်မှ သစ်ပင်ကြီးငယ်တို့သည်ပင် အမြင့်၌ အရှိထက်ပို၍ ဝေးကွာနေသယောင်ထင်မိသည်။

အုတ်ဂူထက်မှလက်ကိုပြန်ရုတ်လိုက်၏။ ကမ္ဗည်းကျောက်ပြား ပေါ်မှ အက္ခရာတို့ကို ခပ်စိမ်းစိမ်းစိုက်ကြည့်မိသည်။

အဖြူရောင်အုတ်ဂူ၊ အဖြူရောင်ကြွေပြား၊ သည်အရောင်များကို သူမလို မုန်းတီးတတ်သူတစ်ယောက် ရှင်သန်နေသူများကြားမှ ပျောက်ဆုံး သွားခဲ့လေပြီ။

" ငြိမ်း. . . သွားကြရအောင် "



ကော့ အသံကြောင့် သူမ သတိပြန်ဝင်လာသည်။ စိတ်မှုန်ဝါး ငေးရီလှုပ်ရှားနေမှုကို ရပ်တန့်ကာ ကော့ကို လှည့်ကြည့်သည်။

" ကားက ငါးနာရီလောက်ဆို ရောက်လာတော့မှာ။ အခု လေးနာရီကျော်သွားပြီ ငြိမ်း "

မပြန်ချင်သော်လည်း ပြန်ရမည့်ခရီးကို ပြန်ရမည်ပင်။

ကိုမင်းနောင်က လက်မှတ်စီစဉ်ပေးသည်။ ကောနှင့် ဆန်းသာက တတွတ်တွတ်နားချသည်။ သူမတစ်ခုတော့ တောင်းဆိုခွင့်ရခဲ့သည်။ တစ်လပြည့်သောနေ့တွင် သူမ တစ်ခေါက်လာနိုင်ရန် ဘိုးဘိုးတို့ကို ပြောပေးရမည်ဟု။

" ကော. . . နင်ကတိပေးပါလား "

" ငါမင်းကို ညာဖူးလို့လား ငြိမ်း. . မင်းပြန်လာရမှာပေါ့ဟ "

'ကို့'အုတ်ဂူလေးမှာ နေရာဟောင်းတွင် အသစ်တည်ဆောက်ထားခြင်းဖြစ်သည်။ အုတ်ဂူပြီးစီးသည်အထိနေဖို့ရန်ပင် သူမ အတိုက်အခံပြောယူထားရ၏။

အိမ်ကလေးနံဘေးမှ ဖြတ်၍ ရှေ့သို့အထွက်တွင်'ကို'နောက်ဆုံး နေထိုင်သွားသော အခန်းလေးအား မှန်ပြတင်းများမှ ကြည့်ချင်စိတ် အတွင်းသို့ လှမ်းမမြင်ရသော်လည်း မြင်ရသလိုထင်မိသည်။

အခန်းထဲတွင် 'ကို'ရှိနေသေးသည်။ သူမ ကိုယ်တိုင်လည်း ရှိနေသည်။

" နင်လည်း နင့်ကတိကို နင်တည်ပါစေပါ "

www.burmeseclassic.com

www.burmeseclassic.com



ဆမန်သာက အမှတ်မထင်ပြောလာ၏။

" ဘာလဲ စန္ဒီ "

" မောာ မှေနေပြီကြည့် . . . နင်ပဲ မလွမ်းဘူးဆို "

ပေါ့ပါးစေရန်ဆိုသော စကားဟုသိ၏။ သူမ အပြုံးက နွမ်းနေမည်ဟု ထင်မိသည်။ အကြည့်ကိုလွှဲဖယ်၍ ရနိုင်သော်လည်း အာရုံကို လွှဲနိုင်ဖို့ ခဲယဉ်းမှန်း ဘာသာသိနေ၏။

အပြန်လမ်းတွင် ကားကို ဆမန်သာကမောင်းပေးသည်။ ကေကာ သူ့မလက်အစုံကို ဆုပ်ကိုင်ထားရာမှမလွှတ်။ သူတို့ရှိနေသည်ဆိုသော အသိဖြင့်သာ ရင်ငွေ့နွေးနွေးကျန်နေခြင်းဖြစ်သည်။အိပ်ဘက်သို့ လည်ပြန် မငေးဖြစ်အောင် ထိန်းနိုင်ခဲ့သည့်အတွက်

" ကို စိတ်မဆိုးလောက်ပါဘူးနော် "

" ဘာကိုလဲ ငြိမ်း "

" ငါ သူ့အနားမှာ မနေပေးနိုင်လို့လေ "

ကေကာ လက်များကို ပိုမိုတင်းကျပ်စွာ ကိုင်ဆုပ်၍ ပြုံးသည်။

" မင်းနေပေးဖို့မှမလိုဘဲ ငြိမ်းရယ် "

လာစဉ်ကလို မိုးမြူများနှင့် ဝန်းကျင်ကိုမတွေ့ရတော့။ တောင်တန်းတို့က ဆည်းဆာထဲ ပျင်းရိထိုင်းမှိုင်းစွာ လဲလျောင်းနေကြဟန် မျိုးဖြင့် ဆိတ်ငြိမ်လျက်။

လမ်းဘေးချောက်ကမ်းပါး၏ တစ်ဘက်ရှိ တောင်စွယ်တစ်ခုမှာ အမှေးပွအိမ်မွေးခွေးလေးတစ်ကောင်ဝပ်ဆင်းနေသည့်နှယ်။



" သူက မင်းအနားရှိနေမှာပဲ မဟုတ်လား "

" ကိုက ခွေးလေးတွေကိုလည်း ချစ်တတ်တယ် "

" အင်း "

" ဖိုကိုလည်း တစ်ခါတလေ တယ်ရီယာငြိမ်းလို့ နာမည်ပေး တတ်တယ် "

" တကယ် "

ဆမန်သာက ရှေ့ခန်းမှ နောက်သို့လှည့်၍ ပြုံးစေ့စေ့လုပ်နေ၏။

" စန္ဒီ လမ်းကို ကြည့်မောင်းပါ၊ ဒါမြေပြန့်မဟုတ်ဘူး "

" ပြီးတော့ ကိုက 'ခွေးနဲ့လည်း စကားပြောချင်နေတာ "

" နင့်လူက ခွေးစကားနားလည်တာပေါ့ "

" စန္ဒီ နောက်မလှည့်ပါနဲ့ဆို "

" အို "

" စန် . . . စန္ဒီ "

" အမလေး "

" ကျွီ . . . "

သုံးယောက်သား မင်သက်မိကာ ဆွံ့အသွားကြသည်။ ဆမန်သာ နောက်သို့လှည့်မိသည့်နေရာမှာ ထောင့်မှန်ချိုး အကွေ့အကောက် ဖြစ်၏။ အကယ်၍

" နင်တို့မြင်လိုက်ရလား "

www.burmeseclassic.com

www.burmeseclassic.com



ဆမန်သာက ကားစက်ကို ပြန်မနိုးနိုင်သေးဘဲ သူမနှင့်ကော့ကို လှည့်မေးသည်။

" မြင်. . . မြင်လိုက်တယ် "

" တိုက်. . တိုက်မိသွားပြီလားမသိဘူး အဲ့ဒီလူ "

ရုတ်တရက် ကားရှေ့သို့ ဖြတ်ဝင်လာသည့် လူရိပ်ကို သူမတို့သုံးယောက်လုံး မြင်လိုက်ရသည်။ ဆမန်သာက ထိတ်လန့်တကြားဘရိတ်ကို နင်းလိုက်သော်လည်း ထိုလူမှာလွတ်ပုံမရ။ သုံးယောက်သားသတိဝင်လာသည်နှင့် ကားပေါ်မှဆင်းပြေး၍ ကြည့်မိကြသည်။

" ဟူး. . တော်ပါသေးတယ် "

ဆမန်သာက ကားရှေ့တွင် မည်သူမျှရှိမနေသည်ကိုမြင်မှ သက်မချနိုင်သည်။

သူမကမူ လူကိုတိုက်မိသည် မတိုက်မိသည်ထက် လမ်းကွေ့ချောက်ကမ်းပါးဆီသို့ ကားဦးတည့်နေပုံကိုသာ ရင်တမမနှင့် တွက်ဆနေမိသည်။

ကေနှင့် ဆမန်သာလည်း သူမဘာကိုကြည့်နေမှန်း ရိပ်မိသွားကြ၏။ သူတစ်ပါးကို တိုက်မိသည်ထက် သူတို့သုံးယောက်လုံး၏ အသက်အန္တရာယ်က ပို၍စိုးရိမ်ဖွယ်ရာဖြစ်နေသည်။

" ငါတို့ကားရှေ့ဖြတ်ပြေးသွားတဲ့လူက ဘယ်ကပေါ်လာတာလဲ ဘယ်ကိုရောက်သွားပြီလဲဆိုတာက ပိုအတွေးရ ခက်နေတယ်ဟာ "



" တော်ပါသေးရဲ့ဟာ ဝှူး "

ဒုတိယမြောက် 'တော်ပါသေးရဲ့'မှာ ဆမန်သာ၏ အကြောင်းကေကာ မလှည့်ပါနှင့်ဟု သတိပေးနေသည့်ကြားမှ လှည့်ကြည့်လျှင်ကြည့်လှပ်နေ၍ဖြစ်ရခြင်းသာ။ အကယ်၍သာ ဘရိတ်ကိုအမှတ်တမဲ့ နင်းမိခဲ့လျှင်။

" မိစန္ဒီ. . သွား နောက်ခန်းကို ငါတို့ရိုးရိုးလမ်းကပဲ သင်ချင်တယ် မင်းက ဖြတ်လမ်းတော်တော်သုံးချင်နေတယ် ဟုတ်လား "

ကားပြန်ထွက်တော့ သူမအနားကို ဆမန်သာ ရောက်လာ၏။

" လူဖြတ်ပြေးသလိုမြင်လိုက်ရလို့ ငါဘရိတ်နင်းမိတာ အကွေ့ရောက်နေမှန်းတောင် သတိမထားမိလိုက်ဘူး၊ ကောင်းပါတယ် ငါမမောင်းတာပဲ ကောင်းပါတယ်၊ သေလို့မဖြစ်သေးဘူး ငယ်ငယ်လေးရှိသေးတာ. . . တို့က သူများတွေလို ယောကျ်ားတောင် ရသေးတာမဟုတ်ဘူးနော် ကေ "

" ဘယ်သူက ယောကျ်ားရနေလို့လဲ စန္ဒီရဲ့ "

စကားဦးက ဘယ်ကိုသမ်းလာပြီမှန်း သိလိုက်သည်နှင့် သူမရှက်ပြုံးလုံ့လုံ့နှင့် ဝင်အော်မိသည်။

" မိကေနော်၊ သူများကိုကျပြောပြီး နင်လည်း နောက်ထပ်စကားမပြောနဲ့လေ "

" ဘယ်သူရှိရမှာလဲ ကေရယ် သူပေါ့ "

" ဟင်းနော် မိန်းမတွေ "

ဗျူးစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကြည်နူးမှုဖြင့် ရယ်မောမိချိန်တွင် ရင်ဘတ်ပေါ်မှ ခေါင်းရင်းထိုးကလေးကို ပွေ့ဖက်သိုင်းကိုင်တွယ်မိ၏။

ကိုမင်းနောင်က အဝေးပြေးလမ်းပေါ်မှ ကားမှတ်တိုင်တွင် ရောက်နှင့်နေ၏။ နာရီကို တကြည့်ကြည့်နှင့် လမ်းမဘက်သို့ မျှော်လိုက် သူမတို့ရောက်လာမည့် လမ်းဘက်လှည့်ကြည့်လိုက်နှင့် ထိုင်မပင် မထိုင်နိုင်သေး။

" ကားမလာသေးဘူးမဟုတ်လား "

" မလာတော့ မလာသေးဘူးပေါ့၊ ဒါပေမဲ့ မငြိမ်းငြိမ်းတို့က ပေါ်မလာသေးတော့ စိတ်ပူနေတာ "

မှတ်တိုင်က ကားလာမည့်လမ်းကို ခပ်လှမ်းလှမ်းအထိ စီးမြင် နေရသည်မို့ ကျောက်ထိုင်ခုံလေးတွင် အေးအေးလူလူ ထိုင်ဖြစ်ကြသည်။

" ခြော် မငြိမ်းငြိမ်းကိုပေးဖို့ ယူလာတာ "

" ဟယ် "

ကိုမင်းနောင်က ကျောက်ထိုင်ခုံနောက်တွင် ချထားသော ငှက်လှောင်အိမ်လေးကို မြှောက်ပြသည်။အစက ကွယ်နေသည်မို့ သူမ သတိမထားမိလိုက်။

" ညိုညို နင့်ကို ငါမေ့တောင်မေ့နေမိတယ်၊ နေကောင်းလား "

" ဟိုင်း. . . ဟိုင်း "

အာလိကာမလေးအသံက ပီပီသသ မသဲကွဲသော်လည်း နှုတ်ဆက်နေမှန်း နားလည်နိုင်သည်။





" ညိုညို. . . နင်ဘယ်သွားနေတာလဲ "

" ဟိုင်း. . . ဟိုင်း "

" ဟဲ့ သူက နင့်ကို ဝိုင်းလို့ခေါ်တာလား ငြိမ်း "

" မဟုတ်ဘူး သူ နှုတ်ဆက်နေတာ "

"ညိုညို တစ်ခွန်းလောက် ထပ်ပြောပြလိုက်ပါဦး အဲ့ဒီ ဟော "

" ဟိုင်း. . . တီး "

" တစ်ခုကျန်သေးတယ်ဗျ "

ကိုမင်းနောင်က သူမလက်ထဲသို့ တစ်စုံတရာ ထည့်ပေးလိုက် သည်။

" ဒါက "

" မငြိမ်းငြိမ်းရဲ့အိမ်ကို အချိန်မရွေး ဝင်ထွက်သွားလာ နိုင်အောင်လို့ပါ၊ ခုလောလောဆယ်တော့ ဦးစိုင်းကို ပြန်ခေါ်ပေးထားတယ် အပင်တွေ ရေလောင်းမယ့်သူ မရှိမှာစိုးလို့ "

" အို. . : ဒီသော့တွဲကို ကိုမင်းနောင်ပဲ ယူထားပါ "

" ကျွန်တော့်အတွက် မလိုပါဘူး၊ ဦးစိုင်းဆီမှာ တစ်တွဲ ရှိတယ်လေ "

သော့တွဲကို ဆုပ်ကိုင်၍ မြို့ကလေးဘက်သို့ မျှော်ကြည့်မိ ပြန်သည်။ 'ကို'တစ်ယောက် သူမနှင့်အတူ လိုက်ပါလာသော်လည်း အိမ်ကလေး၏ အခန်းတစ်ခုခုတွင် ပိတ်မိကာ ကျန်ခဲ့လေသည်လား

" ငြိမ်းကိုချစ်တယ် "



www.burmeseclassic.com

www.burmeseclassic.com



" အမေ့...သြော် ညှိုညှိုကလည်း အလန့်တကြားနဲ့ကွာ "

" ငြိမ်းကိုချစ်တယ်...ငြိမ်းကိုချစ်တယ်၊ ငြိမ်းကိုချစ်တယ် "

" မင်းတောင် ဒါမျိုးတွေတတ်နေပြီ ဟုတ်လား "

" ငြိမ်း...ကို...ချစ်...တယ် "

❀ ❀ ❀ ❀ ❀



## အခန်း (၃၀)

" ဘွားဘွား...ညှိုညှို့ကိုတွေ့မိလား "

" ဟင့်မတွေ့မိဘူး သမီးလေးရဲ့ သမီး သူ့အိမ်တံခါးကို ဖွင့်ထေး ထားလို့လား "

" လျှောင်အိမ်လေးပါ သမီးအခန်းထဲမှာ မရှိတော့တာ "

" မြို့ထဲ ဆင်းကြည့်ပါဦးကွယ် "

" ဟုတ် "

ဘွားဘွားအနားမှ ပြေးထွက်ခဲ့စဉ်က ပေါ့ပါးသွက်လက်နေသော ခြေအစုံမှာ မီးဖိုခန်းဝမှာပင် တုံ့ခနဲရပ်သွားရသည်။

" ကြားရလား ဘွားဘွား "

" ဟော...ဘာလဲ "

" ညှိုညှို့အသံလေ "

" ဘွားဘွားပြောသားပဲ မြို့ထဲမှာရှိမှာပါလို့ "

www.burmeseclassic.com

www.burmeseclassic.com



" ခြံထဲမှာ မဟုတ်ဘူး ဘွားဘွားရဲ့ မီးဖိုခန်း ဟိုဘက်က ကားဂိုဒေါင်ထဲမှာ "

သူမ ခြေထောက်တို့ ပြန်လည်သွက်လက်သွား၏။ အိမ်ရှေ့ပေါက်မှထွက်၍ ဂိုဒေါင်ဘက်ပြေးခဲ့မိသည်။ ဂိုဒေါင်တံခါးက ပိတ်လျက်သား။

ညီညီ ဘယ်ကိုများရောက်နေလဲဟု မတွေးတတ်အောင် ဖြစ်သွား၏။ သူမ မနီးခင် ဘိုးဘိုးက ခေါ်သွားပုံရသည်။

အိမ်တံခါးဝရှိ ဖိနပ်စင်တွင် ဘိုးဘိုး၏ တုတ်ကောက်ကို မတွေ့ခဲ့ရ၊ လမ်းလျှောက်ထွက်သွားခြင်းဖြစ်မည်။

သူမကို ကျိုစယ်ချင်၍ သက်သက်မဲ့ ညီညီ့ကို ဖွက်ထားခြင်းပဲဟု သူမအတပ်သိလိုက်၏။

" အိပ်ပျော်နေတယ် "

ဂိုဒေါင်တံခါးကိုဖွင့်ရန် လက်ကိုင်ကွင်းနှစ်ခုအား ဆွဲမမိစဉ် ကြားလိုက်ရသော ညီညီ့အသံကြောင့် သူမ ကြောင်သွားရ၏။

" ညီညီ ဘယ်သူနဲ့ စကားပြောနေတာလဲ "

" ဟော လိုက်လာပြီ လိုက်လာပြီ၊ အဲ့ဒီမှာပဲရပ်နေ၊ သူလန့်မသွားစေရဘူး "

ကလေးတစ်ယောက်နီးပါး စကားတတ်နေသည့် ညီညီ့အသံကြောင့် ပို၍ အံ့ဩလာရ၏။ ညီညီသည်မှု စကားတတ်နေမှန်း ခုမှသိလိုက်ရခြင်းပင်။





" ရော့ "

တံခါးကို မ ဖွင့်ပြီး ခြေဖျားထောက်၍ တန်းတွင်းချောင်းလိုက်သည်။

" ညီညီ "

ဂိုဒေါင်ထောင့်စွန်းမှ ထင်းရှူးသေတ္တာဟောင်းတစ်လုံးပေါ်တွင် လှောင်အိမ်ကလေးကို တွေ့လိုက်ရသည်။လှောင်အိမ်အနီးမှ အခြားသေတ္တာအခွံတစ်ခုပေါ်တွင် ထိုင်နေသူတစ်ဦးကိုလည်း မြင်လိုက်ရ၏။

ကိုယ်တစ်ပိုင်းက မှောင်ရိပ်ထဲကျနေသဖြင့် ခြေထောက်များကိုသာ ထင်ထင်ရှားရှားမြင်ရသည်။

" ညီညီ ဘယ်သူ့နဲ့ စကားပြော "

ကတ္တီပါ ဖိနပ်အနက်ကလေး။

" ထူးထူး. . . ထူးထူး "

" ဟင် "

ဖြတ်ခနဲ မျက်လုံးအဖွင့်တွင် နေခြည်နုနုကိုမြင်သည်။ အိပ်မက်ဟု သိလိုက်သော်လည်း အမှောင်ထဲမှ သူမကို မျှော်ငေးနေသည့် မျက်လုံးများကအာရုံမှမပျောက်။

သာလိကာမလေး၏ အော်သံကလည်း မပျောက်ကွယ်။

သည်ငှက်ကလေး၏ ထူးထူးဆိုသော အော်သံမှာ ဘယ်သူ့ကို ညွှန်းလိုက်မှန်းသိလိုက်ရချိန်၌ ဖြူလှလှမျက်ဆံသားများနှင့်မျက်နှာက အာရုံတွင် ရုပ်လုံးကြွလာသည်။



www.burmeseclassic.com

www.burmeseclassic.com



" ကို "

" ထူးထူး . . . ထူးထူး"

သူမ အိပ်ရာထဲမှ ဆတ်ခနဲထ၍ နားစွင့်ကြည့်သည်။ အာရုံ လွင့်သွားမည်စိုး၍ အသက်ပင်အောင့်လိုက်မိသလားမဲ။

ငှက်ကလေး၏ အော်သံက ထင်းထင်းပြက်ပြက်။

ပြတင်းပေါက်တွင် ချိတ်ဆွဲထားသော လှောင်အိမ်ငယ်ဆီ ချာခနဲ လှည့်ကြည့်မိလေသည်။

" ထူးထူး . . . ထူးထူး "

" ဟင် "

သူမဘာက်သို့ လုံးဝလှည့်မကြည့်ဘဲ ပြင်ပသို့ လည်မော့ မေးထိုးကာ အော်မြည်နေသည့်ငှက်ငယ်ကို မျက်လုံးအဝိုင်းသားနှင့် ကြောင်ငေးကြည့်နေမိ၏။

ညိုညို။

" နင်ဘာသာ လွမ်းလို့အော်နေတာလား . . . နှုတ်စွဲရာကို အသံထွက်နေတာလား "

" ထူးထူး . . . ထူးထူး "

သို့မဟုတ်လျှင်

❀ ❀ ❀ ❀ ❀

အစဉ်သဖြင့်
နိုင်ဇိမာန်

www.burmeseclassic.com